

ဂန္တီရ ဆန်းကြယ် လုံးချင်း ဝတ္ထု သစ်
(၁)
တြိသဝ်
ပန်းမခဝဲကြွမ်း

၈၉၅.၈၃
ကြူ၊အိမ်
ခနဲပဒေကြကြမ်း/ကြူ-အိမ်း။ - ရန်ကုန်၊
ဝေဘောင်မြန်မာပေ၊ ၂၀၁၄။
၂၆၀ စ-၈၈ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြူအိမ်

ထုတ်ဝေသူ ဦးအောင်မြင့်၊ မြင့်မိုရ်စာပေ ဝေဘောင်မြန်မာပေ၊
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ် ဝေဘောင်မြင့်ပုံနှိပ်တိုက်၊ ...
(စီဝင်အိုဘာ)၊ ...(၅၀၀)။



# ဘယနုလက်ဆောင်

- မီးစာနှင့်ဆီ၊ အလှည့်လည်း
ဆီလည်းခြောက်ခမ်း၊ မီးစာကျွမ်းသော်...
လမ်းပျောက်ဘယ်သို့ရှာပါ့မယ်။
ပန်းခြောက်ဘယ်သို့ရှာရမည်။

- ရှာဖွေလို့ရတဲ့ငွေကို
ထိန်းသိမ်းစောင့်ရှောက်မှုပေးနိုင်ရင်
တစ်နေ့ကျလျှင်
ငွေက သင့်ကို တစ်ဖန်ပြန်ပြီး
ကူညီစောင့်ရှောက်မှုပေးပါလိမ့်မယ်။

- လူတစ်ယောက်ဟာ မွေးလာစအချိန်က
လွတ်လပ်စွာရှိတယ်ဆိုသော်လည်း
ချက်ကြိုးတစ်ချောင်းတော့ ပါလာတာချည်း
နောက်ပိုင်းချက်ကြိုးဖြတ်လိုက်ပေမယ့်
တခြားနှောင်ကြိုးတွေကတော့
အများအပြားလာရောက်
ရစ်ပတ်ကြတော့တာပါပဲ။

# ဘယနုလက်ဆောင်

- ဆင်းရဲသားမဖြစ်အောင်
ကြိုးစားနေခြင်းထက်
ဆင်းရဲသားဖြစ်နေခြင်းက
ရုန်းထွက်နိုင်မှသာ
အောင်မြင်မှုရတယ်လို့ ခေါ်ဆိုထိုက်မှာပါ။

- သစ်ပင်အမြင့်မှာပွင့်နေတဲ့
ပန်းရှူးဖို့ဆိုရင်တော့
သစ်ပင်ပေါ်တက်ရပါမယ်။
သစ်ပင်ပေါ်တက်ဖို့ဆိုရင်တော့
ပန်းပွင့်တွေလည်း မရှူးပါနဲ့တော့။

- နှစ်နာဆုံးရှုံးမှုနစ်ခုကို
ချိန်ခွင်ထဲထည့်ချိန်လျှင်တော့
ညီမျှခြင်းရနိုင်မည်မဟုတ်ပေ။
တစ်ဖက်က ခွင့်လွှတ်ခြင်းထည့်မှသာ
ညီမျှခြင်းရပေလိမ့်မည်။

# ဘဝဒဿနလက်ဆောင်

- ကလေးတစ်ယောက်သည်
အမှောင်ကိုကြောက်သည်မှာ မမှုတာဖြစ်၏။
လူကြီးတစ်ယောက်
အလင်းရောင်ကြောက်နေရင်တော့၊
ရှုံးယွင်းမှုတစ်ခုခု ရှိနေပါလိမ့်မည်။

- မှသားစကားတစ်ခွန်းပြောမိလျှင်
ထိုစကားအတွက် သက်သေပြစရာ
အခြားမှသားစကားပေါင်းမြောက်များစွာ
ရှာဖွေဖန်တီးပြောရပေတော့မည်။

- လူတိုင်းအိပ်မက်မက်ဖူးကြပါတယ်၊
ဒါပေမယ့် အိပ်မက်ရှင်းတော့ မတူကြဘူး။
အိပ်မက်ချင်းမတူပေဘာ့ စိတ်ကူးချင်းမတူ၊
စိတ်ကူးချင်းမတူတော့
ဘဝအခြေအနေချင်းလည်း မတူနိုင်ကြတော့ဘူ

# ဘဝဒဿနလက်ဆောင်

- သဲတစ်ပွင့်နဲ့တော့ ကန္တာရ မဖြစ်နိုင်ဘူး။
ရေတစ်စက်နဲ့တော့ ပင်လယ်မဖြစ်နိုင်ဘူး။
ဒါပေမယ့် စိတ်ကူးတစ်စနဲ့တော့
ကြီးကျယ်တဲ့ဘဝမျိုး ရောက်ရှိနိုင်ပါတယ်။

- လူအတော်များများဟာ
ဆင်းရဲနွမ်းပါးနေသောအချိန်မှာ
စိတ်ဝိညာဉ်ရဲ့စေခိုင်းမှုကို နာခံတတ်သော်လည်း
ချမ်းသာကြွယ်ဝလာရင်တော့
ခန္ဓာကိုယ်သဘောကျသမျှ လုပ်တော့တာပါပဲ။

- ပါရမီရှင်ဆိုတာ၊ အတွေးတစ်ခုကို
ချွေးစက်ပေါင်းများစွာတို့နဲ့
အကောင်အထည်ပေါ်အောင်
ဆောင်ရွက်နိုင်တဲ့သူမျိုးဖြစ်ပါတယ်။

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) လူစားသောပန်းမခဝဲကြမ်း

အခန်း(၂) အန္တရာယ်လမ်းမှ အကြေပန်းများ

အခန်း(၃) ပန်းမခဝဲမှ ထူးဆန်းသောအရာ

အခန်း(၄) ကျင်စာရီနှင့် တွေ့ရခြင်း

အခန်း(၅) ဦးဝန်ကောင်းနှင့် ဆေးကြိုးတိုးမိသောလူနာ

အခန်း(၆) ဝေဒီမြို့ဟောင်းနှင့် ပျောက်ဆုံးသွားသောပညာ...

အခန်း(၇) ပိုက်ကြိုးကွင်းငြိနေသော မိန်းကလေး

အခန်း(၈) ဘုရားပျက်ကုန်းသို့ လမ်းညွှန်ပေးသူ

အခန်း(၉) တောနက်ထဲမှ ဆန်းကြယ်သောဘဝဆက်ရှိသူ...

အခန်း(၁၀) မာယောကျောကွင်းသို့ သက်ဆင်းမိခြင်း

အခန်း(၁၁) ရွှေပုရပိုဒ်တော်မှ မှတ်တမ်းများ

အခန်း(၁၂) တန်ဖိုးကြီးမားသော ထီးတော်များအကြောင်း

အခန်း(၁၃) ဘဝခြားသော်လည်း အချစ်မခြားကြသူများ

အခန်း(၁၄) တောနက်တွင်းမှ ကာယ်တင်ရှင်

အခန်း(၁၅) အနောင့်အယှက်များရောက်ရှိလာခြင်း

အခန်း(၁၆) အမှောင်ရိပ်တွင်းမှ အသက်လုပွဲ

အခန်း(၁၇) ပန်းမခဝဲကြမ်း

အခန်း(၁၈) ဘဝအတွက် အကောင်းဆုံးအဖော်မွန်




# အခန်း(၁)

# လူစားသော ပန်းမခဝဲကြမ်း

ပန်းမခဝဲကြမ်း. . . ။

ထိုနာမည်ကိုတော့ မဲနန်မြစ်ရိုးတစ်လျှောက် သွားလာနေကြသည့်လူများ မသိမရှိသလောက် နာမည်ကြီးလှသောနေရာဖြစ်သည်။ မဲနန်မြစ်သည် ယိုးဒယားနိုင်ငံပိုင်နက်အတွင်းမှာရှိသော မြစ်ကြီးတစ်စင်းဖြစ်သည်။

ဘန်ကောက်၊ အာယုဒ္ဒယမြို့ဟောင်းတို့ အနောက်ဘက်မှ ရစ်ခွေစီးဆင်းနေသော မြစ်ကြီးတစ်စင်းလည်းဖြစ်သည်။


☺ အောင်မြင်စာပေ ☺

မဲနန်မြစ်မှ မြန်မာနိုင်ငံနယ်နိမိတ်ဘက်သို့ ဦးတည်လာသော မြစ်လက်တက်ခွဲများစွာတို့လည်း ရှိကြသည်။ ထိုမြစ်လက်တက်ခွဲများထဲတွင် မြန်မာနိုင်ငံနယ်နိမိတ်နှင့် အနီးဆုံးရှိသော မြစ်တစ်စင်းမှာ 'မဲကလောင်မြစ်ကြီး' ပင်ဖြစ်သည်။

မဲကလောင်မြစ်မှာ မြစ်ကျယ်ပြီး ရေစီးကြမ်းသောမြစ်တစ်စင်းဖြစ်သည်။ ပင်လယ်အရပ်ဒေသနှင့် နီးသောကြောင့် ရေချိုရေငန်ရောနေသော မြစ်တစ်စင်းဖြစ်သည်၊ ရေချိုရေငန်ရောထွေးနေသော မြစ်ကြီးများတွင် ငါးအလွန်ပေါသည်။

မိကျောင်းအလွန်ပေါသည်။

မိကျောင်းများသည် ရေငန်အရပ်မှာ အနေများသည်ဆိုသော်လည်း ရေချိုရေငန်စပ်သော နေရာများတွင် ပိုမိုပေါ်မွေ့လေသည်။ ထိုအရပ်မျိုးတွင် ငါးကြီးများလည်းပေါသည်။

အထူးသဖြင့် ရေချိုရေငန်စပ်တွင် အနေများသောငါးမှာ ငါးချောင်း၊ ငါးဒန်၊ ငါးထွေ၊ ငါးခူ (ပင်လယ်ငါးခူ)၊ ကပ်သပေါင်း၊ ကပ်သမျှင်စသော ငါးကြီးအမျိုးအစားများပေါများလေသည်။

မဲခေါင်မြစ်သည် ကမ္ဘာကျော်မြစ်ကြီးတစ်စင်းဖြစ်သည်၊ မဲခေါင်မြစ်ထဲမှ ဖမ်းမိသော ပင်လယ်ငါးခူကြီးများမှာ လူ့ထက်ပင် ပိုမိုကြီးမားကြလေသည်။ ပင်လယ်သမုဒ္ဒရာထဲမှာနေသော ဝေလငါးကတော့ ငါးထဲမှာအကြီးဆုံးဖြစ်သည်။

မြွေထဲမှာတော့ ပင်လယ်ညိုဟုခေါ်သော ပင်လယ်မြွေကြီးများက အကြီးဆုံးနှင့် အလျားအရှည်ဆုံးဖြစ်ကြသည်။

သင်္ဘောတစ်စင်းလောက် အရွယ်ကြီးမားသော ဝေလ





ငါးကြီးများကို ညိုဟုခေါ်သော ပင်လယ်မြွေကြီးများက ရစ်ပတ်သတ်ဖြတ်နိုင်ကြသည်။

ရေချိုရေငန်ရောက်သော အရပ်များမှာတော့ ပင်လယ်ညိုလည်းမရှိ ဝေလငါးလည်း မရောက်နိုင်ကြပေ။ ထိုနေရာများမှာတော့ ရေနေကုန်းနေ အကြီးဆုံးသတ္တဝါနှစ်မျိုးရှိသည်။

ကုန်းပေါ်မှာ မြွေပွေး၊ ရေထဲမှာ ငါးရွှေ့ဖြစ်သည်။ မြွေပွေးကြီးလာလျှင် မြွေပြိတ္တာဘဝသို့ ရောက်လေတော့သည်။ ကောင်ကြီးလွန်းလာပါက နေရာမရွှေ့နိုင်တော့ပေ။ နှစ်ပေါင်းများစွာ တစ်နေရာတည်းမှာသာ နေရလေတော့သည်။

မလှုပ်မယှက်ဘဲနေရသောကြောင့် ကိုယ်ပေါ်တွင် မြေကြီးများမှိုတက်နေပြီး တောင်ပို့သဏ္ဌာန်ဖြစ်နေခြင်း၊ ရေညှိရေမှော်များကပ်ကာ သစ်ပင်၊ ဝါးပင်များ ပေါက်နေသောကြောင့် သစ်တုံးကဲ့သို့ ဖြစ်နေခြင်းကြောင့် လူနှင့်တိရစ္ဆာန်များက မြွေမှန်းသိကြသဖြင့် အနားကပ်သွားတော့မှ ဖမ်းဆီးသတ်ဖြတ်ကာ စားသောက်တတ်ကြပေသည်။

အချို့တောသို့ သွားကြသူများဆိုလျှင် မြွေပေါ်မှာ မြေသားများ တက်နေခြင်း၊ သစ်ပင်များ ပေါက်နေခြင်းကြောင့် သစ်တုံးဟုသာထင်သဖြင့် ထိုင်နားခြင်း၊ ထမင်းဟင်းများ ချက်ပြုတ်စားသောက်ခြင်းများ ပြုကြလေသည်။

မိုးပူသဖြင့် မြွေကတွန့်လာတော့မှ မြွေမှန်းသိကာ ကြောက်လန့်တကြား ထွက်ပြေးသွားကြရသည်မျိုးလည်း ရှိကြသည်။

လီဒိုလမ်းမကြီးဖောက်စဉ်က ရှေ့တွင်တောင်ကုန်းတစ်

ခု ကန့်လန့်ခံနေသဖြင့် မိုင်းခွဲကြလေသည်။ မိုင်းကွဲတော့မှ သဘာဝတောင်ကုန်းမဟုတ်ဘဲ ကြီးမားလှသော မြွေပြိတ္တာကြီး တစ်ကောင်ဖြစ်မှန်း သိကြရလေသည်။ မိုင်းဒဏ်ကြောင့် မြွေပြိတ္တာကြီးမှာ အပိုင်းပိုင်းပြတ်ထွက်သွားပြီး အသားပိုင်းများက လမ်းပေါ်သို့ ကျလာလေသည်။ ထိုအသားပိုင်းကို သယ်ယူသော အခါ အသားပိုင်းတစ်ခုကိုပင် လော်လီကားတစ်စီးဖြင့် တိုက်ရ လောက်အောင် ကြီးမားလှပေသည်။

ပင်လယ်သမုဒ္ဒရာ၌နေသော ညံ့သတ္တဝါလောက် အလျားမရှည်သော်လည်း အလုံးအရွယ်အစားကြီးမားလှသော မြွေပြိတ္တာကြီးများဖြစ်သဖြင့် အကောင်ကြီးသောတိရစ္ဆာန်များကို ရေသားသောအခါ မြွေပွေးက ရှေ့ဆုံးမှ ပါဝင်လာခြင်းပင် ဖြစ်ပေသည်။

ထို့အတူပင် ရေသတ္တဝါများထဲမှာလည်း ဝေလငါး လောက် အကောင်အရွယ်အစား မကြီးမားသော်လည်း ရေချို ရေငန်အရပ်ဒေသတွင် အကြီးဆုံးငါးကို ပြပါဆိုလျှင် ငါးရွှေးကို ပြရပေမည်။

ငါးရွှေးဘယ်လောက်ကြီးသလဲဆိုလျှင် (၁၂)တောင် (၁၄)တောင်ရှည်သော လှေငယ်များကိုပင် မျှိုနိုင်လောက်သည်။ ငါးရွှေးသည် (၁၂)တောင်၊ (၁၄)တောင်ရှည်သောလှေထက် ပို ကြီးသလို၊ အလျားလည်း ပိုရှည်လေသည်။

မျက်လုံးက လင်ကွင်းလောက်ကြီးပြီး၊ နှုတ်ခမ်းမွေး တစ် ချောင်းပင် လက်မောင်းလုံးလောက် အရွယ်အစားရှိသည်။ ပုံ သဏ္ဍာန်က ရေချိုအရပ်တွင်တွေ့ရသော ငါးချောင်းနှင့် တူသ





လို၊ ရေငန်အရပ်တွင် တွေ့ရလေ့ရှိသော ပင်လယ်ငါးခူနှင့်လည်း တူသည်။

လူတစ်ယောက်မဆိုထားနှင့် ကျွဲနွားများကိုပင် ဖမ်းဆီး သတ်ဖြတ်ကာ အကောင်လိုက် မျိုချနိုင်သည်။ မိကျောင်းက နေရာအနှံ့သွားလာပြီး လူနှင့်တိရစ္ဆာန်တို့ကို သတ်ဖြတ်သော ကြောင့် ကြောက်စရာအကောင်းဆုံးဟု သတ်မှတ်ကြသော် လည်း ငါးရွှေးက ထိုထက်ပို၍ ကြောက်စရာကောင်းသည်။

သို့သော် ငါးရွှေးက မိကျောင်းကဲ့သို့ နေရာမရွေး တွေ့ နိုင်သည်တော့ မဟုတ်ပေ။ ငါးရွှေးနေလေ့ရှိသော နေရာများမှာ ရေစူးနက်သော ချောက်ကမ်းပါး၊ လိုဏ်ခေါင်းနှင့် ဝဲရှိသော နေရာများတွင်သာ အနေများကြသည်။

အချို့ကတော့. . . ငါးရွှေးကို ဘုရားစောင့်သောငါး၊ ကျောင်းစောင့်သောငါး၊ ရတနာသိုက်များကို စောင့်ရှောက်သော ငါးဟု သတ်မှတ်ထားကြသည်။

အချို့တံငါသည်ကြီးများဆိုလျှင် ငါးရွှေးကိုဖမ်းဆီးမိ လျှင် မသတ်ဘဲ ပြန်လွှတ်ပေးလေ့ရှိကြသည်။ ငါးရွှေးကိုသတ် ဖြတ်မိလျှင် အန္တရာယ်ဆိုးများနှင့် ကြုံတွေ့ရတတ်သည်ဟု အယူ အစွဲရှိသောကြောင့် ဖြစ်သည်။

ရှေးနှစ်ပေါင်းများစွာခန့်က (နှစ်(၆၀)ခန့်က) မော်လမြိုင် ကျွန်းမြို့တစ်ဖက်ကမ်းတွင် ဘုရားတစ်ဆူနှင့် ကျောင်းတစ် ကျောင်းရှိသည်။ တုံးလုံချောင်းတစ်ဖက်ကမ်းတွင် [illegible] လုံချောင်းကျောင်း၊ တုံးလုံချောင်းဘုရားဟုပင်. . ခေါ်ဝေါ်ကြ သည်။

ထိုစဉ်က တုံးလုံချောင်းမှာ မကျယ်လှသေး။ ချောင်းအဖြစ်လောက်သာရှိသည်။ မော်ကျွန်းမြို့အရှေ့ဘက်မှာရှိသော ကျိုက်ပိမြစ်ကြီးက သောင်မတွန်းသေးဘဲ သင်္ဘောများသွားလာ၍ ရသေးသောကြောင့် တုံးလုံချောင်းကို ရာဇူတိုင်မြစ်ဘက်သွားသော ချောင်းအဖြစ်သာ အသုံးပြုကြသည်။

တုံးလုံချောင်းက ကြမ်းသော်လည်း ရေစူးနက်သည်။ ရေစီးသန်သည်။ ရာဇူတိုင်မြစ်နှင့် တစ်ဆက်တည်းဖြစ်နေသောကြောင့် ငါးမျိုးစုံတို့ အလွန်ပေါသည်။ ထိုအချိန်က တုံးလုံချောင်းဘုရားအောက်တွင် ဝဲကလိုင်ကြီးတစ်ခုရှိပြီး ထိုအထဲတွင် ကြီးမားသော ငါးရွှေကြီးတစ်ကောင်နေသည်။

ဘုရားအောက်မှာရှိသည့် ဝဲကလိုင်ထဲမှာရှိသဖြင့် ဘုရားစောင့်ငါးဟုပြောသည်။ အချို့ကလည်း သိုက်စောင့်ငါးဟု ယူဆသူများလည်း ရှိကြသည်။

အခြားအချိန်များ၌ မမြင်ရသော်လည်း အခါကြီး ရက်ကြီးနေ့ရက်များနှင့် တုံးလုံချောင်းဘုရားပွဲရှိသော ရက်များ၌မူ ထိုငါးရွှေကြီးကို တွေ့မြင်ရနိုင်သည်။

ဒေသခံနှင့် ထိုအကြောင်းကို နားလည်သူများက ဝဲထိပ်တွင် ကန်တော့ပွဲတင်လျှင် ငါးကြီးကိုမြင်ရသည်။ အထူးသဖြင့် လပြည့်လကွယ်ညများတွင် ထိုငါးကြီးကို မြင်ကြရသည်။

ပထမတော့ . ရေပြင်ပေါ်မှာ ကျောရိုးဆူးတောင်သာ ပေါ်ပြီး ငြိမ်နေတတ်သည်။ ရေပေါ်၌ပေါ်နေသော ကျောရိုးဆူးတောင်သာပေါ်ပြီး ငြိမ်နေတတ်သည်။ ရေပေါ်၌ပေါ်နေသော ကျောရိုးဆူးတောင်ကြီးမှာ တိုင်လုံးတမျှကြီးပြီး၊ ငါးကြီးကို မမြင်





ရသည့်အခါ ရေထဲမှာတိုင်စိုက်ထားသကဲ့သို့ရှိသည်။

ထိုအကြောင်းကို မသိသောခရီးသွားလှေများက ထိုအကြောင်းကို မသိသဖြင့် အနားရောက်လာသောအခါ ရေထဲမှာ စိုက်ထားသောတိုင်ဟုထင်သဖြင့် ကွင်းရှောင်သွားကြလေသည်။

ငါးဆူးတောင်ကြီးမှာ အနားရောက်တော့မှ တဖြည်းဖြည်းနှင့် ပြန်မြုပ်သွားသည်ကို မြင်သဖြင့်အံ့သြကြရသည်လည်း ရှိသည်။

လှေများအနားရောက်သောအခါ ရေအောက်သို့ တဖြည်းဖြည်းနှင့် ပြန်ငုတ်သွားခြင်းမှာ ကျောပေါ်သို့တင်မိလျှင် လှေမှောက်ပြီး နစ်မြုပ်ပျက်စီးမည်ကြောင့် ရှောင်ပေးခြင်းလည်း ဖြစ်တန်ရာသည်။

ပွဲတော်ရှိသောရက်များ၊ လပြည့်လကွယ်ညများတွင် ရေပြင်ပေါ်သို့ပေါ်နေသော ငါးဆူးတောင်ကြီးကိုမြင်သော အချို့က အားမရပေ။

ငါးကိုအကောင်လိုက် တွေ့မြင်လိုကြသည်။ ထိုအခါ . သက်ကြီးရွယ်ကြီး အတွေ့အကြုံရှိသူများကို အပူကပ်ကြသည်။

သက်ကြီးရွယ်ကြီးများက ကန်တော့ပွဲတင်ပြီး တောင်းပန်ပြောဆိုသောအခါ ရေပြင်ပေါ်သို့ ဖော်ပြတတ်သည်။ ပထမ ဆူးတောင်ကြီးပေါ်လာသည်။ တဖြည်းဖြည်းမှ ရေအောက်မှ ငါးကိုယ်လုံးကြီးတစ်ဝက်လောက်အထိ ဖော်ပြတတ်သည်။

(၁၄)တောင် (၁၅)တောင်ခန့်ရှည်သော လှေတစ်စင်းလောက် အရွယ်အစားကြီးသောငါးကြီး တဖြည်းဖြည်း ရေပေါ်သို့ ပေါ်တက်လာသည်မှာ ရေငုပ်သင်္ဘောကြီးတစ်စင်း ပေါ်

တက်လာပုံနှင့် များစွာတူလှပေသည်။

ရေလယ်လောက်မှ ဖော်ပြသဖြင့် တဝက်လောက်သာ မြင်ကြရသဖြင့် အချို့ကလည်း အားမရကြပေ။ အနီးကပ်တွေ့ မြင်လိုကြောင်း ထပ်မံပူစာပြန်ရာ လူကြီးများကလည်း တောင်း ပန်ပြောဆိုပေးကြသည်။

ထိုအခါမျိုးတွင် ရေလည်မှာပေါ်နေရာမှ တဖြည်းဖြည်း ပြန်မြုပ်သွားပြီး ကမ်းစပ်နံဘေးမှာ လာဖော်ပြသည်။

ထိုအခါ မြင်ရသူတို့မှာ ထိတ်လန့်ကြရသည်။

အံ့သြကြရသည်။ အဘယ်ကြောင့်ဆိုသော် . .

လှေတစ်စင်းလောက်အရွယ်အစားကြီးပြီး ဦးခေါင်း အဝိုင်းက ပုတ်ငယ်တမျှ အရွယ်အစားကြီးသည်။

နှုတ်ခမ်းမွေးနှစ်ချောင်းက လက်မောင်းလုံးခန့်ရှိပြီ မျက်လုံးနှစ်လုံးက လင်ကွင်းအရွယ်တမျှ ကြီးလေသည်။ ကမ်း ဘေးစပ်တွင် အချိန်တော်ကြာအောင် ငြိမ်သက်နေပြီးမှ တဖြည်း ဖြည်းနှင့် ပြန်မြုတ်သွားတတ်လေသည်။

ထိုငါးကြီးနှင့် ပတ်သက်ပြီး၊ အခြားထူးခြားသောအ ကြောင်းအရာများလည်း ရှိပေသေးသည်။ မြစ်ထဲချောင်းထဲမှ အကြောင်းတစ်ခုခုကြောင့် သေဆုံးသွားပြီးအလောင်းပျောက် နေပါက တောင်းပန်ပြောဆိုပါက အလောင်းပြန်ရအောင် ဆောင်ရွက်ပေးတတ်သည်။

ငှင်းနှင့် မသက်ဆိုင်ပါက ထိုအလောင်းဘယ်နေရာမှာ ရှိသည်ဟု အိပ်မက်ပေးလေ့ရှိသည်။

ငှင်းနှင့်သက်ဆိုင်ပြီး သေဆုံးခြင်းဖြစ်ပါက ကျောပေါ်





သူ့တောင်ပေါ်သို့ အလောင်းတင်ကာ ဖော်ပြလေ့ရှိသည်။ ၎င်း နှင့်သက်ဆိုင်သော ကိစ္စဆိုသည်မှာ ဘုရားအောက်၌ရှိသော ရတနာများကို ရှာဖွေသူများနှင့် ငါးကြီးကိုဖမ်းဆီးရန် ကြိုးပမ်း သူတို့ပင် ဖြစ်ကြလေသည်။

အထက်ပါဖော်ပြသော အကြောင်းအရာများမှာ မြစ်ဝ ကျွန်းပေါ်ဘက်မှ ဆန်းကြယ်သောအကြောင်းအရာအချို့ပင် ဖြစ်ပေသည်။

ယခုရေးသားမည့်အကြောင်းမှာ မဲနန်မြစ်မှ ခွဲထွက်လာ သော မဲကလောင်မြစ်၌ရှိသော 'ပန်းမခဝဲ' အကြောင်းပင်ဖြစ် သည်။

ပန်းမခဝဲမှာကြမ်းလှသဖြင့် မဲနန်မြစ်ရိုးတစ်လျှောက် သွားလာနေသူတိုင်း သိကြသည်။

ထိုင်းနိုင်ငံအတွင်းမှာ အရှည်အလျားဆုံးမြစ်တစ်စင်းကို ပြပါဆိုလျှင် မဲနန်မြစ်ကိုပြရပေမည်။

မြန်မာနိုင်ငံတွင် စီးဆင်းနေသော မြစ်ကြီးများရှိကြ သည်အနက် ဧရာဝတီမြစ်ကဲ့သို့ မြောက်ဖျားမှတောင်ဘက်ဖျား ရောက်သည်အထိ အစမှသည်အဆုံးထိအောင် စီးဆင်းသော မြစ်ကြီးမျိုးဖြစ်သည်။

မဲနန်မြစ်ကြီးမှာ ယိုးဒယားနယ်မှာတော့ ဧရာဝတီမြစ် ကဲ့သို့ လူသိများသော အဓိကရမြစ်ကြီးတစ်စင်းပင်ဖြစ်၏။ မြစ် ကြောင်းက ရှည်လျားလှသလို ၎င်းမှခွဲထွက်သွားသော မြစ်ခွဲ ပေါင်းမြောက်များစွာတို့လည်း ရှိကြလေသည်။

ထိုမြစ်ခွဲများထဲတွင် မဲကလောင်မြစ်လည်း အပါအဝင်

ဖြစ်ပေသည်။ မဲကလောင်မြစ်မှာ ယိုးဒယားနယ်ဘက်မှ မြစ်တစ်စင်းဖြစ်သော်ငြားလည်း မြန်မာနိုင်ငံနှင့် အနီးဆုံးမှာရှိသော မြစ်ကြီးတစ်စင်းလည်းဖြစ်သည်။

တနင်္သာရီအရှေ့ဘက်နှင့် ကရင်ပြန်နယ်တို့အထိ ရောက်အောင် စီးဆင်းသောမြစ်တစ်စင်းဖြစ်သည်။

အများအားဖြင့်တော့ မဲကလောင်မြစ်မှ ဖြာတက်သွားသောမြစ်လက်တက်တို့မှာ မြန်မာနိုင်ငံနယ်နိမိတ်ဘက်သို့ ဦးတည်ကြလေသည်။

ထိုမြစ်များမှာ စီးဆင်းလာသော ရေတို့သည် အောက်ပိုင်းဒေသများသို့ အစဉ်မပြတ် စီးဆင်းနေကြသည်။ ထိုသို့ စီးဆင်းလာသော ရေတို့သည် ယိုးဒယားပင်လယ်ကွေ့ရောက်သည်အထိ တောက်လျှောက်စီးဆင်းသွားကြလေသည်။

မဲကလောင်မြစ်တစ်နေရာမှာတော့ 'ပန်းမခဝဲကြမ်း' ရှိလေသည်။ မူလအမည်မှာ ပန်းမခဝဲဖြစ်သည်။ ဝဲကြမ်းလွန်းသောကြောင့် 'ပန်းမခဝဲကြမ်း' ဟူသော ဝိသေသတိုးလာခြင်းဖြစ်သည်။

'ပန်းမခဝဲ' ဟူသောအမည်မှာလည်း သာမန်တော့ မဟုတ်ပေ။ မြစ်ညာဘက်မှ ရေစီးနှင့်မျောပါလာသော ပန်းပွင့်များ၊ သစ်ရွက်စသော အမှိုက်သရိုက်တို့မှာ ထိုဝဲသို့ရောက်သည်နှင့် ဝဲမွှေ့သောဒဏ်ကြောင့် နစ်မြုပ်ပျောက်ပြယ်သွားကြရသည်။ ဝဲမျက်နှာပြင်ပေါ်မှာ မည်သည့်အမှိုက်သရိုက်၊ မည်သည့် ပန်းပွင့်များမှ မရှိကြပေ။ သို့ကြောင့် 'ပန်းမခဝဲ' ဟူသော အမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။





ထိုဝဲရှိသောနေရာမှာ မြန်မာနိုင်ငံနယ်နိမိတ်ဖြစ်သော တနင်္သာရီတောင်တန်းကြီးများ၏ အရှေ့ဘက်နယ်နိမိတ်အနီးတွင်ရှိပေသည်။

ပန်းမခဝဲကြမ်းရှိသောနေရာနှင့် မနီးမဝေးတွင် ရေလည်သို့ ထိုးထွက်နေသော ချွန်းအငူစွန်းတစ်ခုရှိသည်။ ချွန်းအငူစွန်းပေါ်တွင် စေတီတစ်ဆူရှိသည်။ ကိုးတောင်ပြည့်စေတီဖြစ်သည်။

အောက်ခံပလ္လင် (၉)ဆင့်ပေါ်မှာ စေတီတည်ထားခြင်းဖြစ်သည်။ ထိုပလ္လင်ကိုးဆင့်မှာ သာမန်တော့မဟုတ်ပေ။ ဒေသခံတို့အတွက် အမှတ်အသားတစ်ခုလည်း ဖြစ်သည်။ နွေရာသီနှင့် ဆောင်းရာသီတောင်ကျရေ မဆင်းသောရာသီများတွင် မြစ်ရေက မတိုးလှပေ။ သာမန်အတိုးအလျော့လောက်သာရှိသည်။ မိုးရာသီရောက်လာလျှင်တော့ ရေစီးကကြမ်းလာသည်။ မြစ်ရေကတိုးလာသည်။

မြစ်ရေတိုးပြီး ရေစီးကြမ်းလာသည်နှင့်အမျှ ပန်းမခဝဲကလည်း ကြမ်းလာလေတော့သည်။ ရေတိုးလာသောအခါ စေတီအောက်မှ ခံထားသောပလ္လင်များ တစ်ခုပြီးတစ်ခုနစ်မြုပ်သွားလေသည်။

ပလ္လင်တစ်ခု မြုပ်တိုင်းမြုပ်တိုင်း ဝဲကပို၍ပို၍ ကြမ်းလာတတ်ပေသည်။ နောက်ဆုံးပလ္လင်ကိုးဆင့်စလုံး ရေမြုပ်ပြီဆိုလျှင်တော့ ဝဲဟီးသံကြီးကို စတင်ကြားကြရတော့သည်။

ဝဲကတော့ကလည်း အကြမ်းဆုံးဖြစ်လာလေတော့သည်။ ထိုအချိန်မျိုးရောက်သည်နှင့် ဝဲရှိသောနေရာတစ်ဝိုက်သို့ သွားဝံ့ကြတော့ပေ။

သစ်ဖောင်၊ လှေ၊ ကတ္တူလှေသင်္ဘောတို့ ထိုနေရာ
ဖြတ်သွားမိပါက ဝဲကတော့ထဲပါသွားပြီး နစ်မြုတ်ပျက်စီးကြ
ပေသည်။ လူများ တစ်ယောက်မှ အသက်ရှင်ခွင့်မရကြပေ။

သို့ကြောင့် စေတီတော်၏အောက်ခံပလ္လင်များ တစ်
ပြီးတစ်ခု တစ်ရစ်ပြီးတစ်ရစ် နစ်မြုတ်လာပါက ဝဲနားသို့ မကပ်
ကြတော့ဘဲ ဝေးဝေးမှရှောင်ကြရလေသည်။

ဝဲဟီသံဆိုသည်ကတော့ အခြားမဟုတ်ပေ။

ဝဲကတော့ထိုးရာမှ ပေါ်ထွက်လာသောအသံကြီးပင်ဖြ
သည်။ ထိုအသံမှာ သာမန်အသံမျိုးတော့မဟုတ်ပေ။ မကော
ဆိုးဝါးကြီးများ အသံကျယ်ကျယ်နှင့် အော်ဟစ်နေသောအသံမျ
ဘစ်စုံတစ်ခုကို တောင်းနေသည့်အသံမျိုးကဲ့သို့ တူလေသည
ဝဲဟီသံကြီးပေါ်လာလျှင်တော့ ထိုအနီးတစ်ဝိုက်မှာရှိ
သောရွာများမှ ဝါရင့်ရေလုပ်သားကြီးများက တစ်ဦးနှင့်တစ်
ပြောဆိုသတိပေးကြလေသည်။

"ပန်းမခဝဲတော့ ဟီနေပြီဟေ့၊ လူစားချင်လို့တောင်းနေ
ပြီ၊ အသွားအလာ သတိသာထားကြပေတော့"

ထိုသို့သတိပေးသော်လည်း ထိုကဲ့သို့ဝဲဟီသံများကြား
ပြီဆိုလျှင်တော့ တစ်နှစ်လျှင် လူနှစ်ယောက်၊ သုံးယောက်တော့
သေကြရလေသည်။

ထိုကဲ့သို့သေရခြင်းကိုအရပ်ဓလေ့နှင့် 'ဝဲမှာရှိသော
ကောင်းဆိုးဝါးများကစားသည်' ဟုပြောဆိုကြခြင်းဖြစ်ပေသည်
ဝဲဟီသံများက နေ့ဘက်အချိန်၌ သိပ်မကြားရပေ။

ညအချိန်ရောက်လာသောအခါမှာတော့ ကျယ်ကျ





သာင်လောင်ကြားကြရသည်။

ဒေသခံများပြောပုံအရတော့ စေတီတော်၏ပလ္လင်ခုံ
အောက်တွင် လိုဏ်ခေါင်းကြီးရှိပြီး ထိုလိုဏ်ခေါင်းကြီးမှာ ရှည်
ျားနက်ရှိုင်းလှသည်။

သိုလိုဏ်ခေါင်းကြီးနှင့် ပတ်သက်သောလျှို့ဝှက်ဆန်း
ကြယ်မှုများစွာတို့ ရှိကြလေသည်။

တကယ်တော့ ပန်းမခဝဲကြမ်းဆိုသည်မှာ ဂမ္ဘီရဆန်
သာနေရာတစ်ခုပင် ဖြစ်ပေတော့သည်။





# အခန်း(၂)

## အနန္တရာယ်လမ်းမှ အကြွေပန်းများ

ပန်းမခဝဲအကြောင်း အတန်းအသင့်ရေးသား ဖော်ပြပြီးသောအခါ ပန်းမခရွာအကြောင်း ဆက်လက်ရေးသားရပေဦးမည်။ ပန်းမခရွာမှာ အိမ်ခြေများသောရွာကြီးတစ်ရွာဖြစ်ပြီး ပန်းမခဝဲရှိသောနေရာအထက် ကမ်းပေါ်တွင်တည်ထားသောရွာကြီးတစ်ရွာဖြစ်သည်။ မြန်မာနိုင်ငံ၏ အရှေ့ဘက်နယ်နိမိတ်အစပ်တွင်ရှိသော ရွာတစ်ရွာလည်းဖြစ်သည်။

အိမ်ခြေပေါင်း တစ်ရာဝန်းကျင်ခန့်ရှိသည်။

☺ အောင်မြင်စာပေ ☺

အိမ်ခြေများသော်လည်း အိမ်ကြီးအိမ်ကောင်းများမရှိဘဲ သာမန်အိမ်များသာရှိလေသည်။

သာမန်အိမ်များကတော့ သစ်၊ ဝါး၊ ဓနိတို့ဖြင့် ဆောက်ထားကြပြီ အချို့စီးပွားရေးချောင်လည်သူများကတော့ ပျဉ်ကာပျဉ်ခင်း၊ ဓနိမိုးအိမ်ကြီးများ ဆောက်လုပ်နေထိုင်ကြသည်။ ထိုရွာတွင် လူမျိုးပေါင်းစုံတို့ရှိကြသည်။

မြိတ်၊ ထားဝယ်၊ ယိုးဒယား၊ မြန်မာ၊ ရခိုင်၊ မွန်၊ ကရင်စသောလူမျိုးစုတို့ နေထိုင်ကြသည်။

ပန်းမရွာသည် မြစ်ကမ်းနံဘေးတွင် အလျားလိုက်ဆောက်ထားသော ရွာကြီးတစ်ရွာဖြစ်သည်။

ထိုရွာမှာနေကြသူတို့မှာ အမဲလိုက်သောအလုပ်၊ ငါးဖမ်းသောအလုပ်များအပြင် အများစုလုပ်ကိုင်ကြသောအလုပ်မှာ 'ကုန်ကူး'သောလုပ်ငန်းဖြစ်သည်။

အချိန်ကာလမှာ (၁၉၅၀)ခုနှစ် နှောင်းပိုင်းကာလဖြစ်သည်။ မြန်မာနိုင်ငံမှာ အင်္ဂလိပ်များ၊ ဂျပန်များလက်အောက်မှ လွတ်မြောက်ပြီး လွတ်လပ်ရေးရပြီးစအချိန် ဖြစ်သည်။

နှစ်ပေါင်းတစ်ရာကျော်ကြာအောင် သူတစ်ပါးလက်အောက်မှာ ကျွန်သဘောက်ဘဝမျိုးဖြင့် နေခဲ့ကြရသောကြောင့် တိုင်းပြည်တစ်ပြည်လုံးမှာ ဆင်းရဲတွင်းနက်လျက်ရှိနေလေသည်။

သူကျွန်ဘဝမှ လွတ်မြောက်ကာစ ဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်ဘေးဒဏ်များကြောင့် မြန်မာတစ်နိုင်ငံ ရစရာမရှိအောင် ပျက်စီးကျန်ခဲ့လေသည်။

(၁၉၄၈)ခု နောက်ပိုင်း လွတ်လပ်ရေးရပြီးတော့လည်း





အပြိုပြိုအကွဲကွဲဖြစ်နေသောကြောင့် တိုင်းပြည်ထူထောင်ရေးလုပ်ငန်းများ မဆောင်ရွက်နိုင်ကြသေးပေ။

(၁၉၅၀)ခုနှစ် နောက်ပိုင်းကာလများ ရောက်လာတော့ ယိုးဒယားနိုင်ငံဘက်မှ ကုန်သွယ်လုပ်ငန်းများ စတင်ပေါ်ပေါက်လာသည်။ ဘန်ကောက်မှထွက်သော ယိုးဒယားပစ္စည်းများကို မြန်မာနိုင်ငံဘက်သို့ တင်ပို့ရောင်းချကြခြင်းဖြစ်သည်။

ရာဘာနှင့်ပြုလုပ်သောပစ္စည်း၊ ပလပ်စတစ်ဖြင့် ပြုလုပ်သောပစ္စည်းများ၊ ရာဘာဖိနပ်၊ အချိုမှုန့်၊ ယိုးဒယားထွက်အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများစွာတို့ တင်ပို့ရောင်းချကြခြင်းဖြစ်သည်။

တိုင်းပြည်မတည်ငြိမ်သေးသော အချိန်ဖြစ်သောကြောင့် အဖမ်းအဆီးကလည်း မများလှသေးပေ။ ထို့ကြောင့် ယိုးဒယားနှင့် မြန်မာနိုင်ငံဘက်မှာရှိသော စီးပွားရေးလုပ်ငန်းရှင်များက ကတ္တူလေ၊ စက်လှေများဖြင့် ကုန်ပစ္စည်းများ တင်ဆောင်ကာ လာရောက်ရောင်းချကြသည်။ ပစ္စည်းတင်လာသော ကတ္တူစက်လှေတို့မှ ပါချန်မြစ်မှတစ်ဆင့် ကော့သောင်းသို့ရောက်အောင်လာကြသည်။

မြန်မာဘက်မှ ကုန်သည်များနှင့် အချိတ်အဆက်ပြုလုပ်ပြီး ကော့သောင်းမှာတင် အရောင်းအဝယ်ပြု လုပ်ကြသည်။ ကော့သောင်းမှာ အဆင်မပြေလျှင်တော့ ဘိတ်(မြိတ်)ထားဝယ်အထိ တက်ရောင်းကြသည်။

အချို့လည်း မော်လမြိုင်အထိ ရောက်လာကြသေးသည်။ အတော်များများကတော့ အဖမ်းအဆီးအန္တရာယ်ရှိ

သောကြောင့် ထိုနေရာရောက်သည်အထိ မလာကြပေ။ ကျော့သောင်းမှာတင် ပြီးပြတ်အောင် ရောင်းကြသည်။

ယိုးဒယားကုန်သည် သင်္ဘောများက ကော့သောင်းမှ စောင့်သည်။ မြန်မာဘက်မှ ကုန်သည်များက ထိုနေရာအထိ ဆင်းဝယ်ကြသည်။ ပစ္စည်းဝယ်ယူရာမှာတော့ ငွေနှင့်ဝယ်ယူသည်မျိုးမဟုတ်ကြပေ။ ပါလာသောပစ္စည်းချင်း ဈေးဖြတ်ပြီး လဲလှယ်ယူကြခြင်း ဖြစ်လေသည်။

ထိုအချိန်က ယိုးဒယားဘက်မှ အဓိကမှာယူသော ပစ္စည်းမှာ ရာဘာ၊ ကြက်ပေါင်စေး၊ ဆန်စပါး၊ ပုလဲ စသော ပစ္စည်းများဖြစ်သည်။

မြန်မာကုန်သည်များက ကော့သောင်းမှပစ္စည်းများ သယ်ယူလာပြီး မော်လမြိုင်မှာ ရောင်းချကြသည်။ ထိုအချိန်က ရန်ကုန်ရောက်အောင် စက်လှေဖြင့်ဝယ်ယူသူမရှိသလောက် နည်းသည်။

(၁၉၆၀)ခုနှစ်နောက်ပိုင်းကာလများတွင် မော်လမြိုင်လည်း ယိုးဒယားမှဝင်သော မှောင်ခိုပစ္စည်းများ အရောင်းအဝယ်ပြုလုပ်သော အဓိကနေရာ ဖြစ်ခဲ့သည်။

ထိုပစ္စည်းများကို မုတ္တမဘက်ကမ်းသို့ သယ်ယူပြီး ထိုမှတစ်ဆင့် မော်လမြိုင်ရထားဖြင့် ရန်ကုန်သို့သယ်ဆောင်ကြလေသည်။

ထိုအချိန်က မှောင်ခိုကုန်ကူးသောသူတို့ စီးပွားဖြစ်ခဲ့ကြသလို ရထားဝန်ထမ်းများနှင့် အကောက်ခွန်ဌာနမှ လူများလည်း စီးပွားရေးကောင်းခဲ့ကြပေသည်။





ထိုကဲ့သို့ စီးပွားရေးအင်အား မကောင်းသူများကတော့ တစ်နိုင်တပိုင် အရောင်းအဝယ်လုပ်သော ကုန်ကူးခြင်းကို လုပ်ကြရသည်။ အခြားတော့မဟုတ်ပေ။

ကုန်းလမ်းခရီးမှ အထမ်းလိုက်ကြခြင်းပင်ဖြစ်သည်။

အထမ်းလိုက်သည်မှာ နှစ်မျိုးရှိသည်။

တစ်နည်းက အခြားသူပစ္စည်းကို အခကြေးငွေယူကာ ထမ်းပိုးသယ်ဆောင်ပေးခြင်း ဖြစ်သည်။ နောက်တစ်နည်းကတော့ ကိုယ့်မှာရှိသမျှ ငွေနှင့်ပစ္စည်းဝယ်ကာ သွားရောက်ရောင်းချကြခြင်းဖြစ်သည်။ အထမ်းသမားများမှာ ဘုရားသုံးဆူတောင်ကြားမှ ဝင်ထွက်သွားလာကြသည်။

တနင်္သာရီဘက်မှထွက်လျှင် မော့တောင်ကြားနှင့် ကုလားမတောင်ကြားတို့မှ ထွက်သည်။ ထားဝယ်ဘက်မှ ထွက်လျှင်တော့ အများတောင်ကြားဘက်မှ အဝင်အထွက်ပြုလုပ်ကြသည်။

ပန်းမခရွာရှိသောနေရာမှာ ထားဝယ်၏အရှေ့မြောက်ယွန်းယွန်းဘက်၌ရှိသည်။ ကျောက်မဲတောင်၏ အရှေ့ဘက်မြစ်ကမ်းပါး၌ ရှိလေသည်။ ထိုရွာဘက်မှ အရောင်းအဝယ်သွားလျှင်တော့ တောင်ထူထပ်ပြီး အန္တရာယ်များသော ခရီးလမ်းမှ သွားလာကြရသည်။ သို့သော်လည်း ဝမ်းရေးအတွက် အသက်စွန့်ပြီး လုပ်ကိုင်ကြရလေသည်။

ပန်းမခရွာမှာရှိသော လူငယ်လူရွယ် အတော်များများ ကုန်ထမ်းသောအလုပ်၊ ဒါမှမဟုတ် မှောင်ခိုကုန်အရောင်းအဝယ် လုပ်ကြလေသည်။ ထိုအလုပ်များမှာ မလွယ်လှပေ၊ ဘေး

အကြမ်းခံနိုင်ရုံဖြင့်တော့ မလုပ်နိုင်ကြပေ။

တောင်မြင့်များ၊ တောင်ကြားများ၊ ချောက်များ၊ ရေတံခွန်များ၊ ရေစီးသန်သော ချောင်းများ၊ ရေတံခွန်များ၊ တောနက်ကြီးများထဲမှ ဖြတ်သွားကြရသည်။

ကျား၊ ဆင်ရိုင်း၊ ကျားသစ်၊ ဝက်ဝံ၊ မြွေ စသောတောတိရစ္ဆာန်များ၏ အန္တရာယ်များရှိသည်။ လက်နက်ကိုင် တောခိုနေသော သောင်ကျန်းသူများ အန္တရာယ်လည်းရှိသည်။ သို့သော်ဝမ်းရေးအတွက်၊ အသက်ဘေးအန္တရာယ်ကို ဂရုမပြုနိုင်ကြဘဲသွားလာနေကြရပေသည်။

ပန်းမရွာ၏အောက်ဘက်တွင် ပွဲဆိပ်ကုန်းရွာရှိသေးသည်။ တကယ်တော့ ထိုနေရာမှာ ရွာတော့မဟုတ်ပေ။ ကုန်အရောင်းအဝယ်ပြုလုပ်နေကြသော ပွဲစားများ စုဝေးနေထိုင်ကြသော ယာယီတဲကြီးများသာရှိသည်။ ထိုနေရာတွင် ဖဲဝိုင်းရှိသည်၊ အရက်ဆိုင်ရှိသည်။ ခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်များရှိသည်။ ညအိပ်ရန်ငှားသော တဲများရှိသည်။

အချို့ထမင်းဆိုင်များက သူ့ဆိုင်မှာ ထမင်းစားလျှင် ညအိပ်စရာနေရာပေးသည်၊ ညအိပ်သောနေရာအတွက် မပေးရသော်လည်း စားသောက်သော ထမင်းဟင်းများကိုတော့ ဈေးအနည်းငယ်တင်ထားသည်။ ယိုးဒယားဘက်မှ စက်လှေငယ်များဖြင့်လာကြသော ကုန်သည်များက ပွဲဆိပ်ကုန်းမှ စခန်းချပြီးစောင့်သည်။

ဗမာပြည်ဘက်မှ ကုန်ပစ္စည်းရောင်းချရန် ရောက်လာသောအထမ်းသမားများလာလျှင် ထိုနေရာမှာ အရောင်းအဝယ်





ပြုလုပ်ကြသည်။ ပါသောပစ္စည်းများဈေးဖြတ်ပြီး အလဲအထပ်သဘောမျိုး ပြုလုပ်ကြခြင်းဖြစ်ပေသည်။

ဗမာပြည်ဘက်မှ အထမ်းသမားများ ယူဆောင်လာသောကုန်ပစ္စည်းများမှာ ဆန်၊ ပဲမျိုးစုံ၊ ဆီ၊ ငါးခြောက်၊ ငှက်သိုက်၊ ကွမ်း၊ ကွမ်းသီး၊ ဆေးရွက်ကြီး၊ ရာဘာ၊ ကြက်ပေါင်စေး၊ စသောပစ္စည်းများအပြင် ရာသီထွက်အသီးအနှံများပေါ်လျှင် သယ်နိုင်သမျှ သယ်ယူလာကြသည်။

ဒူးရင်းသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး၊ ဒညင်းသီး၊ ကျွဲကောသီး စသည်တို့မှာ ယိုးဒယားဘက်မှ ဝယ်ယူသောပစ္စည်းများဖြစ်သည်။

ဒူးရင်းသီးများပါလာလျှင် ပွဲဆိပ်ကုန်းမှကုန်သည်များကဝယ်ယူပြီး ထိုနေရာမှာပင် ခွဲစားကြသည်။ အချို့လည်း ရက်ရှည်သား၍ရတော့ ကောက်ညှင်းထုပ်၊ ကောက်ညှင်းကျည်တောင့်များယူလာပြီး ရောင်းကြသည်။

ထိုပစ္စည်းများကတော့ အထမ်းသမားများ လမ်းမှာတင်ဝယ်စားသော စားသောက်စရာများဖြစ်သည်။

အချို့လည်း ပတ်ဝန်းကျင်မှာ နေကြသူများက အထမ်းသမားများ သွားလာနေသောလမ်း၊ ဒါမှမဟုတ် စခန်းချပြီး နားသောနေရာများအထိ အစားအသောက်များ လာရောက်ရောင်းချကြသည်။ ပိုက်ဆံမပါလျှင် ကြွေးမှတ်ပြီး ကြိုက်သလောက်စားသောက်သွား၍ရသည်။ လူချင်းသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ မြင်ဖူးသည်ဖြစ်စေ၊ မမြင်ဖူးသည်ဖြစ်စေ၊ ဈေးသည်ကအကြွေးရောင်းပေးလိုက်သည်။

သို့သော် တစ်ခွန်းတော့ မေးသည်။

"အသွားလား၊ အပြန်လား"

'အသွား'ဆိုလျှင် 'အပြန်မှာဝင်ပေး'ဟု မှာသည်။

'အပြန်' ဆိုလျှင်တော့ 'နောက်တစ်ခေါက် တက်လာလျှင်ဝင်ပေး' ဟု မှာတတ်လေသည်။

ထိုသို့ဈေးရောင်းသူက အလွယ်တကူ ပေးလိုက်သော်လည်း စားကြွေးသောက်ကြွေးကိုတော့ မပေးပဲမနေကြပေ။ မတွေ့တွေ့အောင်လိုက်ရှာပြီးပေးသဖြင့် ရောင်းသူများကလည်း စိတ်ချလက်ချပင် ရောင်းပေးကြသည်။ တစ်ခေါက်မကြုံလျှင် နောက်တစ်ခေါက်ကြုံလျှင်တော့ ရလေသည်။

ကုန်အရောင်းအဝယ်သွားသောလမ်းမှာ သာယာချောမွေ့သောလမ်းမျိုးတော့ မဟုတ်ပေ။ ရှေ့အခန်းမှာ ရေးထားသည့်အတိုင်း အန္တရာယ်များလှသော လမ်းမျိုးဖြစ်သည်။

ယောကျ်ားလေးများအတွက်က အဆင်မသင့်ပါက အသက်ဘေးအန္တရာယ်နှင့် တွေ့ချင်တွေ့နိုင်သည်။ အမျိုးသမီးများအတွက်ကတော့ အသက်ဘေးအန္တရာယ်အပြင် ကာမဘီလူးများ၏ အန္တရာယ်ပါရှိကြလေသည်။

တောတောင်ထဲမှာ သွားလာနေကြသူများထဲမှာ... ကောင်းတဲ့လူလည်းပါသည်၊ မကောင်းတဲ့လူတွေလည်းပါသည်။

ပွဲစား၊ ကုန်သည်များထဲမှာလည်း ထိုအတိုင်းပင်ဖြစ်၏။ လူမျိုးစုံတို့ ရောထွေးပါဝင်နေကြလေသည်။ အချို့လူမျိုးက အရောင်းအဝယ်လိုက်လာသော အမျိုးသမီးများတွေ့လျှင် ထိကပါးရိကပါးပြောသည်။ သားပြောမယားပြော ပြောသည်။





ထိုမှတစ်ဆင့် အခွင့်အရေးရလျှင်ရသလို စော်ကားချင်ကြသည်။ တောထဲမှာနေကြသော သောင်းကျန်းသူများနှင့် တွေ့လျှင်လည်း ထိုအတိုင်းပင်ဖြစ်သည်။

အမျိုးသမီးများတွေ့လျှင် သိပ်ပြီးချမ်းသာမပေးချင်ကြပေ။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာလည်း 'ကြောင်ကိုငါးကြော်ပြ' 'ကျားကိုအစားကျွေး'သော အမျိုးသမီးများ ရှိနေခြင်းကြောင့်လည်း ဖြစ်ပေသည်။

ထိုလမ်းခရီးတွင် နှစ်များစွာကြာသည်အထိ သွားလာကုန်ကူးနေကြသော အမျိုးသမီးအချို့ ရှိကြသည်။ အတော်များများကတော့ အိမ်ထောင်ကျဖူးသော (အချို့လည်း ယောကျ်ားရှိသည်) အသက်(၃၀)ကျော်အရွယ် အမျိုးသမီးလည်း ဖြစ်ကြသည်။

ထိုအမျိုးသမီးအချို့မှာ ထိုလမ်းခရီးကို အဖန်ဖန် အထပ်ထပ်သွားလာနေကျဖြစ်သဖြင့် နောကြေနေကြပြီဖြစ်သည်။ ဘယ်သူနှင့်တွေ့လျှင် ဘယ်လိုဆက်ဆံရမည်ကိုလည်း သိကြသည်။ ငွေတန်လျှင်ငွေ၊ လူတန်လျှင်လူနှင့် ရင်းပြီးစီးပွားရှာနေကြသူများဖြစ်သည်။

သည်နေရာတွင် စကားစပ်မိသဖြင့် ထိုလမ်းခရီးတွင် သွားလာ၍ စီးပွားရှာနေသော 'မိနော်'ဆိုသော အမျိုးသမီးတစ်ယောက်အကြောင်းကို ဖော်ပြပေးပါမည်။

မိနော်သည် အသက်(၃၀)ကျော်ရုံမျှသာရှိသေးသော်လည်း ယောကျ်ားနှစ်ဆက် ပြောင်းခဲ့ပြီးသူဖြစ်သည်။ အိမ်ထောင်ကျဖူးသော်ငြားလည်း ကလေးတစ်ယောက်မှ မရဖူးသေးသော

ကြောင့် ပုံပျက်ပန်းပျက်ဖြစ်နေခြင်း မရှိပေ။ ကိုယ်လုံးကိုယ်ထည်က လုံးကြီးပေါက်လှဖြစ်ပြီး ယောကျ်ားနှင့် ရင်ပေါင်တန်းပြီး အလုပ်လုပ်နိုင်သူဖြစ်သည်။

ထို့ပြင် ကရင်သွေးပါသူဖြစ်သောကြောင့် မည်သည့်ကိစ္စမဆို ရဲရဲတင်းတင်း ဆောင်ရွက်တတ်လေသည်။

မိနော်က ပထမယောကျ်ားနှင့်ကွဲပြီး နောက်ယောကျ်ားယူတော့ ထိုယောကျ်ားက နယ်စပ်ဘက်သွားကာ အရောင်းအဝယ်လုပ်နေသူဖြစ်သည်။

"နင်ဒီမှာ အလုပ်လုပ်နေရင် စားရရုံပဲရမယ်၊ ငါနဲ့ကုန်အဝယ်လိုက်ရင် ကြီးပွားလာနိုင်တယ်၊ တစ်ခေါက်မှာ တင်ယောက်တည်းသွားရင် တစ်ရာရတယ်ဆိုရင် နှစ်ယောက်သွားရင် နှစ်ရာရတာပေါ့"

ဟု မက်လုံးပေးပြောဆိုသည်။

"ငါမှ မသွားဖူးတာ၊ ဘာတွေရောင်းဝယ်နေတာလဲ"

"အစုံပေါ့၊ ဒီကပစ္စည်းဟိုယူသွားရင် အမြတ်ရတယ်၊ ဟိုကပစ္စည်း ဒီဘက်ပြန်သယ်လာတော့လည်း အမြတ်ရတယ်၊ တစ်ခေါက်သွားရင် နှစ်ခါအမြတ်ရတယ်"

ဟုပြောသဖြင့် မိနော်လည်း ယောကျ်ားနှင့်အတူ လိုက်သွားလေသည်။ တစ်ခေါက် နှစ်ခေါက်လိုက်သွားကြည့်တော့ ထိုအလုပ်ကို သဘောကျသွားလေသည်။ တစ်နှစ်လောက်ကြာတော့ သူတို့လင်မယားနှစ်ယောက်မှာ အတော်ကလေး စုဆောင်းမိ ရှိလာကြသည်။

တစ်ခေါက်မှာတော့ တောထဲမှ သောင်းကျန်းသူအဖွဲ့





ခေါင်းဆောင်က မိနော်ကိုမြင်သောအခါ သဘောကျသဖြင့် တောထဲမှာရှိသော စခန်းသို့ခေါ်သွားလေသည်။ နှစ်ညလောက်ကြာတော့မှ ပြန်လွှတ်ပေးလိုက်သည်။ ယောကျ်ားလုပ်သူကတော့ထိုကဲ့သို့ မိနော်ကိုခေါ်သွားသောကိစ္စကို မကျေမနပ်ဖြစ်ပုံရပေ။ ဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ခုကဲ့သို့ပင် သဘောထားကာ အေးအေးပင်ရှိလေသည်။

သူ့ယောကျ်ားနာမည်မှာ 'တင်ဖေ' ဖြစ်သည်။

မိနော်ကတော့ တင်ဖေနှင့်ပြန်တွေ့သောအခါ မျက်နှာသလိုဖြစ်နေမိသည်။ ထိုအခါ တင်ဖေကပြောသည်။

"ဒီလမ်းမှာ သွားလာနေတဲ့သူတွေမှာ ဒီလိုအဖြစ်မျိုးတွေကြုံတာ မထူးဆန်းတော့ဘူး၊ သူတို့နဲ့အဆင်ပြေသွားရင် အခွင့်အရေးတောင် ရသေးတယ်"

ဟုပြောလေသည်။

တင်ဖေပြောသလိုပင်. . .

နောက်ပိုင်းသောင်းကျန်းသူများနှင့် တွေ့လျှင်သော်မှ မိနော်ကို တစ်ည၊ နှစ်ညခေါ်သွားသည်မှလွဲပြီး သူတို့အဖွဲ့ကို နှိပ်စက်ကြတော့ပေ။

နောက်ပိုင်းမှာတော့ တင်ဖေတစ်ယောက် ငှက်ဖျားရောဂါဖြင့် သေဆုံးသွားလေသည်။ ယောကျ်ားမရှိတော့သော်လည်း မိနော်က ထိုအလုပ်ကိုပင် ဆက်လုပ်နေရာ အဆင်ပြေသဖြင့် သူနေသောရွာတွင် ခြံတစ်ခြံဝယ်ပြီး အိမ်ဆောက်နိုင်သော အခြေအနေရောက်ခဲ့လေသည်။

သူတို့ရွာမှာနေကြသူ အတော်များများမှာဆင်းရဲသား

များကြလေသည်။ အမဲလိုက်၊ ငါးရှာဘဝဖြင့် တစ်နေ့လုပ်မှ တစ် နေ့စားနေရသော ဆင်းရဲနေသူများက မိနော်အခြေအနေကို မြင်သောအခါ အားကျလာကြသည်။

"မိနော် နှင်ခရီးသွားပြီး ကုန်ကူးနေတာအတော်ဟန်ကျ နေပုံပဲ၊ ငါတို့လည်း လိုက်ခဲ့စမ်းပါရစေ"

"အမိုးတို့ လုပ်လို့အဆင်မပြေပါဘူး၊ တောတောင်ထဲ မှာ သွားလာနေရတာဆိုတော့ ခရီးလမ်းက အန္တရာယ်များတယ်"

"ငါတို့လည်း မွေးကတည်းကတောထဲမှာမွေး၊ တောထဲ မှာကြီးလာကြတာပဲ လုပ်နိုင်ကြတာပါပဲ။"

"ခရီးက အဝေးကြီးသွားရတာဆိုတော့ အမိုးတို့အသက် အရွယ်နဲ့လိုက်လို့ မဖြစ်ပါဘူး"

"ဒါဖြင့်လည်း ငါ့သမီးဖြစ်ဖြစ် ခေါ်သွားပေးပါဟယ်"

ဟု အပ်ထည့်လေသည်။

ထိုကဲ့သို့ အသက်ရွယ်ငယ်သော မိန်းကလေးများထည့် လျှင်တော့ မိနော်က လက်ခံခေါ်သွားသည်။ အဘယ်ကြောင့်ဆို သော်. . .

ထိုကဲ့သို့ ငယ်ရွယ်သော မိန်းမပျိုများပါသွားလျှင် လမ်း ခရီးတစ်လျှောက်လုံး မျက်နှာပွင့်လေသည်။ ပွဲဆိပ်ကုန်းဘက် ရောက်၍ တစ်ဘက်နိုင်ငံမှာ ပွဲစားများရော ဒီဘက်နိုင်ငံက ပွဲ စားများကပါ သူနှင့်သိနေကြသည်။

မိန်းမပျိုလူသစ်ကလေးများပါလာတာတွေ့လျှင် မိနော် ထံရောက်လာပြီး ချဉ်းကပ်ကြသည်။

"မနော်. . . ခင်ဗျားတို့အဖွဲ့မှာပါလာတဲ့ ပစ္စည်းတွေကို





ဈေးပိုပေးပြီး အားလုံးယူမယ်၊ ကျုပ်တို့ကိုလည်း လိုချင်တာ ခဉ်ပေးပါ"

ဟု ပွင့်ပွင့်လင်းလင်းလာပြောသောအခါ မိနော်က မသိ ဟန်ဆောင်နေသည်။

"ငါကဘာစီစဉ်ပေးရမှာလဲ"

"မနော်ကလည်း သိရက်သားနဲ့၊ ခင်ဗျားဆီမှာပါသမျှ ကုန်တွေ အကုန်ယူပေးပါ့မယ်လို့ ပြောထားမှတော့ ခင်ဗျားဆီမှာ ဘာများကျန်မှာမို့လဲ"

"ကုန်လာရောင်းပါတယ်ဆိုမှတော့ ကုန်ရောင်းစရာ မရှိ တော့ရင် လူပဲကျန်တော့မှာပေါ့"

"ကျုပ်တို့ကလည်း အဲဒါပဲလိုချင်နေကြတာ ဒါပေမယ့် ခင်ဗျားအတွက်တော့ ငွေလိုချင်ငွေပေးမှာပေါ့"

ထိုသို့ ပြောသောအခါ မိနော်က မျက်စောင်းတစ်ချက် ထိုးလိုက်လေသည်၊

သို့သော်လည်း . . .

အတူပါလာသော မိန်းကလေးများကိုလည်း မက်ထား လောက်သော စကားများဖြင့်သော်လည်းကောင်း၊ ထိတ်လန့် ကြောက်ရွံ့သောစကားများဖြင့်သော်လည်းကောင်း၊ နည်းအမျိုး မျိုးဖြင့် ပြောဆိုစည်းရုံးရလေသည်။

အချို့လည်း ခါးခါးသီးသီးငြင်းပယ်ကြသည်၊

အချို့လည်း မြိုးမြိုးမျက်မျက်ရမည် ဆိုသောကြောင့် ဘွဝေသွားကြသည်။ အချို့လည်း မလိုက်လျောလျှင် နှိပ်စက် မည်ကိုတွေးပြီး ကြောက်ရွံ့ကြသည်။

မည်သို့ပင်ဆိုစေ. . .

အတူပါလာသော မိန်းကလေးအတော်များများက တော့ မိနော်စကားကို နားထောင်ကြသည်က များလေသည်။

အတွေ့အကြုံသစ်များမှာ အစပိုင်းမှာတော့ ရင်ခုန်ရ ရာ၊ ကြောက်ရွံ့စရာကောင်းသော်လည်း နောက်ပိုင်းမှာတော့ သာမန်အခြေအနေမျိုးသို့ ရောက်ရှိသွားကြလေသည်။

တနင်္သာရီရိုးမ တောင်တန်းများကြားမှာ သွားလာနေ ကြသော အထမ်းသမားများ၊ ကုန်အရောင်းအဝယ်သွားလာနေ ကြသော အမျိုးသမီးများ၏ဘဝများမှာလည်း ထိုအတိုင်းပင် ရှိပေတော့သည်။





# အခန်း(၃)

# ပန်းမခဲမှ ထူးဆန်းသောအရာ

ပန်းမခရွာသည် လူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြ သောရွာတစ်ရွာပင်ဖြစ်သည်။ ယိုးဒယား၊ မွန်၊ ကရင်၊ ထားဝယ်၊ ဘိတ်၊ ရခိုင်စသော လူမျိုးတို့အပြင် မြန်မာအချို့လည်းရှိကြလေ သည်။ ထိုအထဲတွင် 'နီမောင်'တို့ မိသားစုလည်း ရှိကြသည်။

နီမောင်တို့ မိသားစုမှာ လေးယောက်ရှိသည်။ ဖခင်နှင့် မိခင်က ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ဖြစ်ကြပြီး ညီတစ်ယောက် ရှိသေးသည်။ ညီဖြစ်သူ'ရင်မောင်'က အသက်(၂၀)ဝန်းကျင်

လူပျိုပေါက်အရွယ်သို့ပင် ရောက်နေပြီ။ နီမောင်တို့ မိသားစုမှ
ပန်းမခရွာသို့ ရွှေ့ပြောင်းရောက်ရှိလာကြရာ နှစ်အတော်ကြာ
ခဲ့ပေပြီ။

မြစ်ဝကျွန်းပေါ် အရပ်ဘက်မှာ လုပ်ကိုင်စားသောက်
သည်မှာ အဆင်မပြေဖြစ်နေကြစဉ် နီမောင်နှင့် ညီအစ်ကိုဝ
ခင်မင်ရင်းနှီးသော စောထီးက ခေါ်သဖြင့် ထိုဒေသသို့ရွှေ့
ပြောင်းနေထိုင်ကြခြင်းဖြစ်သည်။

စောထီးမှာ ကရင်ပြန်နယ်ဘက်မှဖြစ်သည်။

ပန်းမခရွာရောက်တော့ ငမဲအောင်နှင့်ပါ ထပ်တွေ့
ပြန်သဖြင့် အပေါင်းသုံးယောက်ဖြစ်သွားကြသည်။ နီမောင်၊ စော
ထီး၊ ငမဲအောင်တို့ ဖြစ်သည်။

သူတို့သုံးယောက်က အသက်ရွယ်ချင်း မတိမ်းမယိမ်း
ကြသလို စိတ်သဘောချင်းကလည်းတူသည်။ သုံးယောက်စလုံး
လက်လုပ်လက်စားဘဝများသာ ဖြစ်ကြသဖြင့် ကြုံရာအလုပ်ကို
လုပ်ကိုင်ကြလေသည်။

သူတို့နေသောအရပ်တွင် အလုပ်မျိုးစုံရှိသည်။

တောထဲဝင်ပြီး အမဲလိုက်ချင်လိုက်၊ မြစ်ထဲဆင်းပြီး ငါး
ဖမ်းချင်ဖမ်း၊ ဒါမှမဟုတ် အခကြေးငွေယူပြီး အထမ်းလိုက်ချင်
လိုက်၍ ရသေးသည်။

ငွေကြေးအတန်အသင့်ရှိသူများကတော့ မိမိတို့ရှိသော
ငွေကို အရင်းအနှီးပြုလုပ်ပြီး ကုန်ကူးကြသည်။ အရင်းအနှီးမရှိ
သူများကတော့ လုပ်အားဖြင့်ရင်းပြီး အထမ်းလိုက်ကြရလေ
သည်။





သူတို့နေသောရွာနှင့် မနီးမဝေးမှာရှိသော 'ပွဲဆိပ်ကုန်း'
မှာတော့ လူစုံသည်။ ပွဲစားများစုဝေးပြီး အရောင်းအဝယ်ပြု
လုပ်သော လှေဆိပ်ဖြစ်သဖြင့် 'ပွဲဆိပ်ကုန်း' ဟု အတိုကောက်
ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာတော့ လူစုံသည်။ စည်ကားလေ
သည်။ ယိုးဒယားဘက်မှလာသော ကုန်သည်များ၊ အရောင်း
အဝယ်လုပ်သူများရော၊ ဗမာပြည်ဘက်မှ ကုန်သည်များ၊ အ
ရောင်းအဝယ်လုပ်သူများပါ ရှိကြသည်။ ယိုးဒယားဘက်မှ လာ
သူများမှာ စက်တပ်လှေငယ်ကလေးများဖြင့် ကူးလာကြခြင်း
ဖြစ်သည်။

အချို့က ကိုယ်ပိုင်စက်လှေဖြင့် လာကြသည်။ အချို့က
ကူးတို့လှေများဖြင့် ကူးလာကြသည်။ ၎င်းတို့ယူဆောင်လာသော
ယိုးဒယားနိုင်ငံမှထွက်သော ပစ္စည်းများကို ပွဲဆိပ်ကုန်းမှာရောင်း
သည်။ ဗမာနိုင်ငံဘက်မှ လာရောင်းသောပစ္စည်းများကို ဝယ်ယူ
သည်။ ပြီးလျှင် ပြန်သွားကြသည်။

ထိုခေတ်အချိန် တိုင်းပြည်အခြေအနေမှာ လွတ်လပ်
ရေးရပြီးကာစ ဝါးစည်းပြေသကဲ့သို့ အချိန်မျိုးဖြစ်နေပေရာ အုပ်
ချုပ်ရေးယန္တရားလက်တံများက နယ်စွန်နယ်ဖျား အရပ်ဒေသ
များသို့ မရောက်နိုင်ဘဲရှိနေသောအချိန်ကာလမျိုး ဖြစ်ပေရာ
မှောင်ခိုအရောင်းအဝယ် ပြုလုပ်သူတို့မှာ တောမီးလောင်၊ တော
ကြောင်လက်ပန်းပေါင်းခတ်ဆိုသကဲ့သို့ အကြိုက်တွေ့နေသော
အချိန်မျိုးလည်း ဖြစ်နေပေတော့သည်။

ထိုအခွင့်ကောင်းကိုယူပြီး ရောင်စုံသောင်းကျန်းသူများ

တို့မှာ တနင်္သာရီတောင်တန်းများ၊ တောများထဲမှာခြေကုပ် လျှက် မင်းမူနေကြလေသည်။

နီမောင်တို့ မိသားစုမှာ သာမန်လက်လုပ် လက်စားမျ ဖြစ်ကြသည်။ သို့သော် နီမောင်က အထမ်းလိုက်သောအလု မှောင်ခိုကုန်ကူးပြီး အရောင်းအဝယ်လုပ်သော အလုပ်မျိုး တော့ မလုပ်ချင်လှပေ။

သို့ကြောင့် ပန်းမခရွာရောက်ကတည်းက လှေတ စင်းဝယ်ပြီး ငါးဖမ်းထွက်သည်။ မဲကလောင်မြစ်ထဲမှာ ငါးအလွ ပေါသည်။ အလွန်ကြီးသောငါးကြီးများ ရနိုင်သည်။

သို့သော်လည်း ပန်းမခဝဲကြမ်းရှိသောကြောင့် နွေရာ ဆောင်းရာသီများ၌သာ မြစ်ထဲဆင်းပြီး သားငါးရှာဖွေ၍ လေသည်။ တောင်ကျရေများဆင်းလာပြီး ရေစီးကြမ်းလာသေ အချိန်၊ မြစ်ရေတိုးလာသောအချိန်ရောက်လျှင်တော့ မြစ်ထဲဆင ၍ မရတော့ပေ။

အကယ်၍အရဲစွန့်ပြီးဆင်းလျှင်လည်း ပန်းမခဝဲစုပ် သွားသောကြောင့် အစအနပျောက်သွားရပေလိမ့်မည်။ သို့ ကြောင့် မြစ်ရေသာသောနွေရာသီနှင့် ဆောင်းရာသီများရောက် မှသာ မြစ်ထဲဆင်းပြီး ငါးရှာကြလေသည်။ နီမောင်တို့ ငါးဖမ်း ထွက်သောအခါ အဖွဲ့လိုက် စုထွက်ကြသည်လည်း ရှိသည် တစ်ဦးချင်း ထွက်ကြသည်လည်း ရှိသည်။

တစ်ဦးချင်းထွက်လျှင်တော့ မျှောခြင်း၊ ငါးများတန်းခ ခြင်းများပြုလုပ်ကြသည်။ အဖွဲ့လိုက်ထွက်လျှင်တော့ 'မက်ကွန်' အသုံးပြုပြီး ဖမ်းလေ့ရှိကြသည်။





မက်ကွန်မှာ ကွန်အကြီးစားမျိုးပင်ဖြစ်သည်။ ရေထဲတွင် ါင်လိုက်မက်ရသဖြင့် 'မက်ကွန်' ဟုခေါ်ကြသည်။ ထို့ပြင် က်ကွန်က လက်ပစ်ကွန်များကဲ့သို့ အကွက်မစိပ်ဘဲ အကွက်ကျဲ သာကြောင့် ငါးအကောင်သေးသေးများ မရပေ။ မိလျှင် ငါး ကောင်ကြီးများသာ မိသဖြင့် ငါးဖမ်းသူများက မက်ထားလေ့ ကြသည်။ သို့ကြောင့် မက်ကွန်ဆိုသောအမည်ဖြင့် အတော် င် လိုက်ဖက်လှပေသည်။

မက်ကွန်ဖြင့် ငါးဖမ်းထွက်လျှင် နီမောင်၊ စောထီး၊ ငမဲ အောင်တို့ သုံးယောက်ထွက်ကြလေသည်။ သူတို့နှင့်အတူ ငါး မ်းထွက်သော အခြားနှစ်ဖွဲ့၊ သုံးဖွဲ့လည်း ရှိသေးသည်။

ဦးမွန်ထော်က တပည့်နှစ်ယောက်နှင့် တစ်စင်းထွက် သလို၊ သံပချိုင်တို့ကလည်း တစ်စင်းထွက်ကြသည်။ ရွာမှ အတူ ူ ထွက်သော်လည်း မြစ်ထဲရောက်သည်နှင့် မိမိနှစ်သက်သော နေရာများသို့ နေရာခွဲပြီး ရှာဖွေကြလေသည်။

မက်ကွန်မှာ ဗျက်ကျယ်ပြီး၊ အလျားရှည်သောကြောင့် ရေတိမ်သောနေရာများတွင် မက်၍မရပေ။ ရေတိမ်သော နေရာများ၌လည်း ငါးကြီးငါးကောင်းများ မရနိုင်ပေ။ ရေစူးနက် သောနေရာများ၊ ချောက်ကမ်းပါးရှိသောနေရာနှင့် ဝဲရှိသော နေရာများတွင် မက်ကြရသည်။

ထိုနေရာမျိုးတွင် ငါးကြီးငါးကောင်းများ ရနိုင်သလို အန္တရာယ်ကလည်း အတော်ပင်များလေသည်။ မက်ကွန်ငြိလျှင် လှပေါ်မှ ဖြုတ်၍မရပေ။ ရေငုတ်သန်သောသူက ရေအောက် သို့ ဆင်းငုတ်ပြီးမှ ဖြုတ်၍ရသည်။

ရေအောက်သို့ အတောင်(၃၀-၄၀)လောက်အထိ ရောက်အောင် ငုတ်ရသောကြောင့် တော်ရုံရေငုတ်သန်ရုံနှင့် မရပေ။ မက်ကွန်လှေလိုက်လျှင် လှေလှော်ကောင်းဖို့လိုသလို ရေငုတ်သန်ဖို့လည်း လိုလှသည်။ မက်ကွန်ချရာတွင် အသုံးပြုသောလှေမှာ သာမန်လှေမျိုးဖြင့်မရပေ။ အလျား(၁၆)တောင်ခန့် ရှည်သော လောင်းလှေအမျိုးအစားဖြင့်သာ အသုံးပြုရသည်။

လှေအလျားတိုသောအခါ မက်ကွန်ဆွဲတင်သောအခါ လှေမှောက်တတ်သည်။ လောင်းလှေက မမှောက်ပေ။

သို့ကြောင့် ကျွန်းသားဖြင့်ပြုလုပ်ထားသော အလျားရှည်သည့် လောင်းလှေကိုသာ အသုံးပြုကြသည်။

မက်ကွန်ဆွဲတင်သောအခါ လူသုံးယောက်စလုံး လှေနံတစ်ဘက်တည်းတွင်ရပ်ပြီး ဆွဲတင်ရသောကြောင့် အလျားတိုသောလှေဖြစ်ပါက အလေးချိန်ကြောင့် စောင်းပြီးနစ်မြုတ်နေနိုင်သည်။

နီမောင်တို့အသုံးပြုသောလှေမှာ အလျား(၁၆)တောင်ခန့်ရှည်သော လောင်းလှေဖြစ်သည်။ လှေပေါ်တွင် အံဖုံးအပြည့်ခင်းထားသည်။ ထိုလှေဖြင့် ငါးဖမ်းထွက်ကြလေသည်။

အချိန်ကာလမှာ (၁၉၅၀)ပြည့်နှစ် နောက်ပိုင်းကာလများဖြစ်ပေသည်။ ရာသီက နွေနှောင်းရာသီကာလပင်ဖြစ်သည်။

နွေနှောင်းရာသီဟု ခေါ်ဝေါ်သောကာလမှာ တန်ခူးကဆုန်ကျော်သော အချိန်ကာလဖြစ်သည်။ ကဆုန်ကျော်ပြီး နယုန်လရောက်သည်နှင့် မိုးရိပ်မိုးငွေ့များ တက်လာသည်။ မိုးသံလေသံတို့ စတင်ကြားလာရသည်။





တောင်ဘက်မှ တိုက်နေသောလေ၌ မိုးနံ့မိုးငွေ့များ ပါသာလေသည်။

မြစ်ထဲ၊ ချောင်းထဲမှာ ငါးရှာသူများက ပိတောက်ပန်းပွင့်သောကာလကို နွေရာသီဟု သတ်မှတ်ကြသည်။ ပိတောက်ပန်းပွင့်ပြီး နောက်ပိုင်းကာလများကိုတော့ နွေနှောင်းကာလဟု သတ်မှတ်ကြသည်။

မိုးဦးကျရာသီနှင့် တဖြည်းဖြည်းနီးကပ်လာသော နွေနှောင်းကာလများတွင် ငါးရှာလျှင် အခြားအချိန်ထက် ငါးပိုရလေသည်။ အဘယ်ကြောင့်ဆိုသော်. . .

ငါးရစ်တက်ချိန် နီးလာသောကြောင့်ဖြစ်သည်။

ထိုအချိန်ကာလ ရောက်သောအခါ ဂူအောင်း၊ ကျင်းအောင်းငါးများပင် အပြင်ထွက်လာကြသည်။ ထိုအချိန်မျိုးတွင် မက်ကွန်ချသောသူတို့အတွက် ငါးကြီးငါးကောင်းများ ရကြလေသည်။

ငါးတန်၊ ငါးမြင်း၊ ငါးချောင်းစသော သာမန်အရွယ်အစားရှိသော ငါးများအပြင် ကပ်သမျှင်၊ ကပ်သပေါင်း၊ ငါးထွေ၊ ငါးရွှေ၊ ပင်လယ်ငါးခူစသော ငါးအကောင်ကြီးများလည်း ရကြပေသည်။ ထိုငါးကြီးမျိုး တစ်ကောင်ရလျှင်ပင် ဖြစ်လောက်သော ငွေကြေးရကြလေသည်။

ယခုလည်း နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက် လှေတစ်စင်းဖြင့် မက်ကွန်ပက်နေကြလေသည်။ သူတို့သည် နံနက်စောစောကတည်းက မြစ်ညာအရပ်ဘက်သို့ ဆန်တက်သွားကြပြီး တဖြည်းဖြည်းချင်း မက်ကွန်ပက်ကြလေသည်။

ချောက်ကမ်းပါးတန်းများ၊ လိုဏ်ခေါင်းရှိသောနေရာနှင့် ဝဲရှိသောနေရာများတွင် မက်ကြသည်။ တစ်နေရာလျှင် နှစ် ကျော့သုံးကျော့လောက် မက်သော်လည်း မက်လောက်သော ငါးကြီးငါးကောင်းမျိုးတော့ မရကြသေးပေ။

"တစ်နေ့လုံး မက်နေတာတောင် ငါးကြီးငါးကောင်း တစ်ကောင်မှ မရသေးဘူး"

လှေပဲ့ပိုင်းမှ လှော်ပေးနေသော ငမဲအောင်က ပြော လိုက်သည်။

"ငါးကြီးကြီးရချင်ရင်တော့ ပန်းမခဝဲရောက်မှပဲ ရနိုင် မှာပေါ့"

ဟု စောထီးက ပြောလိုက်သည်။

ထိုအခါ လှေအလယ်မှ နီမောင်က. .၊

"ငါ မနက်က သတိထားကြည့်ခဲ့တော့ ပန်းခဝဲက ကြမ်း စပြုနေပြီ၊ မြစ်ရေများတိုးလာပြီးလား မသိဘူး"

ဟုပြောလိုက်သည်။

"ဝဲဟီသံမှ မကြားရသေးတာ ဒီလောက်တော့ မကြမ်း သေးပါဘူး"

"ငါတို့အပြန်မှာ တစ်ကျော့၊ နှစ်ကျော့လောက်တော့ ပန်းမခဝဲမှာ မက်ကြည့်ကြရမယ်"

ဟု ကျန်နှစ်ယောက်က စိတ်အားထက်သန်စွာနှင့် ပြော နေကြရာ နီမောင်လည်း ဘာမှမပြောတော့ပေ။ သူတို့နေသော ရွာနှင့် ပန်းမခဝဲမှာ မဝေးလှပေ။ ဝဲဟီလာလျှင် ကြားရလောက် သည့်အကွာအဝေးလောက်၌ ရှိသဖြင့် ထိုဝဲအကြောင်းကိုတော့





ူတို့သုံးယောက်စလုံး ကောင်းစွာသိကြလေသည်။

ဝဲဟီသံမကြားရမချင်းတော့ ဝဲက ဒီလောက်မကြမ်း သေးပေ။ ဝဲဟီသံကြားရပြီဆိုလျှင်တော့ ဝဲရှိရာသို့ သွားဖို့မဆို ားနှင့်၊ ဝဲစပ်နားကပ်ဖို့ပင် မလွယ်တော့ပေ။ ဝဲကတော့များမှာ ်မျိုးရှိသည်။ စုပ်ဝဲနှင့် မှုတ်ဝဲဖြစ်သည်။ မှုတ်ဝဲကအပေါ်သို့ ်တင်လိုက်ခြင်းဖြစ်ပြီး စုပ်ဝဲကတော့ တွေ့သမျှအရာအား ုံးကို အောက်သို့စုပ်ယူသွားခြင်းဖြစ်သည်။

ရေအောက်တွင် လိုဏ်ခေါင်းနှင့် ဂူပေါက်တွင်းပေါက် ားရှိသော နေရာများတွင် စုပ်ဝဲများ ဖြစ်ပေါ်လေ့ရှိသည်။ မှုတ်ဝဲ က် စုပ်ဝဲကပိုပြီး အန္တရာယ်များကာ ကြောက်စရာလည်း ပို ကောင်းလေသည်။

ပန်းမခဝဲက စုပ်ဝဲအမျိုးအစားဖြစ်သည်။

နီမောင်တို့သုံးယောက်မှာ တစ်နေရာပြီးတစ်နေရာ၊ ်စ်ကျော့ပြီးတစ်ကျော့ မက်ကွန်မက်ပြီး စုန်ဆင်းလာကြရာ ့နေပိုင်းအချိန်လောက်တွင် ပန်းမခဝဲစပ်သို့ ရောက်လာကြ လသည်။

နွေရာသီကာလ ရေစီးမကြမ်းသေးသောကြောင့် ဝဲက ်မှန်အခြေအနေလောက်သာ ရှိနေသေးသည်။ ဝဲနယ်နိမိတ်က တော်ကျယ်သည်။

စေတီတည်ထားသောနေရာက ချွန်းအငူပေါ်၌ဖြစ် ည်။ နွေရာသီအချိန်အခါဖြစ်သဖြင့် ပလ္လင်ကိုးဆင့်အောက် ခြေ၌သာ ရေရောက်သည်။

မိုးရာသီရောက်တော့မှသာ ပလ္လင်က တစ်ဆင့်ပြီးတစ်

ဆင့်ရေမြုတ်လာပြီး ပလ္လင်ကိုးဆင့်စလုံး ရေမြုတ်သွားလျှင်တော့ ရေက အကြီးဆုံးအချိန်ဖြစ်သလို ဝဲကလည်း အကြမ်းဆုံးအချိန် ရောက်လာလေတော့သည်။

ထိုအချိန်ရောက်လာလျှင်တော့ ကြောက်စရာကောင်း သည်။ ယခုလို ပလ္လင်မမြုတ်သေးခင်တော့ ဘာမှအန္တရာယ်မ‌ရှိ သေးပေ။ သို့ကြောင့် စိတ်အေးလက်အေးနှင့်ပင် ဝဲအစပ်သို့ ဝင်လာကြလေသည်။

ဘုရားတည်ထားသောနေရာက ရေလည်ဘက်သို့ ထိုး ထွက်နေသော ကျောက်တန်းပေါ်၌ဖြစ်သည်။ အထက်ပိုင်းမှ အရှိန်ဖြင့် စီးကျလာသောရေများက. . ကန့်လန့်ခံနေသော ကျောက်တန်းနှင့်တွေ့သောအခါ အရှိန်ဖြင့်ဝင်တိုးပြီး အတွင်း ဘက်သို့ လှိုက်ဝင်လာကာ ဝဲကတော့ထိုးနေခြင်းဖြစ်သည်။

ရေစီးမကြမ်းသေးလျှင် ပုံမှန်လောက်သာရှိသော်လည်း မိုးရာသီရေစီးကြမ်းသောအခါမှာတော့ ဝဲကကြမ်းလာသည်။ နီမောင်တို့ ဝဲအစပ်ရောက်သောအချိန်မှာ နေဝင်ရီတရော အချိန်ရောက်နေပြီဖြစ်သောကြောင့် မြစ်ရေပြင်ပေါ်၌ မှောင်ရိ သမ်းစပြုနေချေပြီ။

နီမောင်တို့အတွက်လည်း တစ်နေကုန် ငါးဖမ်းထွက်ကြ ရာ ပန်းမခဝဲမှာ မက်ပြီးပါက အလုပ်သိမ်းကြတော့မည်ဖြစ်လေ သည်။

ပန်းမခဝဲအတွင်းမှာ ငါးကြီးများရှိသည်။

ရေကလည်းနက်၊ အောက်၌ လိုဏ်ခေါင်းများလည်း ရှိသောကြောင့် ရေအောက်တွင် ရေနက်ပိုင်းတွင်ကျက်စား





သည့် ငါးကြီးများရှိသည်။ အခြားငါးများက ရေပေါ်တွင် နေလေ့ ရှိသော်လည်း ပင်လယ်ငါးခူ၊ ငါးရွှေနှင့် ငါးထွေစသော ငါးကြီး များကတော့ ရေနက်ပိုင်းအောက်ခြေ၌ရှိသော တွင်းများ၊ လိုဏ် ခေါင်းများ၌ နေလေ့ရှိသည်။

အဆီများသော ငါးဒန်၊ ငါးမြင်း၊ ကပ်သပေါင်း၊ ကပ် သမျှင် စသောငါးကြီးများက အဆီရှိသဖြင့် ရေအောက်၌ ကြာ ကြာမနေနိုင်ကြပေ။

၎င်းတို့က. . ရေမျက်နှာပြင်၌သာ အစာရှာဖွေစား သောက်ကြသည်။ အဆီနည်းသော ငါးရွှေလို ငါးကြီးများသာ ရေနက်ပိုင်းအောက်ခြေ၌ ကပ်ကာနေနိုင်ကြသည်။ ပန်းမခဝဲ အတွင်း၌ ကြီးမားသောငါးရွှေကြီးများ ရှိနေသည်ကို ငါးဖမ်း သူတိုင်း သိကြသည်။

အတော်များများကတော့ ဘုရားစောင့်ငါး၊ ဝဲစောင့် ငါးဟု သတ်မှတ်ကာ မဖမ်းဝံ့ကြပေ။ အကယ်၍ ပိုက်ထဲမှာ မိလျှင်သော်မှ မစားဝံ့ဘဲပြန်လွှတ်ပေးကြသည်။

ထိုငါးကြီးများကို ဖမ်းဆီးသတ်ဖြတ်မိပါက အန္တရာယ် ...များနှင့် ကြုံတွေ့ရတတ်သည်ဟုလည်း အယူစွဲရှိကြသည်။

နီမောင်က ဝဲစပ်နားရောက်ပြီး မက်ကွန်မချခင်မှာ ...းစံအတိုင်း ပြောဆိုတိုင်တည်မှုပြုရလေသည်။

"ဝမ်းစာအတွက် ရှာဖွေစားသောက်ကြရပါသည်၊ သည် ...အတွင်းမှာ ရှာဖွေစားသောက်ခွင့်လည်းပေးတော်မူကြပါ၊

ဘုရားငါး၊ ကျောင်းငါး၊ ဝဲစောင့်ငါးများရှိပါကလည်း ...ဝေးသို့ ရှောင်တိမ်းပေးကြပါ၊ အကယ်၍ဖမ်းဆီးမိခဲ့ရင်လည်း

ပြန်လွှတ်ပေးပါမယ်လို့ ကတိပေးပါ၏၊ ဤကတိစကား မှန်ကန်သည်ဆိုလျှင် ဘေးအန္တရာယ်များ ဖယ်ရှားပေးသနားတော်မူကြပါ"

ဟုပြောဆို တိုင်တည်လေသည်။

ထို့နောက် သစ္စာပြုသောအနေဖြင့် လှေဦးတုံးကို ရေဖြင့်သုံးကြိမ်လောင်းချလိုက်သည်။ ပြီးမှ ငါးဖမ်းခြင်းကို စတင်ကြလေသည်။

စောထီးနှင့် ငမဲအောင်က လှေကိုဝဲအတွင်းသို့ လှော်သွင်းလိုက်သည်။

ဝဲအရှိန်ကသိပ်မရှိဟု ဆိုသော်လည်း လှေကိုတော့ ဝဲလည်နေစေသည်။ နီမောင်က လှေဝမ်းခလယ်မှ ကွန်ချက်ကိုရွေးသည်။ ကွန်သားများကိုတော့ လှေပေါ်မှာ အလျားလိုက်ဖြန့်ချထားပြီးသားဖြစ်သည်။

ကွန်ချက်ရောက်သည်နှင့် သုံးယောက်စလုံး တက်ညီလက်ညီကွန်ကိုရေထဲသို့ ချသည်။

ပိသာချိန်များသော ခဲသီးများဆွဲထားသည် ကွန်ကဒေါင်လိုက်အနေအထားဖြင့် ရေထဲသို့ကျဆင်းသွားသည်။ သုံးပုံနှစ်ပုံခန့် ရေထဲရောက်သွားတော့ စောထီးနှင့် ငမဲအောင်က လှော်တက်ချထားသော နေရာသို့ပြန်သွားကာ လှေကိုကန့်လန့်တိုက်အနေအထားမျိုးဖြင့် ကမ်းဘက်သို့ မက်ဆွဲလေသည်။

လှော်တက်ကို လက်ဖြင့်မလှော်ဘဲ ခြေထောက်ဖြင့်ချိတ်ကာ မက်ဆွဲခြင်းဖြစ်၏။ အင်းသူအင်းသားများ ခြေထောက်ဖြင့် လှော်ပုံမျိုးဖြစ်ပြီး မက်ဆွဲသည်ဟု ခေါ်ကြသည်။ ခြေထောက်





ဖြင့်လှော်ခြင်းမှာ လက်တစ်ဘက်က ကွန်ကိုကိုင်ထားရသောကြောင့် ဖြစ်သည်။

ကွန်သား ဖြန့်ကားသွားပြီဆိုသောအခါ သုံးယောက်သားရှေ့ဆင့်နောက်ဆင့် လွှတ်ချလိုက်ကြသည်။

ကျန်နှစ်ယောက်က လှေကိုမျောပါမသွားစေရန် ထိန်းပေးထားရသလို နီမောင်က ဖူးချာကြိုးဟုခေါ်သော ကွန်ကြိုးကိုကိုင်ထားရသည်။ ရေဆွဲသောအား၊ ကွန်မှာဆွဲထားသော ခဲသီးအလေးချိန်ဆွဲအားကြောင့် တော်ရုံခွန်အားကောင်းရုံဖြင့် ကွန်ဆွဲအားကိုနိုင်အောင် ဆွဲမထားနိုင်ကြပေ။

နီမောင်ကတော့ ကြံ့ခိုင်သန်မာပြီး အလေ့အကျင့် ရှိသားပြီးသူဖြစ်သဖြင့် မတ်တပ်ရပ်လျက်သားကပင် ဆွဲထားနိုင်ပေသည်။ ဖူးချာကြိုးကို လက်နှစ်ဖက်နှင့် ကိုင်ထားရင်းနှင့်ပင် ကွန်ထဲမှာ ငါးမိနေလျှင်သိနိုင်သည်။

ဖူးချာကြိုးမှာ တုန်ခါနေသောကြောင့်ဖြစ်သည်။ ဝါရင့်ငါးဖမ်းသမားများဆိုလျှင် ထိုတုန်ခါမှုကို လက်ဖြင့်ကိုင်ထားကြည့်ရုံဖြင့် အချိန်ဘယ်လောက်စီးသော ဘယ်လိုငါးအမျိုးအစား ဖြစ်သည်ကို အတပ်ပြောနိုင်ကြသည်။

နီမောင်က ဖူးချာကြိုးကို ကိုင်ထားရင်းနှင့် ပက်ကွန်ထဲမှာအတော်ကြီးသော ငါးတစ်ကောင်မိနေသည်ကို သိရသဖြင့် ကျေနပ်သွားသည်။

ကွန်သား မြေသို့ကျသွားပြီးနောက်မှာလည်း အောက်ခြေပြန်စုသည်အထိ တဖြည်းဖြည်းချင်းပြန်ဆွဲကြရသည်။ တစ်ခါဆွဲလိုက် တစ်ခါနားလိုက် ဖြစ်သည်။ အတွင်းဆွဲပါက ပိုက်ကွန်

ဟပြီး မိထားသောငါးများ ပြန်လွန်ထွက်သွားတတ်သည်။

သို့ကြောင့် ချေးအိတ်စုမိသည်အထိတော့ စိတ်ရှည်လက်ရှည်ဆွဲတင်ကြရသည်။ ချေးအိတ်စုမိသော အချိန်ရောက်တော့မှ တစ်စုံတစ်ခုနှင့် ချိတ်မိနေသောကြောင့် မက်ကွန်က ဆွဲတင်၍မရတော့ပေ။

"မက်ကွန်တော့ ငြိနေပြီ"

မက်ကွန်မက်သူတိုင်း ရေအောက်မှ အရာဝတ္ထုနှင့် ငြိသည်ကတော့ အဆန်းမဟုတ်ပေ။ ရေအောက်တွင် မမြင်ရသော လှေပျက်၊ သင်္ဘောပျက်၊ သစ်ပင်ကျများစွာတို့ ရှိသည်။ အချို့သာမန်ဆိုလျှင်တော့ အားဖြင့်ဆွဲတင်ပါက ပိုက်ကွန်ပြလျှင်လည်းပြ၊ မပြလျှင် ပြုတ်ထွက်လာတတ်သည်။ သစ်ငုတ်ကြီးလျှင်တော့ ရေအောက်သို့ ဆင်းဖြုတ်မှသာ ရပေသည်။

ယခုငြိနေသည်က ကြီးဟန်ရှိသည်။

သုံးယောက်အားဖြင့် ပြိုင်တူဆွဲသော်မှ မလှုပ်ပေ။ နီမောင်က တစ်ချက်နှစ်ချက်ထပ်ဆွဲကြည့်ပြီး မရနိုင်မှန်းသိတော့ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘယ်လိုလဲ"

"ဆင်းဖြုတ်မှရမယ်"

"ဒီဝဲရောက်တော့မှပဲ ငြိရတယ်လို့ကွာ"

"မတတ်နိုင်ဘူး၊ ဆင်းရတော့မှာပဲ"

နီမောင်က ဖူးချာကြိုးကို စောထီးလက်သို့ ကမ်းပေးလိုက်သည်။ အပေါ်မှာဝတ်ထားသော အင်္ကျီကြမ်းကို ချွတ်သည်။ ဆံပင်ရှည်များကို သားရေကွင်းဖြင့် နဖူးမှသိုင်းစည်းလိုက်သည်





ခြောက်လက်မခန့်ရှည်ပြီး အသွားထက်သော ဓားမြှောင်ကို အိတ်ဖြင့်ထည့်ကာ ခါးမှာထိုးသည်။ ပြီးတော့မှ တိုင်ဘည်ရွတ်ဆိုမှုများ ပြုလုပ်ပြီးနောက် ရေထဲသို့ ခုန်ဆင်းလိုက်လေသည်။

နွေရာသီမို့ ရေကာသိပ်မနောက်သေးပေ။

ဝဲထဲ၌ ရေငုတ်ရသည်မှာ မလွယ်ပေ။

ရေကြောင်းမရှိဘဲ လည်နေသောကြောင့် ပြန်မတက်နိုင်ဘဲ ရှိတတ်သည်။ သို့ကြောင့် ရေထဲရောက်သွားပြီးသည်နှင့် မက်ကွန်ရှိရာသို့ပြန်လှည့်ပြီး မိအောင်ဆွဲထားရသည်။ သို့မှသာ ဝဲနှင့်ပါမသွားဘဲ ရေကြောင်းမမှားနိုင်မည် ဖြစ်ပေသည်။ ပိုက်ကွန်ကိုမိသောအခါမှာတော့ ရေအောက်သို့ ဇောက်ထိုးဆင်းသည်။

အတောင်(၃၀)ခန့်ရှည်သော မက်ကွန်အောက်သို့ ရောက်အောင်ဆင်းရသည်မှာ တော်ရုံအလေ့အကျင့် ရှိရုံနှင့်တော့မရပေ။ နီမောင်ကတော့ ရေငုတ်ကျွမ်းကျင်သည်။ ပါရမီဘူးသည်ဟု ပြောရမည်လား။ အသက်ရှူကိရိယာမပါဘဲနှင့် ရေအောက်တွင် အချိန်အတော်ကြာသည်အထိ ဖားတစ်ကောင်ကဲ့သို့ နေနိုင်သူဖြစ်သည်။ ရေအောက်ရောက်သွားတော့ ဝဲ၏ဆွဲအားနည်းသွားလေသည်။

ထို့ပြင်ရေကလည်း ကြည်လင်သွားသဖြင့် ပတ်ဝန်းကျင်ကိုပါ မြင်တွေ့ရသည်။ မက်ကွန်ငြိနေသောအရာက သစ်ငုတ်သည်းမဟုတ်၊ သင်္ဘောပျက်၊ လှေပျက်လိုအရာမျိုးလည်း မဟုတ်ပေ။ ပုံသဏ္ဌာန်တစ်ခုကဲ့သို့ ဖြစ်နေသောကျောက်စွန်းတစ်

ခုနှင့် ချိတ်မိနေခြင်းဖြစ်သည်။

ထိုအရာကိုတော့ နီမောင်က စိတ်မဝင်စားပေ။ သို့သော် သူစိတ်ဝင်စားသော အရာတစ်ခုတော့ရှိသည်။ ကျောက်စွန်းပေါ် မှာတင်နေသောအရာဖြစ်သည်။ ကြည့်လိုက်တော့ ဘုရားထီး တော်နှင့် ပုံသဏ္ဍာန်တူသောအရာဝတ္ထုတစ်ခုကို တွေ့ရသည်။

ထိုအရာဝတ္ထုမှာ နှစ်ပေါင်းများစွာကြာအောင် ရေ အောက်မှာ ရှိနေခဲ့ဟန်ဖြင့် ရေညှိပင်၊ ရေမှော်ပင်များ တွယ်ကပ် နေလေပြီ။

သို့သော်. . .

ရေတိုက်စားမှုကြောင့် အရောင်တလက်လက်တောက် ပနေသော အရာများလည်းရှိနေသည်။ သို့သော် ရေအောက် မှာ ကြာရှည်မနေနိုင်တော့သဖြင့် ကြည့်ရုံသာကြည့်ပြီး ငြိနေ သော ပိုက်ကိုဖြုတ်ပြီးနောက် ရေပြင်ပေါ်သို့ ပြန်တက်ခဲ့ရလေ တော့သည်။





# အခန်း (၄)

# ကျွင်တာရီနှင့်တွေ့ရခြင်း

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်တော့ မနေ့က ...ဖမ်း၍ရထားသော ငါးကြီးများကို ပွဲဆိပ်ကုန်းသို့သွားရောက် ...င်းချကြသည်။

ပွဲဆိပ်ကုန်းမှာလူများသည်။ လူကလည်းစုံလင်လှသည်။ ယိုးဒယားဘက်မှလာသော ကုန်သည်အဖွဲ့များ၊ ဗမာ ...ဘက်မှလာသော ကုန်သည်အဖွဲ့များ၊ အထမ်းသမားများနှ ...ည်။ ထို့ပြင် ထမင်းဟင်း ရောင်းချသောဆိုင်များရှိသည်။

အချို့က ဆိုင်မှာတည်း၊ ဆိုင်မှာစားသောက်ကြသော် လည်း အချို့ကတော့ ကိုယ့်အဖွဲ့နှင့်ကိုယ် ကိုယ့်အိုးကိုယ့်ခွက် များနှင့် ချက်ပြုတ်စားသောက်ကြသည်။

သို့ကြောင့် ပွဲဆိပ်ကုန်းမှာ လူစည်သည်။

နီမောင်တို့ရွာဘက်မှ ရှာဖွေရရှိသော အမဲသားငါး များကို ပွဲဆိပ်ကုန်းဘက်သို့ သွားရောက်ရောင်းချလျှင် ချက်ချင်း ကုန်သည်။

တောထဲမှ အမဲပစ်၍ ရလာသည်ဖြစ်စေ၊ မြစ်ထဲမှ ငါး ဖမ်း၍ရလာသည်ပဲဖြစ်စေ၊ ပွဲဆိပ်ကုန်းသို့ ယူသွားပြီး ရောင်းခ ကြသည်။ သို့သော်. . ဈေးကတော့ များများမရပေ။

ဆတ်သား၊ ဒရယ်သား၊ တောဝက်သားတစ်ပိဿာလျှ ငါးမူး၊ ငါးတစ်ပိဿာလျှင် ငါးမူး၊ သုံးမတ်ထက် ပိုမရပေ။ တ သမျှင်ငါးကြီးများရလျှင်တော့ စည်ပေါင်းကဈေးကောင်းရသည် ငါးစည်ပေါင်းကို ယိုးဒယားဘက်မှ လာသူများက ဈေးကောင် ပေးဝယ်ကြသည်။

နီမောင်တို့ သုံးယောက်မှာ ရသောငါးများကို ရွာထဲ အချို့ရောင်းသည်။ အချို့ကိုတော့ ပွဲဆိပ်ကုန်းဘက်ယူသွားပြ ရောင်းကြသည်။ ငါးရောင်း၍ ကုန်လျှင်ရသောငွေဖြင့် လိုချ သောအသုံးအဆောင်ပစ္စည်းများကို တစ်ပါတည်းဝယ်ယူပြီး ရွာသို့ပြန်လာသည်။ ရွာပြန်ရောက်တော့ နီမောင်က ဦးမွန်ထော နေသောတဲသို့ ခဏဝင်သည်။

စောထီးနှင့်ငမဲအောင်တို့ကတော့ ရှေ့ဆက်သွားကြ လေသည်။ နီမောင်ရောက်သွားတော့ ဦးမွန်ထော်က အိမ်ရှေ့





ကွပ်ပျစ်ပေါ်မှာ လက်ဖက်ရည်ကြမ်းသောက်နေလေသည်။

ဦးမွန်ထော်မှာ ကရင်လူမျိုးတစ်ဦးဖြစ်ပြီး အသက်ငါး ဆယ်ကျော်အရွယ်ခန့်ရှိသည်။ အရပ်ပုပုနှင့် ကတုံးပြောင် အောင် တုံးထားပြီး ပါးစပ်ထဲမှာ ကွမ်းမပြတ် ဝါးနေတတ်သည်။ ထမင်းမစားရလျှင် နေနိုင်သော်လည်း ကွမ်းမစားရလျှင် မနေ နိုင်သောသူဖြစ်သည်။

သူသည် ပန်းမခရွာကတည်းက နေလာခဲ့သူဖြစ်ပြီး ထိုနေရာထိုဒေသအကြောင်းကို ကောင်းစွာသိရှိလေသည်။ နီမောင်ရောက်သွားတော့ ဦးမွန်ထော်က လက်ဖက်ရည်ကြမ်း အိုးကို ရှေ့သို့တိုးပေးရင်း မေးသည်။

"ပွဲဆိပ်ကုန်းဘက်က ပြန်လာတာလား"

"ဟုတ်တယ်အဘ"

"မနေ့က ငါးအတော်ရသလား"

"ပန်းမခဝဲထဲက ကပ်သပေါင်းတစ်ကောင်ရခဲ့လို့ အ တော်ကလေး ဟန်ကျသွားတယ်"

ထိုစကားကြောင့် ဦးမွန်ထော်က နီမောင့်ကို တစ်ချက် ကြည့်သည်။

"ဝဲထဲမှာ ပက်တာလား"

"ဟုတ်တယ်အဘ"

"ဒီဝဲက တော်ရုံလူ မပက်ဝံ့ဘူး၊ အာဂသတ္တိပဲ"

နီမောင်က ဘာမှမပြောဘဲ လက်ဖက်ရည်တစ်ခွက်ငှဲ့ ထည့်ပြီး သောက်နေသည်။

လက်ဖက်ခြောက်အပြင် လက်ဖက်စိမ်းအနည်းငယ်

စပ်ထားသောကြောင့် လက်ဖက်ရည်အရသာက မွှေးနေသည်။

"အဘကို တစ်ခုလောက်မေးချင်လို့ပါ"

"ဘာမေးမှာလဲ သိချင်တာရှိရင် မေးပေါ့"

"မနေ့က ဝဲထဲမှာ ကွန်ပက်တော့ အငြိတစ်ခုနဲ့ ငြိနေတာနဲ့ ကျွန်တော် ဆင်းပြုတ်တယ်"

ဦးမွန်ထော်က အံ့ဩသောအကြည့်ဖြင့် ကြည့်နေသည်။

"ရေအောက်ရောက်တော့ ထူးဆန်းတာတစ်ခုတွေ့ခဲ့ရတယ်အဘ"

"ဘယ်လိုဟာမျိုးလဲ"

"ကျောက်ခုံတစ်ခုပေါ်မှာ တင်နေတဲ့အရာပဲ၊ ဘုရားထီးတော်နဲ့တော့ တူတာပဲ"

"ဟင် မင်းတကယ်တွေ့ခဲ့တာလား"

"တွေ့ခဲ့တယ်"

"အံ့ဩစရာပဲ"

"ဘာဖြစ်လို့လဲအဘ၊ အဲဒါဘာလဲ. . ဘုရားထီးတော်တစ်ခုခုများလား"

"ဟုတ်တယ်၊ အဲဒါ ဘုရားထီးတော်ဖြစ်ဖို့များတယ်၊ အဲဒီထဲမှာ ဘုရားထီးတော်တစ်ခု နစ်မြုပ်သွားခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ ဒါပေမယ့် ဘယ်သူဆင်းရှာလို့မှ မတွေ့ဘူး"

"ကျွန်တော်ဆင်းသွားတော့ အဲဒီနေရာမှာ အလင်းရောင်တွေ ထွက်နေတာလည်း တွေ့ခဲ့ရသေးတယ်"

"အဲဒါ မင်းကံထူးလို့ တွေ့ခဲ့ရတာဖြစ်မယ်"

"အဘ အဲဒီအကြောင်းတွေ သိသလား၊ သိရင်. . ကျွန်





…ဘော့်ကို ပြောပြပေးပါလား"

"ငါလည်း သေသေချာချာတော့ မသိပါဘူး အရင်က …ယ်ဘက်တွေမှာ ယိုးဒယားဘက်ကလူတွေ လာနေကြတာ …းတယ်၊ ဘိတ်၊ ထားဝယ်၊ ကော့သောင်းဘက်မှာတွေလည်း …တို့ချည်းပဲ"

"ဟုတ်ကဲ့"

"အခု မှောင်ခိုသမားတွေ သွားလာနေတဲ့ တောထဲမှာ …ှူးဘုရင်တွေတည်ခဲ့တဲ့ ဘုရားစေတီတွေရှိတယ်၊ ဒါပေမယ့် …သမားသူတွေ ဖျက်ဆီးပစ်ကြတာနဲ့ ပြိုကျပျက်စီးကုန်ကြတယ်၊ …ခုဆိုရင် ဘုရားအပြိုအပျက်တွေဟာ နှစ်ပေါင်းများစွာကြာလို့ …နွယ်ပိတ်ပေါင်းတွေ ဖုံးအုပ်နေတာနဲ့ မတွေ့ရသလောက်ပဲ"

"ဟုတ်တယ်၊ ကျွန်တော်တို့သွားတဲ့အခါမှာလည်း တစ် …တလေ ဘုရားပြို ဘုရားပျက်တွေတော့ တွေ့ရသေးတယ်"

ဦးမွန်ထော်က သောက်လက်စ လက်ဖက်ရည်ပန်းကန် …ပြန်ချထားလိုက်ပြီး ကွမ်းအစ်ကိုဆွဲယူပြီး ကွမ်းယာနေပြန် …သသည်။

ကွမ်းယာကို ပါးစပ်ထဲထည့်ပြီးတော့မှ ဆက်ပြောသည်။

"တောနက်ထဲမှာ ရှေးနှစ်ပေါင်းများစွာက တည်ခဲ့တဲ့ …ေတီတွေထဲမှာ ဝေဒီမင်းတွေတည်ခဲ့တဲ့ စေတီတစ်ဆူရှိသည်။ …ုရားတည်တော့ ရွှေငွေအမြောက်အမြား ဌာပနာထည့်ခဲ့တဲ့ …ပြင် စိန်ဖူးတော်ကတော့ တန်ဖိုးရှိတဲ့ရတနာတွေနဲ့ ပြုလုပ်ထား …ယ်လို့ အဆိုရှိတယ်"

"စိတ်ဝင်စားစရာပဲ"

"အဲဒီစိန်ဖူးတော်ကြီးမှာ တပ်ဆင်ထားတဲ့ မြ၊ ပုလဲ၊ ပတ္တမြားစတဲ့ရတနာတွေအပြင် စိန်ဖူးတော်အဖြစ်တပ်ထားတဲ့ စိန်ပွင့်ကြီးဟာ အတော်ကြီးတယ်လို့ ပြောတယ်၊ စိန်ကြီးက ဘယ်လောက်အရည်အသွေးကောင်းသလဲဆိုရင် တစ်ခါတလေ နေရောင်ခြည်နဲ့ထိတဲ့အခါမျိုးမှာ ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်နေတယ်လို့ ပြောကြတယ်"

"အဲဒီစိန်ဖူးတော်ကြီးက နောက်တော့ ဘယ်ရောက်သွား တာလဲဟင်"

"ယိုးဒယားဘက်ကလာတဲ့ မသမာသူတွေက စိန်ဖူးတော်ကြီးကို ဖြုတ်ခိုးယူသွားကြတယ်"

"ဒါဖြင့် ယိုးဒယားဘက် ပါသွားပြီလားအဘ"

နီမောင်က မေးလိုက်သည်။

ဦးမွန်ထော်က ပါးစပ်ထဲမှ ကွမ်းတံတွေးတို့ကို ကြမ်းပေါက်မှထွေးချလိုက်ပြီးမှ ဆက်ပြောသည်။

"မပါပါဘူး၊ စိန်ဖူးတော်ကြီးခိုးယူသွားတဲ့ လူတွေဟာ လှေနဲ့တစ်ဘက်ကမ်းကို ကူးတဲ့အချိန်မှာ ပန်းမခဝဲရောက်တော့ ဝဲပိပြီး အားလုံးသေကုန်ကြတယ်"

"စိန်ဖူးတော်ကြီးကရော"

"စိန်ဖူးတော်ကြီးလည်း ဝဲထဲရောက်သွားခဲ့တယ်၊ အဲဒီနောက်ပိုင်း ယိုးဒယားဘက်ကလူတွေ မကြာခဏလာပြီး စိန်ဖူးတော်ကြီးကို ရှာကြတယ်၊ ဒါပေမယ့် မရကြပါဘူး၊ ရှာဖွေတဲ့သူတွေသာ အန္တရာယ်အမျိုးမျိုးနဲ့ တွေ့ပြီးသေကြေပျက်စီးကြရတယ်"





ဟု ပြောပြလေသည်။

နီမောင်စိတ်ထဲမှာတော့ ဦးမွန်ထော် ပြောပြသောအကြောင်းများကို နားထောင်ရင်း ရေအောက်မှာတွေ့ခဲ့ရသောမြင်ကွင်းများကို သတိရနေလေသည်။

"စိန်ဖူးတော်ကြီးက ရေအောက်မှာရှိတယ်ဆိုပေမယ့် တကူးတက ဆင်းရှာရင်တောင် တွေ့ရတာမဟုတ်ဘူး၊ စိန်ဖူးလိုချင်လို့ ဆင်းရှာရင်းနဲ့ စိန်ဖူးတော်မတွေ့ဘဲ အန္တရာယ်နဲ့တွေ့ပြီးသေကြတာ နည်းတော့တာမှ မဟုတ်တာ"

"ဟုတ်ကဲ့"

"မင်းတောင် မမျှော်လင့်ပဲ ကံကောင်းထောက်မလို့ တွေ့ခဲ့ရတာဖြစ်မယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်. . ဒီအကြောင်းကိုတော့ တခြားလူတွေကို မပြောမိဖို့သတိထားပါ"

"ဘာဖြစ်လို့လည်းအဘ"

"လောဘသားတွေသိသွားရင် နောက်ထပ်အန္တရာယ်တွေဖြစ်ကြမှာစိုးလို့ပါ"

"မပြောပါဘူးအဘ"

"မင်း ဒီအကြောင်းတွေ ပို ပြည့်ပြည့်စုံစုံသိချင်ရင်တော့ ရွာဖျားမှာနေတဲ့ ဆရာကြီးဦးဇန်ကောင်းဆီ သွားမေးကြည့်ပေါ့ကွာ၊ သူကတော့ သမိုင်းကြောင်းတွေနဲ့တကွ ပြည့်ပြည့်စုံစုံ ပြောပြနိုင်တယ်"

"ဟုတ်ကဲ့အဘ"

ထို့နောက် နီမောင်လည်း ဦးမွန်ထော်ကို နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့လေသည်။

လမ်းတလျှောက်လုံးမှာတော့ ထူးဆန်းစွာတွေ့မြင်ခဲ့ရသော အရာဝတ္ထုအကြောင်းကို တွေးတောလာမိလေသည်။ ရွာထဲမှဖြတ်လျှောက်လာတော့ ရွာလူကြီးအိမ်ရှေ့သို့ ရောက်သောအခါ ယိုးဒယားလူမျိုးများ ဖြစ်ဟန်ရှိသောလူတစ်စု ရောက်နေကြသည်ကို လှမ်းမြင်ရသည်။ ပန်းမခရွာလူကြီးမှာ ဇမုန်းထန် ဖြစ်သည်။

နီမောင်ကိုမြင်တော့ ဇမုန်းထန်ကလှမ်းခေါ်သည်။

"နီမောင်ရေ ခဏဝင်ပါဦးကွ"

ထို့ကြောင့် ခြံဝန်းထဲဝင်သွားလေသည်။

အိမ်ရှေ့မှာ ထိုးထားသော ကွပ်ပျစ်ပေါ်မှာတော့ ဧည့်သည်အချို့ရှိနေကြသည်။ ယောကျ်ားသုံးယောက်နှင့် အမျိုးသမီးနှစ်ယောက်တို့ ဖြစ်ကြလေသည်။ အမျိုးသမီးနှစ်ယောက်မှာ အသက်(၂၀)ကျော်အရွယ်ခန့်သာ ရှိသေးပြီး ရုပ်ရည်ချောမောကြသည်။

"ဘာကိစ္စရှိလို့လည်း ဦးလေး"

"ဒီကဧည့်သည်တွေက ဟိုဘက်ကမ်းက လာကြတာပဲ၊ လမ်းပြလိုချင်လို့ ငါ့ဆီမှာလာမေးနေကြတယ်၊ ရွာထဲမှာများ လမ်းပြလိုက်ပေးနိုင်တဲ့လူ ရှိသေးသလား၊ ဒါမှမဟုတ် မင်းတို့ လိုက်ပေးနိုင်ကြသလား"

ဟုမေးသည်။

"ရွာထဲမှာတော့ လိုက်ပေးနိုင်တဲ့သူမရှိဘူး ဦးလေး၊ ကျွန်တော်တို့လည်း မလိုက်နိုင်ကြသေးဘူး"

ထိုအခါ အမျိုးတစ်ယောက်က ပြောသည်။





"ကျွန်မတို့က ကုန်ရောင်းကုန်ဝယ်သွားကြမှာ မဟုတ်ဘူး၊ ဒါကြောင့် လမ်းပြလိုက်တယ်ဆိုပေမယ့် ထမ်းစရာပိုးစရာ မပါဘူး၊ လမ်းပြရုံသက်သက်ပဲ၊ လိုက်ပေးမယ်ဆိုရင် ငွေများများ ပေးမယ်"

"ကျွန်တော်တို့က အလုပ်ဆင်းစရာရှိနေလို့ မလိုက်ပေးနိုင်တာပါ၊ တကယ်လို့ရွာထဲမှာ လိုက်ပေးနိုင်တဲ့သူရှိရင် ပြောပေးပါ့မယ်"

ဟုပြောသောအခါ အမျိုးသမီးက စူးစူးရဲရဲကြည့်နေလေသည်။ ထို့နောက် ရွာလူကြီးကို နှုတ်ဆက်ပြီး နီမောင်က ပြန်ထွက်သွားလေသည်။ နောက်မှာကျန်ခဲ့သော အမျိုးသမီးက လှမ်းကြည့်နေရင်းနှင့်မေးလိုက်သည်။

"သူကဘယ်သူလဲ"

"သူက ဒီရွာမှာနေတဲ့ရွာသားတစ်ယောက်ပါပဲ၊ နာမည်က နီမောင်လို့ခေါ်တယ်"

"သူက ဘာအလုပ်လုပ်တာလဲ"

"ငါးဖမ်းတဲ့အလုပ်လည်းလုပ်တယ်၊ တောထဲမှာအမဲလိုက်တဲ့အလုပ်လည်းလုပ်တယ်၊ နောက်ပြီးအထမ်းလိုက်တဲ့ အခါလည်းလိုက်တယ်"

ဇမုန်းထန်စကားကြားတော့ ထိုအမျိုးသမီးကခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"နီမောင်က တောထဲသွားရင်လည်း ကျွမ်းကျင်တယ်၊ ရေထဲဆင်းရင်လည်း အတော်ကလေး ရေငုတ်ကျွမ်းကျင်တယ်၊ ပန်းမခဝဲကို ငုတ်ဝံ့တဲ့သူဆိုလို့ သူတစ်ယောက်ပဲရှိတယ်"

ထိုအခါ အမျိုးသမီးက ပြောသည်။

"ကျွန်မတို့လိုချင်တာ သူလိုလူမျိုးပဲ. .၊ ပိုက်ဆံဘယ်လောက်ပဲ ပိုပေးရပိုပေးရ သူ့ကိုရအောင်ပြောပေးပါ"

ဇမုန်းထန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"နီမောင်အကြောင်းကိုတော့ ငါအသိဆုံးပဲ၊ သူက လူတစ်မျိုးပဲ၊ လုပ်ပေးချင်ရင် ပိုက်ဆံမရလည်း စေတနာနဲ့လိုက်ပြီးလုပ်ပေးတတ်တယ်၊ သူ မလုပ်ပေးချင်ရင်လည်း ပိုက်ဆံဘယ်လောက်ပေးပေး မလုပ်ပေးဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ကျွန်မတို့လုပ်ငန်းအောင်မြင်ဖို့ သူလိုလူမျိုးပါမှဖြစ်မှာ၊ ဒါကြောင့် ရှာလူကြီးအနေနဲ့ ဖြစ်အောင်လုပ်ပေးပါ၊ ရှာလူကြီးအတွက်လည်း မနစ်နာစေရပါဘူး"

ဟုပြောလေသည်။

ထိုအမျိုးသမီး၏ အမည်မှာ 'ကျင်စာရီ' ဖြစ်သည်။

သူမသည် အသက်(၂၅)နှစ်အရွယ်ခန့်သာ ရှိသေးပြီး ယိုးဒယားသူတစ်ယောက်ဖြစ်သည်။

ကျင်စာရီ ရုပ်ရည်ချောမောသလောက် သတ္တိကောင်းသူလည်းဖြစ်သည်။ ကျန်အမျိုးသမီးတစ်ယောက်က သူမနှင့် အဖော်ပါလာသော 'မေသီ' ဆိုသူဖြစ်သည်။

ကျန်သုံးယောက်မှာလည်း ယိုးဒယားလူမျိုးများဖြစ်ကြသည်။ ဝမ်းလုံဆိုသည့်လူတစ်ယောက်သာ အသက်ရွယ်ကြီးသည်။ ဝမ်းလုံက ကျင်စာရီ၏ ဦးလေးတော်သူဖြစ်သည်။ ဖာခေါင်နှင့် စရှန်တို့နှစ်ယောက်ကတော့ သူ့ကိုခေါ်လာသည့် အဖွဲ့သားများ ဖြစ်ကြလေသည်။





ကျင်စာရီတို့ မိသားစုမှာ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တွင်နေကြပြီး ရှေးဟောင်းရတနာသိုက်များ လိုက်လံရှာဖွေသောအဖွဲ့ဖြစ်သည်။

ကျင်စာရီ၏ဖခင်က နက်စတာဒင်ဆိုသူဖြစ်ပြီး ထိုလုပ်ငန်းကို ဦးစီးလုပ်ကိုင်နေသူဖြစ်သည်။

'နက်စတာဒင်' မှာ အသက်(၅၀)ကျော်အရွယ်ခန့်ဖြစ်ပြီး ရက်စက်ကြမ်းကြုတ်သူတစ်ဦးလည်း ဖြစ်သည်။ ယခုလည်း ကျင်စာရီအား မြန်မာနိုင်ငံဘက်မှ နေရာတစ်ခုအား လေ့လာစမ်းမှုပြုစေရန် ယခုကဲ့သို့ စေလွှတ်လိုက်ခြင်းပင်ဖြစ်ပေတော့သည်။





# အခန်း(၅)

## ဦးဗန်ကောင်းနှင့် ဆေးကြိုးတိုးမိသောလူနာ

နောက်တစ်ပတ်ခန့်ကြာသောအခါ. . နီမောင်တစ်ယောက် ဆရာကြီးဦးဗန်ကောင်းရှိသော နေရာသို့သွားလေသည်။ ဦးဗန်ကောင်းသည် အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး ရွာအစွန်ဘက်တွင် အိမ်တစ်လုံးဆောက်ကာ တစ်ယောက်တည်းနေသူ ဖြစ်သည်။

သူသည် ဆေးကုသခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်ပြီး ဆေးပညာသာမကဘဲ ဗဟုသုတလည်း နှံ့စပ်

ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

ဦးဗန်ကောင်းက နီမောင်ကို တူသားတစ်ယောက်
ခင်မင်သည်။ နီမောင်ကလည်း ဆွေးသားရင်းခြာတော်စပ်သေ
ဦးကြီးတစ်ယောက်ကဲ့သို့ ခင်မင်လေသည်။

သို့ကြောင့် တောထဲမှာသော်လည်းကောင်း၊ ရေထဲ
သော်လည်းကောင်း၊ စားကောင်းသောက်ဖွယ်ရာများ ရလာလျှ
သော်လည်းကောင်း၊ ဆေးဖက်ဝင်အပင်များနှင့် ထူးထူးဆန်း
ဆန်းပစ္စည်းများရလာပါက ဦးဗန်ကောင်းထံသို့ တကူတက
သွားပို့ပေးတတ်လေ့သည်။

တစ်ခါတစ်ရံ နီမောင်အားလပ်နေသောအချိန်မျိုးန
ကြုံပါက တောထဲသို့ ဆေးပင်ရှာဖွေရန် သွားသောအခါသေ
လည်းကောင်း၊ အခြားတစ်နေရာမှ လူနာများကိုဆေးကုပေး
သွားသောအခါ၌သော်လည်းကောင်း၊ ဦးဗန်ကောင်းက နီမော
ကိုအဖော်ခေါ်သွားတတ်ပေသည်။

ယခုလည်း နီမောင်ရောက်သွားသောအချိန်က ညနေ
ပိုင်းအချိန်ဖြစ်သည်။ သိချင်တာများ မေးမြန်းလိုသဖြင့် ညနေ
ပိုင်း အလုပ်အားသောအချိန်ရောက်တော့မှ အေးအေးဆေ
ဆေး သွားခြင်းဖြစ်ပေသည်။

သူရောက်သွားတော့ ဦးဗန်ကောင်းအိမ်မှာ မျက်နှ
စိမ်းဧည့်သည်နှစ်ယောက် ရောက်နေကြသည်။

နီမောင်ရောက်သွားတော့ ဦးဗန်ကောင်းကလည်း ဝမ်
သာသွားဟန်ရှိလေသည်။

"နီမောင် မင်းရောက်လာတာ အတော်ပဲ ဒီနေ့အလု





ားတယ်မဟုတ်လား"

"အားပါတယ် ဆရာကြီး၊ ဘာခိုင်းစရာရှိလို့လဲ"

"မရှိပါဘူးကွာ၊ ဒီမှာအရေးပေါ် ဆရာလာခေါ်နေကြ
ယ်၊ အဲဒါလိုက်သွားရမယ်၊ မင်းပါလိုက်ခဲ့စမ်းပါ"

ဟုပြောသဖြင့် နီမောင်လည်း ထွေထွေထူးထူးမေးမြန်း
နေတော့ပဲ လိုက်ရန်ပြင်လေသည်။

ဆရာလာပင့်သော လူနှစ်ယောက်မှာလည်း အဝတ်
အစားများ စုတ်စုတ်ပြတ်ပြတ်နှင့် ရှိနေကြပြီး ဆရာတစ်ပါတည်း
က်ခဲ့မည်ဆိုသောကြောင့် များစွာစိတ်သက်သာရာရသွားကြ
န်ဖြင့် နေရာမှထကြလေသည်။

သူတို့သွားမည့်အချိန်မှာ ညနေစောင်းနေပြီဖြစ်သော
ကြောင့် သစ်ပင်သစ်ဧ ဘာများ ခံနေသောကြောင့် နေရောင်ပင်
ခြင်ရတော့ပေ။

ထိုပတ်ဝန်းကျင်တစ်ဝိုက်တွင်ရှိကြသော ရွာများတွင်
းမခရွာမှာ လူအများဆုံးနှင့် အစည်ကားဆုံးဖြစ်ပေသည်။
ာက်ဘက်တောင်ထဲမှာသော်လည်းကောင်း၊ တောင်ခြေများ
သော်လည်းကောင်း ရွာငယ်ကလေးများရှိကြသည်။ အချို့
များမှာ အိမ်ခြေအနည်းငယ်သာရှိသဖြင့် တော်ရုံမသိကြပေ။

နီမောင်တို့ပင် ပန်းမခရွာသို့ ရောက်ပြီးနေထိုင်ကြသည်
ကြာပြီဖြစ်သော်လည်း ထိုနေရာများမှာရှိသော ရွာငယ်က
းများကို နေရာအနှံ့ မရောက်ဖူးကြပေ။ သွားကာနီးတော့
န်ကောင်းက နီမောင်လည်ပင်းမှာ ပရိတ်ချည်ဖြင့် စီရင်ထား
သော ချည်မန်းကွင်းကိုစွပ်ပေးသည်။

"လိုရမယ်ရ ဒါလေးစွပ်ထား"

ဟုလည်းပြောသည်။

ထို့နောက် ဆေးလွယ်အိတ်နှင့် တောင်ဝှေးကိုယူ၍ နေရာမှသွားကြရန်ပြင်လေသည်။

"ကျွန်တော်တို့မှာ လှည်းပါလာပါတယ်ဆရာကြီး.. နောက်ဘက်မှာ အဆင်သင့်ပါပဲ"

ဟုပြောပြီး ခေါ်သွားသဖြင့် နှစ်ယောက်သား လိုက်သွား ကြလေသည်။ ဦးဇန်ကောင်းနေသော အိမ်အနောက်ဘက် တောစပ်မှာတော့ နွားနှစ်ကောင်တပ်ထားသော လှည်းတစ်စီး အဆင်သင့်ရပ်တံ့ထားသည်။

အားလုံးလှည်းပေါ်ရောက်သောအခါ. . လှည်းကို မောင်းလေတော့သည်။ လှည်းလမ်းမှာ သစ်ပင်များနှင့် သစ်ခြုံ များကြားမှ လှည်းတစ်စင်းသွားသာရုံ ဖြတ်ဖောက်ထားသော လမ်းမျိုးဖြစ်သောကြောင့် လှည်းမောင်းသွားသောအခါ သစ် ပင်သစ်ကိုင်း သစ်ချုံများနှင့် မလွတ်မလပ်ရှိနေလေသည်။

တောထဲရောက်တော့ အမှောင်ရိပ်များက တဖြည်း ဖြည်းများလာလေသည်။

အုံ့ဆိုင်းနေသော သစ်ပင်များကြောင့် သာမန်အချိန် အနေထက် ပိုပြီး မှောင်နေခြင်းလည်းဖြစ်သည်။

ဦးဇန်ကောင်းနှင့် နီမောင်တို့မှာ အချိန်မရွေးလည်း ဒီ ခရီးလမ်းမျိုးကို မကြာခဏ သွားလာနေကျဖြစ်သောကြောင့် အထူးအဆန်းတော့ မရှိကြပေ။

အတန်ကြာအောင် သွားမိပြီးသောအခါ ခွေးဟောင်





သံများ စတင်ကြားကြရသည်။

"မင်းတို့ရွာရောက်ဖို့ အတော်လိုသေးသလားကွယ့်"

"မဝေးတော့ပါဘူးဆရာကြီး၊ ခွေးဟောင်သံတွေ ကြား ရပါပြီ"

ဦးဇန်ကောင်းက ဘာမှထပ်မပြောတော့ပေ။

အတန်ကြာအောင် ဆက်မောင်းသွားသောအခါမှာ တော့ တောစပ်မှာတည်ထားသော ရွာတစ်ရွာသို့ ရောက်သွား ကြသည်။

"ဒီရွာက ဘာရွာတဲ့လဲ"

"နီကရွာလို့ ခေါ်ပါတယ်"

"ဒီလိုဖြင့် ရှေ့မှာ 'ဝေမာ'ဆိုတဲ့ ရွာတစ်ရွာများရှိသေး သလား"

ထိုသို့မေးသောအခါ ဘာမှပြန်မပြောကြတော့ပေ။ သို့ သော်လည်း မျက်စိမျက်နှာတော့ မကောင်းကြပေ။

"ကဲပါလေ. . လိုက်လာမှတော့ ထွေထွေထူးထူးလည်း မေးမနေတော့ပါဘူး၊ မင်းတို့ လူမမာရှိတဲ့နေရာကိုသာ ငါ့ကို ခေါ်သွားပေးပါ၊ ငါကြည့်ပါရစေ"

ဟုပြောတော့မှ စိတ်သက်သာရာ ရသွားဟန်ဖြင့် လှည်း ကို ဆက်မောင်းသွားရာ အိမ်တစ်လုံးရှေ့ရောက်တော့ လှည်းကို ရပ်ပေးသည်။

"ဒီအိမ်ထဲမှာ လူမမာရှိပါတယ်၊ ဝင်ကြည့်ပေးပါခင် ဗျား"

ဟုပြောရာ ဦးဇန်ကောင်းနှင့် နီမောင်တို့က လှည်းပေါ်

မှဆင်းပြီးနောက် အိမ်ထဲသို့ ဝင်သွားကြလေသည်။ အိမ်ထဲမှ
တော့ ရေနံဆီမီးခွက်တစ်လုံး ထွန်းထားသောကြောင့် အလင်း
ရောင်ရှိနေသည်။ သူတို့ဝင်သွားတော့ အသက်(၄၀)ကျော်အ
ရွယ်ခန့်ရှိသော မိန်းမကြီးတစ်ယောက် ထွက်လာပြီးကြိုသည်

"ဆရာကြီးပါလာပြီလား၊ အိမ်ထဲကိုကြွပါရှင်"

"ဒါထက် ခင်ဗျားတို့ လူနာက ဘယ်မှာလဲ"

"အိမ်ပေါ်က ခြင်ထောင်ထဲမှာပါရှင်"

အခြေအနေကြည့်လိုက်တော့ အိမ်အပေါ်ဆင့်မှ
ဟောင်းနွမ်းလှသဖြင့် အရောင်အဆင်းမပေါ်တော့သည့် ခြ
ထောင်ဟောင်းတစ်လုံး ထောင်ထားသည်ကို မြင်ရသည်။

ခြင်ထောင်ထဲမှ အဖျားတက်နေသော အသံမျိုးလည်
ကြားကြရသည်။

"ငှက်ဖျားရောဂါလား"

"မဟုတ်ပါဘူး ဆရာကြီးရယ်၊ နေ့လည်ကတောထဲသွာ
ရင်းပြန်လာတော့ အခုလိုဖြစ်နေတော့တာပဲ"

"တောက်ကာင်ကာ ရောဂါရလာပုံထောက်တော့
တောထဲမှာ ထိတ်လန့်စရာတစ်ခုခုများ တွေ့လာခဲ့ရော့သလား
မသိတော့ပါဘူး ဆရာကြီးရယ်၊ တဆိတ်လောက်သာ ကြည့်
ပေးပါ"

ဟု တောင်းပန်ပြောဆိုသဖြင့် ခြင်ထောင်နံဘေးသို့သွာ
ကာ ခြင်ထောင်ကို မတင်နိုင်းသဖြင့် ထိုမိန်းမကြီးကပင် ခြ
ထောင်ကို အပေါ်သို့မတင်လိုက်သည်။

ခြင်ထောင်မ,လိုက်တော့ ဖျင်ကြမ်းစောင်တစ်ထည်





ခါင်းမြီးခြုံပြီး တဟီးဟီးနှင့် အဖျားတက်သလို ညည်းညူနေ
သာအမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ သူတို့ရှိရာဘက်
ကျောပေးထားလေသည်။

နီမောင်ကတော့ မြင်တွေ့နေရသော အခြေအနေများ
ကောင်းစွာနားမလည်သောကြောင့် ဦးဗန်ကောင်း နောက်
ကနားမှာနေရင်း အခြေအနေကို ကြည့်နေလေသည်။

အိပ်ယာထဲလဲနေသော အမျိုးသမီးမှာ အသက်(၂၀)
ကျော် အရွယ်ခန့်သာရှိသေးပြီး 'တဟီးဟီး'နှင့် ညည်းညူနေ
သာအသံများကို ကြားနေရသည်။

"မီးတိုင်ခွက် ဒီနေရာယူလာပြီး ချထားပါ၊ ပြီးတော့
နာကို ဒီဘက်လှည့်ပေးပါ"

ဦးဗန်ကောင်းကပြောသဖြင့် အနားမှာရှိနေသော မိန်းမ
ကြီးက မီးတိုင်ခွက်ကို အနားယူလာချထားပေးပြီး လူနာကို ပွေ့
ပြီး လှည့်ပေးလေသည်။ ဦးဗန်ကောင်းက မီးတိုင်ခွက်ကို
နားချပြီး အသေအချာကြည့်သည်။

ဦးဗန်ကောင်း မျက်စိထဲမှာတော့ ထိုအမျိုးသမီးမျက်နှာ
နှင့် ကိုယ်ပေါ်တွင်ပတ်နေသော ချည်မျှင်များကို မြင်တွေ့ရ
သည်။

နောက်မှာရှိနေသော နီမောင်က သာမန်မျက်နှာကိုသာ
မြင်ရပြီး တစ်ကိုယ်လုံးရှုတ်ထွေးစွာပတ်နေသော ချည်မျှင်များ
ကိုတော့ မမြင်ရပေ။

ပတ်မိနေသော ချည်မျှင်ကလေးများမှာ အပ်ချည်ကြိုး
င်လောက်သာရှိပြီး သေးသယ်လှသော်လည်း ထိုအမျိုးသမီး

ကတော့ ကြီးမားခိုင်ခံ့လှသော ကြိုးဖြင့်တုပ်နှောင်ခံထားရသကဲ့သို့ တညီးညီးတညျညျ ဖြစ်နေရှာပေသည်။

ထိုအခြေအနေကို မြင်သည်နှင့်ဦးဇန်ကောင်းကတော့ ချက်ခြင်းသဘောပေါက်သွားလေသည်။

စိတ်ထဲမှလည်း ရေရွတ်လိုက်သည်။

"ငါထင်ထားတဲ့အတိုင်းပဲ၊ လက်စသတ်တော့ ဒီလူတွေက လူအစစ်တွေမှမဟုတ်တာဘဲ၊ ပရလောကသားတွေ လူယောင်ဆောင်ထားကြတာပဲ၊ ဒီမိန်းကလေးကိုယ်မှာ ပတ်မိနေတာကလည်း ဆေးအစီအရင်နဲ့ လုပ်ထားတဲ့ကြိုးတွေပဲကိုး"

ထိုသို့ရေရွတ်ပြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

အနားမှာရှိနေသော အမျိုးသမီးကြီးကတော့ စိုးရိမ်သောအမူအရာဖြင့်. . .

"ဆရာကြီးရယ်. . ကျွန်မသမီးလေး အခြေအနေမှ ကောင်းပါ့မလား၊ ကယ်ပေးပါဦး"

ဟု ငိုသံပါသောအသံဖြင့် ပြောသည်။

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ မကြာခင် ရောဂါပျောက်အောင် ကုသပေးပါ့မယ်"

ဟုပြောပြီး လွယ်အိတ်ထဲမှာပါလာသော ဆေးဓါးငယ်တစ်ချောင်းကို ထုတ်ယူလိုက်ပြီးနောက် အမျိုးသမီးမျက်နှာနှင့် ကိုယ်ပေါ်တွင် ရစ်ပတ်နေသော ဆေးကြိုးများကို ဖြတ်တောက်ပစ်လေသည်။

ထိုသို့ဖြတ်တောက်ရာမှာတော့ ဆေးဓားနှင့် ထိုအမျိုးသမီးအသားမထိစေရန် သတိကြီးစွာ ထားရသည်။ အကယ်၍





တော်တဆထိမိပါက မခံမရပ်နိုင်လောက်အောင် အော်ဟစ်နေပေမည်။

ကြိုးမျှင်များကို တစ်စမကျန် ဖြတ်ထုတ်ပြီးသောအခါ ဆေးဓားဖြင့် ကော်ယူပြီး အဝတ်စတစ်စဖြင့် ထုတ်လိုက်သည်။ ကိုယ်ပေါ်မှာရစ်ပတ်နေသော ကြိုးမျှင်များ ဖယ်ရှားပေးပြီးသော အခါမှာတော့ လူနာအမျိုးသမီးထံမှ ညည်းညူသံများ ပျောက်သွားပြီး ထထိုင်လာလေသည်။ မျက်နှာပေါ်မှ စီးကျနေသော ချွေးသီးချွေးပေါက်များကို ပဝါစဖြင့် ဖယ်သုတ်ပစ်နေရင်းမှ ကျေးဇူးတင်သော အမူအယာဖြင့်. . .

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ် စောစောကဖြင့် ချက်ခြင်းပဲ အသက်ထွက်တော့မတတ်ပါပဲ၊ အခုမှပဲ နေသာထိုင်သာရှိတော့တယ်"

ဟု ပြောသည်။

"ဒီကြိုးတွေက ဘယ်နေရာက ငြိပါလာတာလဲ"

"အလျှုတစ်ခုမှာ ကျွေးတဲ့ထမင်းသွားစားရင်းနဲ့ အပြန်မှ ဘယ်နေရာက ငြိပြီးပါလာမှန်း မသိတော့ပါဘူး ဆရာကြီးရယ်"

ဟု ပြောပြလေသည်။

ထိုအခါ နံဘေးမှာရှိနေသော မိန်းမကြီးက အထုပ်တစ်ထုပ်ယူလာပြီး ဦးဇန်ကောင်းကိုပေးသည်။

"ကျွန်မတို့က ဆင်းရဲသူဆင်းရဲသားတွေပါ ဆရာကြီးရယ်၊ ဆရာကြီးသာ မကယ်ရင်တော့ ကျွန်မသမီးလေးတော့ သေမှာပါပဲ၊ ဒါကြောင့် အသက်ကယ်ပေးတဲ့ ကျေးဇူးကို ပူဇော်

တဲ့အနေနဲ့ ဒီငွေနဲ့ကန်တော့ပါရစေ"

"မလိုပါဘူးဗျာ၊ လူနာချမ်းသာရရင် ပြီးတာပါပဲ၊ ကျုပ်တို့အတွက်က ငွေမလိုပါဘူး၊ ခင်ဗျားငွေကို ပြန်သာယူထားပါ"

ဟုပြောပြီး ပေးသောအထုပ်ကို လက်မခံဘဲငြင်းလိုက်သောကြောင့် များစွာအားနာသွားကြဟန်ရှိလေသည်။

"ဒါဖြင့် ကျွန်မတို့အနေနဲ့ ဘယ်လိုများ ကျေးဇူးပြန်ဆပ်ရမလဲ"

"နောင်တစ်ချိန် ကျုပ်တို့အကူအညီလိုတဲ့အခါမျိုးနဲ့ ကြုံရင်သာ လာပြီးအကူအညီပေးကြပါ"

ဦးဗန်ကောင်းကတော့ ထိုစကားကို ဘယ်လိုရည်ရွယ်ချက်ဖြင့် ပြောလိုက်မှန်းမသိသော်လည်း ထိုမိန်းမကြီးနှင့် မိန်းကလေးကတော့ ချက်ချင်းသဘောပေါက်သွားကြဟန် ရှိကြလေသည်။

"စိတ်ချပါ၊ ဆရာကြီးတို့ အကူအညီလိုတဲ့အခါမျိုးနဲ့ ကြုံရင် ကျွန်မတို့တစ်ရွာလုံး ရောက်လာပြီး အကူအညီပေးပါ့မယ်ရှင်၊ ကျွန်မနာမည်က ဒေါ်ငွေရုံလို့ခေါ်ပါတယ်၊ ကျွန်မသမီးနာမည်က ရင်မေလို့ခေါ်ပါတယ်၊ မှတ်သာထားကြပါ"

ဟု အားတက်သရောပြောလေသည်။

"ကောင်းပါပြီ၊ ကျုပ်တို့က ခင်ဗျားတို့ဆီက ငွေမလိုချင်ပါဘူး၊ 'ကျေးဇူးကြွေး'ပဲ လိုချင်တာပါ"

"စိတ်ချပါ ဆရာကြီးရယ် ပေးပါမယ်၊ နောက်နောင်လည်း ကျွန်မတို့ရွာသူရွာသားတွေ အခုလိုပဲ အခက်အခဲနဲ့ကြုံရင်လည်း အကူအညီတောင်းပါရစေ"





ဦးဗန်ကောင်းက ဆေးကြိုးများထည့်ထားသော အထုပ်နှင့် ဆေးဓားကို လွယ်အိတ်ထဲသို့ ပြန်ထည့်နေရင်း ခေါင်းညိတ်ပြလိုက်သည်။

"ပေးပါ့မယ်၊ အချိန်မရွေးသာလာခဲ့ပါ၊ ကျုပ်နာမည်က ဦးဗန်ကောင်း၊ သူ့နာမည်က နီမောင်လို့ခေါ်တယ်"

ရင်မေဆိုသော မိန်းကလေးက နီမောင်ကို တစ်ချက်ကြည့်လိုက်သည်။ နီမောင်ကတော့ သူ့ကိုကြည့်နေမှန်းသိဖြင့် မသိမသာ မျက်နှာလွှဲထားလေသည်။

နီမောင်အနေဖြင့် ဆရာကြီးဦးဗန်ကောင်းနှင့် မကြာခဏလိုက်သွားဖူးရာ တော်ရုံကိစ္စများလောက်တော့ သဘောပေါက်သကဲ့သို့ ရှိနေပေပြီ။

ယခုလည်း ဦးဗန်ကောင်းနှင့် ဒေါ်ငွေရုံဆိုသော မိန်းမကြီးတို့ ပြောဆိုနေသော စကားများကိုနားထောင်ရင်းနှင့် သူတို့အခြေအနေကို ရိပ်မိတန်သလောက် ရိပ်မိနေသောကြောင့် ရဲရဲတင်းတင်း မကြည့်ဝံ့ခြင်းဖြစ်သည်။

"စိတ်ချပါ. . စိတ်ချပါ. . မှတ်ထားပါ့မယ်၊ ကျွန်မတို့က တစ်ခါတွေ့ရင် ဘယ်တော့မှ မမေ့တတ်ပါဘူး၊ နောက်ထပ် ဘာများလိုပါသေးသလဲရှင်"

"တခြားတော့မရှိတော့ပါဘူး၊ ခင်ဗျားတို့က တောထဲတောင်ထဲမှာ သွားလာနေကြတာဆိုတော့ သွားရင်းလာရင်းနဲ့ ဆေးပင်ဝါးပင်ရှိတဲ့နေရာတွေများ တွေ့ခဲ့ရင် မှတ်သားထားပြီး နောက်ကြုံကြိုက်တဲ့အခါ ပြောပြပေးစမ်းပါ"

"စိတ်ချပါရှင်၊ ဆေးပင်ဝါးပင်တွေကတော့ ကျွန်မတို့က

အနားကပ်လို့တောင် မရပါဘူး၊ ဒါပေမယ့် နေရာသိရင်တော့ သေသေချာချာမှတ်သားထားပေးပါ့မယ်"

ဟုပြန်ပြောလေသည်။

ထို့နောက် ကိစ္စများပြီးသဖြင့် ညတွင်းချင်းပြန်ရန် ပြင်သောအခါ အလာတုန်းကလိုပင် လူနှစ်ယောက်က လှည်းနှင့် ပြန်ပို့ပေးကြလေသည်။

ရွာပြန်ရောက်မှ ပြန်သွားကြလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်နေပြီ ဖြစ်သောကြောင့် . . နီမောင်လည်း မပြန်တော့ဘဲ ဆရာကြီးအိမ်မှာပင် ညအိပ်လိုက်ပေတော့သည်။





# အခန်း (၆)

# ဝေဒီမြို့ဟောင်းနှင့် ပျောက်ဆုံးသွားသောပညာများ

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်တော့ နီမောင်တစ်ယောက် အတော်နောက်ကျပြီးမှ အိပ်ယာမှပြန်နိုးလာလေသည်။

သူနိုးလာတော့ . . ဦးဇန်ကောင်းက လက်ဖက်ရည်သောက်ရင်းနှင့် ပူပူနွေးနွေးပင် ရှိသေးသော ကောက်ညှင်းပေါင်းတစ်ပန်းကန်ကို အားရပါးရစားနေသည်ကို တွေ့ရသည်။ မျက်နှာသစ်ပြီး လာထိုင်တော့ ဦးဇန်ကောင်းက ကောက်ညှင်းပေါင်း

တစ်ပန်းကန်ပေးသဖြင့် ယူ၍စားသည်။

"ဆရာကြီး ဘယ်အချိန်ကတည်းကထပြီး ကောက်ညှင်းပေါင်းလိုက်တာလဲ"

"ငါမပေါင်းပါဘူး"

"ဒါဖြင့် ဘယ်ကလာဖို့သွားတာလဲ"

"ဘယ်သိပ့်မလဲကွာ၊ ငါလည်းမင်းနဲ့ ရှေ့ဆင့်နောက်ဆင့်လောက်ပဲနိုးလာတာပဲ၊ ငါနိုးလာတော့ . . ဒီစားပွဲပေါ်မှာ ကောက်ညှင်းပေါင်းနဲ့ လက်ဖက်ရည်အိုးပါ အဆင်သင့်ရောက်နေတာ တွေ့ရတော့တာပဲ"

ထိုစကားကြောင့် နီမောင်မှာ အံ့ဩသွားလေသည်။

"အံ့ဩစရာပဲ၊ လောကမှာ ကျွန်တော်တို့မသိသေးတဲ့ အရာတွေ အများကြီးရှိတာပဲ"

ဦးဗန်ကောင်းက ရေနွေးကြမ်းသောက်နေရင်းမှ ခေါင်းတစ်ချက်ညိတ်ပြသည်။

"ဒါထက် ကျွန်တော်တို့ ရောက်ခဲ့တဲ့နေရာက ဘာလဲ၊ သူတို့ကရော ဘာတွေလဲ"

"လူမဟုတ်တဲ့ လူတွေပေါ့"

"လူမဟုတ်တာတော့ ကျွန်တော်လည်း သိတန်သလောက်သိပါတယ်၊ ဘယ်လိုပရလောကသားတွေလည်းဆိုတာ သိချင်လို့ပါ"

"ကျတ်တွေပဲဖြစ်မှာပေါ့"

ဦးဗန်ကောင်းကတော့ အရေးမကြီးသော အမူအယာဖြင့် ပြန်ပြောလေသည်။





"သူတို့ဆီက ယူလာခဲ့တာ ဘာတွေလည်းဆရာကြီး"

"ဆေးကြိုးတွေလေ၊ ဆေးကြိုးတွေပတ်မိပြီး မရှုနိုင်ကယ်နိုင်ဖြစ်နေကြတာ၊ အဲဒီဆေးကြိုးတွေ ဖြုတ်ယူလာခဲ့တာ"

"ဘာသုံးလို့ရသလဲဟင်"

"ဆေးကြိုးဆိုတာ ဆေးစီရင်လို့ရတာပေါ့၊ ဆေးကြိုးနဲ့ ီရင်ထားတဲ့ဆေးဆိုရင် ပရလောကသားတွေ ကြောက်ကြတယ်၊ ာခု မင်းမြင်ခဲ့တယ်မဟုတ်လား၊ ဆေးကြိုးမျှင်မျှင်လေး ငြိနေ ာနဲ့ သေတော့မယ့်အခြေအနေမျိုး ဖြစ်နေတာ၊ ငါသာမကယ် ်ဉ် မိုးမလင်းခင် သေဖို့ပဲရှိတယ်"

"ဆေးကြိုးက ဘယ်လိုကြောင့် သူ့ကိုယ်ပေါ်ပတ်မိနေ ာလဲ ဆရာကြီး"

"ဆေးကြိုးကတော့ သူ့ကိုလာပတ်တာ မဟုတ်ပါဘူး၊ ူက သွားရင်းလာရင်းနဲ့ တိုးမိတာဖြစ်မှာပေါ့၊ အလှူသွားပြီး ာမင်းစားတယ်လို့ပြောတယ်၊ ဘုန်းကြီးတွေ တရားဟောတော့ ပြေးကြပါလိမ့်မယ်၊ အဲဒီအချိန်မှာ ပရိတ်ကြိုး၊ ဆေးကြိုးတွေနဲ့ ်တ်မိတာပဲ ဖြစ်မှာပေါ့ကွာ"

"သနားစရာပဲနော်"

"လူတွေ၊ တိရစ္ဆာန်တွေ ဆင်းရဲပင်ပန်းနေတာတွေ့ရင် ာနားကြတယ်၊ ပရလောကသားတွေ ပြိတ္တာတွေရဲ့ ဆင်းရဲတာ ွေက ဒီထက်ပိုဆိုးတာပေါ့ကွာ၊ ပြိတ္တာလောကသားတွေရဲ့ ်င်းရဲသားတွေများ တွေ့ခွင့်ရရင် ဒီထက်ပိုပြီး သနားစရာ ကောင်းတာပေါ့"

ဟု နှစ်ယောက်သား ကောက်ညှင်းပေါင်းစားရင်း၊ လက်

ဖက်ရည်သောက်ရင်းနှင့် အေးအေးဆေးဆေး စကားပြောနေ
ကြလေသည်။

ထိုအခါ နီမောင်ကလည်း ဆရာကြီး ဦးဇန်ကောင်းနှင့်
အေးအေးဆေးဆေး တွေ့ရသောအချိန်တွင် သိလိုသော အ
ကြောင်းအရာများကို မေးမြန်းလေသည်။

"ကျွန်တော်လာတာ ဆရာကြီးကို မေးစရာလေးရှိလို့"

"မေးပေါ့ကွာ"

"တခြားတော့ မပါဘူး၊ ပန်းမခဝဲထဲမှာ ဘုရားထီးတော်
တစ်ခု ကျနေတယ်ဆိုတာ အမှန်ပဲလား ဆရာကြီး"

"မင်းက ဘယ်လိုသိတာလဲ"

ဦးဇန်ကောင်းက မေးတာကိုမဖြေဘဲ သူ့ကိုပြန်မေး
လိုက်သည်။

"ကျွန်တော် ပန်းမခဝဲထဲမှာ ကွန်ငြိလို့ ဆင်းငုတ်ရင်းနဲ့
ဘုရားထီးတော်နဲ့တူတာ တစ်ခုတွေ့ခဲ့ရတယ်"

"မင်းကတော့ တကယ့်လူပဲ၊ ဒီဝဲကကြမ်းလွန်းလို့ ဘယ်
သူမှမဆင်းဝံ့ဘူး"

"ကွန်ငြိနေတာ လှေပေါ်ကဘယ်လိုမှ ဖြုတ်မရတော့
လို့သာ အရဲစွန့်ပြီး ဆင်းဖြုတ်ရတာပါ"

"အေးလေ. . ဘာပဲဖြစ်ဖြစ်၊ ဒီလောက်ဝဲကြမ်းထဲမှာ
ကွန်ပက်ဝံ့တဲ့ သတ္တိကိုက နည်းတဲ့သတ္တိမှ မဟုတ်တာ"

နီမောင်ကတော့ ဘာမှပြန်မပြောတော့ပေ။

ဦးဇန်ကောင်းက သောက်လက်စလက်ဖက်ရည် ပန်း
ကန်ကို ပြန်ချထားလိုက်ပြီး အောက်ပါအကြောင်းအရာများကို





ပြောပြလေသည်။

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှာ ရှေး
ဘုရင်များ ထီးနန်းစိုက်ခဲ့သောနေရာများ ရှိခဲ့သည့်အပြင် ၎င်းတို့
တည်ထားခဲ့သော ဘုရားစေတီ မြောက်မြားစွာတို့လည်း ရှိကြ
သည်။

တနင်္သာရီကမ်းရိုးတန်း၏ လက်ဝဲဘက်တွင် ရှင်မော်
အငူရှိသည်။

ရှင်မော်အငူတွင် 'ဝေဒီမင်း' တည်ခဲ့သည်ဆိုသော. .
စေတီတစ်ဆူရှိသည်။

ထိုစေတီတော်တွင် နှစ်စဉ်တပေါင်းလ၌ ဘုရားပွဲတော်
ကျင်းပသည်။

အဆိုပါဘုရားပွဲတော်သည် အလွန်စည်ကားပြီး အနယ်
အနယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများ ပျော်အားကြီး၍
ကြာခဏ လှေမှောက်လေ့ရှိသည်ဟု နာမည်ကြီးသောနေရာ
ဖြစ်သည်။

အကြောင်းရင်းမှာ ရှင်မော်အငူသည် ရေစီးကြောင်း
ကြမ်းဆုံရာဖြစ်သည့်အပြင် အနောက်ဘက် ကပ္ပလီပင်လယ်ဘက်
တွင် လေကွယ်ကျွန်းများမရှိ၍ တစ်နှစ်ပတ်လုံးလှိုင်းကြီးလှုပ်နေ
သည်။ သို့ဖြစ်၍ မိုးတွင်းအခါ အလွန်သတိထားရသော နေရာ
ဖြစ်သည်။

ထားဝယ်မြစ်ဝရေလက်ကြား၏ ဝဲယာနှစ်ဖက်စလုံးရှိ
ရှုပစိမ်းမြသော တောင်တန်းငယ်များကို အနီးကပ်မြင်နေရ
သည်။

ရန်ကုန်မှ တနင်္သာရီတိုင်းဒေသကြီးသို့ ထွက်လာသေ ပင်လယ်ခရီးတစ်လျှောက်တွင် ပထမဆုံးကမ်းခြေသို့ နီးနီးက ကပ်သွားရသော နေရာလည်းဖြစ်သည်။

ကမ်းခြေတစ်လျှောက် ဖြန့်ဖြူးသော သဲခုံဟူ၍ အလွ ရှားပါးပြီး ရေစပ်မှမတ်စောက်သော တောင်နံရံများ တိုက်ရိုက် ထိုးထွက်သလိုဖြစ်နေသည်။

အခြေခံပညာ၌ ပထဝီဝင်ဘာသာရပ်တွင် သင်ခဲ့ သည့်အတိုင်း တနင်္သာရီကမ်းမြောက်ဒေသဆိုသည်မှာ တကယ ပင်ကမ်းခြေမြောင်မြောင်ကလေးသာရှိသည့် ကုန်းရိုးများဖြ ပေသည်။

ထို့ကြောင့်လည်း မိုင်(၇၀၀)နီးပါးရှည်လျားသည့် ကမ် ရိုးတန်းတစ်လျှောက်တွင် မြို့ကြီးပြကြီးဟူ၍ လက်ချိုးရေတွ ကာ ရလောက်အောင်ပင် နည်းပါးရခြင်းဖြစ်ချေသည်။

တနင်္သာရီတိုင်းဒေသကြီးသည် တောင်ထူထပ်ပြီး မြေ ပြန့်လွင်ပြင် နည်းပါးသည့်အလျောက် လူနေကျဲပါးသည်။

ယခုထားဝယ်ဒေသဖြစ်သော လောင်းလုံနှင့် မြိတ်မြ နယ်များတွင်သာ လူနေအထူထပ်ဆုံးဖြစ်ပြီး အတွင်းပိုင်း တနင်္သာရီမြို့၊ မြိတ်မြို့နှင့် ကော့သောင်းမြို့ကြား ကမ်းရိုးတန ပေါ်ရှိ ဘုတ်ပြင်းမြို့နယ်များတွင် ရှေးခေတ်ကလူနေနည်းသည်

ထားဝယ်သည် ပင်လယ်နှင့်နီးသည့်အလျောက် အ အအေးမျှတသည်။

အမြင့်ဆုံးအပူချိန်မှာ (၁၀၀)ဒီဂရီဖာရင်ဟိုက် တဝိုက် သာရှိသည်။





မိုးရေချိန်(၂၁၅)လက်မခန့် ရွာသွန်းတတ်သည်။ အပူ င်းမှတ်သုန်ရပ်ဝန်းအတွင်း ကျရောက်သည့်အတွက် အပူပိုင်း မြဲစိမ်းသစ်တောပေါက်ရောက်သည်။

မြေသားမှာ တရုတ်ပြည် ယူနန်နယ်၊ မြန်မာပြည်၊ ရှမ်း ကုန်းပြင်မြင့်နှင့် တစ်ဆက်တည်း သက်ရင့်ပံသုပထဝီမြေလွှာ ကြာဖြစ်သဖြင့် ဝါညိုရင့်ရင့်သော်လည်းကောင်း၊ နီရောင်ဖွေး ဖွေးသော်လည်းကောင်း အရောင်အသွေးရှိသည့် မြေစေး အမျိုး အစားဖြစ်သည်။

ကျောက်သားထူထပ်သော်လည်း မြေဆီဩဇာကောင်း သည့် ဂဝံဆန်ဆန် ကုန်းရိုးခင်တန်းများပေါ်တွင် အပူပိုင်းအမြဲ မ်း မှတ်သုန်သစ်တောများ နေရာမလပ် ဖုံးအုပ်နေသော ကြောင့် မြရောင်ရွှန်းလဲ့သည့် ကတ္တီပါကော်ဇောကြီးများကို ခင်း ထားဘိအလား စိမ်းမြနေသည်။

ထိုဒေသသည် ကြည့်လေရာရာတွင် ဆေးရောင်စိုစို း ထားသည့် ရှုမျှော်ခင်းပန်းချီကားချပ်ကြီးသဖွယ် လှပတင့် ယ်သည်။

မြန်မာ့ထွက်ကုန်တစ်ခုဖြစ်သော သစ်သားမျှသာမက ဆးဘက်ဝင်သော သစ်ကြမ်းပိုး၊ ကြက်ဆူ၊ ဥပသကာ ပင် ယ်အုန်းစသော ဘယဆေးပင်များလည်း ထားဝယ်သစ်တော းထဲတွင် ပေါကြွယ်လှသည်။

ထားဝယ်မြစ်ဝကျယ်တစ်လျှောက်တွင် မြစ်နေသည် န်သားပြင်လို အလင်းပေါက်မနေသည့်တိုင် ကြည်လင်နေ ည်ကို တွေ့ရခြင်းဖြင့် မြစ်ကြမ်းပြင်တွင် နုန်းနှစ်နည်းပါးပြီး

ကျောက်မာသား သက်ရင့်ပံသုပထဝီနယ်မြေ ဖြစ်နိုင်ကြောင်း သိသာနိုင်ပါသည်။

ပထဝီဝင်စာအုပ်များတွင် တနင်္သာရီတောင်တန်းများသည် အရှေ့ရိုးမတောင်စဉ်တန်းတွင် အပါအဝင်ဖြစ်ပြီး နှမ်းဖတ်ကျောက်နှင့် ထုံးကျောက်များဖြင့် ပြီးလေသည်ဟု ဖတ်ခဲ့မှတ်ခဲ့ရသည်။

ထားဝယ်တောင်တန်းများတွင် နှမ်းဖတ်ကျောက် အများအပြားတွေ့ရပြီး ထားဝယ်ကမ်းခြေနှင့်နီးသော တောင်တန်းများ၏ အရှေ့ဘက်မျက်နှာစာတွင် သံပါသော မြေစေးကျောက်ရှိသည်။

သို့ဖြစ်သောကြောင့် ထားဝယ်ဒေသတွင် ဝူဖရမ်း(ခေါ်) အဖြိုက်သံထွက်ရှိသည်။

ထားဝယ်ဒေသထွက် ဝူဖရမ်း(အဖြိုက်သံ)နှင့်သံဖြူ အမျိုးအစားမှာ ထိုစဉ်ကကမ္ဘာပေါ်တွင် ဒုတိယလိုက်လေသည်။

ကန်ဘောက်သတ္တုတွင်းနှင့် ဟာမြင်းကြီးသတ္တုတွင်းများမှာ ထားဝယ်နယ်၏ ထင်ရှားသောသတ္တုတွင်းများဖြစ်သည်။

မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်ခရိုင်မှ သံဖြူနှင့်သံကြွပ်ထွက်ရှိမှုနှုန်း များပြားသည်။

ထားဝယ်သည် တနင်္သာရီဒေသ၏ ယဉ်ကျေးမှုအချက်အချာ၊ စာပေအနုပညာရှင်များ ပေါ်ထွန်းရာနေရာ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ထူးခြားထက်မြက်သော ပုဂ္ဂိုလ်များမွေးထုတ်ပေးရာနေရာ ဖြစ်သည်။

ထို့ပြင် ထားဝယ်သည် ရှေးခေတ်က မင်းနေပြည်တော်





ားတည်ထောင်ခဲ့ဖူးသည့် မြို့သက်သာမန်ရှည်ကြာပြီးသော နေရာဖြစ်သည်။

တစ်နည်းအားဖြင့် တနင်္သာရီတိုင်း၏ မြောက်ဘက်ပိုင်းတွင် ထားဝယ်သည် တနင်္သာရီတိုင်းဒေသကြီး၏ ဦးခေါင်းပိုင်းတွင် တည်ရှိသည်ဟုလည်း ဆိုနိုင်ပေသည်။

ရှေးခေတ်သမိုင်းအရ ကောဇာသက္ကရာဇ်(၁၂၃)တွင် "ခန္တပိုမင်း"၏သား "သမန္တမင်း"သည် ထားဝယ်မြစ်၏ အနောက်ဘက်၊ ထားဝယ်မြို့မှ(၆)မိုင်ခန့်အကွာတွင် "သာဂရမြို့"ကို တည်ထောင်ခဲ့သည်ဟု အဆိုရှိသည်။

၄င်းမြို့ဟောင်းတွင် သရေခေတ္တရာမှ ဘောဘောကြီးဘုရားနှင့် ပုံသဏ္ဌာန်တူသော သီရိဝစ္ဆပုံများပါရှိသည့် ရှင်ဇာ ဥန်းဘုရားတစ်ဆူရှိသည်။

ပျူခေတ်ကဟု ယူဆရသော အရိုးအိုးများကိုလည်း ကြာခဏတူးဖော်ရရှိသည်။

သရေခေတ္တရာမြို့နှင့် ဖွဲ့စည်းပုံတူသော အလျား(၃)မိုင်၊ အနံ(၂)မိုင်ခန့်ရှိ ဘဲဥပုံသဏ္ဌာန်မြို့ရိုးကို ကောင်းကင်ဓာတ်ပုံတွင် ထင်ရှားစွာတွေ့ရလေသည်။

ထားဝယ်မြို့၏တောင်ဘက် မြိတ်သို့သွားသော ကားလမ်းပေါ်တွင် ယခင်က ဆိပ်ကမ်းမြို့ဖြစ်ခဲ့ဟန်တူသော "မုတ္တီး" မြို့ဟောင်းရှိသည်။

"ဝေဒီ"မြို့ဟောင်းကိုမူ သက္ကရာဇ်(၅၉၀)တွင် နရပတိသည်သူမင်းမှ ဆင်းသက်လာသည့် "မင်းဆုဝေ"က တည်ထောင်သည်။

ထိုမြို့တော်တွင် "မင်းဆုဝေ၊ မင်းရောင်၊ ရွှေနန်းတက် အိမ်ရှေ့ရှင်၊ နတ်ရွာလား၊ မင်းရှင်ဦး၊ ပညာမင်းစင်၊ မင်းသီလ" ဟူ၍ မင်းရှစ်ပါးစိုးစံခဲ့သည်။

ထားဝယ်မှ လောင်းလုံသွားသည့် ကားလမ်းမှ ထားဝယ် မြစ်ဘက်သို့ (၂)မိုင်ခန့် ဆင်းသွားလျှင် မြို့ရိုးအုပ်ချုပ်ကြီးများကို တွေ့ရသည်။

(၁၉၉၃)ခုနှစ်က မြေတူးရင်း ခဲဟသ်ာဒင်္ဂါးလှည်းနှ စီးတိုက်ခန့် ရခဲ့ဖူးသည်ဟု သုတေသနဆောင်းပါးတစ်ပုဒ်တွင် ပါရှိသည်။

ထားဝယ်သားများ၏ ဇစ်မြစ်နှင့် ပတ်သက်၍. . .

* ထားဝယ်သားများပြောဆိုသော စကားမှာ ရှေး ဟောင်းမြန်မာစကားနှင့်တူကြောင်း၊

* ထားဝယ်သားများသည် ရခိုင်၊ ဗမာများကဲ့သို့ပင် တိဘက်မြန်မာမျိုးနွယ်စုများဖြစ်ကြောင်း၊

* တစ်ချိန်က ရခိုင်သားများသည် ဘင်္ဂလားပင်လယ် အော်ကိုဖြတ်ကာ ထားဝယ်တွင် အခြေစိုက်နေထိုင်ခဲ့သည် လည်းကောင်း၊

* ထားဝယ်စကားသည် ရခိုင်စကားပြောနည်းနှ ထိုင်းလူမျိုးတို့၏ လေသံကို ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း

* ရှမ်းပြည်တောင်ပိုင်း၊ အင်းလေးဒေသရှိ အင်းသား တို့၏စကားနှင့် ထားဝယ်စကား တူသဖြင့် လူမျိုးတူများဖြ ကြောင်း၊

စသည့်အချက်များကို မြန်မာ့စွယ်စုံကျမ်း အတွဲ(





ာမျက်နှာ(၂၀၂)တွင် ဖော်ပြထားသည်။

ထားဝယ်သားများသည် ရှမ်းပြည်တောင်ပိုင်း၊ အင်း လေးဖောင်တော်ဦးဘုရားသို့ ဘုရားဖူးလာရောက်ကြလျှင် အင်း သားများက ဆွေမျိုးရင်းခြာသဖွယ် ကြိုဆို၍ဧည့်ဝတ်ပြုကြသည် ဟုလည်း ဆိုစကားရှိပါသည်။

ရှေးနှစ်ပေါင်းများစွာက ဝေဒီမင်း(ဝဲယ့်ဒီမင်း)၏ နေ ပြည်တော်အဖြစ် စံမြန်းခဲ့ဖူးသော နန်းတော်ရာတစ်ခုရှိသည်။

ထိုနန်းတော်ရာရှိသောနေရာမှာ ချောင်းအကွေ့တစ် နေရာ၌ရှိပြီး ယခုတော့ ရွာတစ်ရွာတည်ရှိလေသည်။ ဝေဒီမင်း သည် အင်းအိုင်မန္တရားပညာတတ်သော မင်းတစ်ပါးဖြစ်သည်။

အင်း၊ အိုင် မန္တရားပညာအစွမ်းထက်သောကြောင့်. . သက်မဲ့အရာဝတ္ထုများကို အသက်သွင်းပြီး စေခိုင်းနိုင်သော အစွမ်းမျိုးရှိလေသည်။ (ဘူတာဝါဟန- ဖုတ်သွင်းသောပညာမျိုး ပင်ဖြစ်သည်။)

၎င်းစိုးစံသော နေပြည်တော်သို့ အခြားအရပ်တစ်ပါးမှ ရန်သူများ လာရောက်တိုက်ခိုက်ပါက သစ်ရွက်များကို ဂါထာ မန္တရားများဖြင့် မန်းမှုတ်အသက်သွင်းသောအခါ ပျား၊ ပိတုန်း များဖြစ်ကာ ရန်သူများကို တိုက်ခိုက်စေသဖြင့် ရန်သူတပ်များ ဘပ်ပျက်ကာ ထွက်ပြေးကြရလေသည်။

ဝေဒီမင်းသည် တောထဲ၌သော်လည်းကောင်း၊ တောင် ပေါ်၌သော်လည်းကောင်း စေတီဘုရားမြောက်များစွာ တည် ထားကိုးကွယ်ခဲ့သည်။

၎င်းကောင်းမှုတော် စေတီဘုရားတို့ကိုလည်း မောင်

ပိုင်းကာလရောက်သောအခါ မသမာသူတို့ ဖျက်ဆီးယူငင်ခြင်း မပြုနိုင်ရန်အတွက် ဂါထာမန္တရားအတတ်များဖြင့် စီရင်ကာ ကာကွယ်မှုများ ပြုလုပ်ထားခဲ့သည်။

နောင်သောအခါ ဝေဒီမင်းသည် ၎င်းတတ်ကျွမ်းသော ဂါထာမန္တရား အတတ်ပညာများကို ရွှေ၊ ငွေ၊ ကြေးပုရပိုဒ်များပေါ်မှာ ရေးမှတ်ပြီး တောတွင်းတစ်နေရာ၌ လျှို့ဝှက်စွာ မြှုပ်နှံထားခဲ့သည်ဟု အဆိုရှိကြသည်။

ဝေဒီမင်းတည်ထားခဲ့သော ဘုရားစေတီများအနက် တောနက်ထဲမှာရှိနေသော စေတီဟောင်းကြီးတစ်ဆူလည်း အပါအဝင်ဖြစ်ပေသည်။

ယခုတော့ စိန်ဖူးတော်လည်း မရှိတော့သည့်အပြင် ဘုရားဌာပနာထည့်ထားသော ပစ္စည်းများကို အလိုရှိသဖြင့် ဘုရားကို ဖောက်ထွင်းဖျက်ဆီးထားကြရာ ပြိုကျပျက်စီးနေလေသည်။ ယခုတော့ အုတ်ပုံကျောက်ပုံလောက်သာ ကျန်တော့ပြီး ချုံနွယ်ပိတ်ပေါင်းများပင် ဖုံးအုပ်နေလေသည်။

ရှေ့မီနောက်မီဒေသခံလူကြီးများ ပြောပြပုံအရဆိုလျှင်တော့ ထိုစေတီတော်ကြီး၏အမည်မှာ “ရွှေပုရပိုဒ်တော်စေတီ” ပင်ဖြစ်ပေသည်။

ထိုနေရာရောက်တော့ ဦးဗန်ကောင်းက စကားကိုရပ်နားလိုက်ပြီး လက်ဖက်ရည်ကြမ်းတစ်ခွက် ငှဲ့ထည့်ကာ သောက်နေလေသည်။

ထိုမျှလောက် သိလိုက်ရသဖြင့်လည်း ကောက်ညှင်းပေါင်းတစ်ကိုက်၊ လက်ဖက်ရည်တစ်ကျိုက် စားသောက်ရင်း နား





ထောင်နေသော နီမောင်လည်း စိတ်ထဲမှာကျေနပ်သွားမိလေသည်။

“ဘုရားကိုတောင် ဖြိုဖျက်ယူဝံ့ကြတာကတော့ အံ့သြရာပဲ၊ နောက်တစ်ဘဝမှာ ဘယ်လိုခံရမယ်ဆိုတာ နည်းနည်းလေးမှ မစဉ်းစားမိကြဘူးလားမသိဘူး”

“ဒါက အသိရှိတဲ့လူတွေသာ စဉ်းစားတာပါကွာ၊ အသိမရှိတဲ့လူတွေကတော့ ဒီဘဝဒီကိုယ်ကောင်းရင် ပြီးတာပဲ၊ လုပ်ရာရှိရင် လုပ်ဝံ့ကြတာပါပဲ၊ ခံစရာရှိတာတော့ နောက်ဘဝနောက်ခန္ဓာကိုယ်က ခံလိမ့်မယ်လို့ သဘောထားကြတာကိုးကွ”

နီမောင်က ပခုံးနှစ်ဘက်တွန့်ပြလိုက်သည်။

“စိန်ဖူးတော်ကြီးကိုတော့ ယိုးဒယားဘက်ကလူတွေ ဖြုတ်ခိုးယူသွားကြတယ်၊ ဘုရားဌာပနာတွေဖောက်တာကတော့ ရွှေငွေလိုချင်တဲ့သူတွေအပြင် ဝေဒီမင်းထားခဲ့တဲ့ ဂါထာမန္တရားတွေရေးမှတ်ထားတဲ့ ရွှေပုရပိုဒ်တွေရှိတယ်အထင်နဲ့ တူးဖော်ရှာဖွေကြလို့ ဒီလောက်ပျက်စီးသွားတာ ဖြစ်မှာပေါ့ကွာ”

ပြောပြသည်။

“စိန်ဖူးတော်ကြီးအကြောင်းလည်း ပြောပြပါဦးဆရာကြီး”

“အင်္ဂလိပ်ခေတ်က ဒီနေရာတွေက အတော်ကလေးခေါင်တယ်၊ တနင်္သာရီအနောက်ဘက်ကမ်းမှာသာ နေတဲ့သူရှိပြီး ဒီအရှေ့ဘက်တွေမှာတော့ ဒေသခံတွေနေကြတာ မရှိသလောက်ပဲ”

“ဟုတ်ကဲ့”

"ဒီတော့ ယိုးဒယားဘက်ကလူတွေက ဒီဘက်ကမ်းကူးလာပြီး ထင်တိုင်းလုပ်ကြတော့တာပေါ့၊ ငါသိရသလောက်တော့ ရွှေပုရပိုဒ်တော် စေတီကြီးမှ တပ်ဆင်ထားတဲ့ စိန်ဖူးတော်ကြီးက အတော့်ကိုတန်ဖိုးကြီးမားတယ်၊ ပတ္တမြားတွေ ကျောက်မျက်ရတနာတွေအပြင် စိန်ဖူးတော်မှာ တပ်ဆင်ထားတဲ့ စိန်လုံးကြီးက အတော်ကြီးတယ်လို့ ပြောသံကြားဖူးတယ်"

"ဒီလောက်တန်ဖိုးရှိနေမှတော့ ဘယ်ထားတော့ပါ့မလဲ ယူကြတော့မှာပေါ့"

"ဒါပေမယ့်၊ စိန်ဖူးတော်ကြီးကို ဖြုတ်ယူသွားကြပေမယ့် ဟိုဘက်ကမ်းရောက်အောင် သယ်ယူသွားလို့မရကြပါဘူး. . ပန်းမခဝဲနားလဲရောက်ရော ရေအောက်ကဝဲကတော့ကြီး ထိုးတက်လာပြီး စုပ်ယူသွားလိုက်တာ၊ လူတွေရော စက်လှေရော သူတို့ခိုးယူလာတဲ့ စိန်ဖူးတော်ကြီးပါ ရေအောက်မှာပျောက်သွားတယ်လို့တော့ ပြောသံကြားဖူးတယ်"

ဦးဇန်ကောင်းက စကားကိုအဆုံးသတ်လိုက်လေသည်၊ အာခြောက်သွားဟန်ဖြင့် နီမောင်ငှဲ့ပေးသော လက်ဖက်ရည်ပန်းကန်ကို ယူသောက်နေသည်။

"ဒါဖြင့် ပန်းမခဝဲထဲမှာ ကျွန်တော်တွေ့ခဲ့တာ စိန်ဖူးတော်ကြီးများ ဖြစ်မလားမသိဘူး"

"ဒါကတော့ ဘယ်အတပ်ပြောနိုင်ပါ့မလဲကွာ၊ ဒါပေမယ့် မင်းပြောပုံအရဆိုရင်တော့ ဖြစ်နိုင်စရာ အများကြီးရှိပါတယ် ဘာကြောင့်လည်းဆိုတော့ ဒီဝဲအောက်ကို မင်းတစ်ယောက်သာ ရောက်ဖူးသေးတာကိုး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ် နီမောင်





ရဲ. . ."

နီမောင်က တစ်ချက်ကြည့်လိုက်သည်။

"မင်းဒီအကြောင်းကိုတော့ တခြားလူတွေကို မပြောမိဖို့ အရေးကြီးတယ်"

"ဘာကြောင့်လည်း ဆရာကြီး"

"သတင်းကြားရသလောက်တော့ ယိုးဒယားဘက်က လူတွေက စိန်ဖူးတော်ကြီးအကြောင်းကို အတော်ကလေး စိတ်ဝင်စားကြတယ်၊ နည်းအမျိုးမျိုးနဲ့ရှာဖွေဖို့လည်း ကြိုးစားနေကြတယ်လို့လည်း သတင်းကြားမိတယ်"

နီမောင့်စိတ်ထဲမှာတော့ ရွာလူကြီးဇမုန်းထန်နေအိမ်မှာ တွေ့ခဲ့ရသော ကျင်စာရီတို့အဖွဲ့ကို သတိရမိသည်။

"စိတ်ချပါ ဆရာကြီး၊ ဘယ်သူ့ကိုမှ မပြောပါဘူး"

ဟုကတိပေးကာ ပြန်ရန်နေရာမှ ထလေသည်။

"မင်းက တောထဲသွားနေတော့ ညကတွေ့ခဲ့တဲ့ခေါ် ငွေ ရုံတို့ ရင်မေတို့ရဲ့နာမည်တွေကိုလည်း မှတ်ထားဦး၊ မမေ့စေနဲ့"

"ဘာကြောင့်လဲ ဆရာကြီး"

"တောထဲမှာ အကူအညီလိုလာရင် သူတို့ဆီမှာ အကူအညီတောင်းလို့ ရနိုင်တာပေါ့ကွာ"

"ဒီလိုရော အကူအညီလာပေးကြပါ့မလား ဆရာကြီး"

"စိတ်မပူပါနဲ့ကွာ ပေးပါတယ်၊ ပရလောကသားတွေက ပရိယာယ်မရှိကြဘူး၊ လူတွေထက်တောင် ပိုပြီးကတိတည်တတ်ကြတယ်၊ ငါပြောကိုသာ သေသေချာချာမှတ်ထားပါ"

"ဟုတ်ကဲ့ဆရာကြီး"

ထို့နောက်. . . .

နီမောင်လည်း ဆရာကြီးဦးဗန်ကောင်းအား နှုတ်ဆက်ပြီးနောက် မိမိနေအိမ်သို့ ပြန်လာခဲ့လေသည်။ သူ့စိတ်ထဲမှာတော့ ဆန်းကြယ်လှသော အကြောင်းအရာများနှင့် ပတ်သက်သော အတွေးများစွာတို့ ပါလာကြလေတော့သည်။





# အခန်း(၇)

# ပိုက်ကြိုးကွင်းငြိနေသော မိန်းကလေး

နီမောင်ရောက်နေသောနေရာမှာ ရေအောက်တစ်နေရာပင်ဖြစ်လေသည်။ ထိုနေရာကို တစ်ကြိမ်ရောက်ခဲ့ဖူးသောကြောင့် မြင်ကွင်းများကိုတော့ မှတ်မိနေသည်။

အခြားတော့ မဟုတ်ပေ။

ပန်းမခဝဲကြမ်း၏ ရေအောက်တစ်နေရာပင် ဖြစ်ပေသည်။ အပေါ်ရေမျက်နှာပြင်ပေါ်၌သာ ဝဲကြမ်းသော်လည်း ရေအောက်အခြေအနေကတော့ ပုံမှန်အတိုင်းပင်ရှိနေသည်။

ရေကကြည်နေသည်။

မြင်ကွင်းများကို ရှင်းရှင်းလင်းလင်းမြင်နေရသည်။

ထိုကဲ့သို့မြင်နေရသောကြောင့် စိတ်ထဲမှာ အံ့သြနေမိသည်။ ထို့ပြင် ရေအောက်မှာရောက်နေသော်လည်း အသက်ရှူရန်မခက်ဘဲ ကုန်းပေါ်မှာ နေရသကဲ့သို့ပင် ရှိနေသည်။

ရေအောက်တစ်နေရာရောက်တော့ တစ်နေရာမှ အလင်းရောင်များ ထွက်နေသောအရာတစ်ခုကို လှမ်းမြင်ရသဖြင့် ထိုနေရာဘက်သို့ လျှောက်သွားလေသည်။

အနားရောက်တော့မှ ကျောက်ကလပ်လိုဖြစ်နေသော နေရာတွင် တင်နေသော စိန်ဖူးတော်တစ်ခုကို တွေ့ရသည်။ ရေညှိရေမှော်များ၊ နွံများကပ်နေသည်ဆိုသော်လည်း ရေတိုက်စားမှုကြောင့် တပ်ဆင်ထားသော ရတနာပစ္စည်းများကတော့ အရောင်မမှိန်ပဲ ဝင်းလက်တောက်ပနေကြပေသည်။

ထီးတော်မှာ တပ်ဆင်ထားသော ကျောက်မျက်ရတနာများနှင့် စိန်ဖူးတော်အဖြစ် တပ်ဆင်ထားသော စိန်ကြီးမှာ အရောင်တလက်လက်နှင့် တောက်ပနေကြသည်။

နီမောင်အနေကတော့ ဝဲ၏အောက်ခြေတစ်နေရာတွင် စိန်ဖူးတော်ကြီးနှင့် ထီးတော်ကြီးကို တွေ့သော်လည်း ထူးထူးခြားခြားအံ့သြခြင်းတော့ မဖြစ်မိတော့ပေ။ ထိုအကြောင်းများကို ဦးဇန်ကောင်းပြောပြထားသဖြင့် သိပြီးခဲ့ပြီဖြစ်သောကြောင့်ပင်ဖြစ်၏။

သူအံ့သြနေတာက ထီးတော်ကြီးရေအောက်ရောက်နေသည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီသော်လည်း မပျက်မစီး၊ မယို





ယွင်းဘဲ မူလအခြေအနေအတိုင်းပင် ရှိနေသေးသည်ကို အံ့သြနေမိခြင်းဖြစ်သည်။

ထီးတော်ကြီး တင်နေသော ကျောက်ကလပ်နောက်ဘက်မှာတော့ အတော်ကျယ်သော ဂူပေါက်ဝကြီးတစ်ပေါက်ရှိသည်။

ကုန်းပေါ်မှာတွေ့ရသော ဂူပေါက်များကဲ့သို့ ဝန်းပြီးနက်ရှိုင်းပုံရလေသည်။ အတွင်း၌ မှောင်မဲနေသည်။

နီမောင်ရေအောက်ရောက်နေသောအချိန် အတော်ကြာပေပြီ။ သို့သော် အသက်ရှူရန်အခက်အခဲ မရှိသေးဘဲ ပုံမှန်အတိုင်းပင် သက်တောင့်သက်သာရှိနေသေးသည်။

ထိုအခိုက်မှာပင် ဂူပေါက်ထဲမှ ထွက်လာသော မည်းမည်းသဏ္ဍာန်တို့ကို လှမ်းမြင်ရသည်။ ကြည့်နေရင်းနှင့် အမြင်ရောက်လာတော့မှ ငါးကြီးသုံးကောင် ဖြစ်မှန်းသိရလေတော့သည်။

ထိုငါးကြီးသုံးကောင်မှာ ငါးရွှေကြီးများဖြစ်ကြပြီး အကောင်အရွယ်အစား အတော်ကြီးလှသည်။ ပြောရလျှင်တော့ လူတစ်ယောက်ကို မြိုနိုင်လောက်သော လှေငယ်တစ်စင်းတမျှ အရွယ်အစားကြီးသော ငါးရွှေကြီးများပင် ဖြစ်လေသည်။

ပန်းမခဝဲထဲမှာ ကြီးမားလှသည့် ငါးရွှေကြီးများရှိသည်ကိုတော့ ကြားဖူးထားသော်လည်း ယခုမှပင် အနီးကပ်မြင်တွေ့ရခြင်း ဖြစ်သည်။

လိုဏ်ခေါင်းထဲမှ ငါးရွှေကြီးသုံးကောင်ထွက်လာတော့ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားလေသည်။ ယခုလောက် နီးနေမှ

တော့ ထွက်ပြေး၍လည်း မရတော့ပေ။ ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားပြီး နေရာမှာတင်ရပ်နေစဉ် ငါးရွှေကြီးသုံးကောင်က သူ့အနားရောက်လာသည်။

ဦးခေါင်းအဝိုင်းက တင်းတောင်းလောက်ကြီးသည်။

နှုတ်ခမ်းမွေးတစ်ချောင်းက လက်ကောက်ဝတ်လောက်အရွယ်အစားရှိသည်။

မျက်လုံးတစ်လုံးလျှင် လင်ကွင်းတမျှ ကြီးမားလေသည်။ သူ့နားရောက်လာတော့ ကွေ့ရှောင်ပြီး ကူးသွားကြသည်။ နံဘေးမှ ရေလှုတ်သဘော်ာတစ်စင်း ဖြတ်မောင်းသွားသကဲ့သို့ တော်တော်နှင့် မဆုံးနိုင်ဘဲရှိလေသည်။ နီးလွန်းသောကြောင့် ငါး၏ကိုယ်ခန္ဓာပေါ်မှ အကွက်အစင်းများကိုပင် မြင်နေရသည်။

ခဏကြာတော့ သုံးကောင်စလုံး အပြင်ဘက်သို့ ထွက်သွားကြလေသည်။ ငါးသုံးကောင် ကူးခတ်သွားသော အရှိန်ကြောင့် ရေလှိုင်းများ လှုပ်ယမ်းနေသလို နွံနှစ်များလည်း ပွက်ထကျန်ခဲ့လေသည်။

အတန်ကြာတော့ နောက်ထပ်ဂူထဲမှ လူတစ်ယောက်ထွက်လာပြန်သည်။ အသက်အရွယ်ကြီးလှပြီဖြစ်သည့် အဘိုးအိုတစ်ယောက်ပင်ဖြစ်လေသည်။

အနားရောက်လာတော့ ရပ်လိုက်သည်။

"အဘက ဒီဂူထဲမှာနေတာလား"

အဘိုးကြီးက ခေါင်းညိတ်ပြသည်။

"မင်းဒီနေရာရောက်နေတာ ဘာကြောင့်လဲဆိုတာ သိသလား"





နီမောင်က ခေါင်းခါပြလိုက်သည်။

"အဆက်ရှိလို့ပေါ့ကွ. . ဒါတောင်မသိသေးဘူးလား၊ ...နေရာက လူတိုင်းလာလို့ ရတာမှမဟုတ်တာ"

"ဘယ်လို အဆက်လဲအဘ"

"ရှေးကရေစက်ကို ပြောတာပေါ့ကွ၊ မင်းကဒီနေရာနဲ့ ...သက်ပြီး ဆောင်ရွက်ပေးရမယ့် ကိစ္စတွေရှိသေးတယ်"

ထိုစကားကြောင့် စိတ်ထဲမှာ နည်းနည်းတော့ အံ့ဩ...မိလေသည်။

"ဟို ကျောက်ကလပ်ပေါ်မှာ တင်နေတာကို မြင်သ...း"

ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါတခြားမဟုတ်ဘူး၊ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀) ...က ရွှေပုရပိုဒ်တော်စေတီက မသမာသူတွေ ဖြုတ်ယူ...ခဲ့တဲ့ ရွှေထီးတော်ပဲ၊ ထီးတော်ရဲ့ထိပ်မှာ တပ်ထားတဲ့စိန်...ကြီးက ရှေးနှစ်ပေါင်းများစွာကတည်းက နန်းစဉ်ရတနာအ... ရှိခဲ့တာပဲ"

နီမောင်က ရွှေထီးတော်ကြီးရှိသော နေရာဘက်သို့ ...စ်ချက်လှည့်ကြည့်လိုက်သည်။

ရေမျက်နှာပြင်ပေါ်မှ ထိုးဆင်းလာသော အလင်းရောင် ...ခုကြောင့် စိန်ဖူးတော်ကြီးမှာ အလင်းရောင်များ လက်နေ...သည်။

"ဒီစိန်ဖူးတော်ကြီးကို မူလနေရာရောက်အောင် ပြန်ပို့...ရမယ့်တာဝန် မင်းမှာရှိတယ်၊ ဒါပေမယ့် မင်းတစ်ယောက်

တည်းတော့လုပ်လို့မရဘူး၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ ပူးပေါင်း
လုပ်မှရနိုင်မယ်"

နီမောင်ကတော့ဘာမှ ပြန်မပြောဘဲ အဘိုးကြီးပြော
မျှကိုသာ နားထောင်နေသည်။

"မင်းဒီနေရာက ပြန်သွားရင်း ဝဲနဲ့မနီးမဝေး အော
ဘက်ကို တစ်ချက်လောက်သွားကြည့်လိုက်ပါ၊ အဲဒီမှာ
ရောက်နေတဲ့ လူတစ်ယောက်တွေ့ရင် ကယ်ပေးလိုက်ပါ"

"ဟုတ်. . ဟုတ်ကဲ့"

ထိုကဲ့သို့ပြန်ပြောလိုက်စဉ်မှာပင် ဖျတ်ခနဲသတိပြန်
သကဲ့သို့ ဖြစ်လာလေသည်။

မျက်စိဖွင့်ကြည့်လိုက်တော့ ရေအောက်မှာမဟုတ်ဘ
ပဲ အိပ်ယာပေါ်ရောက်နေလေသည်။

ထိုအခါမှ တကယ်မဟုတ်ပဲနှင့် အိပ်မက်မက်နေမှ
သိရပေတော့သည်။

နောက်တော့အိပ်ယာမှထရင်း အိပ်မက်အကြောင်း
ပြန်စဉ်းစားကြည့်နေသည်။

အိပ်မက်မက်သည်ဆိုသော်လည်း ခါတိုင်းမက်သေ
အိမ်မက်များနှင့်မတူပေ။

အပြင်မှာ မြင်တွေ့နေရသကဲ့သို့ပင် စိတ်ထဲမှာထင်မ
နေလေသည်။

"အိပ်မက်မက်တာက အတော်ထူးခြားတယ်"

သူနိုးလာသောအချိန်မှာ နံနက်ပိုင်းအချိန်ပင် ရော
နေလေပြီ။





အိပ်ယာမှ ပြန်နိုးလာသောအခါမှာ ပွဲဆိပ်ကုန်းဘက်သို့
ရောင်းချရန် သွားနေရပြန်သဖြင့် အိပ်မက်အကြောင်းကိုပင်
တိမရတော့ပေ။

နေ့လည်ပိုင်းအချိန် အိမ်ပြန်ရောက်တော့လည်း သတိ
ရသေး။ ညနေပိုင်းမြစ်ဘက်သွားပြီး ရေချိုးရန် စိတ်ကူးပေါ်
ဘာမှ ညကထူးထူးခြားခြားမက်ခဲ့သော အိပ်မက်အကြောင်းကို
ပြီးသတိရလာသည်။

"အိပ်မက်ဆိုတာ အတိတ်နိမိတ်ဆိုတာ မှန်တတ်တယ်
တ်သော်ရှိ မဟုတ်သော်ရှိ မြစ်ဆိပ်ရောက်ရင်တော့ ဝဲဘက်
ားပြီး အခြေအနေလိုက်ကြည့်တာ မမှားဘူးထင်တယ်"

ဟုတွေးကာ. . ပန်းမခဝဲရှိသော နေရာဘက်သို့တစ်
ာက်တည်း ဆင်းလာလေသည်။

အချိန်က ညနေစောင်းအချိန် ရောက်နေပေပြီ။

အနောက်ဘက်မှာရှိသော သစ်တောရိပ်များ ဖုံးနေ
သာကြောင့် ကမ်းခြေတစ်ဝိုက်မှာအမှောင်ရိပ်များ လွှမ်းစပြု
နေပေပြီ။

ကမ်းခြေတစ်ဝိုက်မှာလည်း လူသွားလူလာမရှိတော့ပေ။
ကမ်းနေရာမှာ အတော်ပင် ရှည်လျားလှပေသည်။ သို့သော်
ည်း ပွဲဆိပ်ကုန်းကဲ့သို့ လှေအဝင်အထွက်များသော နေရာများ
ာက်သာ လူရှုပ်ထွေးပြီး အခြားနေရာများမှာတော့ သာမန်
ာက်သာရှိသည်။

အထူးသဖြင့် ပန်းမခဝဲနှင့်နီးသော နေရာမှာတော့
သွားလှေလှော်လာနည်းမလို့ လူသွားလူလာလည်း မများလှပေ။

ယခုလိုနေဝင်ကာနီးအချိန်ရောက်ပါက မဆင်းဝံ့ကြတော့ပေ၊

နီမောင်က အတွေးကောင်းစွာဖြင့် ချောက်ကမ်းပါး အတွင်းသို့ဆင်းလာသည်။

ထိုနေရာတွင် သောင်ပြန့်မရှိတော့ဘဲ ကမ်းစောက်များ သာရှိတော့သည်။

ကျောက်သားနံရံရှိသောနေရာများ၌ အောက်သို့ဆင်း ရန် လှေခါးထစ်သဖွယ် အထစ်ကလေးများပြုလုပ်ထားလေ သည်။ ထိုနေရာမှ ဆင်းလာခြင်းဖြစ်သည်။

မိုးရာသီ မြစ်ရေတိုးလာလျှင်တော့ ကျောက်လှေခါးထစ် များပါ ရေအောက်နစ်မြုပ်သွားလေသည်။

ဝဲကမ်းစပ်ရောက်တော့ အခြေအနေကို ကြည့်သည်၊

ဘာမှမထူးခြားပေ။

တောပေါ်မှ ကျော်တက်လာသော ဆည်းဆာရောင်အ ချို့က ရေမျက်နှာပြင်ပေါ်သို့ တစွန်းတစကျနေသည်။

ပန်းမခဝဲအခြေအနေကတော့ ပုံမှန်လောက်သာရှိနေ လေသည်။

"ညကအိပ်မက်ထဲမှာတော့ အဘိုးကြီးက ဝဲအောက် ဘက်ကို သွားကြည့်ဖို့ပြောလိုက်တယ်၊ ဘာပဲဖြစ်ဖြစ်သွားကြည့် လိုက်တာကောင်းမယ်ထင်တယ်"

ဟုတွေးတောပြီး ဝဲနှင့်မနီးမဝေး အောက်ပိုင်းနေရာ ဘက်သို့ ဆက်လျှောက်သည်။

ဝဲရှိသောနေရာတစ်ဝိုက်လောက်တွင် မတ်စောက်သော ချောက်ကမ်းပါးများက ဝန်းရံနေသော်လည်း အောက်ဘက်





ရောက်သောအခါ သောင်ပြန်အချို့ရှိလာလေသည်။

တစ်ဘက်ကမ်းပြို တစ်ဘက်သောင်ထွန်း ဆိုသော စကားအတိုင်း တစ်နေရာမှာချောက်ရှိပါကအခြားတစ်နေရာ၌ သောင်ပြန့်ရှိသည်မှာ သဘာဝအတိုင်းပင်ဖြစ်ပေသည်။

ထိုနေရာရောက်တော့ ကမ်းစပ်တလျှောက်မှာပေါက် သော ချုံအတော်များများရှိသည်။

လူရိပ်လူခြေတော့ မတွေ့ရပေ။

ထိုနေရာရောက်တော့ နီမောင်ကပတ်ဝန်းကျင်တစ် ဝိုက်သို့ လိုက်လံကြည့်နေသည်။

သူ့အနေနှင့် ဝတ္ထုရားတစ်ခုရှိသည့်အနေမျိုးဖြင့်သာ လိုက်လံရှာဖွေသော်လည်း မည်သည့်အရာကို ရှာဖွေရမှန်းတော့ မသိပေ။

တစ်နေရာရောက်တော့ မနီးမဝေးမှာရှိ ချုံကွယ်တစ် နေရာမှ ညီးညူနေသောအသံတိုးတိုးကို ကြားလာရသည်။

"အဟင်း. . ဟင်း. . အဟင်း. . ဟင်း"

"ဟင်. ."

အသံကြားနေရသောနေရာမှာ သူရောက်နေသောနေ ရာနှင့်မဝေးလှပေ။

ထို့ကြောင့် သတိထားပြီး ထိုနေရာဘက်သို့လျှောက် သွားရာ ချုံကွယ်ကျော်သောအခါ အံ့ဩစရာကောင်းသော မြင် ကွင်းတစ်ခုကို လှမ်းမြင်ရသည်။

အခြားတော့မဟုတ်ပေ။

အသက်(၂၀)ကျော်ခန့်သာ ရှိသေးသောအမျိုးသမီးမှာ

ငါးထောင်သောပိုက်များဖြင့် လုံးထွေးရစ်ပတ်ကာ သောင်စပ်
တင်နေခြင်းပင်ဖြစ်သည်။

သောင်စပ်ရောက်နေသောကြောင့်သာ အသက်ရှင်
ခြင်းဖြစ်ပြီး အကယ်၍ရေကူးရင်းနှင့် ရေထဲမှာပတ်မိလျှင်
ရေနစ်သေဖို့သာများသည်။

နီမောင်က ကဗျာကရာ အနားလျှောက်သွားပြီး ငုံ့ကြည့်
လိုက်တော့ ထိုအမျိုးသမီးက မျက်စိဖွင့်ကြည့်လေသည်။

"အဟင်း . . ဟင်း . . အဟင်းဟင်း . . ကျွန်မကို ကူ
ပါဦးရှင်၊ ကယ်ပါဦး"

မိန်းကလေးက လေသံတိုးတိုးဖြင့်ပြောသည်။

အနားရောက်တော့မှ ထိုမိန်းကလေးမှာ သူတို့နေသော
ပတ်ဝန်းကျင်မှမဟုတ်ဘဲ မျက်နှာစိမ်းတစ်ယောက် ဖြစ်မှန်း
သိရလေသည်။

ပိုက်ငြိနေခြင်းကို လွတ်မြောက်စေရန်အတင်းရုန်းဖယ်
ရင်းမှ ပိုက်သားများနှင့် ပွန်းပဲ့မိသောကြောင့် သွေးများထွက်နေ
သည်။

ပိုက်ကြိုးကွင်းများမှာ သေးငယ်သော်လည်း ရှုန်းသည်
နှင့် ပိုမိုရှုတ်ထွေးကာ ပိုပြီးမိလာသောကြောင့် ယခုကဲ့သို့ ပိုက်ထဲ
မှာ ထွေးရှုတ်နေခြင်းဖြစ်ပေမည်။

"မင်းဘယ်သူလဲ၊ ဘယ်လိုဖြစ်ပြီး ပိုက်ထဲရောက်နေတာ
လဲ"

"ကျွန်မဒီနားတစ်ပိုက်မှာပဲနေပါတယ်၊ ပိုက်ထဲက မြန်
မြန်လွတ်အောင်သာ ဖြုတ်ပေးပါရှင်၊ သူတို့ရောက်လာကြတော့





မယ်"

ဟု ပြောသဖြင့် ထွေထွေထူးထူး ထပ်မေးမနေတော့ပဲ
ငြိထွေးနေသောပိုက်ကြိုးပိုက်ကွင်းများကို စတင်ဖြုတ်ပေးရ
သည်။

"မင်း ခြေတွေလက်တွေ မလှုပ်နဲ့၊ ငြိမ်ငြိမ်သာနေ"

ထိုသို့ပြောသဖြင့် ပိုက်ငြိနေသောအမျိုးသမီးကလည်း
ငြိမ်နေလေသည်။

နာရီဝက်ခန့်ကြာအောင် စိတ်ရှည်လက်ရှည်နှင့်ရှင်းပေး
တော့မှ ပိုက်ထဲမှ လုံးလုံးလွတ်သွားလေသည်။

"ကျေး . . ကျေးဇူးတင်ပါတယ်ရှင်၊ နောက်ကြုံမှပဲ တွေ့
ကြတာပေါ့၊ ခုတော့ သွားတော့မယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီး ချုံများနောက်ဘက်သို့ ဝင်
ပျောက်ပျောက်ကွယ်သွားလေတော့သည်။

သူမဝင်သွားသော ချုံကွယ်များနောက်ဘက်တွင် ရေ
ရှိသည်။

မရှေးမနှောင်းမှာပင် ချုံကွယ်နောက်မှ ရေလှိုင်းခတ်သံ
ကြားလိုက်ရသည်။

နီမောင်ကတော့ ငါးအချွဲများတွယ်ကပ်နေသော ပိုက်
ကိုကြည့်နေသည်။

ပိုက်မှာ ရေလယ်မှာဖော့လုံးကလေးများ တပ်ပြီးချ
သော ပိုက်အမျိုးအစားဖြစ်သည်။

အနံ့တိုပြီး အလျားရှည်သည်။

ရေလည်တစ်ကြောမှာ ငါးကြီးများထောင်သောပိုက်

အမျိုးအစားဖြစ်သည်။

"ရေလယ်မှာ ထောင်တဲ့ပိုက်က ငါးမမိပဲ လူမိပြီး ဘာကြောင့် ကမ်းပေါ်ရောက်နေတာလည်း မသိဘူး"

ဟု တွေးတောနေစဉ် ကမ်းစပ်သို့ လှေတစ်စင်း ... လာသည်။

နီမောင်ကို မြင်သောအခါလှေကို ကမ်းနံဘေးမှာထိုး... လိုက်ပြီး လှေပေါ်မှလူသုံးယောက်က ကမ်းပေါ်တက်လာ... သည်။ ယိုးဒယားလူမျိုးများဖြစ်ဟန်ရှိပြီး လက်ထဲမှာလည်း ... နှင့်တုတ်များ ကိုင်လာကြသည်။

"ဒီမှာ ငါတို့ပိုက်တွေ့ပြီဟေ့"

ဟုတစ်ယောက်က အော်ပြောလိုက်သည်။ ထို့နော... သုံးယောက်စလုံး အနီးရောက်လာပြီး နီမောင်ကိုဝိုင်းထားလို... သည်။

တစ်ယောက်က ပိုက်ကိုသေသေချာချာကြည့်ပြီး သူ... များကို ယိုးဒယားဘာသာစကားဖြင့် ပြောလိုက်သည်။ ပြီး... တစ်ယောက်က ဒေါသသံဖြင့်မေးသည်။

"မင်း ငါတို့ပိုက်ကို ခိုးလာတာလား"

"မဟုတ်ဘူး"

"ဒါဖြင့် ပိုက်ထဲမိနေတဲ့ငါးက ဘယ်ရောက်သွားပြီ... မင်းယူပြီး ဝှက်ထားလိုက်ပြီ မဟုတ်လား"

"ငါ မယူဘူး"

"ညတုန်းက ပိုက်ချထားတာ ငါးအကြီးကြီးတစ်ကော... တိုးမိပြီး ပိုက်ပါ,ပါသွားလို့ ငါတို့လိုက်ရှာနေကြတာ၊ အခုပို...





တော့တွေ့ပြီ၊ ပိုက်ထဲမှာလည်း ငါးအခွံတွေကပ်နေတယ်၊ ငါးက မရှိတော့ဘူး"

လူသုံးယောက်က သူ့ကိုငါးသူခိုးဟု ထင်နေကြသည်။ ပိုက်သားမှာကပ်နေသော အခွံအကျိများ၊ သွေးစများကြောင့် သူမယူပါဟု ငြင်းသော်လည်း မယုံကြပေ။

နောက်တော့ ဒေါသထွက်နေသော လူသုံးယောက်က လက်ထဲမှာပါလာသော ဓား၊ တုတ်များဖြင့် နီမောင့်ကိုဝိုင်းဝန်း တိုက်ခိုက်ကြလေသည်။

နီမောင်ကလည်း ခေသူတစ်ယောက်တော့ မဟုတ်ပေ။ မြစ်ဝကျွန်းပေးဘက်မှာ နေစဉ်ကပင် သိုင်းပညာကိုသင်ကြား ထားသူဖြစ်သောကြောင့် ယခုကဲ့သို့ ဝိုင်းဝန်းတိုက်ခိုက်ခြင်းများ ကို ကောင်းစွာရှောင်တိမ်းနိုင်လေသည်။ သူ့မှာလက်နက်မရှိ သော်လည်း လက်နက်ရှိသောလူသုံးယောက်ကိုပင် ကောင်းစွာ ခုခံတိုက်ခိုက်နိုင်ပေသည်။

ပထမတော့ လူသုံးယောက်က နီမောင့်ကိုရိုက်နှက်ရုံ လောက်သာလုပ်ဖို့ စိတ်ကူးသော်လည်း သူတို့လုပ်ချင်သလို မရ သောအခါ ပိုမိုဒေါသထွက်လာပြီး အသေသတ်ရန်အထိ ကြိုး စားလာကြလေသည်။

နီမောင်ကလည်း အစွမ်းကုန်ပြန်လည်ခုခံနေရလေ သည်။ ထိုနေရာမှာ လူသူနှင့်ဝေးသောကြောင့် ကူညီပေးမည့် သူလည်းမရှိနိုင်ပေ။ သူ့အနေနှင့် သိုင်းပညာကို ဆရာတစ်ဆူ ဘတ်ကျွမ်းထားသည်မဟုတ်သဖြင့် အများနှင့်တစ်ယောက်ဖြစ် နေသောကြောင့် ရေရှည်ကြာလာလျှင် လွယ်တော့မည် မဟုတ်

ပေ။

ထိုအခိုက်မှာပင် သူ့ဘက်မှအကူအညီပေးမည့် လူနှ
ယောက်ထပ်ရောက်လာသည်။ နှစ်ယောက်စလုံး အပေါ်အင်္
မပါပဲ ခါးတောင်းမြှောင်အောင် ကျိုက်ထားသည်။ ပေါင်မှာ ဆံ
ကွင်းမင်ကြောင်များထိုးထားပြီး ကတုံးပြောင်အောင်တုံးထာ
ကြသည်။ အသားကလည်း မည်းနက်နေပြီး မျက်နှာပေါက်မှာ
ကလည်း ဆိုးလှသည်။

ထိုလူကြီးနှစ်ယောက်က ရောက်လာသည်နှင့် တွေဝေ
ထူးထူးမေးမနေတော့ပဲ နီမောင်ကို ဝိုင်းဝန်းတိုက်ခိုက်နေသေ
ပိုက်သမားသုံးယောက်ကို ဝင်ရောက်တိုက်ခိုက်ကြလေတော
သည်။

တစ်ယောက်တည်းကိုပင် နိုင်အောင်မတိုက်နိုင်သေ
ပိုက်သမားသုံးယောက်တို့မှာ နောက်ထပ်နှစ်ယောက်ထပ်ရော
လာသောအခါ အခြေအနေမဟန်မှန်း ရိပ်မိသွားကြဟန်ဖြ
ပိုက်ကိုပင်မယူကြတော့ပဲ လှေထဲဆင်းကာ ထိုနေရာမှလှော်ခ
သွားကြလေတော့သည်။

ထိုအခါမှ နီမောင်လည်း သူ့ကိုဝင်ကူပေးသောလူကြီ
နှစ်ယောက်ကို ကျေးဇူးတင်စကားပြောရလေသည်။

"အခုလိုဝင်ရောက်အကူအညီပေးတာ ကျေးဇူးတင်
တယ်၊ ဦးကြီးတို့ရယ်. . ."

"ကျေးဇူးတင်စရာမလိုပါဘူး မောင်ရာ. .၊ သူ့ကျေး
ကိုယ့်ကျေးဇူးဆိုတာ အတုံ့အလှည့်ရှိကြတာပဲ၊ မင်းကျေးဇူ
ငါတို့အပေါ်မှာရှိမှတော့ ငါတို့ကလည်း ကျေးဇူးပြန်ဆပ်ရေ





ပေါ့"

"ဒါထက် ဦးကြီးတို့က ဘယ်ရွာမှာနေကြတာလဲ"

"သိပ်မဝေးလှပါဘူး၊ ဒီနားတစ်ဝိုက်မှာတော့ ငါတို့နဲ့
ဆွေမျိုးမကင်းတဲ့သူတွေ ရှိကြပါတယ်၊ ကိုင်းသွားဦးမယ် ငါတူ
ရေ. . နောက်ကြုံကြိုက်တော့လည်း တွေ့ကြဦးမှာပေါ့ကွာ"

ဟုပြောဆိုနှုတ်ဆက်ပြီး သူတို့ထွက်လာသောလမ်းအ
တိုင်း ပြန်ဝင်သွားကြလေသည်။

အချိန်က နေဝင်သွားပြီမို့ မှောင်ရီသမ်းစအချိန်မျိုး
ရောက်နေချေပြီ။

နီမောင်သာ အတွေးများစွာတို့ဖြင့် နေရာမှာပင် အ
တော်ကြာအောင် ရပ်နေမိလေတော့သည်။





# အခန်း (၈)

# ုရားကျွန်းပျက်သို့လမ်းညွှန်ပေးသူ

နှစ်စဉ် ကဆုန်လကျော်သည်နှင့် မြစ်ရေတိုးစပြုလာ
ည်။ ကဆုန်လထဲမှာပင် ပန်းမခစေတီ၌ရှိသော ပလ္လင်(၉)ဆင့်
အောက်ခံပလ္လင်များ မြုတ်စပြုလာလေပြီ။

ထိုအချိန်တွင် ပန်းမခဝဲကလည်း ကြွမ်းစပြုလာသည်။
ြွမ်းသည်ဆိုသော်ငြားလည်း ဟိသံကြားရလောက်သည်အထိ
ကု မဆိုးသေးပေ။ ဝဲအနီးသို့သွား၍ ရလောက်သော အခြေ
နမျိုးရှိသေးသည်။ မြစ်ရေတိုးလာသည်နှင့် မဲကလောင်မြစ်
ာ ရေစီးကြမ်းလာလေတော့သည်။

☺ အောင်မြင်စာပေ ☺

ရေစီးနှင့်အတူ မြစ်ညာဘက်မှ သစ်တုံးများ၊ ချုံများ သစ်ပင်ကြီးများ အမြစ်ပါကျွတ်ပြီး အပင်လိုက် မျောပါလာကြ သည်။ ထိုအခြေအနေမျိုး ရောက်လာလျှင် မြစ်ထဲမှာငါးရှာ၍ မကောင်းတော့ပေ။ မရတော့ပေ။

ပိုက်ချလျှင် ငါးမတိုးဘဲ သစ်ချုံတိုးပြီး ပါသွားသော ကြောင့် ငါးမရဘဲ ပိုက်ဆုံးရတတ်သည်။ ငါးမျှားတန်းသော်လည်း ကောင်း၊ ဖော့လုံးဖြင့် မျှောလျှင်သော်လည်းကောင်း ရေစီးကြမ်း သောကြောင့် ငါးမဆွဲတော့ပေ။

သို့ကြောင့် မဲကလောင်မြစ်ထဲမှာ မြစ်ရေတိုးလာပြီး ရေစီးကြမ်းလာလျှင် ငါးဖမ်းသမားများ မဆင်းကြတော့ပေ ပန်းမခစေတီ၏ အောက်ခံပလ္လင်များ တစ်ဆင့်ပြီးတစ်ဆင့် မြု ပါက မြစ်ရေကပိုကြမ်းလာသည်။

ထို့အတူ ဝဲကပိုကြမ်းလာသောအခါ မြစ်ထဲဆင်းသူ အတွက် အန္တရာယ်များသောကြောင့် မဆင်းဝံ့ကြတော့ပေ။ ဒ အချိန်ရောက်လာသောအခါ မြစ်ထဲဆင်းပြီး ငါးရှာဖွေကြသူမျာ အလုပ်သိမ်းကြလေသည်။

ပန်းမခရွာနှင့် ပွဲဆိပ်ကုန်းနေရာတစ်ဝိုက်မှာ နေ သော ရွာသူရွာသားများအတွက်တော့ အလုပ်မရှားလှပေ။ ‌ ထဲမဆင်းရတော့လည်း တောထဲဝင်ပြီး အမဲလိုက်သူကလို အခြားရောင်းချ၍ရသော အသီးအခေါက်များ ရှာဖွေသူက ဖွေ၊ အချို့ကလည်း မှောင်ခိုသမားများထံ၌ အထမ်းလိုက် သည်။ အသင့်အတင့် ငွေကြေးရှိသူများကတော့ ကိုယ့်ငွေ ကိုယ်ရင်းနှီးကာ အရောင်းအဝယ်လုပ်ကြလေသည်။





နီမောင်တို့သုံးယောက်လည်း မြစ်ထဲမဆင်းရသော အခါ အထမ်းလိုက်ရန် ပြင်ရလေသည်။ သူတို့သုံးယောက်အပြင် မောင်၏ ညီဖြစ်သူရင်မောင်ပါ လိုက်သဖြင့် လေးယောက်ဖြစ် သည်။

တစ်နေ့တော့ နီမောင်နေသောအိမ်သို့ ဧည့်သည်အချို့ ရောက်လာလေသည်။ တစ်ကြိမ်မြင်ဖူးသော ကျင်စာရီတို့အဖွဲ့ င် ဖြစ်သည်။ နီမောင်က အကျိုးအကြောင်းမေးတော့ ခေါင်း ဆောင်လာသော ကျင်စာရီကပင်ပြောသည်။

“အထမ်းသမားလိုချင်လို့ နင်တို့လိုက်ပေးနိုင်မလား”

ကျင်စာရီက သူနှင့်အသက်မတိမ်းမယိမ်းလောက်ပင် ရှိမည်ဖြစ်သည်။

“လိုက်ပေးနိုင်ပါတယ်၊ ဘယ်ဘက်ကို သွားမှာလဲ”

“အနောက်ဘက်ပေါက်တဲ့အထိ သွားမယ်”

အနောက်ဘက်ပေါက်အောင် သွားမည်ဆိုသော စကားမှာ . . ပါလာသော ကုန်ပစ္စည်းများကို တောထဲမှာပင် အရောင်းအဝယ်မလုပ်ဘဲ ထားဝယ်ဘက်မှာရှိသော ရွာများအ ထိရောက်အောင် သွားမည်ဟုဆိုလိုခြင်း ဖြစ်ပေသည်။

တနင်္သာရီဒေသမှာ အလျားရှည်သော်လည်း အနံတိုလှ သဖြင့် အရှေ့အနောက် ပေါက်အောင်သွားဖို့ မခဲယဉ်းလှပေ။ မှောင်ခိုကုန်ကူးသူများ သွားလာနေသော လမ်းများလည်းရှိ သည်။

“လူဘယ်နှယောက်လိုသလဲ”

“ဒီမှာဘယ်နှယောက်ရှိသလဲ”

"လေးယောက်ရှိတယ်၊ ရွယ်တူတွေချည်းပဲ"

"လိုက်မယ်မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"လိုက်မယ် ဘယ်လိုပေးမှာလဲ"

"ခေါက်ကြေးကတော့ တခြားသူတွေပေးတဲ့အတိုင်းပေါ့၊ ဒါပေမယ့် လမ်းမှာအန္တရာယ်အယှက်ကင်းကင်းနဲ့ အရောင်းအဝယ်ဖြစ်ရင်တော့ သင့်သလောက်ထပ်ရမယ်"

ကျင်စာရီက ယိုးဒယားလေသံဝဲဝဲဖြင့် ပြောပြသည်၊ ထိုကဲ့သို့ အလုပ်ကိစ္စပြောပြီးတော့မှ ကျင်စာရီက ထပ်မေးသည်

"အရင်တစ်ခေါက် ငါခေါ်တုန်းက ဘာကြောင့်မလိုက်တာလဲ"

"ငါးဖမ်းတဲ့အချိန်ဆိုရင် အထမ်းမလိုက်ဘူး"

"ငါသတင်းကြားတာတော့ နင်က ရေငုတ်တာ အတော်ကောင်းတယ်လို့ ပြောကြတယ် ဟုတ်လား"

"အသက်အောင့်ထားနိုင်သလောက်ပဲ ငုတ်နိုင်ပါတယ် တခြားလူတွေထက် သိပ်မထူးပါဘူး"

နီမောင်စကားကြားတော့ ကျင်စာရီက သွားပေါ်သည်အထိ ပြုံးနေလေသည်။ ထို့နောက် စရံငွေအချို့ပေးခဲ့ပြီးနောက် တစ်နေ့မနက်ပိုင်းအချိန်တွင် လာရမည့်နေရာကို မှာကြားထားခဲ့ပြီးနောက် ကျင်စာရီတို့ ပြန်သွားကြသည်။

"အစ်ကို ကျွန်တော်ပါလိုက်ခဲ့ရမလား"

မနီးမဝေးမှ အခြေအနေကိုကြည့်နေသော ညီဖြစ်သူရင်မောင်က ဝင်မေးလိုက်သည်။ ရင်မောင်က အသက်(၂၀)





သာက်သာရှိသေးသည်။

"အေး. . လိုက်ခဲ့ရမယ်၊ မနက်သွားကြမှာဆိုတော့ ပြင်ဒာရှိတဲ့ပစ္စည်းတွေ အဆင်သင့်ပြင်ထား"

ဟုပြောလိုက်ရာ ရင်မောင်လည်း ပျော်ရွှင်တက်ကြွသော အမူအရာဖြင့် ထွက်သွားလေတော့သည်။ နီမောင်လည်း ောထီးနှင့် ငမဲအောင်တို့ကို အသိပေးရန် ထွက်ခဲ့လေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ လေးယာက်သား ရွာမှထွက်ခဲ့ကြသည်။ သူတို့တွင် အဝတ်အစား းသုံးအဆောင်ထည့်ထားသော ပစ္စည်းအချို့ ထည့်ထားသော ယ်အိတ်တစ်လုံးစီပါသည်။

ဖျင်ကြမ်းဖြင့် ချုပ်ထားသောအကျီ၊ ဘောင်းဘီပောင်း ကို ဝတ်ထားသည့်အပြင် မိုးရေခံသော ဦးထုပ်တစ်လုံးစီလည်း ဆောင်းထားကြသည်။ ခြေတောက်မှာတော့ သားရေချုပ်ဖြင့် ပ်ထားသော ခြေသိုင်းကြိုးဖိနပ်များကို စီးထားကြသည်။

ခါးမှာတော့ ထိုး၍၊ ခုတ်၍ရသော ဓားတစ်လက်စီကို ားရေအိတ်များဖြင့် ထည့်ကာချိတ်ထားကြသည်။

အိမ်မှထွက်စဉ်ကပင် အဆာခံသော ကောက်ညှင်း ေါင်းနှင့်ငါးခြောက်ကင်ကို ဝမ်းဝအောင် စားသောက်လာကြ ည်။ ချိန်းထားသောနေရာမှာ ပွဲဆိပ်ကုန်း၌ပင်ဖြစ်သည်။

သူတို့ရောက်သွားတော့ နံနက်ပိုင်းအချိန်ပင် ရှိသေး ာ်လည်း ပွဲဆိပ်ကုန်းတစ်ဝိုက်မှာ လူစည်နေပေပြီ။ ကမ်းစပ် ်လည်း အဝင်အထွက်ပြုလုပ်နေကြသော စက်လှေသံများက ည်နေသည်။

ကမ်းဝိုက်တစ်ဝိုက်မှာ ရောင်းချနေသော အစားအသောက်ရောင်းချသော ဆိုင်များမှာလည်း စားသောက်သူတို့ဖြင့် စည်ကားနေသည်။ ထားဝယ်ဘက်မှလာသော ကုန်သည်များ ယိုးဒယားဘက်မှလာသော ကုန်သည်များတို့မှာ မိမိတို့သယ်ယူလာသော ပစ္စည်းများကို အရောင်းအဝယ်ပြုလုပ်နေကြသည်၊

ထားဝယ်ဘက်မှ ဆန်၊ ပဲမျိုးစုံ၊ ရာဘာ၊ ကြက်ပေါင်စေးဘိန်း၊ ဆေးခြောက်၊ ကွမ်းသီး၊ ကွမ်း၊ ဆေးရွက်ကြီး၊ ဆီနှင့် အခြားအသီးအနှံ၊ အစားအသောက်များ ယူဆောင်လာကြသည်၊

ယိုးဒယားဘက်မှတော့ ရာဘာဖိနပ်၊ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသောပစ္စည်း၊ ကော်ရောင်စုံတို့ဖြင့် ပြုလုပ်ထားသော ပစ္စည်းမျိုးစုံ၊ အချိုမှုန့်၊ ယိုးဒယားဖြစ် အဝတ်အထည်များ၊ နာရီ ရေဒီယို အစရှိသော အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြလေသည်။

ထိုအချိန်က ယိုးဒယားဘက်မှထွက်သော ဆင်ကြယ်ဖိနပ်၊ အချိုမှုန့်နှင့် ပလတ်စတစ်ဖြင့် ပြုလုပ်သောပစ္စည်း၊ ကော်ရောင်စုံတို့ဖြင့် ပြုလုပ်ထားသော ပစ္စည်းများကို မြန်မာပြည်ဘက်မှ အကြိုက်ကြီးကြိုက် နှစ်သက်နေသောအချိန်လည်းဖြစ်သည်၊

နီမောင်တို့ရောက်သွားတော့. . ကျင်စာရီတို့အဖွဲ့ကို တည်းခိုဆောင်တစ်ခု၌ စောင့်နေသည်ကို အဆင်သင့်တွေ့ရသည်။

"ကဲ. . ပစ္စည်းတွေ ပြင်ကြပေတော့"

ရောက်သည်နှင့် ကျင်စာရီကပြောသဖြင့် ပစ္စည်းထုပ်များကို ခြင်းတောင်းများ၊ အထုပ်များဖြင့်ထည့်ကာ မည်သို့မည်





…ာမ်းကြမည်ကို ပြင်ကြလေသည်။ ပစ္စည်းထည့်သော ခြင်း…ာင်းကြီးများမှာ ပခုံးနှစ်ဘက်နှင့်လည်း ချိတ်လွယ်၊ နဖူးမှာ…ည်း သိုင်းကြိုးဖြင့်သိုင်းယူ၍ရသော ခြင်းတောင်းမျိုးဖြစ်သည်။ …ျိုက်ထီးရိုးတောင်တက်လမ်းတွင် အထမ်းသမားများ အသုံး…ုသော ခြင်းတောင်းမျိုးဖြစ်သည်)

ယိုးဒယားဘက်မှယူလာသော ပစ္စည်းများမှာ ပေါ့သဖြင့် …င်းတောင်းများဖြင့် သယ်ရသည်က အဆင်ပြေသည်။ ထား…ယ်ဘက်မှယူဆောင်လာသော ဆန်၊ ဆီ၊ ပဲစသောပစ္စည်းများ…ိုမခံသည့်အပြင် အလေးချိန်စီးသဖြင့် ခြင်းတောင်းဖြင့် အ…င်မပြေပေ။ လေးထောင့်သံပုံးများထဲ ထည့်ပြီးမှ သိုင်းကြိုးများ…ကာ သယ်ယူကြရခြင်းဖြစ်သည်။ ကော်ပစ္စည်း၊ ပလပ်စတစ်…ည်းများကတော့ အထုပ်ကြီးသော်လည်း အလေးချိန် မစီး…ပေ။

အထမ်းလိုက်ကြသော အလုပ်သမားများမှာ ယောက်ျား…းချည်းမဟုတ်ပဲ မိန်းမများလည်းပါသည်။ မိုးရာသီအခြား…လုပ်မရှိသဖြင့် ဝင်ငွေရစေရန် အထမ်းလိုက်ကြခြင်းဖြစ်သည်။

အများအားဖြင့်တော့ အသက်(၃၀)ကျော်အရွယ် အိမ်…ာင်ရှိပြီးသူကများသည်။ အသက် (၁၈)နှစ်၊ (၁၉)နှစ်၊ (၂၀)…ျော်အရွယ် အပျိုအရွယ်များလည်းပါသည်။

သို့သော်လည်း နည်းသည်။

ထိုလမ်းခရီးမျိုးမှာ အထမ်းလိုက်ရသည်မှာ အမျိုးသမီး…းအတွက် မလွယ်ပေ။ ဆူးကြားထဲ လျှောက်ရသကဲ့သို့ပင် …နှရာယ်များလှသည်။ ပွဲစားများ၊ အထမ်းလိုက်သူများ၊ သောင်း

ကျွန်းသူများထဲတွင် စားနေကျကြောင်ဖားများ ပါကြသည်။ အ
အရွယ်ကလေးများပါလာလျှင် ရသည့်နည်းဖြင့် ဖြားယောင်း
သွေးဆောင်ပြီး ဖျက်ဆီးလေ့ရှိကြသည်။

ထိုမိန်းကလေးကို အတည်တကျယူဖို့တော့ စိတ်
မရှိပေ။ သွားလိုက်လာခိုက် လမ်းခရီးမှာ အခွင့်အရေးရလျှင်
လို ယူသွားကြခြင်းဖြစ်သည်။

သူတို့အပြစ်ချည်းတော့လည်း မဆိုသာပေ။

အထမ်းလိုက်ကြသည့် အမျိုးသမီးများထဲမှာလည်း
ကောင်းတဲ့အထမ်းလိုက်ကြသည့် အမျိုးသမီးများပါသလို
ကောင်းတဲ့အမျိုးသမီးအချို့လည်း ပါလေသည်။

ရှေ့အခန်းများ၌ ရေးသားဖော်ပြပေးခဲ့သည့် 'မိနေ
ကဲ့သို့သော အမျိုးသမီးများလည်း ထိုလောက၌ ရှိနေကြသည်
သောင်းကျန်းသူများနှင့်တွေ့၍ ခေါ်သွားလျှင်လည်း အပြုံး
ပျက် နေပေးနိုင်သည်။ ကုန်သည်ပွဲစားများက အခွင့်အရေး
လျှင်လည်း သူမအဖို့ မထူးဆန်းပေ။

တစ်ခါတရံ ခရီးသွားလာနေရင်းနှင့် အနှောင့်အယှ
ဖြင့်တွေ့လျှင်လည်း ပွင့်ပွင့်လင်းလင်းပင် မေးတတ်သည်။

"နင်တို့ဘာလိုချင်တာလဲ၊ ငွေလိုချင်တာလား၊ လူလိုခ
တာလား၊ ငွေကတော့ ကုန်ပစ္စည်းတွေဝယ်လာလို့ မကျန်တော
ဘူး၊ လူလိုချင်ရင်တော့ ကြိုက်တဲ့လူသာ ခေါ်ထားလိုက်၊ ငါတို့
တော့ အနှောင့်အယှက်မပေးနဲ့"

ဟု ပွင့်ပွင့်လင်းလင်း မေးဝံ့ပြောဝံ့သူမျိုးဖြစ်သည်၊
မှောင်ခိုသမားများ အသွားအပြန် လုပ်နေကြသေ





မ်းတလျှောက်မှာတော့ မိနော်လို ဘဝနှင့်ရင်းပြီးသွားလာနေ
ကြသူတွေရှိကြလေသည်။ နီမောင်တို့ရောက်သွားပြီး ပစ္စည်းများ
ဆောင်သင့် ထုပ်ပိုးပေးပြီးသောအခါ ကျင်စာရီကပြောသည်။

"နောက်နာရီဝက်လောက်ကြာရင် သွားကြမယ်၊ နင်တို့
ဆာပြေတစ်ခုခု စားချင်သွားစားကြ"

ဟုခွင့်ပေးသဖြင့် လေးယောက်သား ဈေးတန်းဘက်သို့
ထွက်လာကြသည်။

"ဒီအမျိုးသမီးက မင်းနဲ့သိလို့လား နီမောင်"

"မသိပါဘူး . . တစ်ခါတော့ ရွာလူကြီးအိမ်မှာတွေ့ဖူး
တယ်"

"မသိဘဲနဲ့ ဘယ်သူပို့လိုက်တာလဲ"

"သူဘာသာရောက်လာပြီး ငှားတာပဲ"

"ပွဲဆိပ်ကုန်းဘက်မှာ အထမ်းလိုက်ချင်လို့လာစောင့်
နေတဲ့လူတွေတောင် ရှိတာပဲ၊ တကူးတကမင်းဆီရောက်လာပြီး
ငှားတာကတော့ အံ့ဩစရာပဲ"

"ငှားတော့လည်း အလုပ်ရတာပေါ့ကွာ"

ဟု ပြန်ပြောလိုက်သည်။ စောထီးနှင့်ငမဲအောင်တို့ နှစ်
ယောက်ကတော့ အံ့ဩနေကြဟန် ရှိနေကြသည်။

ပွဲဆိပ်ကုန်းဘက်တွင် နတ်အိမ်တောင်ဘက်မှ ပစ္စည်း
ရောင်းဝယ်ပြီး ပြန်လာကြသူများလည်း တွေ့ရသည်၊ နတ်အိမ်
တောင်မှာ ပွဲဆိပ်ကုန်းကဲ့သို့ မှောင်ခိုပစ္စည်းများ အရောင်းအ
ဝယ်ပြုလုပ်သော နေရာဖြစ်သည်။

နတ်အိမ်တောင်မှာလည်း စည်ကားသော နေရာကြီး

တစ်ခုဖြစ်သည်။ နီမောင်တို့လည်း ဈေးတန်းဘက်တွင် မီး
ဖယောင်းတိုင်ထုပ်၊ ငန်းဆေးစသော တိုလီမိုလီများ ဝယ်
ပြန်လာတော့ ခရီးထွက်ရန် အဆင်သင့် ဖြစ်နေကြပေပြီ။

ကျောင်းစာရီတို့အဖွဲ့က အမျိုးသမီးနှစ်ယောက်၊ အ
သားသုံးယောက်၊ နီမောင်တို့က လေးယောက်ဆိုတော့ သူတို့
ဖွဲ့မှာ (၉)ယောက်ဖြစ်သွားသည်။

ကျောင်းစာရီ အဖော်ခေါ်ထားသော . . မေဘီဆို
ကောင်မလေးက (၁၉)နှစ် (၂၀)အရွယ်လောက် ရှိပေဦးမ
ရုပ်ရည်ကလေးကလည်း အသင့်အတင့်ရှိသည်။ နီမောင်
ရင်မောင်နှင့် ရွယ်တူဖြစ်သဖြင့် တွေ့ကတည်းက တစ်ယော
တစ်ယောက် တကြည့်ကြည့်လုပ်နေကြသည်။

လူငယ်သဘာဝဆိုတော့လည်း အပြစ်မဆိုသာပေ။
မောင် ဆိုလျှင် ယခင်လိုက်သောအခေါက်များနှင့် မတူဘဲ တ
တက်ကြွကြွဖြစ်နေဟန်ရှိသည်။ သီချင်းလေးတညီးညီးနှင့်
နေသောကြောင့် ကျန်သုံးယောက်က သဘောပေါက်ကြ
သည်။

နံနက်ပိုင်းအချိန်ရောက်တော့ ခရီးစထွက်ကြ
သည်။ ယောကျ်ားခုနစ်ယောက်က အထုပ်အပိုင်းများကို
ပါကြပြီး မိန်းကလေးနှစ်ယောက်ကတော့ ကျောပိုးအိတ်
လုံးစီသာ ပါကြသည်။

နှစ်ယောက်စလုံး ဘောင်းဘီရှည်၊ အကျီလက်ရှည်
ကိုဝတ်ထားပြီး ဦးထုပ်အဝိုင်းကြီးများဆောင်းထားရာ ရှ
တရက်ကြည့်လျှင်တော့ ယောကျ်ားလေးများဟုပင် ထင်ရ





သည်။ ထိုလမ်းတွင် နယ်ခြားစစ်ဆေးရေးဂိတ်ရှိသည်။ ယိုးဒ
ားပုလိပ်များ စောင့်ကြသည်။

ထိုဂိတ်ရောက်တော့ ဦးဝမ်းလုံက ယိုးဒယားဘာသာ
ကားဖြင့်ပြောဆိုသောအခါ ပစ္စည်းများကိုပင် မစစ်ဆေးတော့
ဲ သွားခွင့်ပေးလိုက်လေသည်။

ရှေ့မှာတော့ ခရီးကြမ်းများချည်း ဖြစ်တော့သည်။
တာထဲ၌သော်လည်းကောင်း၊ တောင်များပေါ်၌လည်းကောင်း
ုသွားလမ်းကလေးများရှိသည်။ အစဉ်သဖြင့် သွားလာနေ
သာလမ်းများတော့ မဟုတ်ပေ။ နေ့လည်ဘက်ရောက်တော့
ချောင်းစပ်တစ်ခုသို့ ရောက်သွားကြသည်။ သူတို့ရောက်သွား
သာနေရာတွင် တစ်ဘက်သို့ ကူးစရာတံတားမရှိပေ။ အများ
ားဖြင့်တော့ ချောင်းကိုကူးသူများမှာ ယာယီတံတားများ ပြု
ုပ်ကာ ကူးကြသောကြောင့် တံတားမရှိခြင်းဖြစ်လေသည်။

ထိုနေရာရောက်တော့ နားပြီး အသင့်ပါလာသော အ
ားအသောက်များကို စားသောက်ရင်းနားကြသည်။ စားရင်း
သောက်ရင်းနှင့်ပင် ကျောင်းစာရီကမေးသည်။

"နင့်နာမည်က နီမောင်နော်"

နီမောင်က ခေါင်းညိတ်ပြလိုက်ပြီး ကျန်သုံးယောက်
ာမည်တို့ကိုပါ ပြောပြလိုက်သည်။

"ငါ့နာမည်သိသလား"

ခေါင်းခါပြလိုက်သည်။

"ငါ့နာမည်က ကျောင်းစာရီလို့ခေါ်တယ်"

ထိုသို့ပြောပြီး သူမနှင့်အတူပါလာသော မေဘီ၊ ဦးဝမ်း

လုံး ဖာခေါင်နှင့် စရွန်စသော နာမည်များပါ ပြောပြသည်၊

"နင် ဒီလမ်းတွေသွားဖူးတယ်မဟုတ်လား"

"သွားဖူးပါတယ်"

"ငါ နင့်ကိုတစ်ခုမေးစရာရှိတယ်၊ ဒီတောထဲမှာ ဘုရား ပျက်ကြီးရှိတဲ့နေရာကို နင်သိသလား"

"တောထဲမှာတော့ ဘုရားပြိုဘုရားပျက်တွေ အများကြီး ရှိတယ်"

"ငါပြောတာ ရွှေပုရပိုဒ်တော် ဘုရားကိုပြောတာ"

"တစ်ခေါက်မှတော့ မရောက်ဖူးသေးဘူး၊ တောနက်ထဲ မှာရှိတယ်ဆိုတာလောက်ပဲ သိတယ်"

ကျင်စာရီက ကျေနပ်သောအမူအယာဖြင့် ခေါင်းတ ချက်ညိတ်ပြလိုက်သည်။

"အမြန်ကျရင် အဲဒီဘုရားပျက်ကြီးရှိတဲ့နေရာကို ငါသွား ချင်တယ်၊ နင်လိုက်ပြပေးပါ"

နီမောင်လည်း ခေါင်းညိတ်ပြရုံသာ ပြလိုက်လေသည် ထိုနေရာတွင် အတန်ကြာအောင် နားနေကြပြီးနောက်မှ ဝါးလုံး များကို နုတ်ယူပြီး တံတားထိုးကာ တစ်ဘက်ကမ်းရောက်အောင် ကူးကြရသည်။

ချောင်းကအတော်ကျယ်သဖြင့် ရေစီးကသန်သည် သို့ကြောင့် သတိကြီးစွာထားပြီး ကူးကြရသည်။ လူလွတ်တော့ အတော်ပင်ထိန်းကူးနေကြရာ အထုပ်အပိုးများဖြင့် ကူးရသူ ကတော့ မလွယ်လှပေ။

သို့သော် အထိအခိုက်အပျက်အစီးမရှိအောင် ကူးသွား





နိုင်ကြသည်။ ထိုနေရာမှ ခရီးဆက်လာကြရာ လမ်းတစ်လျှောက် လုံးမှာတော့ အနှောင့်အယှက်များနှင့် မတွေ့ခဲ့ကြရပေ။

ညနေပိုင်းအချိန်ရောက်တော့မှ ထားဝယ်ဘက်မှလာ သော အဖွဲ့တစ်ဖွဲ့နှင့် လမ်းမှာဆုံတွေ့ကြသည်။ ၎င်းတို့ကြည့် ရသည်မှာ အန္တရာယ်တစ်ခုခုနှင့် တွေ့ခဲ့ကြပုံရသည်။

"ခင်ဗျားတို့ ဟိုဘက်သွားမှာလား"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"ဟိုရှေ့က တောင်ကြားလမ်းမှာ သောင်းကျန်းသူတွေ ရှိနေတယ်၊ ငွေနဲ့စားသောက်စရာတွေ ယူနေကြတယ်"

ဟုပြောသည်။

ထို့ကြောင့် နီမောင်တို့လည်း ရပ်တံ့သွားကြလေသည်။

"ဒီအတိုင်းသွားရင်တော့ သူတို့နဲ့တွေ့မှာပဲ၊ သွားမယ် ဆိုရင်လည်း တခြားလမ်းကသာ ပြောင်းသွားပေတော့"

ဟုပြောဆိုပြီး ရှေ့ဆက်သွားကြလေသည်။

ထိုအခါမှ နေရာမှရပ်ပြီး တိုင်ပင်ကြရလေသည်။

"ဘယ်လိုလုပ်မလဲ"

ကျင်စာရီက စိုးရိမ်သောအသံဖြင့် မေးလိုက်သည်။ ဒီခရီးမှာသူက ခေါင်းဆောင်ဖြစ်သော်လည်း လမ်းခရီးမှာတော့ နီမောင်က ဦးဆောင်လမ်းပြပြီး သွားနေခြင်းဖြစ်သည်။

လမ်းခရီးမှာ တစ်စုံတစ်ခုဖြစ်ခဲ့ပါက သူ့အပေါ်မှာ တာ ဝန်ကျလာပေလိမ့်မည်။

"တခြားလမ်းက ပြောင်းသွားရမယ်၊ ဒီနေရာမှာစခန်းချ ရမယ့်နေရာ မရှိဘူး"

"နှင်သဘောကျသလိုသာ သွားပေတော့"

ဟုခွင့်ပေးသဖြင့် စောထီးနှင့်ငမဲအောင်တို့ကို တိုင်ပင်ပြီး လမ်းကြောင်းပြောင်းသွားရန် စီစဉ်ရလေသည်။

အချိန်ကမရှိတော့ပေ။

ညနေပိုင်းအချိန် ရောက်လာသည်ကတစ်ကြောင်း မိုးရိပ်များ ရှိနေသည်ကတစ်ကြောင်းကြောင့် အမှောင်ရိပ်များ သမ်းနေလေသည်။

နီမောင့်အနေဖြင့် ထိုလမ်းခရီးမှာ အစိမ်းသက်သက် တော့မဟုတ်ပေ။ အထမ်းမလိုက်လျှင်သော်မှ အမဲလိုက်လျှင် သော်လည်းကောင်း၊ ဆေးပင်များဝင်ရောက်ရှာဖွေလျှင်သော် လည်းကောင်း ရောက်ခဲ့ဖူးသော နေရာများပင်ဖြစ်၏။

သို့ကြောင့် အနောက်ဘက်သို့ ဦးတည်ကာ ခရီးဆက် လေသည်။ လူသွားလူလာမများသောလမ်းဘက်မှ သွားကြ သဖြင့် ခရီးတော့မတွင်ပေ။ အချို့နေရာများတွင် ဒီအတိုင်းသွား၍ရသော်လည်း အချို့နေရာများမှာတော့ ပိတ်ဆီးနေသော ချုံနွယ်ပိတ်ပေါင်းတို့ကို ခုတ်ထွင်ဖယ်ရှားပြီးမှ သွားလာ၍ရ သည်။ သူတို့အတွက်ကတော့ နေမဝင်ခင် စခန်းချရမည့်နေရာ တစ်ခု ရောက်ဖို့ပင်ဖြစ်လေသည်။

တစ်နေရာရောက်တော့ သူတို့သွားမည့် လမ်းနံဘေး တစ်နေရာတွင် ထိုင်နားနေကြသော လူနှစ်ယောက်ကိုလှမ်းမြင် ရသည်။

အဘိုးကြီးတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်တို့ပင် ဖြစ်ကြလေသည်။ သူတို့အနီးတွင် ပစ္စည်းထည့်သော အထုပ်အ





ပိုးများ၊ ခြင်းများ မတွေ့ရသဖြင့် အရောင်းအဝယ်သွားသူများ မဟုတ်မှန်းတော့ သိသာလေသည်။

အဘိုးကြီးက အသက်အရွယ်ကြီးပြီဖြစ်သော်လည်း အမျိုးသမီးကတော့ အသက်(၂၀)ကျော်လောက်သာ အရွယ်ရှိ သည်။ တောထဲမှာ နေထိုင်သူများကဲ့သို့ သာမန်အဝတ်အစား တို့ကို ဝတ်ဆင်ထားသော်လည်း ရုပ်ရည်ကတော့ ချောမောလေ သည်။ သူတို့အနားရောက်လာတော့ အမျိုးသမီးက နေရာမှ ထရပ်ပြီး မေးလေသည်။

"ဘယ်ဘက်က လာကြတာလဲရှင်"

"ကျွန်တော်တို့ ပန်းမရွာဘက်က လာကြတာပါ"

"အဲဒီဘက်မှာ ဘုရားထီးတော်တစ်ခုများ မတွေ့မိခဲ့ ဘူးလားရှင်"

ထိုသို့မေးသောအခါ ရုတ်တရက်မို့ နီမောင်မှာဘယ်လို ပြန်ပြောရမှန်းမသိအောင် ဖြစ်သွားလေသည်။ ထိုစကားကြောင့် ကျင်စာရီကပါ စိတ်ဝင်စားဟန်ဖြင့် အနားရောက်လာလေသည်။ သို့ကြောင့် နီမောင်က စကားလွှဲလိုက်သည်။

"ကျွန်တော်တို့တော့ မတွေ့ခဲ့ပါဘူး"

ထိုအခါ ကျင်စာရီက ဝင်မေးသည်။

"ဘယ်ဘုရားရဲ့ထီးတော်ကို မေးတာလဲဟင်"

"ဟိုဘက်ရွှေနားမှာ ဘုရားပျက်ကြီးတစ်ဆူရှိတယ်၊ ရွှေ ပုရပိုဒ်တော်စေတီလို့ခေါ်တယ်၊ အဲဒီစေတီက ထီးတော်ကြီး ပျောက်သွားလို့ပါ အစ်မရယ်၊ တွေ့ရင်ပြောကြစမ်းပါ. . "

"ဒါထက် နင့်နာမည်က ဘယ်သူလဲ၊ ဘယ်ရွာမှာ နေ

တာလဲဟင်"

"ကျွန်မနာမည်က မြလေးနွယ်လို့ခေါ်ပါတယ်၊ ဘုရားကုန်းနားရောက်တဲ့အခါ ဘယ်သူ့မေးမေးရပါတယ်"

ဟုပြောဆိုကာ. . တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ ထိုင်နေသော အဘိုးကြီးကနေရာမှ ထလားရင်းနှင့် ပြောသည်။

"ကျုပ်မြေးမလေးက စိတ်မနှံ့ရှာဘူး၊ လူတွေ့တာနဲ့ သူပြောချင်ရာ ပြောနေတော့တာပါပဲ"

"ဒါထက် ရှေ့မှာ ဘုရားပျက်ကြီးရှိတယ်ဆိုတာ ဟုတ်တကယ်ပဲလားအဘ"

အဘိုးကြီးက ခေါင်းညိတ်ပြသည်။

"ရှိပါတယ်၊ တည်းခိုဖို့ ဇရပ်ဟောင်းတစ်ခုလည်း ရှိတယ်၊ အချိန်ရှိတုန်းသွားကြ၊ သွားကြ"

ဟုပြောပြီး တောထဲသို့ ပြန်ဝင်သွားလေတော့သည်။ နီမောင်တို့လည်း သူညွှန်ပြသောနေရာဘက်သို့ ဆက်လျှောက်လာကြရာ အတန်ကြာသောအခါ ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဖုံးနေသော ဘုရားပျက်ကုန်းတစ်ခုရှိရာသို့ ရောက်သွားကြလေတော့သည်။ နေဝင်သွားပြီဖြစ်သောကြောင့် တောထဲမှာ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုလာပေပြီ။

☺ အောင်မြင်စာပေ ☺



# အခန်း(၉)

# တောနက်ထဲမှဆန်းကြယ်သော ဘဝဆက်ရှိသူများ

ဘုရားပျက်ကုန်းရှိသောနေရာမှာ ကုန်းမြင့်တစ်နေရာ၌ပင်ဖြစ်သည်။ ပတ်ဝန်းကျင်မှာ သစ်ပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများစွာတို့ ရှိကြလေသည်။

မနီးမဝေးတစ်နေရာမှတော့ ကျောက်တောင်တန်းတစ်ခုရှိပြီး ဂူပေါက်အချို့လည်းရှိသည်။ စေတီတော်မှာ အုတ်ပုံဘဝရောက်နေချေပြီ။ ထီးတော်ကို ယူသွားသည့်အပြင် ဌာပနာများကို ဖောက်ယူထားကြသဖြင့် အုတ်ပုံဘဝသို့ရောက်နေလေပြီ။

☺ အောင်မြင်စာပေ ☺

အချို့က ဌာပနာထည့်ထားသော ရွှေငွေရတနာတို့ကို အလိုရှိသဖြင့် ဖောက်ထွင်းရှာဖွေကြသည်။ အချို့ကတော့ ဝေဒ်မင်း သိုဝှက်ထားသော ဂါထာမန္တရားများ ရေးမှတ်ထားသော ရွှေပုရပိုဒ်များ အလိုရှိသဖြင့် လာရောက် ရှာဖွေကြသောကြောင့် ယခုကဲ့သို့ ပြိုကျပျက်စီးနေပြီး အုတ်ပုံဘဝသို့ ရောက်နေရခြင်းပင်ဖြစ်သည်။

ထိုဘုရားပျက်ကြီးနှင့် မနီးမဝေးတွင် ဇရပ်တစ်ဆောင် ရှိသည်။ လေမိုးဒဏ်ကြောင့် ပြိုကျပျက်စီးနေချေပြီ။ နီမောင် တို့လည်း အချိန်မရှိတော့သဖြင့် ထိုဇရပ်ဟောင်းနေရာမှာပင် စခန်းချကြလေသည်။ အခြားသူများက စခန်းချရန် ပြင်ဆင် သူက ပြင်ဆင်၊ ထင်းခြောက်များစုပြီး မီးမွှေးသူကမီးမွှေး၊ အစားအသောက်စီစဉ်သူက စီစဉ်နေကြစဉ်မှာ ကျင်စာရီက လာ ခေါ်သဖြင့် နီမောင်လိုက်သွားရလေသည်။ နှစ်ယောက်သား စေတီပျက်ကြီးရှိသော ကုန်းနေရာဘက်သို့ လျှောက်လာကြ သည်။

နေဝင်ချိန်ရောက်နေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင် တစ်ဝိုက်မှာ အမှောင်ရိပ်များ သမ်းနေချေပြီ။

ကျင်စာရီက စေတီပျက်ကြီးပတ်ဝန်းကျင်ကို လိုက်လံ ကြည့်ရှုပြီးပြောသည်။

“ဒီနေရာ လာကြည့်ချင်နေတာ အတော်ကြာပြီ၊ အခု တော့လည်း သွားရင်းလာရင်းနဲ့ ရောက်လာတာပါလား”

နီမောင်ကတော့ ဘာမှပြန်မပြောပေ။

ကုန်းတော်တစ်ခုလုံး တူးဆွထားသောနေရာများကို





ဘ်မကောင်းစွာဖြင့် ကြည့်နေလေသည်။ တူးဆွရှာဖွေထား သာနေရာများမှာ ဖရဲသီးကိုကြွက်ဖောက်ထားသကဲ့သို့ပင် ဖြစ်နေရတော့သည်။

“နင်ရော ဘယ်လိုထင်သလဲ”

“ဘာကို မေးတာလဲ”

“ဒီနေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ ဘယ်လိုကြောင့်ထင်သလဲ”

“သူတို့က လာစေချင်လို့ ဖြစ်မှာပေါ့”

ထိုစကားကြောင့် ကျင်စာရီမှာ အံ့ဩသွားဟန်ရှိလေ သည်။

“သူတို့ဆိုတာ ဘယ်သူတွေကို ပြောတာလဲ”

“ဒီနေရာနဲ့ သက်ဆိုင်တဲ့လူတွေကို ပြောတာပါ”

“နင်ပြောတာ ငါသိပ်နားမလည်သေးဘူး၊ ဒီနေရာ ရောက်တော့ အဘိုးကြီးတစ်ယောက်နဲ့ အရူးမလေးတစ်ယောက် တွေ့ရသေးတယ်”

“ငါပြောတာက လူတွေကိုပြောတာမဟုတ်ပါဘူး၊ ပရ လောကသားတွေကို ပြောတာပါ”

“ပရလောကသားတွေ”

“ဟုတ်တယ်၊ ဒီလိုနေရာမျိုးမှာ လူတော့တွေ့ရမယ် မ ဟုတ်ဘူး၊ တွေ့ရင်လည်း လူမဖြစ်နိုင်ဘူး”

“ဒါဖြင့် စောစောကတွေ့တဲ့နှစ်ယောက်လည်း လူတွေ မဟုတ်နိုင်ဘူးပေါ့”

နီမောင်က ခေါင်းခါပြလိုက်သည်။

"နင်ကြည့်ရတာ ပရလောကသားတွေအကြောင်းကို အတော်ကလေးသိပုံရတယ်"

"ဒီလိုတော့ မဟုတ်ပါဘူး၊ တောထဲသွားလာနေတော့လည်း တွေ့တဲ့အခါတွေ့ရတာပဲရှိပါတယ်"

"ဒါထက် ငါတို့အခုတွေ့နေတဲ့ ဘုရားပျက်ကြီးက ရွှေပုရပိုဒ်တော်စေတီဆိုတာ သေချာတာပေါ့နော်"

"သူတို့ပြောမှတော့ ဟုတ်မှာပါ"

"ဒါထက် နင့်ကိုငါမေးစရာရှိတယ်၊ ရွှေပုရပိုဒ်စေတီက ဖြုတ်ယူသွားတဲ့ စိန်ဖူးတော်ကြီးအကြောင်း နင်ဘာတွေသိသလဲ"

"သိပ်တော့မသိပါဘူး၊ လူကြီးတွေ ပြောသံကြားဖူးရုံလောက်ပါ"

"နင်သိသလောက်ပဲ ပြောပြပေးပါ"

"စေတီတော်က စိန်ဖူးတော်ကြီးကို တစ်ဘက်ကမ်းက လူတွေဖြုတ်ပြီး ယူသွားကြတော့ မြစ်လယ်မှာတင် လှေနစ်ပြီး အားလုံးသေသွားကြတယ်ဆိုတာလောက်ပဲ သိပါတယ်"

ကျင်စာရီမှာ အလုပ်ရှင်ဖြစ်နေသောကြောင့် မပြောချင်သော်လည်း သိသမျှ ပြောပြပေးနေရခြင်းဖြစ်သည်။

နီမောင်မပြောချင်မှန်းသိတော့ ကျင်စာရီက ဆက်ပြောသည်။

"နင်ပြောတဲ့အတိုင်းပါပဲ၊ လှေနစ်ပြီး အားလုံးသေသွားကြတယ်၊ လှေနစ်တဲ့နေရာက တခြားနေရာမှာမဟုတ်ဘူး ပန်းမခဝဲထဲမှာပဲ၊ စိန်ဖူးတော်ကြီးကလည်း ပန်းမခဝဲအောက်မှာ





...ခုအထိရှိနေတုန်းပဲ"

နီမောင်ကတော့ ဘာမှပြန်မပြောဘဲ သူမပြောသမျှကို ...နားထောင်နေလေသည်။

"ဒီလောက်တန်ဖိုးရှိတဲ့ စိန်ဖူးတော်ကြီးရေအောက် ...ာက်နေတာကတော့ နှမြောစရာပဲ၊ ငါတို့ရှာကြည့်ချင်တယ်၊ ...အကူအညီပေးနိုင်မလား"

"ပြန်ရခဲ့ရင် ဘယ်လုပ်မလဲ"

"စေတီတစ်ဆူတည်ပြီး ပြန်လှူရမှာပေါ့"

ကျင်စာရီပြောသောစကားကိုတော့ စိတ်ထဲမှမယုံကြည် ...။

"ဝဲထဲကို ဘယ်သူမှမဆင်းဝံ့ဘူး"

"ဘာဖြစ်လို့လဲ"

"ရေအောက်မှာ အန္တရာယ်တွေသိပ်များတယ်၊ ငါလည်း ...ဆင်းဝံ့ဘူး"

ဟုပြောလိုက်သောအခါ ကျင်စာရီလည်း နောက်ထပ် ...ာမှမပြောတော့ပေ။

ထိုနေရာတွင် အချိန်အတော်ကြာအောင် လှည့်လည် ...ကြည့်ရှုပြီးမှ ဇရပ်ဘက်သို့ ပြန်လာကြလေသည်။ သူတို့ရောက် ...တော့ စားသောက်စရာများပင် အဆင်သင့်ဖြစ်နေသဖြင့် စား...သောက်ကြလေသည်။

စားသောက်ပြီးတော့ အိပ်သူကအိပ်၊ ကင်းစောင့်သူက ...ကင်းစောင့်ပေးကြရသည်။

ညဉ့်ဦးပိုင်းအချိန်မှာတော့ အခြားသူများကိုအိပ်စေပြီး

နီမောင်က ကင်းစောင့်ပေးလေသည်။ ဇရပ်နားတွင် မီးပုံကြီးများ ဖိုထားသောကြောင့် တောကောင်များ၏ အန္တရာယ်ကိုတော့ ... တန်အသင့် စိတ်ချရသည်။

ကျင်စာရီတို့အဖွဲ့တွင် သေနတ်အချို့ ပါလာကြသည်။ သေနတ်များကိုတော့ ကိုယ်နှင့်မကွာ ထားကြလေသည်။

နီမောင်လည်း မီးပုံနားမှာထိုင်ရင်း ကျင်စာရီပြောသော အကြောင်းများကို ပြန်လည်တွေးတောနေရင်းနှင့် ညဥ့်နက်ပိုင်း အချိန်ရောက်တော့ မှေးခနဲအိပ်ပျော်သွားသည်။ အမှတ်တမဲ့ သူကိုယ်တိုင်ပင် သတိမထားလိုက်မိပေ။

အတော်ကြာတော့ နားထဲမှာအသံအချို့ ကြားလာရ၍ ဖြင့် ဖျတ်ခနဲပြန်နိုးလာသည်။ သို့ကြောင့် မျက်စိဖွင့်ကြည့်လိုက် သည်။

ထိုအခါ မနီးမဝေးမှာ မီးရောင်များ မြင်နေရသည်။ မီးရောင်များဖြင့် ထူးဆန်းသောမြင်ကွင်းအချို့ကို မြင်တွေ့ရ သည်။ အခြားမဟုတ်ပေ။

ညနေပိုင်းအချိန်က စေတီပျက်ကြီးရှိနေသော နေရာ တွင် ဉာဏ်တော်အမြင့် (၁၈)တောင်ခန့်ရှိသော စေတီတော် ကြီးတစ်ဆူကို မီးရောင်အောက်မှာ လှမ်းမြင်ရခြင်းပင်ဖြစ်ပေ သည်။ စေတီတော်ကြီး ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း ဥဒေါင်း သွားလာနေကြသော လူအချို့လည်း ရှိနေကြသည်။

ရှေးခေတ်က ထားဝယ်ဘက်မှာ ဝတ်ဆင်လေ့ရှိသော အဝတ်အစားများ ဝတ်ဆင်ထားကြသည်။ ဆံထုံးများ ထုံးထား ပုံ၊ အဝတ်အစားများ ဝတ်ဆင်ထားပုံ၊ ပုတီး၊ နားဍောင်း၊ လည်





...တန်ဆာတို့ ဝတ်ဆင်အသုံးပြုထားပုံမှာလည်း ရှေးအခါက ...သုံးပြုသော အသုံးအဆောင်ပစ္စည်းများဖြစ်ကြောင်း သတိ ...ားမိလေသည်။

နီမောင်လည်း အံ့သြသောစိတ်ဖြင့် အခြားတွေတွေထူး ...း စဉ်းစားမနေတော့ဘဲ နေရာမှထကာ ထိုနေရာသို့ လျှောက် ...ွားလေသည်။

အခြားသူများကတော့ ဆူဆူညံညံအသံများကို ကြား ...ာန်မတူဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြဟန်ရှိပေသည်။ ...်နေရာရောက်တော့ သွားလာနေကြသော လူများက သူ့ကို ...ံသည်နှင့်ပင် ခင်မင်ရင်းနှီးပြီးသောအသွင်ဖြင့် နှုတ်ဆက်သွား ...ကြလေသည်။

စေတီတော်ကြီးမှာ ပလ္လင်ခုံအပေါ်မှာပင် (၁၈)တောင် ...ခန့် ဉာဏ်တော်ရှိပေသည်။ အပေါ်ပိုင်းတွင် ရွှေသားများဖြင့် ...ပ်လျှုထားသည်။ ထိပ်တွင်တင်လှူထားသော စိန်ဖူးတော်ကြီး ...ကတော့ အထူးခြားဆုံးဖြစ်လေသည်။

အောက်ဘက်မှာ ထွန်းထားသော မီးရောင်များကြောင့် ...ီးတော်၌ တပ်ဆင်ထားသော စိန်လုံးကြီးမှ အလင်းရောင်များ ...က ပတ်ဝန်းကျင်သို့ပင် ပြန့်နှံ့ရောက်ရှိနေလေသည်။ နီမောင်က ...ူးခြားသော မြင်ကွင်းကို တအံ့တသြရှိနေရာမှ လက်အုပ်ချီကာ ...စေတီတော်ကြီးကို ကန်တော့လိုက်လေသည်။ ဘုရားကန်တော့ ...ီးနေရာမှပြန်ထလိုက်တော့ နံဘေးနားမှာ ရပ်နေသော အမျိုး ...သမီးနှစ်ယောက်တို့ကို တွေ့ရလေသည်။ အခြားတော့ မဟုတ် ...ပေ။

ဝေမာရွာမှ ဒေါ်ငွေရုံနှင့်ရင်မေတို့ နှစ်ယောက်ပင် ဖြစ်သည်။ နှစ်ယောက်စလုံး အဝတ်အစားအသစ်များဖြင့် လှပစွာ ပြင်ဆင်ထားကြသည်။ သူတို့နှစ်ယောက်ကို မြင်စက စိတ်ထဲ၌ ဇဝေဇဝါ ဖြစ်သွားမိသေးသည်။ နောက်မှ ဆေးကြိုးပတ်မိသဖြင့် ဆရာကြီး ဦးဇန်ကောင်း ကုသပေးရသော မိန်းကလေးဖြစ်မှန်း သိသွားလေသည်။ သူတို့နှစ်ယောက်က နီမောင်ကို ပြုံးပြသဖြင့် သူကလည်း ပြန်ပြုံးပြလိုက်လေသည်။

"အစ်ကို ဘုရားလာဖူးတာလား"

ရင်မေဆိုသော မိန်းကလေးကမေးသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ ငါ့ညီမတို့လည်း ဘုရားလာဖူးကြတာလား"

"ဟုတ်တယ်၊ ဒီဘုရားက ရွာနဲ့မဝေးလှဘူး"

"မမျှော်လင့်ပဲ ပြန်တွေ့ကြရပြန်တယ်နော်"

"ဒီလိုပေါ့အစ်ကိုရယ်၊ ဘဝရေစက်ရှိကြတဲ့သူတွေဟာ ဘဝခြားနေရင်တောင် ဘယ်နေရာမဆို ပြန်တွေ့နိုင်ကြတာပဲ အစ်ကိုနဲ့ကျွန်မတို့က နီးနီးလေးရှိနေကြတာပဲ"

ထိုစကားကြားတော့ အံ့သြခြင်းတော့ မဖြစ်မိတော့ပေ၊ စိတ်ထဲမှာတော့ အားရှိလာသလို ဖြစ်သွားသည်။

အဘယ်ကြောင့်ဆိုသော်. . .

ဆေးကုသွားစဉ်က သူတို့ပြောလိုက်သည့် 'အရေးအကြောင်းကိစ္စရှိပါက အကူအညီပေးပါ့မယ်" ဟူသောစကားကို ပြန်သတိရမိသောကြောင့်ဖြစ်သည်။





"ငါ့ညီမပြောတာ မှန်ပါတယ်၊ နောက်လည်း အကူအညီရှိခဲ့ရင် အချိန်မရွေးသာလာခဲ့ပါ၊ တတ်နိုင်တာဆိုရင် ကူညီပေးပါ့မယ်"

"ကျွန်မတို့ကလည်း အစ်ကို့ကိုမြင်ကတည်းက ဆွေရင်းမျိုးရင်းလိုပဲ သဘောထားပါတယ်၊ တကယ်လို့ အစ်ကို့အနေနဲ့ အကြောင်းကိစ္စရှိတဲ့အခါလည်း ကျွန်မတို့ကိုသာခေါ် လိုက်ပါ"

"ကောင်းပါပြီ"

"ကျွန်မတို့ဘုရားဖူးလိုက်ဦးမယ်"

ဟုပြောဆိုနှုတ်ဆက်ကာ သူ့အနီးမှထွက်သွားကြလေတော့သည်။

ခဏကြာတော့ သွားလာနေကြသောလူများကြားမှာ ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး ဘုရားတစ်ပတ်ပတ်ကြည့်ရန် ဆုံးဖြတ်ပြီး ရှေ့ဆက်လျှောက်လာလေသည်၊ စေတီတော်ရှိသည့် ပလ္လင်ခုံပေါ်မှာတော့ ပန်းမျိုးစုံတို့ ထိုးစိုက်ထားသော ပန်းအိုးများတွေ့ရသည်။ ပန်းအိုးများထဲမှာ ထိုးစိုက်ထားသော ပန်းများမှာ တောပန်းတောင်ပန်းများ ဖြစ်သည်ဆိုသော်လည်း လတ်လတ်ဆတ်ဆတ် ခူးဆွတ်လာသဖြင့် မွှေးကြိုင်သင်းပျံ့နေလေသည်။

အချို့ပန်းအိုးများ၌ ရောင်စုံ၊ အမျိုးစုံ သစ်ခွတို့၏ ပန်းခိုင်တို့ကို ထိုးစိုက်ထားသည်။ ဆောင်းရာသီ၌သာပွင့်သော သဇင်ပန်းခိုင်များကိုပင် အချို့ပန်းအိုးများအတွင်း၌ တွေ့ရလေသည်။

ထို့ပြင် ပန်းတင်ခုံများပေါ် တွင် များစွာသော ဆီမီးခွက်

ဆီမီးတိုင်များ အစီအရီထွန်းထားသော ပတ်ဝန်းကျင်တစ်ခုလ
အလင်းရောင်များ ရနေလေသည်။

နီမောင်လည်း စေတီတော်တစ်ပတ်လည်လျှောက်လ
စဉ် တစ်နေရာရောက်တော့ ဘုရားရှိခိုးနေသည့် အမျိုးသမီး
တစ်ယောက်ကို ထပ်တွေ့ပြန်သဖြင့် မြင်ဖူးသည်အထင်နှ
ကြည့်လိုက်သောအခါ အခြားမဟုတ်ဘဲ ညနေပိုင်းကမှ တွေ့
သည့် စိတ်မနှံ့ရှာသည့် မြလေးနွယ်ဆိုသော မိန်းကလေးဖြစ်မှ
မှတ်မိသွားလေသည်။ ယခုတော့လည်း မြလေးနွယ်မှာ တ
တည်ငြိမ်ငြိမ်နှင့်ပင် ဘုရားကန်တော့နေလေသည်။

သူရပ်နေစဉ်မှာ မြလေးနွယ်က ဘုရားရှိခိုးခြင်းပြီးသွား
သဖြင့် နေရာမှထလာသည်။ သူ့ကိုမြင်တော့ မှတ်မိသွားဟန်ဖြ
ပြုံးပြလေသည်။

“ဘုရားလာဖူးတာလား”

“ဟုတ်ပါတယ်၊ အစ်ကိုတို့က ဟိုဇရပ်ပေါ်မှာပဲ စခန်း
ချနေကြတာလေ”

နီမောင်က သူတို့စခန်းချနေသောနေရာဘက်သို့ လ
ညွှန်းထိုးပြတော့ ခေါင်းညိတ်ပြသည်။ နီမောင်စိတ်ထဲမှာတေ
ယခုမြင်တွေ့နေရသော မြလေးနွယ်မှာ သာမန်အခြေအနေမျ
ပင်ရှိနေလေသည်။

သူ့အံ့သြနေသော အမူအယာဖြင့်ကြည့်ပြီး မြလေးနွ
က သဘောပေါက်သွားဟန်ရှိလေသည်။

“အစ်ကို့စိတ်ထဲမှာ ကျွန်မကို စိတ်မနှံ့တဲ့အမျိုးသမီး
တစ်ယောက်လို့ ထင်နေတာလား”





“မ. . မဟုတ်ပါဘူး”

“ညနေက တခြားလူတွေရှိနေလို့ ကျွန်မအဘိုးက တ
ပြောခဲ့တာပါ။ တကယ်တော့. . ကျွန်မက လူကောင်းတစ်
ယောက်ပါပဲ၊ နောက်တစ်ခါကြုံမှပဲ ကျွန်မနေတဲ့ရွာကို ခေါ်သွား
မယ်”

ဟုပြောသောအခါ စိတ်ထဲမှာ နည်းနည်းတော့ လန့်
သွားသည်။ သူ့အနေဖြင့် တောထဲတောင်ပေါ်သို့ မပြတ်သွား
လာနေခဲ့ရာ သိုက်ကုန်း၊ ကျွတ်ကုန်းများရှိရာသို့ မကြာခဏ
ရောက်ခဲ့ဖူးပေသည်။

ထိုနေရာများ၏ အခြေအနေကိုလည်း သိတန်သ
လောက် သိထားပြီးသားဖြစ်ပေသည်။

“ကျွန်မက အစ်ကိုနဲ့တွေ့ပြီး ပြောစရာလေးတွေရှိလို့
မှာလာစောင့်နေတာပါ”

“ဘာကိစ္စများရှိလို့လဲဟင်”

“တခြားတော့မဟုတ်ပါဘူး၊ ပန်းမခဝဲထဲရောက်နေတဲ့
ဦးတော်ကြီးအကြောင်းကို အစ်ကိုသိပြီးသား မဟုတ်လား၊
တစ်ခါတုန်းက အဖိုးက အစ်ကို့ကို ခေါ်ပြခဲ့တယ်လေ”

ထိုသို့ပြောတော့မှ အိပ်မက်ထဲမှာတွေ့ခဲ့ရသော ထီး
တော်ကြီးအကြောင်းကို ပြန်သတိရလေသည်။

“နောက်ပြီး ကျွန်မတို့အစ်မတစ်ယောက်၊ ရေထဲမှာ
ကျက်ကြီးကွင်းတွေမိနေတာကိုလည်း အစ်ကိုဖြုတ်ပေးခဲ့ရတယ်၊
သူ့နာမည်က နဒီလို့ခေါ်တယ်”

နဒီဆိုသော မိန်းကလေးမှာ ပန်းမခဝဲစပ်တွင် ပိုက်ကွင်း

ကြိုးပတ်မိနေသည့် မိန်းကလေးကိုပြောတာ ဖြစ်ပေလိမ့်မေ
ထိုစကားများကြားတော့ စိတ်ထဲမှာ သိပ်တော့မအံ့ဩတော့ပေ

"ဒါဖြင့် နဒီက မင်းတို့နဲ့ ဘဝအဆက်အနွယ်ရှိတ
တစ်ယောက်ပဲပေါ့"

"မှန်ပါတယ်၊ မကြာခင် သူတောင်ရောက်လာပါလိ
မယ်၊ ဒီနေရာမှာ ဆုံတွေ့နေရတဲ့ သူတွေကတော့ တစ်ဦးနဲ့
ဦးအဆက်အသွယ် ရှိကြတဲ့သူတွေချည်းပါပဲ၊ အစ်ကိုအပါအ
ပေါ့"

ဟု သိမ်မွေ့စွာ ပြုံးရင်းပြောလိုက်လေသည်။

"ကောင်းပါပြီ၊ အစ်ကိုလည်း မင်းတို့နဲ့တွေ့ရတာ ဝမ်း
သာပါတယ်၊ နောက်ကြုံကြိုက်တဲ့အခါမှ တွေ့ကြသေးတာပေ

ဟုပြောသောအခါ မြလေးနွယ်က ခေါင်းညိတ်ပြ
သည်။ နောက်တော့ နီမောင်လည်း အံ့ဩဖွယ်ရာမြင်ကွင်းမျ
ကို ကျောခိုင်းပြီး မိမိတို့စခန်းချနေသောနေရာသို့ ပြန်လျှော
လာလေသည်။

ခဏကြာတော့ မှေးခနဲအိပ်ပျော်နေရာမှ ပြန်နိုးလ
လေသည်။ နိုးလာလာချင်း ဘုရားပျက်ကုန်းရှိသောနေရာဘ
သို့ လှမ်းကြည့်လိုက်သည်။ ထိုနေရာဘက်တွင် မီးရောင်မျ
မရှိတော့ဘဲ မှောင်မည်းနေချေပြီ။ စောစောက ဖူးတွေ့ခဲ့ရသေ
ရွှေရောင်တဝင်းဝင်း၊ စိန်ရောင်တဝင်းဝင်း တောက်ပနေသေ
စေတီတော်ကြီးလည်း မရှိတော့ပေ။ ဥဒဟိုသွားလာနေကြသေ
လူများလည်း မတွေ့ရတော့ပေ။

ထိုနေရာတစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးနေချေ





ဘုရားပျက်ကုန်းမှာ မည်းမှောင်နေသော တောင်ကုန်းကြီးအ
ဖြစ်နှင့်သာ ရှိတော့သည်။

နီမောင်ကတော့ အမှောင်ဖုံးနေသော မြင်ကွင်းကို လှမ်း
ကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်လေသည်။ သူစိတ်ထဲမှာ
တော့ တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်အခြေအနေ
ကိုကြည့်ရင်း ဆန်းကြယ်သော အကြောင်းအရာတို့ကို တွေး
တောနေမိလေသည်။





# အခန်း(၁၀)

# မာယာကျောက်ကွင်းသို့ သက်ဆင်းမိခြင်း

ထားဝယ်နှင့် ယိုးဒယားနယ်စပ်သို့ အသွားအပြန် ကုန်ကူးနေကြသူတို့မှာ အသွားအပြန် မတူကြပေ။ ယိုးဒယားဘက်မှ ထားဝယ်ဘက်သွားလျှင် သယ်ယူသွားသော ကုန်ပစ္စည်းက ယိုးဒယားကုန်ပစ္စည်းများဖြစ်သည်။ ထားဝယ်ဘက်မှ နယ်စပ်ဘက်သွားလျှင်တော့ ဒီဘက်မှထွက်သော ကုန်ပစ္စည်းများ သယ်ဆောင်သွားကြလေသည်။

ယခုနီမောင်တို့လည်း သယ်ယူသွားသော ကုန်ပစ္စည်း

များကို ထားဝယ်ဘက်မှ မှောင်ခိုကုန်သည်များထံ ရောင်းချ အပြန်မှာတော့ ထိုဘက်မှပစ္စည်းများကို ပြန်လည်သယ်ဆော ကြရန် ပြင်ဆင်လေသည်။ အသွားကုန်၊ အပြန်ကုန်သဘော မျိုးဖြစ်သည်။ အလုပ်သမားငှားရမ်းသည့်အခါ တစ်ခေါက်စ လုပ်အားခပေးရသည်။ အသွားအပြန် ကုန်ပစ္စည်းပါမှ တွက်ခြေ ကိုက်သည်။ မဟုတ်ပါက မကိုက်ပေ။

ထားဝယ်ဘက်မှ ပြန်လည်သယ်ယူသော ပစ္စည်းများ ဆန်၊ ကောက်ညှင်း၊ ပဲမျိုးစုံ၊ ငရုတ်သီး၊ ဆီ၊ ရာဘာ၊ ကြက်ပေ စေး၊ ကွမ်းရွက်၊ ကွမ်းသီး၊ ဆေးရွက်ကြီး၊ ဆေးခြောက်နှင့် ဘိ စသည်တို့ပင်ဖြစ်သည်။

ထိုပစ္စည်းများမှာ အချို့ရေစိုခံသော်လည်း အတော်မျာ များကတော့ ရေစိုမခံကြပေ။ မိုးရေထိသည်နှင့် ပျက်စီးနိုင်သော ကုန်ပစ္စည်းများပင် ဖြစ်ပေသည်။

သို့ကြောင့် ပလတ်စတစ်မိုးကာစများ လုံခြုံအောင် ထု ပိုးပြင်ဆင်ရသည်။ အချို့လေးထောင့်သံပုံးများဖြင့် ထည့်သ အပြင် အပေါ်မှ မိုးကာစများဖြင့် ထပ်ထုပ်ရသည်။ သံပုံးများ လည်း သိုင်းကြိုးများ၊ ခေါင်းကြိုးများ တပ်ဆင်ကာ ခြင်းတောင်း များသယ်ယူသကဲ့သို့ သယ်ယူရလေသည်။

နဖူးနေရာတွင် ချိတ်မည့်နေရာမှာတော့ အုန်းဆံကြိုး ချည်မရသဖြင့် အဝတ်စများဖြင့် ပတ်ထားရသည်။ မဟုတ်ပါက နဖူးပွန်းသဖြင့် မခံနိုင်ပေ။ ထိုလမ်းခရီးကို သွားလာနေကျဖြစ် လျှင် ပိဿာချိန်(၂၀)လောက်တော့ သယ်ယူနိုင်ကြသည်။

ယောက်ျား၊ မိန်းမမရွေး ထိုအလေးချိန်လောက်မှ





ယ်နိုင်ပါက အလုပ်မဖြစ်တော့ပေ။ အလေ့အကျင့်ရပြီး သွား ကျယောက်ျားကြီးများကတော့ ပိဿာချိန်(၂၅)ပိဿာ၊ အ န်(၃၀)လောက်အထိ သယ်ယူသွားနိုင်ကြလေသည်။

နီမောင်တို့အဖွဲ့သည် ၎င်းတို့သယ်ဆောင်သောပစ္စည်း ားကိုပုံးများ၊ ခြင်းများ၊ အထုပ်များဖြင့်ထုပ်ကာ ပြင်ဆင်နေ ကြလေသည်။

၎င်းတို့အဖွဲ့မှာ ပန်းမခရွာမှ ထွက်လာကြသည်မှာ (၅) က်ခန့် ကြာနေပေပြီ။ ထိုရက်အတွင်းမှာတော့ ထူးခြားမှုတစ်ခု နေသည်ကို နီမောင်သတိပြုမိသည်။ အခြားတော့ မဟုတ်ပေ။ ၏ညီဖြစ်သူ ရင်မောင်နှင့် ကျင်စာရီတို့အဖွဲ့မှာ ပါလာသော ခသီဆိုသော မိန်းကလေးတို့နှစ်ယောက်မှာ တပူးတွဲတွဲဖြစ် နကြခြင်းဖြစ်သည်။

သူတို့နှစ်ယောက်မှာ သက်တူရွယ်တူ ဖြစ်သည့်အပြင်၊ ပျို၊ လူပျိုအရွယ်များ ဖြစ်ကြသဖြင့် တစ်ဦးနှင့်တစ်ဦး စိတ်ဝင် းနေကြသည်ကတော့ မထူးဆန်းပေ။ ထူးဆန်းသည်ကတော့ ကဲ့သို့နေသည်ကို ကျင်စာရီတို့က ဟန့်တားပြောဆိုခြင်း မရှိ ခြင်းပင်ဖြစ်၏။ နီမောင်ကတော့ ညီဖြစ်သူကို တိုးတိုးတိတ်တိတ် သတိပေးရပေသည်။

"ရင်မောင် မင်းဟိုကောင်မလေးနဲ့ သိပ်ပြီးတပူးတွဲတွဲ နေနဲ့၊ လူကြီးတွေသိသွားရင် မကောင်းဘူး"

ရင်မောင်ကတော့ ခေါင်းညိတ်ပြရုံသာပြုသည်။

ပစ္စည်းများ ပြင်ဆင်ပြီးတော့ နောက်တစ်နေ့ နံနက် စောစောအချိန်မှာပင် ခရီးပြန်ထွက်ကြသည်။ အထွက်မှာ ပုလိပ်

များစောင့်သော ဂိတ်တစ်ခုရှိသဖြင့် ကျေနပ်အောင်ပေးလိုက်သောအခါ ပစ္စည်းများကိုပင် မစစ်ဆေးတော့ဘဲ သွားခွင့်ပေးလိုက်ကြသည်။

ယခုရက်ပိုင်းအတွင်းမှာ ပင်လယ်နှင့်နီးသော ထားဝယ်တစ်ဝိုက်တွင် မိုးတစ်ပြိုက်နှစ်ပြိုက် ရွာထားပြီးဖြစ်သောကြောင့် လမ်းများမှာ စိုစိုစွတ်စွတ်ဖြစ်နေသည်။ အချို့မြေသားလမ်းများမှာ ဗွက်ထနေလေသည်။

ရွာများမှထွက်လာပြီး မြေပြန့်ဘက်မှာသွားသော လမ်းများမှာ ရွံ့များဗွက်များ ချောနေသောကြောင့် ခရီးမတွင်လှပေ။ သတိဖြင့် လျှောက်ကြရသည်။ ကြံ့ခိုင်မှုမရှိသော ရင်မောင်တို့မှာ မကြာခဏဆိုသလို လဲနေကြသည်။

သို့သော် သယ်ယူလာသောပစ္စည်း ထိခိုက်အောင်တော့ မရှိပေ။ ရွာခြေများမှ တစ်မိုင်ခွဲခန့် သွားမိသောအခါ တောင်ကြောတစ်ခုပေါ်သို့ ရောက်သွားကြသည်။ ထိုတောင်ကုန်းပေါ်ရောက်တော့ ရွံ့ရေသိပ်မတွေ့ရတော့ပေ။ တောင်ကြောပေါ်ရောက်တော့ ပစ္စည်းများကိုချပြီး ခဏနားကြသည်။ အသင့်ပါလာသော အစားအသောက်အချို့ကို ဝမ်းပြည့်စေရန် ထပ်မံစားသောက်ကြသည်။

ခရီးစထွက်ရန် ပြင်ကတည်းက ဝမ်းပြည့်အောင်စားသောက်ခဲ့ကြသော်လည်း ခရီးတစ်ထောက်လောက် လျှောက်လိုက်သည်နှင့်ပင် ဝမ်းကပြန်ဟာသွားပြန်သည်။

လမ်းကြမ်းသည်ကတစ်ကြောင်း၊ လေးလံသောအထုပ်များကိုထမ်းပိုးပြီး လျှောက်ကြရသောကြောင့် ဘယ်လောက်အ





ဘာခံသော အစားအသောက်မျိုး စားသောက်သွားသည်ဖြစ်စေ ခရီးတစ်ထောက်ရောက်သည်နှင့် ဝမ်းဗိုက်က ပြန်ဟာသွားတတ်ပေသည်။ သို့ကြောင့်. . .

“ဒီလမ်းမျိုး သွားရလို့ကတော့ ကျောက်ခဲမြို့သွားရင်တောင် လမ်းမဆုံးဘူး၊ ဗိုက်ထဲမှာ ဘာမှကျန်တော့မှာ မဟုတ်ဘူး”

ဟု ပြောလေ့ရှိကြသည်။

လှေထိုးသမား၊ လွှတိုက်သမား၊ သစ်ပင်ခုတ်သည့်သူ၊ အထမ်းအပိုးနှင့် ခရီးကြမ်းသွားသူတို့မှာ ဘယ်လောက်စားစား ဝမ်းမပြည့်တတ်ကြသူများ ဖြစ်ကြလေသည်။

ထိုနေရာမှာ ခဏနားတော့ ကျင်စာရီကမေးသည်။

“နီမောင် ငါတို့ဘယ်လမ်းက သွားမလဲ”

“လမ်းအခြေအနေအရပေါ့. .၊ အဆင်ပြေတဲ့လမ်းက သွားကြတာပေါ့”

“ငါကတော့ အလာတုန်းက လမ်းကပြန်သွားတာ ပိုပြီးသဘောကျတယ်၊ ဘုရားပျက်ကြီးရှိတဲ့ နေရာရောက်တော့ ခရီးတစ်ထောက် ဝင်နားကြသေးတာပေါ့”

နီမောင်ကတော့ ခေါင်းညိတ်ပြရုံပြလိုက်သည်။

ထိုနေရာမှကျော်တော့ မြေသားလမ်း မဟုတ်တော့ဘဲ ကျောက်တောင်များပေါ်မှ ဖြတ်သွားကြရသည်။ အောက်မှ ကျောက်သားကျောက်ချွန်များကြောင့် ဖိနပ်မပါဘဲ လျှောက်၍ မရသော လမ်းမျိုးဖြစ်သည်။

တောင်ကြောပေါ်ရောက်တော့ သွားရလာရတာ ပိုပြီး

အဆင်ပြေလာသည်။ ယခင်လူတို့ သွားလာသော လူသွားလမ်းကလေးများ ဘေးတစ်ဖက်တစ်ချက်တွင် ဝါးတောကြီးများနှသည်။

ဝါးတောကြီးများမှာ သဘာဝအတိုင်း ရှိနေကြသောကြောင့် ပြည့်သိပ်လျက်ရှိနေကြသည်။ မိုးဦးရာသီရောက်တော့မည် ဖြစ်သဖြင့် ဝါးတောများထဲတွင် အစီအရီထွက်လာသော မျှစ်စို့ပေါက်တို့ကိုလည်း တွေ့ကြရသည်။

ထိုနေရာမှကျော်တော့ မြေပြန့်တစ်ခုသို့ ရောက်သည်။ ရွာငယ်ကလေးတစ်ရွာရှိပြီး တောင်ယာလယ်ကွင်းများမှာ စပါးစိုက်ရန် ပြင်ဆင်နေသူတို့ကို လှမ်းမြင်ရသည်။ ထိုအရပ်ဒေသတွင် စပါးစိုက်သည့်အခါ မြေဩဇာကောင်းလှသဖြင့် နွားဖြင့် ထယ်ဖြင့် ထွန်စရာမလိုဘဲ စူးထိုးပြီး စပါးစိုက်ကြသည်။

မိုးကျခင် မြေကွက်များကို မီးရှို့ကာ ရှင်းလင်းထားရာ မိုးတစ်ဖြိုက်နှစ်ဖြိုက်လောက် ရွာသည်နှင့် မြေသားက ပွတက်လာသည်။

ထိုအခါ ရှေ့မှတစ်ယောက်က ဝါးချွန်ဖြင့် စူးထိုးကာ ကျင်းဖော်ပေးသွားလျှင် နောက်မှတစ်ယောက်က ကျင်းထဲသို့ စပါးစေ့ထည့်ကာ မြေသားဖြင့် ပြန်ဖုံးခဲ့ကြသည်။ စူးထိုးသော ဝါးလုံးထိပ်တွင် ခြူကလေးများ တပ်ဆင်ထားသဖြင့် တစ်ချက်ထိုးလိုက်တိုင်း တချွင်ချွင်နှင့် ခြူသံထွက်ပေါ်လာသည်။ ကျေးလက်ဂီတသံတစ်ခုပင်ဖြစ်သည်။

တစ်ခါတလေ အကွက်ချင်းပြိုင်၍ စူးထိုးကြသည့်အခါ ခြူသံများအပြိုင်အဆိုင် ထွက်ပေါ်လာရာ သံစဉ်မညီသော ဂီတ





များသဖွယ် ဖြစ်နေပေတော့သည်။

မြစ်ဝကျွန်းပေါ် ဘက်၊ အညာဒေသဘက်မှာတော့ နွား ။ ကျွဲများကို ခြူဆွဲပေးထားရာ လှည်းမောင်းလျှင်၊ လယ်ယာ န်သောအခါ ခြူသံကြားရသည်။ တနင်္သာရီဘက်မှာတော့ ဖြင့် စူးထိုးသည့်အခါ ခြူသံကြားကြရသည်။ ခြူသံသည် သူတို့ တွက် လုပ်ငန်းခွင်ဝင်ကြသော သင်္ကေတပင်ဖြစ်သည်။

လမ်းတစ်နေရာရောက်တော့ ယိုးဒယားဘက်မှ ပစ္စည်း းသယ်လာကြသော အဖွဲ့တစ်ဖွဲ့နှင့် တွေ့ကြသည်။ ထိုသို့တွေ့ ည်နှင့် ရပ်တန့်ပြီး လမ်းခရီးအခြေအနေ၊ ကုန်ဈေးနှုန်း အခြေ နေများကို မေးမြန်းစုံစမ်းကြလေသည်။

ယိုးဒယားဘက်မှလာသော အဖွဲ့ကို ဦးဆောင်လာသူ မိနော်ဖြစ်သည်။

မိနော်သည် သူတို့ဖြတ်လာသော လမ်းအခြေအနေကို ပြောပြသည်။

"လမ်းမှာ ဓားပြအဖွဲ့တစ်ဖွဲ့ရှိတယ်လို့ သတင်းကြား ယ်၊ ဟိုကောင်တွေပဲ ရပ်ပြောင်းပြီး ဓားပြတိုက်နေတာဖြစ်မှာ ၊ သေနတ်က သူတို့ဆီမှာပဲရှိတာ"

"ဘယ်လမ်းမှာလဲ"

"လမ်းဟောင်းဘက်မှာလို့ပြောတယ်၊ ဒါကြောင့် ငါတို့ ခြားလမ်းက ရှောင်ပြီးလာခဲ့ကြတာ"

ဟု သတင်းပေးသည်။

ထိုသို့ပြောပြီး ကုန်ဈေးနှုန်းသတင်းများ မေးမြန်းစုံစမ်း း ဆက်သွားကြသည်။ နီမောင်တို့လည်း ရှေ့ဆက်ခဲ့ကြသော

သည်။

လမ်းတစ်နေရာရောက်တော့ တောင်နှစ်လုံးကြားမှ ေ
များ တသွင်သွင်စီးကျနေသော စမ်းချောင်းတစ်ခုကို ကျော်ဖြ
ရသည်။ တောင်ကျရေ မဆင်းသေးသောကြောင့် ရေကမမျ
လှသေး။ ကျောက်တုံးများပင် ပေါ်နေသေးသည်။

ထိုချောင်းရောက်တော့ ပစ္စည်းထုပ်များချပြီး မျက်န
သစ်ခြင်း၊ ခြေလက်ဆေးကြောခြင်းများ ပြုလုပ်ကြရသည်။ မေ
ပန်းလာသမျှ အေးမြသောရေနှင့် ထိတွေ့ရသောအခါ. . လန်
ဆန်းသွားကြသည်။

ထိုနေရာမှကျော်တော့ တောင်တက်လမ်းတစ်ခု
ကျော်ကြရသည်။ မတ်စောက်သောနေရာများရှိသဖြင့် ဂရုစို
ပြီး တက်ကြရသည်။ လမ်းတစ်နေရာရောက်တော့ ချောင်းတစ်
ကို တွေ့ရပြီး ကမ်းနှင့်မနီးမဝေးမှာ ဝါး၊ ဓနိတို့ဖြင့် ယာယီ
ထားသော တဲသုံးလေးလုံးတွေ့ရသည်။ ကုန်သည်များ စခန်း
တစ်ထောက်နားသော 'မိန်းမပန်းလမ်းတန်း'ဆိုသော စခန်းပ
ဖြစ်သည်။

ထိုနေရာရောက်တော့ စခန်းတစ်ထောက်နားကြသည်
သူတို့သည် လူမရှိသေးသော တဲတစ်လုံးတွင် ဝင်နားကြသည်
အခြားတဲများ၌ စခန်းချနေကြသော အဖွဲ့များရှိနေကြသည်
စခန်းချပြီးသောအခါမှာ နေ့လည်စာအတွက် ချက်ပြုတ်စ
သောက်ရန်အတွက် ပြင်ဆင်ကြလေသည်။

ထိုနေရာရောက်တော့လည်း ရင်မောင်နှင့်မေသီတို့ နှ
ယောက်မှာ တပူးတတွဲတွဲပင် ရှိနေကြသည်။





ထိုအခြေအနေကိုမြင်တော့ စောထီးနှင့်ငမဲအောင်တို့
ယောက်က နီမောင်ကို သတိပေးကြသည်။

"နီမောင် မင်းညီရင်မောင်ကိုလည်း ပြောထားဦးလေ၊
ကောင်မလေးအနားကကို မခွာတော့ဘူး"

"ယိုးဒယားဘက်ကလာတဲ့ မိန်းကလေးတွေက သိပ်ရဲ
င်းတယ်၊ တော်ကြာ မင်းညီ ပါသွားလိမ့်မယ်"

"ငါလည်း ပြောတာပဲ၊ သူလည်း လူပျိုလူရွယ်ဖြစ်နေပြီ
တော့ သူ့သဘောနဲ့သူ လုပ်နေတော့တာပဲ"

"ဒါထက် သူတို့နှစ်ယောက် ဒီလိုနေနေတာကို သူတို့
က်ကလူတွေက ဘာမှမပြောတာတော့ အံ့သြစရာပဲ"

"စောထီးကလည်းကွာ၊ ယိုးဒယားဘက်က မိန်းကလေး
ချို့က ယောကျ်ားတစ်ယောက်နဲ့ ဒီလိုနေတာ ထမင်းစားရေ
သာက်လောက်ပဲ သဘောထားကြတာ၊ ငါတို့အတွက်သာ အ
ကြီးနေကြတာ သူတို့ကတော့ သာမန်လောက်သာ သဘော
ားကြလို့ ဖြစ်မှာပေါ့"

ဟု အချင်းချင်းပြောဆိုကြလေသည်။

ထိုနေရာမှာ စားသောက်နားနေကြပြီး မွန်းလွဲပိုင်း
အချိန်ရောက်တော့ ခရီးဆက်ကြပြန်ရာ ညနေစောင်းအချိန်
ရောက်တော့ အလာတုန်းက သူတို့တည်းသွားခဲ့သည့် ဇရပ်ပျက်
ြီးရှိသောနေရာသို့ ပြန်ရောက်သွားကြလေသည်။ ထိုနေရာ
ရောက်တော့ မြလေးနွယ်ဆိုသော မိန်းကလေးနဲ့ ထပ်မံတွေ့ကြ
ပြန်သည်။

"ကျွန်မတို့ကိုးကွယ်တဲ့စေတီက ထီးတော်ကြီးကို သေ

တဲ့လူတွေ့က ဖြုတ်ယူသွားကြတယ်၊ တကယ်လို့ ရှာလို့တွေ့
ပြန်ယူလာပေးပါရှင်၊ ပြန်ယူလာပေးရင် ရွှေလိုချင် တင်းနဲ့
ပေးပါ့မယ်၊ ငွေလိုချင် တင်းနဲ့ချင်ပေးပါ့မယ်"

ဟု ပြောဆိုပြီး တောထဲသို့ ပြန်ဝင်သွားလေတော့သ
နီမောင်စိတ်ထဲမှာတော့ မြလေးနွယ်ကို ပြန်တွေ့ရသည်မှာ မ
ဆန်းသော်လည်း ကျန်လူများကတော့ အံ့ဩနေကြလေသ

ညအချိန်ရောက်တော့ ဇရပ်ပျက်ကြီးပေါ်မှာပင် စ
ချကြပြန်လေသည်။

ထိုအခါ စားရင်းသောက်ရင်းနှင့် ကျင်စာရီက
သည်။

"ဒီ မိန်းကလေးက အသွားတုန်းကလည်းတွေ့တ
အပြန်မှာလည်းတွေ့ရတယ်၊ တမင်များ လာစောင့်နေတာ
မသိဘူး"

နီမောင်ကတော့ ဘာမှမပြောပေ။

ကျင်စာရီက ဆက်ပြောလေသည်။

"ထီးတော်ကြီးအကြောင်းကိုလည်း သူအတော်က
သိနေပုံရတယ်၊ နောက်တစ်နေ့ မိုးလင်းရင်သူနေတဲ့နေရာ လိုက်
ရှာကြည့်ရရင် မကောင်းဘူးလား"

"လိုက်ရှာလည်း တွေ့ရမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူက လူမဟုတ်ပါဘူး၊ ပရလောကသားတစ်ယော
ပါ၊ ဒါကြောင့် သူတွေ့ချင်မှ တွေ့လို့ရမယ်၊ သူ မတွေ့ချင်ရင်
လိုက်ရှာရင်လည်း တွေ့ရမှာမဟုတ်ပါဘူး"





"နင်ဘယ်လိုသိတာလဲ"

"ငါတို့က ဒီတောထဲအမြဲသွားလာနေတော့ ဒါမျိုးတွေ
များကြီး တွေ့ဖူးကြုံဖူးတယ်၊ ဒါကြောင့် မြင်ရုံနဲ့သိနိုင်တာပါ"

"ဒါဖြင့် သူတို့နဲ့ အဆက်အသွယ်လုပ်ရင်ကော ရသ
း"

"ဘဝဆက်၊ ပဋ္ဌာန်းဆက်ရှိတဲ့သူတွေမှ ရတယ်၊ ဘာ
ကြောင့်ဆက်သွယ်ချင်တာလဲ"

"ထီးတော်ကြီးအကြောင်း သိချင်လို့ပါ၊ သူတို့ကိုမေး
ကြည့်ရင် သိနိုင်တာပေါ့၊ နင်ဆက်သွယ်ပေးနိုင်မလား"

နီမောင်က အတော်ကြာအောင် စဉ်းစားနေသည်။ ပြီးမှ
ပြောသည်။

"သူတို့နဲ့တွေ့ဖို့က လွယ်တော့မလွယ်လှဘူး၊ သူတို့တွေ့
ချင်မှ တွေ့ခွင့်ရတယ်"

"အခုတစ်ခေါက်မတွေ့ရလည်း နောက်တစ်ခေါက်
တွေ့ရမှာပေါ့၊ နင်သာငါတို့နဲ့ အမြဲလက်တွဲသွားရင်တော့ ဒီကိစ္စ
တွက အဆင်ပြေသွားမှာပါ"

ကျင်စာရီ အဓိပ္ပါယ်ပါသောစကားကို ပြောလေသည်။
ထိုနေ့ညမှာတော့ အနှောင့်အယှက်မတွေ့ကြရဘဲ ကောင်းစွာ
အိပ်စက်ကြရလေသည်။

ညဉ့်နက်ပိုင်းရောက်တော့ နီမောင်စိတ်ထဲမှာ အသွား
တစ်ခေါက်တွင် တွေ့ခဲ့ရသော ထူးခြားမှုများကို တွေ့ရဦးမလား
ဟု စောင့်ကြည့်သော်လည်း မတွေ့ရတော့ပေ။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့မှ အိပ်လေရာ မနက်

ပိုင်းအချိန်ရောက်တော့မှ ပြန်နိုးလာသည်။

ထိုအခါစောထီးနှင့် ငမဲအောင်တို့က အနားရောက်လာ ပြီး တိုးတိုးပြောသည်။

"နီမောင် မင်းညီရင်မောင်တော့ မရှိတော့ဘူး"

"ဘယ်ရောက်သွားလို့လဲ"

"ကောင်မလေးနဲ့များ ထွက်ပြေးကြပြီလားမသိဘူး မေသီလည်းမရှိတော့ဘူး"

နီမောင့်စိတ်ထဲမှာ စိုးရိမ်စိတ်ဝင်လာမိသဖြင့် ချက်ချင်း အိပ်ယာမှထလေသည်။

ထိုအခိုက်မှာပင် ဦးဝမ်းလုံက အနားရောက်လာပြီး ဒေါသသံဖြင့် ပြောသည်။

"မင်းညီက ငါ့သမီးကို ခိုးပြေးသွားပြီ"

"ဟင်. . မေသီက ခင်ဗျားသမီးလား"

"ဟုတ်တယ်၊ ချက်ချင်းလိုက်ရှာပေးပါ"

ဟု ပြောသဖြင့် နီမောင်တို့သုံးယောက်မှာ အနီးပတ်ဝန်း ကျင်တစ်ဝိုက်သို့ လိုက်လံရှာဖွေကြရလေသည်။

"မေသီက ဦးဝမ်းလုံဆိုတဲ့လူကြီးရဲ့သမီးဆိုပါလား၊ သား အဖသားဆိုတာ သူတို့နေပုံထိုင်ပုံကလည်း တစ်မျိုးပဲ"

ဟု ငမဲအောင်က မှတ်ချက်ချလေသည်။

နီမောင်ကတော့ ထိုအကြောင်းများကို တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ ရင်မောင်ကိုပြန်တွေ့ရန်သာ စိတ်စောနေ လေသည်။

သူတို့တည်းခိုနေသော ဇရပ်ပျက်ကြီးနှင့် မနီးမဝေးမှ





ရှာမှာရှိသော ဂူပေါက်တစ်ခုသို့ရောက်သောအခါ စကားပြောသံ သဲ့သဲ့ ငိုသံလိုလို အသံများကြားရသဖြင့် ထိုနေရာသို့သွားကြည့် ရာ ဂူထဲမှာ ရင်မောင်နှင့်မေသီတို့နှစ်ယောက်ကို ပြန်တွေ့ရလေ သည်။

မေသီကတော့ တရှုံ့ရှုံ့နှင့်ငိုနေလေသည်။

"ဘယ်လိုဖြစ်တာလဲ ရင်မောင်"

နီမောင်က လှမ်းမေးလိုက်တော့ ရင်မောင်က ဘာမှပြန် မပြောဘဲ ခေါင်းငုံ့ထားလေသည်။

"ကဲ. . ကဲ. . အခုမှတော့ မထူးတော့ဘူး၊ မင်းတို့ ဒီမှာ နေလို့လည်း ဖြစ်မှာမှမဟုတ်တာ၊ ပြန်လာခဲ့ကြ၊ ဟိုမှာလူကြီးတွေ စိတ်ပူနေပြီ"

ဟု ပြောဆိုချော့မော့ပြီး နှစ်ယောက်စလုံး စခန်းချရာသို့ ပြန်ခေါ်လာလေသည်။

ဇရပ်ပေါ်ပြန်ရောက်သောအခါ ဦးဝမ်းလုံက များစွာ ဒေါသဖြစ်နေသော အသံမျိုးဖြင့်မေးသည်။

"ဟဲ့. . . မေသီ ဘယ်လိုဖြစ်တာလဲ၊ မှန်မှန်ပြောစမ်း"

"-------"

မေသီက ဘာမှပြန်မပြောပဲ တရှုံ့ရှုံ့နှင့်ငိုနေလေသည်။

"နင် ငိုနေလို့ပြီးမှာလား၊ ငါမေးတာပြောစမ်း"

"သူ. . သူက. . ကျ. . ကျွန်မကို. . ဟို. . ဟို"

"တော်ပြီ. . တော်ပြီ၊ ဒီလောက်ဆို ငါသဘောပေါက်ပြီ၊ နင်ကအချိန်မတော်ကြီး သူခေါ်တဲ့နေရာ လိုက်သွားရအောင် နင်တို့ချင်းက ချစ်ကြိုက်နေကြတာလား"

ခေါင်းညိတ်ပြသည်။

ထိုအခါ ဦးဝမ်းလုံက အနားမှာရှိနေသော ရင်မောင်ကို မေးပြန်လေသည်။

"မင်းကရော ဘာပြောင်းချင်သေးသလဲ"

ရင်မောင်က ဘာမှပြန်မပြောပေ။

"သူတစ်ပါးသားပျိုသမီးပျိုကို ဖျက်ဆီးစော်ကားတာ ဆိုတာ အပြစ်ရှိတာပဲ၊ ငါ မင်းကိုဒီနေရာမှာတင် ပစ်သတ်ခဲ့လို့ တယ်"

ထိုအခါ နီမောင်က ဝင်ပြောရသည်။

"လူငယ်လူရွယ်အချင်းချင်း ချစ်ကြိုက်မိတော့မဖြစ်သင့် တာတွေဖြစ်သွားကြတာပါ၊ ကျွန်တော့်ညီရဲ့ကိုယ်စား ကျွန်တော် ကပဲ တောင်းပန်ပါတယ်"

ထိုသို့ပြောသောအခါ ဦးဝမ်းလုံက မျက်လုံးပြူးကြီးဖြင့် ကြည့်နေလေသည်။

"ခင်ဗျားတို့ဘက်က နစ်နာမှုအတွက် ကျွန်တော်တို့ ဘက်က ကြိုက်တာလုပ်ပေးပါ့မယ်"

ထိုစကားကြားတော့ ကျင်စာရီက ဝင်ပြောလေသည်။

"အဓကယ်တော့ ဒီကိစ္စမျိုးက မဖြစ်သင့်တဲ့ကိစ္စပဲ၊ ခင်း သွားဖော်ချင်းမို့ ယုံကြည်လို့ထားမိတာကို အခွင့်အရေးယူတာ သစ္စာဖောက်တာပဲ"

နီမောင် စိတ်ထဲမှာတော့ ဘဝင်မကျမှုကြောင့် တင်းမာ နေသည်။ သို့သော် ယခုအခြေအနေမှာတော့ သူတို့ဘက်က အပြစ်လုပ်မိထားသောကြောင့် မပြောသာတော့ပေ။





"ဒီအတွက် နင်ဘယ်လိုလုပ်ပေးမလဲ"

"နင်တို့ဘက်က စီစဉ်တာကိုပဲ လက်ခံပါ့မယ်"

"ဒီကိစ္စက မလွယ်ဘူး၊ ပွဲဆိပ်ကုန်းရောက်လို့ ပုလိပ်တွေ ကို တိုင်လိုက်ရင်တော့ နင့်ညီတော့ ဒုက္ခရောက်မှာ အသေအ ချာပဲ၊ ဒါပေမယ့် နင့်မျက်နှာကို ထောက်ထားပြီးတော့ ငါတို့ဘက် က ဒီလိုမရက်စက်ပါဘူး"

နီမောင်က ကျင်စာရီကို တစ်ချက်ကြည့်လိုက်သည်။

"သူတို့ချင်းလည်း မေတ္တာမျှနေကြတယ်၊ ဒီလိုအခြေအ နေမျိုးလည်း ရောက်ပြီးပြီဆိုမှတော့ ငါတို့ဘက်က လိုက်လျော ပေးတဲ့အနေနဲ့ သူတို့နှစ်ယောက်ကို လက်ထပ်ပေးပါ့မယ်"

ထိုစကားကြောင့် နီမောင်မှာ အကြီးအကျယ်တုံလှုပ် သွားလေသည်။ ဒီကိစ္စကို မိဘတွေသိသွားလျှင် ဘယ်လိုနေမ လဲ။ လောလောဆယ် သူ့အနေနှင့် ဘယ်လိုဆုံးဖြတ်ပေးရမလဲ။ မဝေခွဲနိုင်အောင် ဖြစ်သွားလေတော့သည်။ စိတ်ထဲမှာတော့ ထောင်ချောက်တစ်ခုအတွင်းသို့ ကျရောက်သွားသကဲ့သို့ ခံစား လိုက်ရလေသည်။

ပွဲဆိပ်ကုန်းပြန်ရောက်တော့ ထိုအကြောင်းကို မိဘများ ကိုအသိပေးရသည်။

ရင်မောင်ကိုယ်တိုင်ကလည်း မိန်းကလေးအပေါ်မှာ ဘကယ်နှစ်သက်နေပြီး ကျူးလွန်မိပါသည်ဟု ဝန်ခံထားသော ကြောင့် ဘာမှမတတ်နိုင်ကြတော့ပေ။

နီမောင်ကတော့ အတွေ့အကြုံနုနယ်သေးသော ညီဖြစ် သူကိုကြည့်ပြီး ရင်ထုမနာဖြစ်နေလေသည်။

နောက်တော့ ရင်မောင်နှင့်မေသီတို့နှစ်ယောက်ကို အကျဉ်းချုပ်ကာ လက်ထပ်ပြီးနောက် ရင်မောင်ကို ယိုးဒယားဘက်ကမ်းသို့ ခေါ်သွားကြလေတော့သည်။





# အခန်း(၁၁)

# ရွှေပုရပိုဒ်တော်မှ မှတ်တမ်းများ

ရင်မောင်တစ်ယောက် ဘုမသိဘမသိနှင့် ယိုးဒယားဘက်ပါသွားပြီး ရက်အတော်ကြာသည်အထိ နီမောင်ခမျာ ရင်ထဲမှာ မကောင်းပဲရှိနေလေသည်။

ထိုကဲ့သို့ဖြစ်ရခြင်းမှာ သူ့အပြစ်လည်း မကင်းပေ။ အစ်ကိုကြီးတစ်ယောက်အနေနဲ့ သေသေချာချာ မထိန်းသိမ်းပေးနိုင်သဖြင့် ထိုကဲ့သို့ ဖြစ်ခဲ့ရသည်ဟု ထင်မိသည်။

ရင်မောင်အနေဖြင့် အသက်(၂၀)ကျော်အရွယ် ရောက်

နေပြီဖြစ်သော်လည်း နုနယ်လှသေးသည်။

ပြောရလျှင်တော့ လူ့လောကထဲသို့ တိုးဝင်နိုင်လောက်သော အတွေ့အကြုံမျိုး မရှိသေးပေ။

ဘဝအတွက် ဘာမှပြင်ဆင်ထားမှု မရှိသေးသော ထိုအခြေအနေမျိုးမှာ ချက်ချင်းချစ်သူနဲ့တွေ့ ချက်ချင်းအိမ်ထောင်ကျကာ တခြားနေရာသို့ လိုက်ပါသွားရသည်ကတော့ ရင်လေးစရာပင် ဖြစ်တော့သည်။

သူတို့ဘဝ အခြေအနေကလည်း တစ်နေ့လုပ်မှ တစ်နေ့စားရသော အခြေအနေမျိုး ဖြစ်သဖြင့် ယိုးဒယားဘက်သို့ လိုက်သွားပြီး ရှာဖွေဖို့ရန်လည်း ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပြန်ပေ၊

သို့ကြောင့် စိတ်ထဲမှာ မတင်မကျနှင့် ဘဝင်မကျခြင်းများ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

ရင်မောင် ပါသွားပြီးကတည်းက နောက်ထပ် အထမ်းမလိုက်သေးပဲ အိမ်မှာပဲ နေလေသည်။

ရာသီဥတု သာယာလျှင်တော့ ပန်းမခဝဲရှိရာဘက်သို့ သွားကာ ကမ်းစပ်၌တစ်ယောက်တည်းထိုင်ကာ အတွေးကောင်းနေတတ်လေသည်။

ယခုလည်း ပန်းမခဝဲစပ်သို့ ရောက်နေလေသည်။

အချိန်က ညနေပိုင်းအချိန် ရောက်နေသော်လည်း မိုးလေကင်းစင်နေသဖြင့် ရာသီဥတုက သာယာနေသည်။

တောင်ကျရေများ ဆင်းမလာသေးသော်လည်း မဲကလောင်မြစ်ရေက တိုးစပြုနေလေပြီ။

ပန်းမခစေတီ၏ ပန်းတင်ခုံအထက် ပလ္လင်(၉)ဆင့်ရှိရာ





ပလ္လင်နှစ်ဆင့်လောက် ရေမြုတ်နေလေပြီ။

သို့ကြောင့် မြစ်ထဲမှာ ရေစီးကြမ်းလာသည်။

ရေနောက်စပြုလာပြီး ရေထဲမှာ သစ်ပင်၊ သစ်ချုံများ၊ အမှိုက်သရိုက်များ မျောပါလာကြလေပြီ။

ရေစီးကြမ်းလာပြီဖြစ်သဖြင့် မြစ်ထဲမှာ ငါးရှာသူများ မတွေ့ရတော့ပေ။

ရေစီးကြမ်းနှင့်အတူ အထက်ပိုင်းမှ မျောပါလာသော သစ်ပင်များ၊ သစ်ကျများ၊ ချုံများကြောင့် ပိုက်ချလျှင် ငြိပါသွားသည်။ ငါးမျှားချလျှင်လည်း ချိတ်ပါသွားကာ ကြိုးပြတ်သည်။

ငါးမရသည့်အပြင် ပိုက်ပါဆုံးရမည့် အခြေအနေမျိုးကြောင့် ငါးမဖမ်းကြတော့ခြင်း ဖြစ်သည်။

နွေရာသီနှင့် ဆောင်းရာသီတို့တွင် ငါးဖမ်းပြီး ဝမ်းရေးရှာသူများပင် ပိုက်များကိုသိမ်းပြီး တောထဲဝင်သည့်သူကဝင်၊ မှောင်ခိုသမားများထံမှာ အထမ်းလိုက်သူက လိုက်ကြလေသည်။

နီမောင်က ကမ်းစပ်မှာထိုင်ရင်း အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်နေသည်။

နေဝင်သွားပြီ ဖြစ်သော်လည်း လက်ကျန်ဆည်းဆာရောင်များက မြစ်ရေပြင်နှင့် အဝေးမှာမြင်နေရသော မြင်ကွင်းများပေါ်သို့ ဖြာကျနေသည်။

သို့သော်လည်း မည်သည့်နေရာကိုပင်ကြည့်ကြည့် မှိုင်းညို့နေလေသည်။

အရှေ့ဘက်တွင် မဲကလောင်မြစ်ကြီး ရှိသည်။

သစ်တောများရှိသည်။

မှုပျပျ မြင်နေရသော တောင်တန်းကြီးများ ရှိသည်။

မြစ်ချောင်းများ၊ တောများ၊ တောင်တန်းကြီးများကို ကျော်သွားလျှင်တော့ ယိုးဒယားနိုင်ငံ၏ မြို့ဟောင်းဖြစ်ခဲ့သော ဘန်ကောကင်မြို့များသို့ ရောက်နိုင်ပေသည်။

သို့သော် ခရီးက ဝေးကွာလှသည်။

ကျင်စာရီတို့နေသော နေရာမှာ ဘန်ကောက်မြို့ဟုသာ သိရသော်လည်း ဘယ်နေရာမှန်းတော့ မသိပေ။

မိဘဝေး၊ ဆွေမျိုးမိတ်သင်္ဂဟ တစ်ယောက်တစ်လေမှ မရှိပဲ သူစိမ်းများကြားမှာ မိန်းမတစ်ယောက်မျက်နှာတစ်ခွာ ထင်ပြီး လိုက်သွားရရှာသည့် ရင်မောင်အတွက်ကတော့ တွေးကြည့်ရုံနှင့်ပင် ရင်လေးစရာ ကောင်းလှသည်။

မတတ်နိုင်တော့ပါချေ။

နီမောင်က စကြာလည်နေသကဲ့သို့ လည်နေသော ပန်းမခဝဲရှိရာသို့ လှမ်းကြည့်နေသည်။

သူထိုင်နေသောနေရာမှာ စေတီတော် တည်ထားသော နေရာနှင့် မဝေးသော ကျောက်တန်းပေါ်၌ ဖြစ်သည်။

ပန်းမခဝဲက မှန်မှန်လည်နေရာမှ ကြမ်းသည့်အခါ ကြမ်းလာတတ်သည်။

ထိုအခါ အလယ်ခေါင်မှာ ကန်တော့ထိုးသကဲ့သို့ ဖြစ်ကာ အလယ်ခေါင်၌ အခေါင်းပေါက်ကြီး ဖြစ်သွားသည်။

ထိုအခါ ဝဲဟီးသံကို ကြားရသည်။

ဝဲဟီးသံက စုပ်ယူသောအချိန်မှာ ကြားရသော အသံက တစ်မျိုး၊ မှုတ်တင်လိုက်သည့်အခါမှာ ကြားရသော အသံကတစ်





မျိုး ဖြစ်သည်။

ဝဲလည်သောအခါ ကြားရသော အသံကြီးက ဟီးသံကဲ့သို့ ကြားကြရခြင်း ဖြစ်သည်။

ပန်းမခ ရွာသားများကတော့ ရေကြမ်းလာ၍ ဝဲဟီးသံ ကြားရလျှင် လူစားတော့မည်ဟု ထင်ကြလေသည်။

နီမောင်က ဝဲရှိသောနေရာဘက်သို့ ငေးကြည့်နေစဉ် နောက်ဘက်မှ လူတစ်ယောက် တက်လာသည်ကိုပင် သတိမပြု မိလိုက်ပေ။

နောက်ဘက်မှ ခြေသံလိုလို ကြားသဖြင့် လှည့်ကြည့် လိုက်တော့မှ မန်းမဝေးမှာ ရပ်နေသော အမျိုးသမီးတစ်ဦးကို တွေ့ရသည်။

သူမကို မြင်သည်နှင့် နီမောင်က မှတ်မိသည်။

အခြားသူ မဟုတ်ပေ။

ပိုက်ကြီးကွင်း ပတ်မိနေသဖြင့် သူကိုယ်တိုင် ဖြုတ်ပေး ခဲ့ရသော အမျိုးသမီးပင် ဖြစ်သည်။

နီမောင် လှည့်ကြည့်တော့ သူမက ပြုံးပြသည်။

"အစ်ကို တစ်ယောက်တည်းထိုင်နေတာ တွေ့တာနဲ့ . ကျွန်မ လာခဲ့တာ"

"ဘယ်နေရာမှာ နေတာလဲ"

"မဝေးပါဘူး၊ ဒီနားတင်ပါပဲ"

ထိုမိန်းကလေးမှာ ပန်းမခရွာမှ မဟုတ်သည်ကတော့ အသေအချာပင် ဖြစ်သည်။

ထိုအမျိုးသမီးက သူနှင့်မဝေးမှာ လာထိုင်သည်။

"မင်းကိုယ်ပေါ်က ကြုံးပတ်ခံရတဲ့ ဒဏ်ရာတွေ ပျောက်ကုန်ပြီလား"

"ပျောက်သွားပါပြီ၊ ကျွန်မကို အကူအညီ ပေးခဲ့တဲ့အတွက် အစ်ကို့ကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ ဒီလောက် ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ကြုံကြိုက်လို့ အကူအညီ ပေးရတာပဲ၊ ဒါထက်. . မင်းရဲ့နာမည်က ဘယ်လိုခေါ်သလဲ"

"နုဒီလို့ ခေါ်တယ်"

"ဟင်. . နုဒီ ဟုတ်လား"

သူမက ပြုံးပြီး ခေါင်းညိတ်ပြသည်။

နုဒီဆိုသောနာမည်ကို တောထဲရောက်စဉ်က တစ်ခါကြားခဲ့ရသေးသည်။

"ဒီနာမည်ကို ကြားဖူးသလိုပဲ"

"ကြားဖူးမှာပေါ့၊ ကျွန်မ ညီမတစ်ယောက်နဲ့ တွေ့ခဲ့လို့ သူပြောလိုက်တာ ဖြစ်မှာပေါ့၊ သူ့နာမည်က မြလေးနွယ် မဟုတ်လား"

ဒီတော့မှ သဘောပေါက်သွားလေသည်။

"ဟုတ်ပါတယ် သူပါပဲ၊ မင်းတို့ ညီမတွေနဲ့ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတာ၊ အံ့ဩစရာတော့ ကောင်းတယ်၊ မင်းတို့ဘဝတွေကို နည်းနည်းလောက် ပြောပြပေးပါလား"

"ကျွန်မတို့က ရွှေပုရပိုဒ်စေတီတော်နဲ့ အဆက်အနွယ်ရှိကြတဲ့ သူတွေပါပဲ၊ ပြောရရင်တော့ ရွှေပုရပိုဒ်စေတီတော်ကို စောင့်ရှောက်ပေးနေကြရတဲ့ သူတွေပါပဲ၊ မြလေးနွယ်က ဘုရား





ဒ်နားမှာ စောင့်ရှောက်ပေးနေကြရပြီး ကျွန်မတို့က ရေအောက်ရောက်နေတဲ့ ထီးတော်ကြီးကို. . မသမာသူတွေ မဖျက်ဆီးနိုင်အောင် စောင့်ရှောက်ပေးနေကြရတဲ့ သူတွေပါပဲ"

ထိုစကားကြားသောအခါ အံ့ဩခြင်းတော့ မဖြစ်မိတော့ပါ။ အဘယ်ကြောင့် ဆိုသော်. .

တွေ့မြင်စကတည်းက ထိုမိန်းကလေးများမှာ သာမန်မဟုတ်ကြကြောင်း သိတန်သလောက်သိပြီး ရိပ်မိတန်သရွေ့ ရိပ်မိသောကြောင့် ဖြစ်သည်။

"ဒါထက် စေတီတော်မှ မရှိတော့တာ၊ ဘာကို စောင့်ပေးနေကြရတာလဲ"

ထိုစကားကြောင့် နုဒီဆိုသော မိန်းကလေးက သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။

"အစ်ကိုတောထဲရောက်တုန်းက ညအချိန်ရောက်တော့ ရွှေပုရပိုဒ်စေတီတော်ကို ဖူးခဲ့ရတယ် မဟုတ်လား"

"ဟုတ်. . ဟုတ်တယ်. . အိပ်မက်လိုလိုနဲ့ ဖူးခဲ့ရတယ်၊ မြလေးနွယ်ကိုလည်း အဲဒီမှာတွေ့ခဲ့ရတာ"

"အစ်ကိုက အိပ်မက်လို့ထင်နေပေမယ့် အိပ်မက်မဟုတ်ပါဘူး၊ အဲဒီမှာ စောင့်ရှောက်ပေးနေရတဲ့ သူတွေက အစ်ကို့ကို ဖူးစေချင်လို့ ခေါ်ပြကြတာပါ"

ထိုစကားကြောင့် စိတ်ထဲမှာ ဝမ်းသာသလို ဖြစ်သွားမိလေသည်။

"မူလတည်ထားတဲ့ စေတီတော်ကြီး ပျက်သွားပေမယ့် ကျွန်မတို့ကိုးကွယ်တဲ့ စေတီတော့ ကျန်နေပါသေးတယ်၊ ဒါပေ

မယ့် ကျွန်ခဲ့တဲ့စေတီက စေတီပျောက် ဖြစ်နေလေတော့ ဖူးမြေ ထိုက်တဲ့လူမှ ဖူးတွေ့ရတယ်၊ မထိုက်ရင်တော့ ဘာမှတွေ့မြ မဟုတ်ဘူး"

"အံ့ဩစရာပါပဲ"

"လူ့ဘဝနဲ့တစပ်တည်း ရှိနေပေမယ့် ပရလောက ဘဝဆိုတာ ဆန်းကြယ်မှုတွေအများကြီး ရှိကြတယ်၊ ဘာကြော လည်းဆိုတော့ ကမ္မဇိတ္တိတန်ခိုးရှိကြလေတော့ ဖန်ဆင်းနိုင် စွမ်းအားတွေ ရှိနေကြတယ်၊ ဒီအချက်ကတော့ လူတွေနဲ့ ကွ တာပေါ့"

"စိတ်ဝင်စားဖို့ ကောင်းပါတယ်"

"ဘာများ စိတ်ဝင်စားစရာ ကောင်းလို့လည်း အစ် ရယ်၊ ပရလောက ရောက်နေတဲ့အခါ ကိုယ်တိုင်ဘာမှ ဖန်တီး နိုင်ခွင့် မရတော့ဘူး၊ ကုသိုလ်ကောင်းမှုတွေ ပြုချင်လည်း ကိုယ် တိုင်ပြုလို့မရဘူး၊ လူတွေကိုပဲ အားကိုးရတယ်၊ သူတို့ လုပ်ပေးပြီ အမျှအတန်းဝေပေးမှပဲ ရတယ်"

"မှန်ပါတယ်"

"ဒါထက်ဆိုးတာက တရားအားထုတ်ချင်လည်း လုပ်လို့ မရဘူး၊ လူတွေလုပ်ပြီး အမျှဝေပေးမှပဲ ရကြတယ်၊ ဒီတော့. . ကျွန်မတို့ ဘဝတွေက ကမ္မဇိဒ္ဓိသတ္တိရှိတယ် ဆိုပေမယ့် ဘာများ တန်ဖိုးရှိတော့မလဲ အစ်ကိုရယ်"

နဒီပြောနေသောအသံမှာ ဝမ်းနည်းကြေကွဲသောအသံ များ ပါနေလေသည်။

"စိတ်မပျက်ပါနဲ့၊ ဘယ်ဘဝပဲရောက်ရောက်၊ မကောင်း





တွေ မလုပ်ဘဲ ကောင်းတာတွေလုပ်ခဲ့ရင် တဖြည်းဖြည်းနဲ့တော့ ဘဝက လွတ်မြောက်ခွင့်ရမှာပါ၊ မင်းတို့ ဘဝတွေ မြင်ရတာ က်မကောင်းပါဘူး"

"အစ်ကိုက ကျွန်မတို့အားလုံးကို ပရလောကသားတွေ ထင်နေတာမဟုတ်လား"

နီမောင်က သူမမျက်နှာကို ကြည့်လိုက်သည်။

"မြလေးနွယ်က ဘဝခြားနေတဲ့ ပရလောကသားတစ် ယာက် မဟုတ်ပါဘူး၊ သူက လူ့ဘဝ ရောက်နေပြီးမှ ကျွန်မတို့ အတူတူ ဘုရားကို စောင့်ရှောက်ပေးနေတဲ့သူပါ"

ထိုစကားကြားတော့ စိတ်ထဲမှာ များစွာအံ့ဩသွားမိ သသည်။

"ဒါ. . ဒါဖြင့်. . သူက လူပေါ့နော်"

"ဟုတ်ပါတယ်၊ သူက လူ့ဘဝ ပြန်ရောက်နေတာ ကြာ ပြီ၊ ဒါပေမယ့် ကျွန်မတို့နဲ့ လုပ်စရာရှိတာတွေတော့ လုပ်ပေး နေရတုန်းပဲ"

"အံ့ဩစရာပဲ"

"အစ်ကို့ကို ဒီ့ထက်ပိုပြီး အံ့ဩစရာ ကောင်းတာတွေ ပါဦးမယ်၊ ကျွန်မနဲ့အတူ ရေထဲလိုက်ခဲ့ပါ"

"ဖြစ်ပါ့မလား. . ဝဲကြမ်းနေပြီ၊ ဒီအချိန် ဝဲထဲဆင်းရင် န်တက်နိုင်ပါ့မလား"

"စိတ်မပူပါနဲ့၊ ကျွန်မနဲ့အတူ လိုက်လာရင် အစ်ကို့အ က် ဘယ်လိုဘေးအန္တရာယ် အခက်အခဲမှ မရှိစေရပါဘူး"

ဟု ပြောပြောဆိုဆိုနှင့် ဝဲအတွင်းသို့ ခုန်ဆင်းသွားလေ

တော့သည်။

နီမောင်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘ
နဒီနောက်မှ မရှေးမနှောင်း ဆိုသလိုပင် ခုန်ဆင်းပြီး လိုက်သွား
လေတော့သည်။

ဝဲအတွင်းသို့ သူ ဆင်းသွားသောအချိန်မှာ မှောင်ရီသမ်း
စအချိန် ဖြစ်နေပေပြီ။

ရေပြင်တစ်ဝိုက်မှာ မှောင်နေပေပြီ။

သို့သော် ရေအောက်ရောက်သွားတော့ ပတ်ဝန်းကျ
ကို မြင်သာသော အလင်းရောင်အချို့ ရှိနေသဖြင့် အတော်အေ
ဝေးကိုပင် မြင်နေရသည်။

ထို့ပြင် ရေအောက်ရောက်နေသော်လည်း ရေမွန်းခြင်း
ဒဏ်ကို မခံရပေ။

ရေအောက်ရောက်သွားတော့ နဒီက သူ့ကိုခေါ်သွားပြ
ကျောက်ကလပ်ပေါ်မှာ တင်နေသည့် စိန်ဖူးတော်ကြီးကိုပြ
သည်။

ထို စိန်ဖူးတော်ကြီးကို တွေ့ရသည်မှာ ယခုပါနှင့်ဆိုလျှင်
နှစ်ကြိမ်ရှိပြီ ဖြစ်သည်။

ပထမတစ်ကြိမ်က အဘိုးကြီးတစ်ယောက် ခေါ်ပြသ
ဖြင့် တွေ့ခဲ့ရခြင်း ဖြစ်သည်။

ထိုနေရာမှပြီးတော့ အနောက်ဘက်မှာရှိသော ဂူပေါက်
အတွင်းသို့ ခေါ်သွားပြန်သည်။

ဂူအတွင်းရောက်တော့မှ ထိုနေရာမှာ သာမန်မဟုတ်ဘ
ထူးကျင်းကြီးသဖွယ် ဖြစ်နေသော လိုဏ်ခေါင်းကြီးတစ်ခုဖြစ်မှန်း





သိရပေတော့သည်။

လိုဏ်ခေါင်းကြီး အတွင်းမှာတော့ လိုဏ်ခေါင်းများနှင့်
ကျောက်စွန်းကျောက်ဆောင်အချို့ ရှိကြသည်။

ထိုကျောက်ဆောင်များအနီးမှာတော့ သင်္ဘောကြီးများ
ကျောက်ချထားသကဲ့သို့ ငြိမ်သက်စွာ ရှိနေကြသော ငါးကြီးများ
ကို တွေ့ရသည်။

ငါးကြီးများမှာ ငါးရွှေကြီးများ ဖြစ်ကြပြီး အကောင်အ
ယ်အစားက လှေငယ်တစ်စင်းမျှ ကြီးမားလေသည်။

၎င်းတို့သည် ကျောက်ဆောင်နံဘေး၌ကပ်ကာ တစ်
က်ကလေးမှ မလှုပ်ဘဲနှင့် ငြိမ်သက်နေကြခြင်း ဖြစ်လေသည်။

နီမောင်က သူတို့အနီးမှ ဖြတ်သွားစဉ် မျက်လုံးပြူးကြီး
များနှင့် လိုက်ကြည့်နေကြလေသည်။

သာမန်အခြေအနေဆိုလျှင်တော့ ထိုလိုဏ်ခေါင်းအ
တွင်းသို့ လူရောက်နိုင်စရာ အကြောင်းမရှိပေ။

အကယ်၍ ငါးကြီးများအနီး ရောက်သွားပါကလည်း
ဟပ်ယူလိုက်သဖြင့် ပါးစပ်ထဲ ပါသွားမည်ဖြစ်သည်။

ယခုတော့ နီမောင်က သူတို့အနီးမှ ဖြတ်သွားသည်ကို
ပင် ကြည့်ရုံပင် လိုက်ကြည့်နေကြသည်။

ထိုနေရာမှလွန်တော့ မီးရောင်ကဲ့သို့ အလင်းရောင်များ
ထွက်နေသော အခန်းကျယ်ကြီးအတွင်းသို့ ရောက်သွားလေ
သည်။

ထိုအခန်းမှာ ဂူပေါက်ကဲ့သို့ အခန်းမျိုးဖြစ်ပြီး အတွင်း၌
ရမရှိပေ။

အတွင်းရောက်တော့ တစ်ကြိမ်က တွေ့ခဲ့ဖူးသောအ ကြီးကိုလည်း တွေ့ရသည်။

ထို့ပြင် ကမ်းစပ်၌ ငါးဖမ်းသမားများနှင့် တိုက်ခိုက် စဉ် သူ့ဘက်မှ ဝင်ရောက်အကူအညီ ပေးသွားခဲ့သော လူ နှစ်ယောက်ကိုလည်း ပြန်တွေ့ရသည်။

တကယ်ဆိုလျှင် ထိုမြင်ကွင်းများမှာ အံ့ဩစရာများ သော်လည်း နီမောင်ကတော့ နဒီပြောပြသဖြင့် အခြေအနေ ကို သိတန်သလောက် သိရသဖြင့် မအံ့ဩမိတော့ပါချေ။

အဘိုးကြီးကတော့ သူ့ကိုမြင်သောအခါ ဆွေမျိုး ချာတစ်ယောက်ကို တွေ့ရသကဲ့သို့ ခေါ်ပြောနှုတ်ဆက် သည်။

“မင်းကို ငါပြောခဲ့တယ် မဟုတ်လား၊ ဘဝဆက် သူချင်းဆိုတာ အကြောင်းကိစ္စရှိလာရင် ဒီလိုပဲ တွေ့ကြရတ မင်းက ဒီနေရာတွေနဲ့ ဘဝဆက် ရှိခဲ့တဲ့သူပဲ”

ဟု ထပ်ပြောသည်။

နီမောင်ကတော့ ဘာမှပြန်မပြောဘဲ သူပြောသေ စကားများကိုသာ နားထောင်နေသည်။

“ဒီဂူထဲကို ဆက်သွားရင် ရွှေပုရပိုဒ် စေတီတော် ရှိတဲ့နေရာနဲ့ မနီးမဝေးမှာရှိတဲ့ ဂူပေါက်တစ်ခုကို ရောက် တယ်၊ ရှေးအခါကတော့ ဘုရားဖူးသွားချင်ရင် ရေအောက်လ ကပဲ သွားကြတာပဲ”

“ဒါထက် ကျွန်တော်က ဘာတွေလုပ်ပေးရမလဲ အဘ

“ဝဲအောက်ရောက်နေတဲ့ ထီးတော်ကြီးကို မူလနေရ





ရောက်အောင် ပြန်လုပ်ပေးရမယ်၊ ဒီစိန်ဖူးတော်ကြီးဟာ ဒီနိုင်ငံ တည်ထားကိုးကွယ်ထားတဲ့ စေတီတော်တွေမှာ တင်လှူထား စိန်ဖူးတော်တွေထဲမှာ တန်ဖိုးအရှိဆုံး စိန်ဖူးတော်တစ်ခုပဲကွ”

“တခြားစိန်ဖူးတော်တွေက ဘယ်နေရာမှာ ရှိတာလဲ ဘ”

“ဗမာပြည်မှာ တန်ခိုးကြီးတဲ့ စေတီပုထိုးတွေ အများကြီး တယ်၊ စေတီတော်တွေမှာ တင်လှူထားတဲ့ ထီးတော်၊ စိန်ဖူး တော်တွေ ဆိုရင်လည်း တန်ဖိုးအရှိဆုံး ကျောက်မျက်ရတနာ တွေနဲ့ ပြုလုပ်တင်လှူထားခဲ့တယ်၊ ငါ့ဆီမှာ ရွှေပုရပိုဒ်တွေနဲ့ ရေးသားမှတ်တမ်းတင်ထားတာတွေ ရှိပါတယ်၊ မင်းကို ပြပါ့မယ်၊ ငါ့နောက်က လိုက်လာခဲ့ပါ”

ဟုပြောကာ အတွင်းဘက်သို့ ခေါ်သွားလေသည်။

အတွင်းဘက်ရောက်တော့ ရွှေငွေ ကျောက်မျက်ရတ များ ထည့်ထားသော ရတနာသေတ္တာများကို တွေ့ရလေ သည်။

ထိုနေရာမှလွန်တော့ ကလပ်များပေါ်မှာ တင်ထား သော ရွှေပုရပိုဒ်များကို တွေ့ရလေသည်။

“မသမာတဲ့သူတွေက ဝေဒီမင်းထားခဲ့တဲ့ ဂါထာမန္တ သားတွေ ရေးထားတဲ့ ရွှေပုရပိုဒ်တွေကိုလိုချင်လို့ စေတီကို ဖြို ဖျက်ပြီး ရှာဖွေကြတယ်၊ ဘုရားမှာလှူထားတဲ့ ဌာပနာပစ္စည်း တွေရော ပညာရပ်တွေ ရေးထားတဲ့ ရွှေပုရပိုဒ်တွေရော ငါတို့က ယူပြီး ဒီမှာထားမှတော့ သူတို့ရှာလည်း အပိုပဲပေါ့၊ အကုသိုလ် ဖြစ်တာပဲ အဖတ်တင်တယ်၊ သူတို့လိုချင်တာ ဘာမှ ရမသွားကြ

ပါဘူး"

ဟု ပြောဆိုကာ ကလပ်များပေါ်မှာ တင်ထား ရွှေပုရပုဒ်တစ်ခုကိုယူပြီး နီမောင်ကို ပေးသည်။

"ထီးတော်တွေ၊ စိန်ဖူးတော်တွေ ဘယ်လောက်တ ရှိတဲ့ပစ္စည်းတွေ ကျောက်မျက်ရတနာတွေနဲ့ ပြုလုပ်လှူဒါန်း ခဲ့ကြတယ်ဆိုတာသိချင်ရင် ဒီပုရပုဒ်ထဲက အကြောင်းအရာ ကိုသာ ဖတ်ကြည့်ပေတော့"

ဟု ပြောသဖြင့် နီမောင်က ရွှေပုရပုဒ်များ၌ ရေး သောစာများကို ဖတ်ကြည့်လေသည်။

ရှေးခေတ်ကရေးသော လက်ရေးဖြင့် ရေးထား လည်း သူ့အနေဖြင့် ကောင်းစွာဖတ်ရှုနိုင်လေသည်။

ထီးတော်စိန်ဖူးတော်များနှင့် ပတ်သက်သော မှတ်တ များမှာ အတော်ပင် များပြားသော်လည်း အချို့လောက်ကို ပြန်လည်ဖော်ပြပေးလိုက်ပါသည်။





# အခန်း (၁၂)

# တန်ဖိုးကြီးမားသော ထီးတော်များအကြောင်း

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံ ဖြစ်သလို ဘုရားပုထိုး စေတီပေါင်းမြောက်များစွာ တို့ကိုလည်း တည်ထားကိုးကွယ်ခဲ့ကြပေသည်။

ကမ္ဘာပေါ်တွင် ဘုရားပုထိုး စေတီအများဆုံးရှိသော နိုင်ငံတစ်နိုင်ငံ ဆိုပါကလည်း မမှားပေ။ တခြားနေရာများပါ မပါဝင်ဘဲ ပုဂံတစ်နေရာတည်းမှာပင် ဘုရားပုထိုးစေတီပေါင်း

လေးသန်းကျော် တည်ရှိခဲ့ပေသည်။

စေတီပေါင်း မြောက်များစွာတို့ကို တည်ထားကိုးကွယ်ကြရာတွင် တန်ဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာတို့ကို ဌာပနာအဖြစ် လှူဒါန်းကြသည်။

ပတ္တမြား၊ စိန်စသော ရတနာအမျိုးမျိုးတို့ဖြင့် ထီးတော်များ စိန်ဖူးတော်များကို ပြုလုပ်တပ်ဆင်ကြလေသည်။

မြန်မာနိုင်ငံတွင် တန်ဖိုးအကြီးမားဆုံးသော ထီးတော်များ တင်လှူထားသော စေတီများ ရှိကြသည်။

ကျိုက်ထီးရိုးစေတီ၊ မကွေး မြသလွန်စေတီ၊ ကျောင်းတော်ရာစေတီ၊ ရွှေစည်းခုံ စေတီတော် စသည်တို့ ဖြစ်ကြသည်။

ထီးတော်များထဲတွင် တန်ဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးမားသော ထီးတော်ကြီးကတော့ ရွှေတိဂုံစေတီတော်ကြီးတွင် တင်လှူထားသော ထီးတော်ကြီးပင် ဖြစ်ပေသည်။

ထီးတော်များနှင့်ပတ်သက်ပြီး ဆန်းကြယ်သော အချက်များနှင့် စိတ်ဝင်စားဖွယ်ရာကောင်းသော အချက်အလက်များစွာတို့လည်း ရှိခဲ့ကြပေသည်။

ဘုရားစေတီများတွင် တဆင့်လှူခဲ့ကြသည့် ထီးတော်များအနက် တန်ဖိုးကြီးသော ရတနာများပါဝင်သည့် ထီးတော်နှင့် စိန်ဖူးတော်များကို ကောက်နုတ်ဖော်ပြပါမည်။

ကမ္ဘာကျော်သည်အထိ ကျော်ကြားထင်ရှားသည့် ရတနာတစ်ပါးမှာ သီဟိုကျွန်းရှိ မဟာစေတီတော်သို့ မိုးကုတ်မြို့မှ လှူဒါန်းခဲ့သော စိန်ဖူးတော်ကြီးပင် ဖြစ်သည်။

မဟာစိန်ဖူးတော်ကြီး လှူဒါန်းရန် မိုးကုတ်ဆရာတော်





ကြီး ဦးဝိမလနှင့် သုသာန်ကျောင်းဆရာတော် ဦးကောသလ္လတို့မှ ဦးဆောင်ခဲ့သည်။

လှူဒါန်းရန် ကြီးပမ်းခဲ့သည့် မြို့မျက်နှာဖုံး ဒကာကြီးများမှာ - -

(၁) ဦးဘိုးလုံ (၂) ဦးလယ်
(၃) ဦးသူတော် (၄) ဦးအို
(၅) ဦးရင်မောင် (၆) ဦးလှိုင်
(၇) ဦးကျောက်လုံး (၈) ဦးထွန်း
(၉) ဦးတိုး (၁၀) ဦးကောင်း
(၁၁) ဦးစံဟင်း (၁၂) ဦးထွန်းပေါ်
(၁၃) ဦးဝ (၁၄) ဦးသာထွန်း
(၁၅) ဦးချစ်ဖေ

တို့ဖြစ်သည်။

စိန်ဖူးတော်ကြီးကို မိုးကုတ်မြို့နှင့် ညောင်လေးပင် မြို့များမှ အလှူရှင်များမှ ဝိုင်းဝန်းလှူဒါန်းကြပြီး မိုးကုတ်မြို့တွင်ပင် ၈လင်းကျောက် အရိုင်းတုံးမှနေ၍ စိန်ဖူးတော်အဖြစ် သွေးယူပါသည်။

စိန်ဖူးတော်ကြီး၏ထိပ်တွင် (၁၅)ရတီရှိ ပတ္တမြားကြီးတစ်ပွင့်အုပ်ပြီး ဝန်းကျင်တွင် (၅)ကလပ်၊ (၄)ကလပ်၊ (၃)ကလပ် အသေးဆုံးအရွယ် ပတ္တမြား ခြံရံထားပါသည်။

မွမ်းမံတပ်ဆင်ခြယ်လှယ်ထားသော ကျောက်လုံးရေမှာ ပတ္တမြား(၃၆၂၈)၊ နီလာ(၇၀၂)၊ နဝရတ်ကိုးပါး(၉)၊ ပန်းရေမြောင် (၁၂)၊ စုစုပေါင်း အပွင့်ရေ (၄၃၅၀)ဖြစ်ပြီး၊ ရွှေချိန်(၃)ပိဿာ

ဘော်ချိန်(၄၁)ပိဿာခွဲ ရှိပါသည်။

စိန်ဖူးတော်၏ အလေးချိန်နှင့် ဉာဏ်တော်အတိုင်းအ ထွာများမှာ. . .

(၁) ဉာဏ်တော်(၁၈)လက္ခ

(၂) လုံးပတ်(၂၅)လက်မခွဲ

(၃) အလေးချိန်(၁၂)ပိဿာခွဲ

(၄) ကလပ်တော်ကြီး၏ ဉာဏ်တော် (၁၃)လက္ခဖြ သည်။

အဆိုပါ စိန်ဖူးတော်ကြီးကို မြန်မာသက္ကရာဇ်(၁၃၀၁) အင်္ဂလိပ် သက္ကရာဇ်(၁၉၃၉)ခုနှစ်တွင် သီဟိုဠ်ကျွန်း၊ အနုရာမြေ့ ရှိ မဟာစေတီတော်ကြီးတွင် တပ်ဆင်လှူဒါန်းခဲ့ပါသည်။

ဘုရားစေတီ၏ ထီးတော်များအကြောင်းကို ဖော်ပြရပ က ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်ကို ဦးစားပေး၍ ဖော်ပြ ပါမည်။

မြန်မာသက္ကရာဇ်(၁၂၃၃)ခုနှစ်၊ နတ်တော်လပြည့်ကျော် (၉)ရက်နေ့တွင် မင်းတုန်းမင်းကြီး တင်ထားသော ရွှေတိဂုံစေ တီတော်ကြီး၏ လက်ရှိထီးတော်မှာ အဝ ကိုးတောင်နှစ်မိုက် လေးသစ်၊ ထီးရပ်(၂၂)တောင်၊ (၂)မိုက်ရှိသည်။ အောက်က ငြမ်းဆင် ထီးတော်တင်ဟူ၍ သက္ကရာဇ်ကို မှတ်သားနိုင်သည်၊

ထီးတော်ကြီးကို ရွှေ၊ ငွေ၊ မိုးကြိုး၊ စိန်၊ နဝရတ်များဖြင့် ခြယ်မှုန်းလုပ်ဆောင်ထားရာ တန်ဖိုးငွေ၊ တစ်ဆယ့်နှစ်သိန်း ခုနစ်သောင်း၊ လေးထောင့်တစ်ရာ၊ လေးဆယ့်ခုနစ်ကျပ်၊ ခုနစ်ပဲ ရှိသည်ဟု ရွှေတိဂုံသမိုင်းမှတ်တမ်း၌ ဖော်ပြထားလေသည်။





မြန်မာသက္ကရာဇ် (၁၁၃၆)ခုနှစ်၊ တပေါင်းလပြည့်နေ့ တွင် ဆင်ဖြူရှင် ရွှေဘိုမင်းက ထီးတော်သစ် တင်လှူခဲ့ပါသည်။

ထီးတော်သစ် တင်လှူခဲ့ရခြင်း အကြောင်းရင်းမှာ ဆင် ဖြူရှင် ရွှေဘိုမင်းလက်ထက်၊ မြန်မာသက္ကရာဇ်(၁၁၃၀)ပြည့်နှစ်၊ ဝါသိုလဆန်း(၅)ရက်၊ အင်္ဂါနေ့တွင် လျှပ်လျှပ်၍ ရွှေတိဂုံစေ တီတော်ကြီး၏ထီးတော် အနောက်သို့ တိမ်းသည်။

ချယားသီးက ရွှဲအရောက် အက်ကွဲသည်။

သို့ဖြစ်ခြင်းကြောင့် ထီးတော်ကို နေပြည်တော် အင်းဝ သို့ ပင့်ဆောင်ပြုပြင်၍ အသစ်တင်လှူခဲ့သည်။

သက္ကရာဇ်(၁၂၃၁)ခုနှစ်တွင် ရန်ကုန်မြို့နေ ဂုဏ်သရေ ရှိ လူကြီးများနှင့် ဘဏ္ဍာတော်ထိန်း လူကြီးများသည် ရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် ဆင်ဖြူများရှင်မင်း တင်လှူခဲ့သော ထီးတော်ကြီးသည် နှစ်ပေါင်း(၉၅)နှစ်ကျော်ကြာ၍ ဟောင်းမြင်း သွားကြောင်းနှင့် မန္တလေး ရတနာပုံနေပြည်တော် မင်းတုန်းမင်း ဘုရားကြီးထံ သံတော်ဦးတင်လွှာ ဆက်သသည်။

ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် ထီးတော်ကို မန္တလေး ရတနာပုံ နေပြည်တော်၌ပင် တည်ဆောက်စေ၏။

မြန်မာသက္ကရာဇ်(၁၂၃၃)ခုနှစ်၊ နတ်တော်လပြည့်ကျော် (၉)ရက်၊ အင်္ဂါနေ့တွင် ရွှေတိဂုံဘုရားကြီး၏ ထီးတော်၊ စိန်ဖူး တော်နှင့် ငှက်မြတ်နားတို့ကို တင်လှူခဲ့ပေသည်။

ထီးတော်၏ အတိုင်းအတာမှာ. . .

| | | |
|---|---|---|
| * အောက်ခြေလုံးပတ် | (၄၅)ပေ၊ | (၇)လက္ခ |
| ထိပ်ဝ | (၁၄)ပေ၊ | (၆)လက္ခ |

အမြင့် (၃၃)ပေ ရှိပြီး

ဘုံ(၇)ဆင့် ရှိသည်။

စိန်ဖူးတော်နှင့် ငှက်မြတ်နားတို့ ဆက်ကပ်တင်လှူ အခြေအနေကို ဖော်ပြပါမည်။

မြန်မာသက္ကရာဇ် (၁၂၈၁)ခုနှစ်၊ ဝါခေါင်လဆုတ် (၉) ရက်၊ အင်္ဂါနေ့ နံနက်(၁၀)နာရီ၊ မိနစ်(၂၀)အချိန်တွင် ရန်ကုန် မြို့နယ်အတွင်း၌ လျှောင်ပြင်းထန်စွာ လှုပ်ခဲ့သဖြင့် ရွှေတိဂုံစေတီ တော်မြတ်ကြီး၏ ပိန္နဲတိုင်သည် အနောက်မြောက်ထောင့်သို့ ယိမ်းယိုင်လေသည်။

သို့ဖြစ်၍ အသစ်မွမ်းမံပြင်ဆင်ရန်အတွက် မင်းတုန်း မင်း၏ ကောင်းမှုတော်ဖြစ်သော စိန်ဖူးတော်နှင့် ငှက်မြတ်နား တို့ကိုချပြီး ပြည်သူပြည်သားအများတို့ စေတနာ သဒ္ဓါထက် သန်စွာ လှူဒါန်းကြသော အဖိုးတန်ရတနာ၊ စိန်ကျောက်တို့ကို ထပ်မံတပ်ဆင်၍ အသစ်ပြုပြင်လေသည်။

မြန်မာသက္ကရာဇ်(၁၂၈၂)ခု တပေါင်းလဆန်း(၈)ရက် ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီမှစ၍ ပြည်သူလူထု အနီးကပ် ဖူးမြော် ခွင့်ရသည်။

ထိုနှစ် တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့၊ နံနက်(၁၁)နာရီ အချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ငှက် မြတ်နားတို့ကို ပြန်လည်တင်လှူခဲ့သည်။

(၁၉၇၀)ပြည့်နှစ်၊ စက်တင်ဘာလ (၉)ရက်နေ့ နံနက် (၁၀)နာရီ (၅)မိနစ်တွင် ရန်ကုန်မြို့၌ လျှောင်လှုပ်ရာ ရွှေတိဂုံစေ တီတော်မြတ်ကြီး၏ ထီးတော် အနည်းငယ် စောင်းသွားသည်။





ထီးတော်မှ ရွှေဆည်းလည်းနှင့် ရွှေပြားအချို့ ကွာကျ သည်။ (၁၉၂၀)ပြည့်နှစ်က ကောလိပ်သပိတ်မှောက် ကျောင်း သားများ လှူဒါန်းခဲ့သော ရွှေခေါင်းလောင်းတစ်လုံးလည်း ပြုတ် ကျခဲ့သည်။

သို့ဖြစ်၍ ငြမ်းဆင်၍ အထူးပြင်ဆင် လှူဒါန်းကြရလေ သည်။

ရွှေတိဂုံစေတီတော် မြတ်ကြီး၏ စိန်ဖူးတော်နှင့် ငှက် မြတ်နားတို့၌ တပ်ဆင်လှူဒါန်းထားသော စိန်ကျောက်ရတနာ စာရင်းကို ဖော်ပြပါမည်။

၁။ စိန်ဖူးတော်၌ တပ်ဆင်ထားသော စိန်လုံးရေ (၄၃၅၁) ရတီ (၂၀၀၀)

၂။ စိန်ဖူးတော်၌ တပ်ဆင်ထားသော ရတနာ ကျောက် အမျိုးစုံ လုံးရေ (၉၃)လုံး၊ ရတီ (၄၇)

၃။ ငှက်မြတ်နားတော်၌ တပ်ဆင်ထားသော စိန်လုံးရေ (၁၀၉၈) လုံး၊ ရတီ (၂၄၀)

၄။ ငှက်မြတ်နားတော်၌ တပ်ဆင်ထားသော ရတနာ ကျောက်မျိုးစုံ လုံးရေ (၁၃၃၈)

၅။ ဆပ်သွားဖူးနှင့် ကလာပ်တွင် တပ်ဆင်ထားသော ရတနာ ကျောက်မျိုးစုံ လုံးရေ (၈၈၆) ရွှေစစ်၊ ရွှေသား အခေါက်စာရင်းကို ဖော်ပြပါမည်။

၆။ ဆပ်သွားဖူးနှင့် ကလပ်တွင် တပ်ဆင်ထားသော နားပွင့်ရွှေများ လုံးရေ (၈၈၆)။ အလေးချိန် (၂)ပိဿာ၊ (၅၈)ကျပ်၊

(၁)မူး၊ (၁)ပဲ၊ (၂) ရွေး။

၇။ ဆတ်သွားဖူးနှင့် ကလာပ်တွင် တပ်ဆင်ထားသော ရွှေသားချိန်မှာ (၁၁)ပိဿာ၊ (၉၆)ကျပ်နှင့် (၅)မူးသား

၈။ ရွှေသားဖြင့် ပြုလုပ်သည့် ဋွန်းလေဘုံမှ အလေးချိန်မှာ (၃)ပိဿာ၊ (၆)ကျပ်သားနှင့် (၆)မူးသား။

၉။ ရွှေဆည်းလည်းကြီးငယ်လုံးရေ (၁၀၆၅)၊ အလေးချိန် (၂၁၁)ပိဿာ၊ (၁)ကျပ်နှင့် (၁)မူးသား။

၁၀။ ရွှေအခေါက် အခဲ၊ ရွှေအဖွဲ၊ ရွှေအစများ၊ (၁)ပိဿာနှင့် (၅၆)ကျပ်သား။

၁၁။ ရွှေပိန္နဲတိုင် (၂)ဘက်တွင် ကွပ်သည့် ရွှေသားချိန် (၅၂)ကျပ်၊ (၂)မူးနှင့် (၁)ပဲ။

၁၂။ ငွေပိန္နဲတိုင် အရှည်ပေ (၃၀)ခန့်၊ ငွေသားအလေးချိန် (၁၂၉၆၇)ပိဿာနှင့် (၈)ပဲ။

၁၃။ တစ်ချောင်းလျှင် (၂၅)ပေခန့်ရှိ ငွေဆိုင်းကြိုး(၁၂) ချောင်း၊ အလေးချိန် (၃၈၃၈)ကျပ်သား၊

၁၄။ ဆတ်သွားဖူးအမြင့် (၈)ပေ၊ (၉)လက္ခ လုံးပတ်(၁၀)ပေ ကလပ်အမြင့် (၃)ပေ (၂)လက္ခခွဲ၊ နယားထောက် ချောင်းရေ (၁၃)ချောင်း၊ ငွေချိန် (၉၉၄၆)ကျပ် (၄)ပဲ။

၁၅။ ရွှေဆည်းလည်းကြီးငယ် လုံးရေ (၄၂၁)လုံး အလေးချိန် (၇၃၀၀)ကျပ် (၁၀)ပဲသား။

ရွှေတိဂုံစေတီတော်ကြီး၏ ဌက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် ထီးတော်တို့အကြောင်းကို ပုံပေါ်အောင်ရှင်းလျှင် ဋွန်း





န်လေးပွင့်)မှစ၍ ဖော်ပြရပါမည်။

ဆပ်သွားဖူး၏ အထက်တွင်"ဋွန်း"ခေါ် စိန်လေးပွင့် ပ်ဆင်ထားပါသည်။

"ဋွန်းလေးဘုံ"ဟုလည်း ခေါ်ပါသည်။

ဘုံလေးဆင့်ပါသော အစိတ်အပိုင်း ဖြစ်ပါသည်။

အောက်ဆုံးဘုံသည် အထက်ဘုံများနှင့် တစ်ဘုံလျှင် ပ်ပေစီ ကွာဝေးပါသည်။

ဘုံများကို ရွှေသား (၃)ပိဿာ၊ (၆)ကျပ်သား၊ (၆)မူး ားဖြင့် ပြုလုပ်ထားပါသည်။

ဘုံများပေါ်တွင် ရွှေဆည်းလည်း ငွေဆည်းလည်းနှင့် ကျာက်မျက်ရတနာ အမျိုးမျိုး တပ်ဆင်ထားပါသည်။

"ဋွန်း"ဟု ခေါ်ခြင်းမှာ "ဋွန်ပန်းပွင့်များကဲ့သို့ ရှုချင့်စဖွယ် ပတင့်တယ်၍ "ဋွန်"မှ "ဋွန်း"ဖြစ်လာပါသည်။

"ဋွန်ပွင့်" "ဋွန်းပွင့်"ဟု ဆိုလိုပါသည်။

တစ်ချို့က "စိန်ပွင့်"ဟုလည်း သုံးနှုန်းကြပါသည်။

"ဌက်မြတ်နားတော်"သည် ဖော်ပြခဲ့သည့် စိန်ပွင့်လေး င့် (ကွန်း)၏ ထိပ်ဆုံးအပွင့်မှ (၃)ပေနှင့် (၂)လက်မမြင့်သော နေရာတွင် ရှိပါသည်။

ပန်းလည်တိုင်ကို ဇဟိုပြုကာ လည်ပတ်လျက်ရှိသော ား‌ထောင့်ကြက်လျှာချွန်သဏ္ဌာန်ရှိ ရွှေပန်းခက်ပန်းပြားကြီးကို က်မြတ်နားတော်ဟု ခေါ်ပါသည်။

သာသနာ့အောင်လံ တံခွန်ပြားပင် ဖြစ်ပါသည်။

သို့ရာတွင် ထိုတံခွန်အလံ၌ "လင်း၊ ဟင်း၊ ကြွတ်

တော့"ဟုခေါ်သော ငှက်မြွတ်လေးကောင်တို့၏ အရုပ်များကို ထုဆစ် ထားတတ်ကြသဖြင့် "ငှက်မြွတ်နားတော်" ဟု ခေါ်ကြပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ငှက်မြွတ်နား၏ အကျဉ်း အတာမှာ အရှည်(၄)ပေနှင့် (၂)လက်မ၊ မြွက်အကျယ်ဆုံးနေ ရာမှာ (၂)ပေနှင့် (၅- ၁/၂) လက်မရှိသည်။

ပန်းလည်တိုင်ကို စွပ်လျက် ဆုံလည်တွင် ဘောစေ့(၁၁ လုံး တပ်ဆင်ထားသဖြင့် အလွယ်တကူ လည်နိုင်ပါသည်။

(၃၃)ပိဿာခန့်လေးသော ငှက်မြွတ်နား၏ အလေးချိန် ကို နှစ်ဖက်ညီမျှစေရန်အတွက် (၁၅)ပိဿာခန့်ရှိသော ပြန်ထိန်း ချိန်သီးကို ပြုလုပ်ပြီး သံမဏိချောင်းဖြင့် ဆိုင်းထားပါသည်။

ငှက်မြွတ်နား ရွှေသားပြားကြီးပေါ်တွင် ရွှေပန်းချက် ကျောက်ပန်းခက်၊ စိန်ဒေါင်းနှင့် ကျောက်စီရုပ်ပွားတော်များ ပတ္တမြား၊ နီလာနှင့် မြလုံးကြီးများကို မြှုပ်သွင်းထားသည်မှာ အလွန် ရှုချင့်စဖွယ် ဖြစ်ပါသည်။

ငှက်မြွတ်နားကို "ရတနာပန်းအိုးကြီး"ဟုလည်း ခေါ် ကြပါသည်။

ငှက်မြွတ်နားသည် သာသနာ့တံခွန် အောင်လံတော် ဖြစ်၍ ဂုဏ်အားဖြင့် ကြီးမြတ်သည်နှင့်အမျှ စီခြယ်လျှုဒါန်းထား သော ရတနာအမျိုးမျိုးတို့၏ တန်ဖိုးမှာလည်း အဖိုးမဖြတ်နိုင် လောက်အောင်ပင် ရှိပေသည်။

စိန်ဖူးတော်သည် ငှက်မြွတ်၏အထက် ပိန္နဲတိုင် ထိပ် ဖျားတွင် ရှိပါသည်။

ဝရဇိန်လက်နက် မိုးကြိုးစက်သည် တစ်ချက်တည်းနှင့်





ရာကို ဖောက်ထွင်းဖျက်ဆီးနိုင်သကဲ့သို့ ဘုရားသခင်၏ အရ ဟတ္တမဂ်ဉာဏ်တော်သည် မာရ်ငါးပါးကို အောင်မြင်တော်မူနိုင် သည်။

မြတ်စွာဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်တော်ကို ရည် ညွှန်း၍ "စိန်ဖူးတော်"ကို တပ်ဆင်ထားခြင်း ဖြစ်ပါသည်။

ဝဇီရဆွေဒိကာကျမ်း၌ အရဟတ္တမဂ်ဉာဏ်အဖြစ်ဖြင့် န်ဖူးတော်ကို ဖူးမျှော်နိုင်ပါသည်။

မြန်မာဗိသုကာများ၏ အဆိုအရ မြတ်စွာဘုရားသခင် ကို့အား ရည်ညွှန်း၍ ကြာဖူးကြာပွင့်သဏ္ဌာန် စိန်ဖူးတော်ကို လုပ်ထားသည်ဟု သိရပါသည်။

ရွှေတိဂုံစေတီတော်ကြီး၏ စိန်ဖူးတော်သည် ကြွတ် ကဲ့သို့ လုံးဝန်းသောသဏ္ဌာန် ရှိပါသည်။

စိန်ဖူးတော်ကြီးတစ်ခုလုံးအား စိန်များ၊ ကျောက်မျက် များ၊ စေတီပုံ၊ ပန်းပွင့်ပုံ၊ သရဖူပုံတို့ကို နေရာမလပ်အောင် ုလုပ်ထားပါသည်။ ဗုဒ္ဓရုပ်ပွားတော်များကို ပူဇော်ထားပါသည်။

စိန်ဖူးတော်၏ခါးလယ်တွင် စိန်ပွင့်(၃)တန်း ရစ်ပတ် ထားပါသည်။

စိန်ဖူးတော်ကြီးကို တပ်ဆင်သော ပန်းလည်တိုင်ခေါ် ိန္နဲတိုင်တွင် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟူ သော ဘုရားရှင်လေးဆူတို့၏ မတ်ရပ်တော်ပုံများကို ထုလုပ် ဇော်ထားသည်မှာ အလွန်ကြည်ညိုဖွယ်ရာ ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် တင်လှူထားသည့် ိုးတော်နှင့်ပတ်သက်၍ ဖော်ပြပါဦးမည်။

မြတ်စွာဘုရားသခင်သည် မဟာသက္ကရာဇ် (၁၀၃)ခုနှ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတ ရွှေဉာဏ်တော် ထီးဖြူဖွင့်လိုက်သည်အလား၊ ပွင့်လင်းရှိတော်မူသည်။

ဘုရားရှင်၏ ထိုသဗ္ဗညုတဉာဏ်တော်အား ရည်ရ သင်္ကေတပြု၍ ထီးတော်ကို တင်ခြင်းဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဝိသုဒ္ဓိခုနစ်ပါး၊ ဗော ဇ္ဈင်ခုနစ်ပါး၊ ဝိပဿီအစရှိသော ဘုရားရှင် ခုနစ်ဆူတို့ကို ရည် မှန်းလျက် ဘုံစဉ်ခုနစ်ဆင့် ထီးတော်ကို တင်လှူထားပါသည်။

လူတို့၏ အဝတ်တန်ဆာတွင် မကိုဋ်သရဖူသည် အ မြတ်ဆုံးဖြစ်သကဲ့သို့ စေတီတော်တွင်လည်း ထီးတော်သည် အ မြတ်ဆုံး ဖြစ်ပါသည်။

ထီးတော်၏ ပုံသဏ္ဌာန်မှာ အောက်မှအထက်သို့ ကြ စဉ်ငယ်လိုက် သေးသွားပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် တင်လှူထားသော ထီးတော်၏ပုံမှာ မင်းတုန်းမင်းကြီး၏ မကိုဋ်ပုံဟု ဆိုပါသည်။

ရှေးပုရပုဒ်တွင် ရေးသားထားသော အကြောင်းအရာ များမှာတော့. . .

ထီးတော်များက ရောင်ခြည်တော်များ လွှတ်ပုံ၊

တန်ဖိုးရှိသော ထီးတော်၊ စိန်ဖူးတော်များကို ဖျက်ဆီး ယူငင်ရန် ကြံစည်သူတို့မှာ ယခုဘဝမှာပင် ဘေးဆိုးအန္တရာယ် ဆိုးများနှင့် ကြုံတွေ့ရပြီး သေကြေပျက်စီးကြရပုံများ. . .

ထို့ပြင် နတ်ဒေဝတာများနှင့် ပရလောကသားများက စောင့်ရှောက်ကာကွယ်ပေးခဲ့ကြသော မှတ်တမ်းများ ပါရှိဧ





သည်။ နီမောင်က ပုရပိုဒ်များကို ကြည့်ပြီးသောအခါ အဘိုး ကြီးက ပြောလေသည်။

"ယခု ပန်းမခဝဲထဲမှာ ရောက်နေတဲ့ ထီးတော်ကြီးက သည်း သာမည မဟုတ်ဘူး၊ နတ်ဒေဝတာတွေနဲ့ ပရလောက သားတွေ စောင့်ရှောက်ပေးနေရတဲ့ ထီးတော်တစ်လက်ပဲ၊ ဒါကို တော့ မင်း သိလောက်ပြီထင်ပါရဲ့"

နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။

"တစ်နေ့ကျရင်တော့. . ထီးတော်ကြီးကို မူလနေရာ ရောက်အောင် ပြန်ပို့ပေးရမယ်၊ မူလစေတီတော်နဲ့ ပုံစံတူတဲ့ စေတီတော်တစ်ဆူ ပြန်တည်ပြီး ထီးတော်ကို ပြန်တင်ပေးရမယ်"

"အခုအချိန်ကာလမှာ တောထဲမှာရှိတဲ့ စေတီကို ဒီလို တန်ဖိုးရှိတဲ့ ထီးတော်ကြီး တင်လှူထားလို့ ဖြစ်ပါ့မလား အဘ၊ တောထဲသွားလာနေတဲ့ သောင်းကျန်းသူတွေ တွေ့မြင်သွားရင် အတိုင်းထားမှာ မဟုတ်ဘူး"

"စိတ်မပူပါနဲ့ကွာ၊ မြင်သင့်သူတွေမြင်၊ ဖူးထိုက်တဲ့သူ တွေဖူး၊ မမြင်သင့် မမြင်ထိုက်တဲ့ မိစ္ဆာကောင်တွေဆိုရင် ဘုရား ပြောနဲ့ ဘုရားရှိတဲ့နေရာတောင် မမြင်ရအောင် လုပ်ထားရင် ပါတယ်"

ထိုစကားကြားတော့မှ စိုးရိမ်မှုများ လျော့ပါးသွားကာ တ်သက်သာရာ ရသွားလေသည်။

"ဒီလိုဆိုတော့လည်း ကောင်းပါတယ်၊ လိုအပ်တဲ့အချိန် သာ ကျွန်တော့်ကို အသိပေးပါ၊ တတ်နိုင်သလောက် ဆောင် က်ပေးပါ့မယ်"

အဘိုးကြီးက ကျေနပ်စွာဖြင့် ခေါင်းတစ်ချက်ညိတ်ပြီး ကာ ပုရပိုဒ်ကို မူလနေရာသို့ ပြန်တင်ထားလိုက်သည်။

ပြီးမှ အပြင်သို့ ပြန်ထွက်လာကြလေသည်။

ရွှေငွေရတနာများ ထားသောနေရာသို့ ရောက်သောအခါ ရပ်တံ့ပြီးပြောပြန်သည်။

"ဒီ ရွှေငွေရတနာတွေက ဘုရားတည်တဲ့အခါ အသုံးပြုဖို့ပဲ၊ ဒီတော့ မင်းတို့က ဝေယျာဝစ္စ ဆောင်ရွက်ပေးဖို့သာ လိုပါတယ်"

"ကောင်းပါပြီ အဘ၊ ကျွန်တော်တို့ ဆောင်ရွက်ပေးပါ့ မယ်"

"သာဓုကွယ်၊ သာဓု . . သာဓု"

ထို့နောက်မှာတော့ နဒီက သူ့ကို မူလနေရာ ရောက်သည်အထိ ပြန်ပို့ပေးလေသည်။

ပို့ပေးရင်းနှင့် သူမက ပြောသည်။

"အစ်ကို အဆင်ပြေရင် မြလေးနွယ်ဆီ သွားလိုက်ပါဦး၊ သူလည်း အစ်ကို့ကို မျှော်နေရှာတယ်"

"ဒါထက် သူနဲ့တွေ့ချင်ရင် ဘယ်နေရာမှာ သွားရှာရင် တွေ့မလဲ"

"ဘုရားပျက်ကုန်း ရှိတဲ့နေရာကိုပဲ သွားပါ၊ အစ်ကို ရောက်သွားတာနဲ့ သူ လာကြိုနေပါလိမ့်မယ်"

ဟု ပြောလေသည်။

နီမောင် စိတ်ထဲမှာလည်း မြလေးနွယ်ဆိုသော မိန်းက လေးကို သတိရသလို ဖြစ်လာမိသည်။





ပန်းမခဲကျောက်တန်းများရှိသော နေရာပြန်ရောက်တော့ အရုဏ်တက်ချိန် ရောက်နေပေပြီ။

အရှေ့ဘက် ကောင်းကင်ပြင်မှာ အရုဏ်ဦး အလင်းရောင်များပင် တက်နေပေပြီ။

နီမောင်ကို မူနေရာ ပြန်ပို့ပေးခဲ့ပြီးနောက် နဒီဆိုသော မိန်းကလေးက ရေအောက်သို့ ပြန်ငုတ်သွားလေတော့သည်။

နီမောင် ကိုယ်ပေါ်မှာ ဝတ်ထားသော အဝတ်အစားများကတော့ ရေတစ်စက်မှမစိုဘဲ ခြောက်သွေ့လျက်ပင် ရှိနေကြသည်။

သူ့စိတ်ထဲမှာတော့ မြင်ခဲ့တွေ့ခဲ့ ကြားခဲ့ရသော အဖြစ်အပျက်အကြောင်းအရာများမှာ တကယ်မှ ဟုတ်ပါလေစ။

အိပ်မက်မက်နေတာများ ဖြစ်လေမလားဟု ဇဝေဇဝါ ဖြစ်နေမိလေသည်။





# အခန်း(၁၃)

## ဘဝခြားသော်လည်း အချစ်မခြားကြသူများ

မိုးရာသီရောက်ပြီ ဖြစ်သောကြောင့် တောလမ်းမှာ ခရီးသွားကြရသည်မှာ သတိထားကြရသည်။

မိုးရေဖြင့်စွတ်စိုနေသော လမ်းများမှာ လျှောက်သွားသောအခါ၌ ခရီးမတွင်သည်ကတစ်ကြောင်း အခြားအန္တရာယ်များလည်း ရှိနေတတ်သည်။

မိုးရာသီရောက်၍ မိုးရွာချသောအခါ တောရှိဗျာနိတို့၏ အသိုက်များ ကျင်းများထဲသို့ ရေဝင်သဖြင့် အကောင်များများ

☺ အောင်မြင်စာပေ ☺

ပျက်စီးကြရလေသည်။

မြွေ၊ ကင်းခြေများ၊ ကင်းမြီးကောက်၊ ပဒူကောင်၊ ကြွက် စသော တိရိစ္ဆာန်တို့မှာ အသိုက်ထဲ ရေဝင်သဖြင့် ပျက်စီးသောအခါ ထွက်ပြေး မာန်ထနေတတ်သည်။

ထိုအချိန်မျိုးတွင် တွေ့သမျှလူဖြစ်စေ၊ တိရိစ္ဆာန်ဖြစ်စေ ရန်မူလေ့ရှိကြသည်။

မြွေကဲ့သို့ တစ်ကောင်ချင်းတွေ့သောအခါ အရေးမကြီး သော်လည်း ရေကြီးသဖြင့် အုပ်စုလိုက် ပြောင်းရွှေ့လာကြသော တိရိစ္ဆာန်အုပ်စုများဖြင့် တွေ့ပါက အသက်အန္တရာယ် ကြုံတွေ့ ကြရတတ်သည်။

ကြွက်၊ ကင်းမြီးကောက်၊ ပဒူကောင်၊ ပုရွက်ဆိတ်၊ များ စသော သတ္တဝါငယ်ကလေးများမှာ တစ်ကောင်ချင်း နှစ်ကောင် ချင်း တွေ့သောအခါ အရေးမကြီးစေကာ အသိုက်ပြောင်းလာ သော အုပ်စုမျိုးနှင့် တွေ့သောအခါမှာတော့ အန္တရာယ်များလှ သည်။

၎င်းတို့အုပ်စုထဲ ရောက်သွားပါက ပြေးမလွတ်ဘဲ အ သက်ဘေးအန္တရာယ်နှင့် ကြုံတွေ့ရတတ်သည်။

ပုရွက်ဆိတ်နှင့်တွေ့ပါက ကြောက်စရာမလိုဟု မထင် လေနှင့်. . .

တောထဲမှာ အသိုက်ဖွဲ့နေသော ပုရွက်ဆိတ်များမှာ ပျားကောင် ခါချဉ်ကောင်တမျှ ကြီးမားသည်။

ဦးခေါင်းတွင် အဆိပ်ပြင်းသော အစွယ်နှစ်ချောင်းပါ သည်။





ထိုအစွယ်နှင့် ထိုးမိလျှင် အဆိပ်တက်သည်။

ပဒူအုံကဲ့သို့ပင် ၎င်းတို့အသိုက်အအုံထဲ ရောက်သွား ပါက သို့မဟုတ် ၎င်းတို့ အဝိုင်းခံရပြီ ဆိုပါက မလွတ်တော့ပေ။

ပုရွက်ဆိတ်သည် အကောင်သေးသလောက် အသိ ဉာဏ်မြင့်မားသော တိရိစ္ဆာန်မျိုးထဲမှာ ပါဝင်သည်။

၎င်းတို့လိုက်လျှင် သစ်ပင်ပေါ် တက်ပြေးလည်း မလွတ်၊ တောင်ပေါ် တက်ပြေးလည်း မလွတ်နိုင်တော့ပေ။

ကံကောင်းထောက်မ၍ ပြေးရင်းနှင့် ရေအိုင် သို့မဟုတ် မြစ်ချောင်းတစ်ခုခု တွေ့သဖြင့် ရေအောက်ဆင်းငုတ်နေမှသာ အသက်ချမ်းသာရာ ရသည်။

သို့မဟုတ်ပဲ ၎င်းတို့ ဖမ်းမိသွားလျှင်တော့ မိနစ်ပိုင်းအ တွင်း အရိုးစုဘဝ ရောက်သွားရပေလိမ့်မည်။

များသောအားဖြင့်တော့ ပုရွက်ဆိတ် အကောင်နီကြီး များမှာ မြေအောက်မှာ အုံဖွဲ့နေလေ့ရှိသည်။

၎င်းတို့အုံထဲသို့ မိုးရေဝင်လာလျှင်တော့ အပေါ် တက် လာပြီး သစ်ရွက်ခြောက် သစ်ရွက်စိုများဖြင့် အမိုးအကာပြု လုပ်ကာ ရေလွတ်ရာ၌ အုံဖွဲ့နေလေ့ရှိကြသည်။

ထိုအုံမျိုးကို ဝင်မတိုးမိစေရန် တောထဲသွားလာနေသူ များက သတိထားကြရသည်။

ယခု တောလမ်းခရီးမှာ လူသုံးယောက် လျှောက်လာ ကြသည်။

နီမောင် စောထီးနှင့် ဖေမဲအောင်တို့ သုံးယောက်တို့ပင် ဖြစ်ကြလေသည်။

သူတို့သုံးယောက်မှာ အထမ်းလိုက်လာကြခြင်း မဟုတ်ကြသဖြင့် အခြားပစ္စည်းများတော့ မပါကြပေ။

အမဲလိုက်ရာတွင် ယူဆောင်လေ့ရှိသော ဓား၊ လှံ၊ လေးမြား၊ လက်နက်နှင့် အသုံးအဆောင်ထည့်သော ကျောပိုးအိတ်တစ်လုံးစီသာ ပါကြလေသည်။

သူတို့သုံးယောက်မှာ ကျင်စာရီတို့အဖွဲ့နှင့် လိုက်သွားပြီးနောက် ရင်မောင် ပါသွားကတည်းက နောက်ထပ်အထမ်းမလိုက်ဘဲ ရှိနေကြရာ ယခုမှပင် တောထဲရောက်ကြခြင်း ဖြစ်တော့သည်။

ယခုတစ်ခေါက် တောထဲသို့ လာကြရာမှာလည်း အမဲလိုက်ရန်အတွက် အဓိကမဟုတ်ဘဲ၊ အခြားအကြောင်းတစ်ခုရှိသောကြောင့်ပင် ဖြစ်ပေသည်။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ကတော့ ထွေထွေထူးထူး ဘာမှမသိကြဘဲ နီမောင်ခေါ်သဖြင့် လိုက်လာကြရခြင်း ဖြစ်ပေသည်။

တောထဲရောက်တော့မှ အကျိုးအကြောင်း မေးကြည့်ရသည်။

"နီမောင် ငါတို့ဘာလုပ်ကြမှာလဲ၊ အမဲပစ်ကြမှာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သွားမှာလဲ၊ ဘာလုပ်မှာလည်း ဆိုတာတော့ ပြောထားဦးလေကွာ"

"ဘုရားပျက်ကုန်းကို သွားမလို့ပါ"

"ငါတို့တည်းခဲ့တဲ့ ဇရပ်ပျက်ရှိတဲ့နေရာကို ပြောတာ





သလား"

"ဟုတ်တယ်"

"ဘာများလုပ်မှာလဲ၊ အဲဒီနေရာမှာ ဘာရှိလို့လဲ"

"မြလေးနွယ်တို့ဆီ သွားမလို့ပါ"

"မြလေးနွယ်ဆိုတာ စိတ်မနှံ့တဲ့ ကောင်မလေးကို ပြောတာပါ"

ထိုစကားကြားတော့ ကျန်နှစ်ယောက်က နည်းနည်းတော့ အံ့ဩသွားကြလေသည်။

"သူက လူအစစ်ရော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"အဲဒီနေရာမှာ နေတာရော သေချာလို့လား"

"သေချာပါတယ်"

"မင်းက ဘယ်လိုသိနေတာလဲ"

"သူနဲ့တွေ့ပြီး သူပြောပြလို့ သိတာပေါ့"

နီမောင်က မြလေးနွယ်နှင့် တွေ့ခဲ့ရသော အကြောင်းအပြင် အခြားအကြောင်းအချို့ပါ ပြောပြလိုက်တော့မှ ကျန်နှစ်ယောက်က သဘောပေါက်သွားလေတော့သည်။

သို့သော်လည်း ထွေထွေထူးထူးတော့ ဘာမှမပြောကြတော့ပေ။

အဘယ်ကြောင့်ဆိုလျှင် နီမောင်နှင့်ပတ်သက်ပြီး ထူးခြားဆန်းကြယ်သော အကြောင်းများကို မကြာခဏ ကြားတွေ့ရသောကြောင့်ပင် ဖြစ်သည်။

ထို့ပြင် ထိုနေရာမှအပြန်တွင် ငါးမရလျှင် [illegible]

မည့်သဘောမျိုးဖြင့် အမဲပစ်ကြမည်ဟု တိုင်ပင်ထားကြသော ကြောင့်လည်း ဖြစ်သည်။

"ငါတို့ အရင်တစ်ခေါက်သွားတုန်းက ဒီလမ်းမှာ ဓားပြ တစ်ဖွဲ့ ရှိနေတယ်လို့ ပြောသံကြားတယ်၊ သူတို့ကိုတော့ သတိ ထားရမယ်"

ငမဲအောင်က ပြောလိုက်သည်။

"ဓားပြနဲ့တွေ့တော့လည်း ငါတို့ဆီမှာ ဘာပစ္စည်းမှ မပါ တာ ပူစရာမရှိပါဘူးကွာ"

ဟု စကားတပြောပြောနှင့် လျှောက်သွားကြလေသည်။

သူတို့သွားသောအချိန်မှာ မိုးလေကင်းနေသဖြင့် သွား လာရတာ အဆင်ပြေနေကြသည်။

လမ်းခရီးမှာတော့ ကုန်အရောင်းအဝယ် သွားလာကြ သူများနှင့် တွေ့ရသည့်အခါ တွေ့သည်။

လူတိုင်းမှာ အသွားအပြန် အထုပ်အပိုးကိုယ်စီ ပါကြပြီး သူတို့သုံးယောက်ကျမှ လူလွတ်ချည်း ဖြစ်နေသဖြင့် အထူးအ ဆန်းလို ဖြစ်သွားကြဟန်ရှိသည်။

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်သွား ကြရာ ညနေပိုင်းအချိန်တွင် ဘုရားပျက်ကုန်းရှိရာသို့ ရောက် သွားကြလေသည်။

ထိုနေရာရောက်တော့ လမ်းတစ်နေရာမှာ ရပ်စောင့် နေသော မြလေးနွယ်ကို တွေ့ကြရသည်။

နီမောင်က မအံ့ဩသော်လည်း ကျန်နှစ်ယောက်က တော့ အံ့ဩနေကြဟန် ရှိလေသည်။





"အစ်ကိုတို့ ရောက်လာတော့မယ်မှန်းသိလို့ ကျွန်မလာ စောင့်နေတာ၊ ကဲ. . ကျွန်မတို့ နေတဲ့နေရာ သွားကြရအောင်"

ဟု ပြောဆိုကာ သူတို့ကို ခေါ်သွားလေသည်။

မြလေးနွယ်တို့နေသောနေရာမှာ ဘုရားပျက်ကုန်းနှင့် မဝေးလှပေ။

ထိုနေရာတစ်ဝိုက်မှာ သစ်ပင်ကြီးများ အုပ်မိုးလျက်ရှိ နေပြီး တဲစုကလေးမျှသာရှိသော နေရာတစ်နေရာ ဖြစ်သည်။

မြလေးနွယ်က သူတို့ကို အိမ်တစ်လုံးရှိရာသို့ ခေါ်သွား လေသည်။ ထိုနေရာရောက်တော့ ငမဲအောင်က နီမောင်အနီး သို့ကပ်ကာ လေသံတိုးတိုးဖြင့် မေးလေသည်။

"နီမောင် ဒီအမျိုးသမီးက ငါတို့ တစ်ခါတွေ့တုန်းက တ်မနဲ့တဲ့ အမျိုးသမီးမဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြသည်။

"အခုတော့လည်း လူကောင်းတစ်ယောက် လိုပါပဲလား"

"ကောင်းတဲ့အချိန်ကောင်းပြီး မကောင်းတဲ့အချိန် မကောင်းလို့ ဖြစ်မှာပေါ့"

"မင်း စကားကလည်း နှစ်လုံးထဲနဲ့ ရှုပ်နေတာပဲ၊ ဒါထက် ရွာကရော ဟုတ်ရဲ့လား၊ ကျတ်ရွာမှာ ညအိပ်ရတာမျိုးလည်း ဖြစ်နေဦးမယ်"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ကွာ၊ မဖြစ်ပါဘူး"

မြလေးနွယ်တို့ နေသောအိမ်မှာ ဓနိမိုး ဓနိကာဖြင့် ဝါးပိုးဝါးခြမ်းများ ခင်းထားသောအိမ်ဖြစ်ပြီး သုံးပင်နှစ်ခန်းတွဲ အိမ်မျိုးဖြစ်သည်။

ထိုအိမ်ရောက်တော့ တစ်ခါတွေ့သော အဘိုးကြီး ကို တွေ့ရသည်။

"ဒါ ကျွန်မရဲ့ အဘိုးလေ၊ ဒီမှာတော့ ကျွန်မတို့ မြေးအဖိုး နှစ်ယောက်ပဲ နေကြပါတယ်၊ အဘိုးရဲ့နာမည်က ဦးသူတော် လို့ခေါ်တယ်"

ဟု မြလေးနွယ်က ပြောပြသည်။

ဦးသူတော်မှာ သဘောမနော ကောင်းသောသူဖြစ်ပြီး မြလေးနွယ် ပြောပြထားသောကြောင့် နီမောင်တို့ ရောက်လာ မည်ကိုလည်း ကြိုတင်သိနေဟန်ရှိသည်။

ပြုံးပြုံးရွှင်ရွှင်နှင့်ပင် နေရာထိုင်ခင်းများ ပေးသည်၊

"လာကြကွယ့်၊ အမောအပန်းပြေသွားအောင် လက် ဘက်ရည် ခါးခါးလေး သောက်ကြဦး"

ဟု ပြောပြောဆိုဆိုဖြင့် ဝါးဖြင့်ပြုလုပ်ထားသော ခွက် များထဲသို့ လက်ဖက်ရည်တစ်ခွက်စီ ငှဲ့ထည့်ပြီးပေးသဖြင့်. . သောက်ကြလေသည်။

ပူပူနွေးနွေးဖြင့် ရနံ့မွှေးလှသော လက်ဖက်ရည် တစ် ခွက်စီ သောက်လိုက်သောအခါ ခရီးပန်းလာခဲ့သည်များ ပြေ ပျောက်သွားဟန်ရှိသည်။

လက်ဖက်ရည်သောက်ရင်းနှင့် ဦးသူတော်က သူတို့ နေကြသောနေရာအကြောင်းကို ပြောပြလေသည်။

သူတို့နေသောနေရာကို "ဘုရားကုန်း"ရွာဟုပင်ခေါ် ကြောင်း ထိုရွာမှာ နေကြသူများမှာ သူစိမ်းမရှိဘဲ ဆွေမျိုးသား ချင်း တော်စပ်သူများဖြစ်ကြောင်း ရှေးနှစ်ပေါင်းများစွာကပင်





ဆွေမျိုးအစဉ်အဆက်သို့ ထိုနေရာမှာပင် နေလာခဲ့ရာ ယခုသူတို့ ထိဖြစ်ကြောင်း၊ သူတို့နေသောနေရာသို့ အခြားသူများ မလာ ရောက်ကြကြောင်း၊ တကူးတက လာရောက်ရှာဖွေသော်လည်း က်စီလည်ပြီး မတွေ့နိုင်ကြကြောင်း စသည်ဖြင့် ပြောပြလေ သည်။

"ကျွန်တော်တို့ကို လက်ခံပေးတဲ့အတွက်တော့ ကျေးဇူး တင်ပါတယ် အဘ"

သူ စကားဆုံးတော့ နီမောင်က ပြောလိုက်သည်။

"မင်းကတော့ ငါတို့နဲ့ ဘဝဆက်ရှိခဲ့တဲ့သူပဲ၊ လက်ခံပေး မှာပေါ့"

ထိုသို့စကားပြောဆိုနေစဉ် မြလေးနွယ်က ထမင်းစား သောက်ရန် လာခေါ်သဖြင့် သုံးယောက်သား နေရာမှထကာ ထမင်းစားကြရလေသည်။

တောဟင်း၊ တောထမင်းများ ဖြစ်သော်လည်း တစ်နေ ကုန် မောပန်းလာသောကြောင့် ထမင်းမြိန်ကြလေသည်။

စောထီးနှင့် ငမဲအောင်ကတော့ တောထဲမှာ ထိုကဲ့သို့ သော ထမင်းဟင်းမျိုး စားသောက်ကြရသဖြင့် အံ့ဩနေကြ သည်။ စိတ်ထဲမှာလည်း တထင့်ထင့်တော့ ဖြစ်နေကြသေးသည်။

ထိုအခါ မြလေးနွယ်က. . .

"စိတ်ဖြောင့်ဖြောင့်သာ စားသောက်ကြပါရှင်၊ ကျွန်မတို့ က စေတနာရှိလို့ ကျွေးတဲ့အစားအသောက်တွေစားပြီး ဘယ်လို ပါဒ်အန္တရာယ်မျိုးမှ မရှိစေရဘူး"

ဟု ပြောတော့မှ မျက်နှာပူပူနှင့် ခေါင်းငုံ့ကာ. . စား

သောက်ကြလေတော့သည်။

ညအချိန်ရောက်တော့ စောထီးနှင့် ငမဲအောင်တို့က ဒိုက်လေးသဖြင့် စောစောပင် အိပ်ကြလေသည်။

ဦးသူတော်ကတော့ ပုတီးစိပ်ရန်အတွက် ဘုရားကုန်း ဘက်သို့ ထွက်သွားလေသည်။

အိမ်ရှေ့ဆောင်မှာတော့ နီမောင်နှင့် မြလေးနွယ်တို့ နှစ်ယောက်ထိုင်ကာ စကားပြောနေကြသည်။

အပြင်ဘက်မှာတော့ အမှောင်ရိပ်များ ဖုံးလွှမ်းနေလေပြီ။ သူတို့အနီးတွင် ကညင်ဆီမီးတိုင်ခွက်တစ်ခု ထွန်းထားသောကြောင့် အလင်းရောင် ရနေသည်။

“အစ်ကိုတို့ လာမယ်ဆိုတာ မြလေးနွယ် ဘယ်လိုသိနေတာလဲ”

“အစ်မနုဒီ လာပြောပြထားလို့ သိတာပါ”

“သူနဲ့က အဆက်အသွယ် အမြဲရှိနေတာပဲလား”

“အစ်မနုဒီတို့က အကြောင်းကိစ္စ အရေးကြီးတဲ့အခါမှာတော့ ရောက်လာကြပါတယ်၊ ကျွန်မအကြောင်းတွေကိုရော အစ်မက အစ်ကို့ကို ပြောလိုက်သေးတယ် မဟုတ်လား”

“ပြောပြလိုက်ပါတယ်၊ တွေ့စတုန်းကတော့ မင်းကို ပရလောကသားတစ်ဦးလို့ပဲ ထင်မိပါတယ်၊ သူပြောပြတော့မှ မင်းက လူ့ဘဝပြန်ရောက်နေတယ်ဆိုတာ သိရတာပါ၊ ဒီအတွက်တော့ ဝမ်းသာမိပါတယ်”

“အစ်ကိုက ဘာကြောင့်ဝမ်းသာရတာလဲ”

သူမက အပြုံးလေးဖြင့် အေးအေးဆေးဆေး မေးလိုက်





သ်လည်း နီမောင်ကတော့ မျက်နှာတစ်ခုလုံး ထူပူသွားလေ ည်။

“ဟို . . ဟို . . တခြားကြောင့်တော့ မဟုတ်ပါဘူး၊ လူ းတွေ ပြောတာတော့ လူ့ဘဝဆိုတာ ရခဲတယ်ဆိုလားပဲ၊ လူ့ ရတော့ ပိုကောင်းတယ်လို့ ပြောတာပါ”

ဟု အထစ်ထစ်အငေါ့ငေါ့ ပြန်ပြောသောအခါ မြလေး က ပြုံးနေလေသည်။

ထိုအခါ မြလေးနွယ်က ပြုံးသည်။

“ကျွန်မတို့က ဒီဘုရားနဲ့ သက်ဆိုင်တဲ့ ဘဝဆက်ရှိတဲ့ တွေပါပဲ၊ နှစ်ပရိစ္ဆေဒကြာတော့ . . တချို့လည်း လူ့ဘဝပြန် က်၊ တချို့လည်း အရင်ဘဝနဲ့ပဲ ဘုရားနဲ့သက်ဆိုင်တာတွေ စောင့်ရှောက်ပေးနေကြရတယ်”

နီမောင်က စိတ်ဝင်စားစွာ နားထောင်နေလေသည်။

“အရင်တုန်းကတော့ မနုဒီနဲ့ အဘဦးဒိပတို့လည်း နေကြတာပါပဲ၊ နောက်ပိုင်း ထီးတော်ကြီးပါသွားပြီး ပန်းမခ ဲ ရောက်သွားပြီးတဲ့နောက်မှာတော့ သူတို့လည်း အဲဒီနေရာ ပြီး သွားနေပေးကြရတယ်”

“အတော် စိတ်ဝင်စားစရာကောင်းတာပဲ၊ အစ်ကို သူ းနေတဲ့နေရာ ရောက်သွားတော့ ရွှေငွေရတနာတွေ အများကြီး တွေ့ခဲ့ရတယ်၊ ရွှေပုရပုဒ်တွေလည်း ရှိတယ်”

“ဟုတ်တယ်၊ အဲဒီပစ္စည်းတွေက ဘုရားဌာပနာ ထည့် းတဲ့ ပစ္စည်းတွေပါ၊ မသမာသူတွေ ဖျက်ဆီးမှာစိုးလို့ နေ ရွှေ့ထားတာပါ၊ အစ်ကိုက ကျွန်မတို့နဲ့ ဘဝဆက်ရှိတဲ့သူမို့

တွေ့မြင်ခွင့်ရတာပါ"

"ဒါကြောင့်ပဲ ထင်ပါရဲ့ မင်းတို့ကို မြင်စကတည်းက ရင်းနှီးပြီး ထားသူတွေလိုပဲ စိတ်ထဲက ထင်နေမိတယ်၊ ဒါဆ မင်းနဲ့ အစ်ကိုကရော အရင်ဘဝကတည်းက အခုလိုပဲ ရည်း ခင်မင်ခဲ့ကြတာပဲလား"

"အစ်ကိုက အမှန်အတိုင်း သိချင်တာလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"အရင်ဘဝက အစ်ကိုနဲ့ ကျွန်မက ဖူးစာဖက်တွေပ"

"ဟင်. . "

နီမောင် စိတ်ထဲမှာ လှိုင်းထသွားသည်။

လှုပ်ရှားသွားလေသည်။

"တကယ်ပဲလားဟင်"

မြလေးနွယ် ခေါင်းညိတ်ရင်း. . .

"အစ်ကိုက မယုံလို့လား၊ ကျွန်မ လိမ်ပြောနေတယ်ထ ထင်နေလို့လား"

ဟု ပြန်မေးသည်။

"မ. . မဟုတ်ပါဘူး၊ သိ. . သိချင်လို့ပါ"

"ကျွန်မပြောတဲ့စကားက အမှန်ပါပဲ၊ လက်ဆက်ပြီးခ အိမ်ထောင်ဘက်ဘဝကနေ ခွဲခွာပြီး ဒီဘဝပြန်ရောက်မှ ပြ တွေ့ကြတာပါ"

"ဒီစကား. . ကြားရတာ ဝမ်းသာလိုက်တာ"

"ဘာဖြစ်လို့ ဝမ်းသာတာလဲ"

"ကိုယ့်ရဲ့ ဘဝလက်တွဲဖော်တစ်ယောက်ကို ဘဝပြော





နောက်ဘဝရောက်မှ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ရတာ းတဲ့ကုသိုလ်လား"

"တိုက်ဆိုင်တာ မဟုတ်ပါဘူး အစ်ကိုရယ်၊ အစ်ကိုတို့ ားစု ပန်းမခရွာ ရောက်လာတာလည်း အဲဒါတို့ပဲ စီစဉ် းခဲ့ကြတာပါ"

သည်တော့မှ အတော်ကလေး သဘောပေါက်သွားလေ ည်။

"ဒါထက် အခုလို ပြန်တွေ့ကြတော့ မင်းကရော ကိုယ့် ပေါ်မှာ ဘဝဟောင်းက ဖူးစာဖက်အဖြစ် လက်ခံနိုင်သေးရဲ့ း"

"အစ်ကိုက စပြောလေ"

"ကိုယ်ကတော့ မင်းနဲ့တွေ့ပြီး မင်းအကြောင်းတွေ သိ းကတည်းက စိတ်ဝင်စားမိနေတာ၊ အခုလိုသိရတော့ ပိုပြီး သာတာပေါ့"

"ကျွန်မလည်း အစ်ကို့လိုပဲပေါ့"

နီမောင်က မရဲတရဲနှင့်. . .

"လက်ကလေး ခဏကိုင်ကြည့်ပါရစေ"

ဟု ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

"တကယ်မှ ဟုတ်ရဲ့လား၊ အိပ်မက်မက်နေတာများ ဖြစ် နေလားလို့ပါ"

မြလေးနွယ်က ရှက်သွေးဖြာသော အပြုံးမျိုးဖြင့် တစ် ပြုံးလိုက်ပြီး သူမ လက်ကလေးတစ်ဖက်ကို ကမ်းပေးရာ

နီမောင်က ဆုပ်ကိုင်ထားလိုက်သည်။

"အစ်ကို့ကို ဒီဘဝမှာတွေ့ခဲ့တဲ့ ချစ်သူအနေနဲ့ လက်
မှာလား၊ အရင်ဘဝဟောင်းက ချစ်သူအနေနဲ့ လက်ခံမေ
လား"

"အစ်ကိုကရော ကျွန်မကို အခုဘဝတွေ့တဲ့ချစ်သူအ
နေနဲ့ လက်ခံမှာလား၊ ဘဝဟောင်းက ချစ်သူအနေနဲ့ ချစ်
လား"

"နှစ်မျိုးစလုံးပေါ့၊ အရင်ဘဝက စခဲ့တဲ့ ရေစက်တွေ
ဒီဘဝမှာ ပြန်ပြီး လက်တွဲကြရမှာပေါ့၊ အစ်ကိုကတော့ မ
လင့်ပဲ ဘဝဟောင်းက ချစ်သူကို ပြန်ရတာ တကယ်ပဲ ဝမ်းသ
ပါတယ်"

"ကျွန်မလည်း ဒီလိုပဲ ခံစားမိပါတယ်"

ထိုညတာအဖို့တော့ သူတို့နှစ်ယောက်အတွက် ပြောစ
စကားများက မကုန်နိုင်အောင် ရှိနေကြလေတော့သည်။

ဘဝခြားခဲ့သော်လည်း အချစ်မခြားခဲ့သူများဟုသာ
ရပေတော့မည်။





# အခန်း(၁၄)

# တောနက်ထဲမှ ကယ်တင်ရှင်

နောက်တစ်နေ့ မနက်ပိုင်းရောက်တော့ ထိုနေရာမှပြန်ရန် ပြင်ကြလေသည်။

ဦးသူတော်ကတော်ကတော့ မကြာခင် ဘုရားတည်ရန် ကိစ္စများ စတင်တော့မည်မို့ အခြားလေးလံသော အရပ်ဒေသသို့ မသွားကြရန် မှာကြားလေသည်။

ပြီးလျှင် နီမောင်တို့သုံးယောက်အတွက် ငွေဒင်္ဂါး(၁၀) ပြား ပေးလိုက်လေသည်။

"ဒီရွှေဒင်္ဂါးတွေကိုယူပြီး ထုခွဲရောင်းချပြီး သောက်ကြပါ"

နီမောင်တို့က အတန်ငြင်းသော်လည်း အတင်းပေးသဖြင့် ယူကြရပေသည်။

"လူဆိုတာ ကုသိုလ်ကောင်းမှုကိစ္စတွေ ဘယ်လောက်လုပ်ပေးချင်ပေမယ့် ကိုယ့်မှာမပြည့်စုံရင် လုပ်ပေးလို့ မရကြဘူးဒါကြောင့် မင်းတို့ကို ပေးတာပါ၊ ဒီရွှေဒင်္ဂါးတွေ ရောင်းရင်လည်း စားသောက်ဖို့ပဲ ရမှာပါ"

ဟု ပြောလိုက်သေးသည်။

သူတို့ပြန်ရန် ပြင်သောအချိန်မှာ နံနက်ပိုင်းအချိန်ကျော်နေပေပြီ။

မြလေးနွယ်က သူတို့သုံးယောက်ကို ဇရပ်ရှိသောနေရာရောက်သည်အထိ လိုက်ပို့ပေးလေသည်။

စောထီးနှင့် ငမဲအောင်တို့က ရှေ့မှ သွားနှင့်ကြပြီးနီမောင်နှင့် မြလေးနွယ်တို့ကတော့ စကားတပြောပြောနှင့်နောက်မှလိုက်လာကြလေသည်။

ဇရပ်ရှိသောနေရာ ပြန်ရောက်တော့ ဇရပ်ပေါ်မှာ လူငါးယောက် ရှိနေကြသည်။

ညက မိုးရွာသဖြင့် ဇရပ်ပေါ်မှာ လာရောက်မိုးခိုနေသော ဓားပြငါးယောက်ပင် ဖြစ်ကြလေသည်။

ဓားပြငါးယောက်က သူတို့ထွက်လာတာမြင်တော့ သေနတ်ဖြင့် ချိန်ထားကြသည်။

ထိုအခြေအနေကိုမြင်တော့ မြလေးနွယ်က. . .





"အစ်ကို ကျွန်မ သွားတော့မယ်"

ဟုပြောပြီး နောက်ဘက်သို့ ခပ်သုတ်သုတ် ပြန်ဝင်သွားလေရာ ဓားပြများက လှမ်းမြင်လိုက်ကြသည်။

"ဟေ့. . မပြေးနဲ့ ပစ်လိုက်ရမလား"

ထိုသို့ လှမ်းအော်သော်လည်း ပစ်ချိန်မရလိုက်တော့ပေ။

ထို့နောက်မှာတော့ ဓားပြများက နီမောင်တို့ သုံးယောက်ကို ဖမ်းပြီး ကြိုးဖြင့် တုပ်ထားလိုက်သည်။

ဓားပြခေါင်းဆောင်မှာ မင်းဒင်ဆိုသူ ဖြစ်သည်။

"မင်းတို့ ဘယ်သူတွေလဲ"

"အမဲလိုက်တဲ့သူတွေပါ"

"ဘယ်ရွာကလဲ"

"ပန်းမရွာကပါ"

"စောစောက ပြန်ပြေးသွားတဲ့ အမျိုးသမီးက ဘယ်ကလဲ"

"ဟိုဘက်နားက ရွာမှာ နေပါတယ်"

"ဟင်. . ငါတို့ ဒီနားတစ်ဝိုက် သွားလာနေတာ ကြာပါပြီ၊ ဒီဘုရားပျက်နားမှာ ရွာမရှိပါဘူး၊ လိမ်မပြောနဲ့နော်. . သုံးယောက်စလုံး သတ်ပစ်လိုက်မယ်"

"မညာပါဘူး၊ အမှန်အတိုင်း ပြောတာပါ"

ထို့နောက် သူတို့မှာပါသော အိတ်များကို တစ်အိတ်ချင်းရှာသောအခါ ဦးသူတော်ပေးလိုက်သော ရွှေဒင်္ဂါး(၁၀)ပြားကိုတွေ့သွားကြသည်။

"ဟာ. . ရွှေဒင်္ဂါးတွေဟ ဟန်ကျတာပဲ၊ ဒီရွှေဒင်္ဂါးတွေ

ဘယ်ကရလာတာလဲ မှန်မှန်ပြော"

"တောထဲမှာ မျှစ်ထူးရင်းနဲ့ တွေ့လို့ယူလာတာပါ"

ဟု ပြောသောအခါ မင်းဒင်က မယုံသဖြင့် ဓားတစ်လက်ကို ဆွဲယူလာပြီး နေရာမှထလာသည်။

"ငါ့ကိုလိမ်ပြောတာ နည်းနည်းမှ မကြိုက်ဘူး၊ ဒီတစ်ခါမေးလို့ မှန်မှန်မပြောရင် ဒီတစ်ယောက်ရဲ့ လည်ပင်းကို ဖြတ်ချလိုက်မယ်"

ဟုပြောကာ ငမဲအောင်ကို ဓားဖြင့် ချိန်လိုက်သည်။

"ဘယ်ကရခဲ့တာလဲ"

"ဟိုဘက်နားမှာ ရွာတစ်ရွာ ရှိပါတယ်၊ စောစောကမြင်လိုက်တဲ့ မိန်းကလေးနေတဲ့ရွာပါ၊ ရွှေဒင်္ဂါးတွေက သူတို့ပေးလိုက်တာပါ"

"ဘာအတွက် ပေးလိုက်တာပါ"

"နောက်တစ်ခါလာရင် စားသောက်စရာတွေ ဝယ်ခဲ့ဖို့ ဈေးမှာလိုက်တာပါ"

"ဒါဖြင့် သူတို့ဆီမှာ ရွှေဒင်္ဂါးတွေ အများကြီး ရှိတာပေါ့"

"အဲဒါတော့ မသိပါဘူး"

"ခုတလော ဓားပြတိုက်ရတာ အဆင်ကို မပြေဘူး၊ ခုတော့လည်း ရွှေဒင်္ဂါးတွေတောင် အဆင်သင့် ရလိုက်ပါလား"

မင်းဒင်က အရောင်တဝင်းဝင်းဖြစ်နေသော ရွှေဒင်္ဂါးများကို လောဘတက်နေသော မျက်လုံးများဖြင့် ကြည့်နေလေသည်။

"မင်းတို့ ရောက်ခဲ့တဲ့ရွာက အိမ်ခြေများသလား"





"(၁၅)လုံးလောက်ပဲ ရှိမှာပါ"

"လူတွေရော အတော်များသလား"

"သိပ်တော့ ရှိမယ်မထင်ပါဘူး"

"မင်းတို့ကို ရွှေဒင်္ဂါးနဲ့ ဈေးမှာလိုက်တဲ့အိမ်တော့ မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ်"

"ကောင်းပြီ ဒီလိုဆိုရင် ညမှောင်တော့မှ သွားမယ်"

ဟုပြောကာ ဇရပ်ပေါ်မှာပင် နေကြလေသည်။

နေ့လည်ပိုင်းရောက်တော့ ဇရပ်ရှိရာသို့ အမျိုးသမီးနှစ်ယောက် ရောက်လာကြလေသည်။

အခြားသူများက မသိသော်လည်း နီမောင်ကတော့ ကောင်းစွာ မှတ်မိလေသည်။

ဝေမာရွာမှ ဒေါ်ငွေရုံနှင့် ရင်မေတို့ပင် ဖြစ်ကြပေသည်။

၎င်းတို့ နှစ်ယောက်ကို မြင်သောအခါ နီမောင်က စိတ်ထဲမှကြိတ်ကာ ဝမ်းသာသွားလေသည်။

စောထီးနှင့် ငမဲအောင်တို့ကတော့ မသိကြပေ။

၎င်းတို့နှစ်ယောက် လက်ထဲမှာ ကျောက္ကာချိုင့်တစ်လုံးစီ ဆွဲလာကြသည့်အပြင် ရင်မေဦးခေါင်းပေါ်မှာ ခံတောင်းတစ်လုံးကိုပါ ရွက်လာကြလေသည်။

သူတို့နှစ်ယောက် ဇရပ်နား ရောက်လာသောအခါ မိုးရိပ်မိုးသားများ တက်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး ညအချိန်ကဲ့သို့ မည်းမှောင်လာလေတော့သည်။

ထိုနှစ်ယောက်ကိုမြင်တော့ မင်းဒင်က လှမ်းခေါ်လိုက်

သည်။

"ဟိုနှစ်ယောက် ဒီကိုလာခဲ့ဦး"

"ဘာကိစ္စရှိလို့လဲ မောင်ရင်"

"လာဆို လာစမ်းပါဗျာ၊ စကားရှည်လိုက်တာ"

ဟု လေသံမာမာဖြင့် ခေါ်တော့မှ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဝင်လာကြသည်။

"ဘယ်သွားကြမလို့လဲ"

"ဟိုဘက်နားက ဆွေမျိုးသားချင်းတွေ ရှိတဲ့ရွာ သွားမလို့ပါကွယ်"

"တောင်းထဲမှာ ဘာတွေပါသလဲ"

"ဆွေမျိုးတွေအတွက် ထမင်းဟင်းတွေ ချက်ယူလာခဲ့တာပါ"

ထိုစကားကြားတော့ မင်းခင်မှာ များစွာကျေနပ်သွားဟန် ရှိလေသည်။

"အဆင်ပြေတာပေါ့၊ ကျုပ်တို့လည်း ထမင်းကောင်းကောင်း ဟင်းကောင်းကောင်း မစားမသောက်ရတာ အတော်ကြာသွားပြီ၊ ထမင်းကောင်းဟင်းကောင်းတွေ ဒီမှာချထားပြီး ဟိုဘက်နားမှာ ငြိမ်ငြိမ်လေး သွားထိုင်နေ၊ မျက်စိနောက်အောင် လုပ်ရင်တော့ သေဖို့သာပြင်ထား"

ဟု ကြိမ်းမောင်းပြောဆိုသဖြင့် ဒေါ်ငွေရုံတို့နှစ်ယောက်မှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ထမင်းထည့်ထားသော တောင်းနှင့် ဟင်းများထည့်ထားသော ချိုင့်နှစ်လုံးကို ချထားပေးခဲ့ပြီး နီမောင်တို့သုံးယောက် ကြိုးတုပ်ထားသောနေရာနှင့် မနီးမဝေးမှာ ကုပ်





ကုပ်ကလေး လာထိုင်နေကြလေသည်။

ဓားပြငါးယောက်တို့ကတော့ ငတ်မွတ်နေသော အချိန်တွင် ထမင်းတောင်း ဟင်းချိုင့်များ အဆင်သင့်ရောက်လာသဖြင့် ဝမ်းသားအားရ ဖွင့်ကြည့်ကြသည်။

တောင်းထဲမှာတော့ ငှက်ပျောဖက်ခင်းပြီး ထည့်လာသော ထမင်းများက ပူပူနွေးနွေးပင် ရှိနေသေးသည်။

ဟင်းချိုင့်များ ဖွင့်ကြည့်တော့လည်း ဝက်သားဟင်း၊ အမဲသားဟင်းတို့အပြင် ငပိရေ တို့စရာတို့ စုံလင်စွာပါလေရာ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ စားသောက်ကြလေတော့သည်။

ဒေါ်ငွေရုံကတော့ အသင့်ပါလာသော မြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို မီးညှိဖွာရင်းနှင့် လှမ်းကြည့်နေလေသည်။

အနားမှာရှိနေသော ရင်မေကတော့ များစွာကြောက်ရွံ့လှသော အမူအရာဖြင့် ဒေါ်ငွေရုံ နောက်ဘက်နားမှာ ကွယ်၍ ထိုင်နေလေသည်။

ဓားပြငါးယောက်ကတော့ စားရင်းသောက်ရင်းနှင့်ပင် မကြာခဏဆိုသလို ရင်မေရှိရာသို့ လှမ်းကြည့်ရင်း အချင်းချင်း တိုင်ပင်နေကြလေသည်။

ဒေါ်ငွေရင်တို့ မြေးအဖွားက မသိရှာသော်လည်း မနီးမဝေးမှာ ရှိနေသော နီမောင်ကတော့ အခြေအနေကို ရိပ်မိလေသည်။

သို့သော်. . သူကိုယ်တိုင်က ကြိုးတုပ်ခံထားရသောကြောင့် ဘာမှမတတ်နိုင်တော့ပေ။

မိုးမှောင်ကျနေသော်လည်း မိုးကမရွာသေးပေ။

သို့သော်လည်း တောထဲမှာတော့ ညအချိန်ရောက်နေသကဲ့သို့ မှောင်မည်းနေလေတော့သည်။

ခဏကြာတော့ ထမင်းစားပြီးသွားကြသည်။

ပါလာသော ထမင်းနှင့်ဟင်းများလည်း ဘာမှမကျန်တော့ပေ။

"မင်းတို့ စားသောက်ပြီးရင် ငါတို့ သွားရတော့မလား"

"မရသေးဘူး၊ ခင်ဗျားတို့သွားရင် ရွာသားတွေ သိသွားမှာပေါ့၊ နောက်ပြီး ဟိုကောင်မလေးကို သိပ်မသက်ာဘူး၊ စစ်မေးစရာ ရှိသေးတယ်"

"ငါတို့က ရိုးရိုးသားသား တောသူတောင်သားတွေပါ၊ ငါ့မြေးကိုတော့ မနှိပ်စက်ကြပါနဲ့"

"ခင်ဗျား ဒီနေရာမှာတင် မသေချင်သေးဘူးဆိုရင် ငြိမ်ငြိမ်လေးသာ နေပေတော့"

"ငါကတော့ ဒီနေရာမှာ မသေပါဘူး၊ ဒီနေရာမှာတင် မကြာခင် နင်တို့ပဲ သေကြရမှာ"

ထိုစကားကြောင့် မျက်လုံးပြူးသွားကြသည်။

"ဘာစကားပြောတာလဲ"

"ဒီတောထဲကို ငါတို့ မြေးအဖွားနှစ်ယောက်တည်း လာခဲ့ကြတယ်လို့ ထင်နေသလား၊ နောက်မှာ အဖော်တွေ အများကြီး ပါလာကြသေးတယ်၊ မကြာခင် သူတို့ ရောက်လာကြတော့မှာ"

ထိုစကားကြောင့် ဓားပြငါးယောက်မှာ ပတ်ဝန်းကျင်ကို စိုးရိမ်ထိတ်လန့်သော အကြည့်မျိုးဖြင့် ကျီးကန်းတောင်းမှောက်





ကြည့်ကြလေသည်။

"ခင်ဗျား မဟုတ်တာတွေ ပြောမနေနဲ့နော်၊ နေရာမှာတင် သတ်ပစ်လိုက်ရမလား"

"ငါမသတ်ခင် နင်တို့ သေဖို့သာ ပြင်ထားပေတော့၊ နင်တို့ စောစောက စားသောက်ခဲ့ကြတော့ ထမင်းဟင်းတွေလို့များ ထင်နေသလား"

"ဟင်.."

"ငါပြောတာ မယုံဘူးလား၊ နင်တို့လို လူယုတ်မာတွေက ထမင်းကောင်းဟင်းကောင်းနဲ့ ဘယ်တန်ပါ့မလဲ၊ နင်တို့ စားသောက်တဲ့ အစားအသောက်တွေကို သိချင်ရင်.. ဟင်းချိုင့်နဲ့ ထမင်းတောင်းထဲမှာသာ ကြည့်ပေတော့"

ထိုသို့ပြောတော့မှ မင်းဒင်တို့တတွေမှာ ၎င်းတို့ ချထားသော ထမင်းတောင်းနှင့် ဟင်းချိုင့်များကို ပြန်ကြည့်ကြသည်။

"အောင်မယ်လေး ဘယ့်နှယ်ဟာတွေလဲ"

ထမင်းတောင်းထဲမှာ ကျန်နေသော အရာများမှာ ထမင်းစေ့များ မဟုတ်ကြပေ။ တရွရွနှင့် သွားလာနေသော အမွေးစုတ်ဖွားနှင့် လောက်ကောင်ကြီးများ ဖြစ်ကြလေသည်။

ဟင်းချိုင့်များထဲမှာလည်း အသားပုပ်များ သစ်ခေါက်များအပြင် လူမျက်လုံးနှင့်တူသော မျက်လုံးသုံးလေးလုံးကိုပါ တွေ့ရသည်။

ဒေါ်ငွေရုံက သောက်လက်စ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို မီးတရဲရဲနှင့် ဖွာနေရာမှ ဆက်ပြောလေသည်။

"နင်တို့စားဖို့အတွက်ဆိုပြီး စောစောကမှ သချိုင်း

ကုန်းကမြှင့်ထားတဲ့ လူသေတွေကို တူးဖော်ပြီး ခုတ်ထင်ပြီး ထည့်လာခဲ့တာ၊ ငါးပိရေကာ ပုတ်နေတဲ့ လူသေခေါင်းထဲက ဦးနှောက်တွေပဲ၊ စားလို့ ကောင်းကြတယ် မဟုတ်လား"

"အောင်မလေးဗျ၊ ဝေါ့. . ဝေါ့. . ဝေါ"

တဝေါဝေါနှင့် ထိုးအန်ကြလေတော့သည်။

မင်းဒင်ကိုယ်တိုင်ပင် ရင်ထဲမှာ ပျို့တက်လာသေးကြောင့် မခံနိုင်တော့ဘဲ ထိုးအန်ချလိုက်ရလေသည်။

"ဝေါ့. ."

အန်ချလိုက်သော အရာများမှာ အခြားမဟုတ်ပေ၊

စောစောက စားသောက်ထားကြသော အပုပ်အစပ်များပင် ဖြစ်ပေတော့သည်။

ထိုအရာများကို မြင်ရလေ ပို၍အန်ချင်လေ ဖြစ်ရာ မနားရအောင် ဖြစ်နေကြသည်။

ဇရပ်ပျက်ကြီးပေါ်မှာတော့ တဝေါဝေါနှင့် အန်နေသော အသံများက ဆူညံနေတော့သည်။

ထိုအချိန်တွင် မိုးမှောင်ကြီး ကျလာသောကြောင့် နေ့အချိန်ပင် ဖြစ်လင့်ကစား ညအချိန်ကဲ့သို့ မည်းမှောင်လာလေတော့သည်။

ထိုသို့မှောင်လာသော အချိန်တွင် ပတ်ဝန်းကျင်မှာရှိသော တောထဲမှ ခြေသံများ ကြားလာရသည်။

"ငါခေါ်လာတဲ့ ဧည့်သည်တွေတော့ ရောက်လာကြပြီ၊ မင်းတို့ သုံးယောက်က သူတို့ကို မကြည့်မိစေနဲ့၊ မျက်စိမှိတ်ပြီး ခေါင်းငုံ့ထားကြ"





ဒေါ်ငွေရှုံက နီမောင်တို့ကို ကြည့်ပြီး လှမ်းပြောသဖြင့် မျက်စိမှိတ်ကာ ခေါင်းငုံ့ထားကြရလေသည်။

သို့သော်လည်း သစ်ပင်သစ်ကိုင်းများကို ချိုးဖဲ့သံ၊ မြေပြင်ပေါ်မှ တဝုန်းဝုန်းနှင့် နင်းလျှောက်လာသော ခြေသံကြီးများကိုတော့ အတိုင်းသား ကြားနေရသည်။

မင်းဒင်တို့ ငါးယောက်ကတော့ တဝေါဝေါနှင့် အဆက်မပြတ် အန်ချနေသောကြောင့် နေရာမှပင် မထနိုင်ကြတော့ပေ။

ထိုအချိန်မှာပင် တောထဲမှ သရဲသဘက်များ ထွက်လာကြလေတော့သည်။

အရပ်အမောင်းမြင့်ပြီး ပုံပျက်ပန်းပျက် ဖြစ်နေကြသော သရဲသဘက်များမှာ ရုပ်ကလည်း ကြောက်စရာ ကောင်းကြသည်။ ဆံပင်ဖားလျားချထားသော သရဲ၊ ကတုံးပြောင်အောင် တုံးထားပြီး မျက်လုံးက အပြင်ပြူးထွက်နေသော သရဲ၊ နှာခေါင်းပွပွနှင့် ပါးစပ်ထဲမှ အစွယ်များ ငေါထွက်နေသော သရဲ၊ လျှာက ရင်ဘတ်အထိ ထွက်နေပြီး နားရွက်နှစ်ဖက်က ယပ်တောင်တမျှ ကြီးသော သရဲ. . စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ဖြစ်ကြလေသည်။

အားလုံးကတော့ ခြေကားယား လက်ကားယားဖြင့် ဒယိမ်းဒယိုင်ဖြင့် လျှောက်လာကြရာ ဇရပ်နား ရောက်လာကြသည်။ ထိုအခါ ဒေါ်ငွေရှုံက ပြောသည်။

"ဒီငါးယောက်က မင်းတို့ကျွေးတဲ့ အစားအသောက်တွေ စားသောက်ပြီးကြပြီ၊ ဒီတော့ မင်းတို့နဲ့ ဆိုင်တယ်၊ ဟိုသုံးယောက်က မဆိုင်ဘူး ထားခဲ့ကြ"

ထိုသို့ပြောလိုက်သည်နှင့် တောနက်ထဲမှ ထွက်လာသော

သရဲသဘက် ငါးယောက်က ဇရပ်ပေါ် တက်လာပြီး ဓားမြှောင်း ယောက်ကို ဆွဲချကြလေတော့သည်။

ထိုအခါမှ ကြောက်ကြောက်လန့်လန့်နှင့် အော်ဟစ်ငြီး ကန်ကြသော်လည်း မရတော့ပေ၊

သရဲသဘက်များက သတ်ဖြတ်ပြီးနောက် ဒရွတ်တိုက် ပြီး တောထဲသို့ ခေါ်သွားကြလေတော့သည်။

ခဏကြာတော့ ဇရပ်ပေါ်မှာ အသံများ ပြန်လည်တိတ် ဆိတ်သွားလေတော့သည်။

အားလုံး ငြိမ်သက်သွားတော့မှ ရင်မေက နေရာမှ ထ လာပြီး နီမောင်တို့ သုံးယောက်စလုံးကို ကြိုးဖြေပေးလေသည်။

ဒီတော့မှ မျက်စိဖွင့်ကြည့်ကြသည်။

ဇရပ်ပေါ်မှာတော့ ဓားပြများထံမှ ကျန်နေခဲ့သော သေ နတ်နှစ်လက်နှင့် ရင်မေတို့ မြေးအဖွားကိုသာ တွေ့ရသည်။

"အခုလို အကူအညီလာပေးတာ ကျေးဇူးတင်ပါတယ် ရင်မေရယ်"

"အတူ့အလှည့်ပေါ့ အစ်ကိုရယ်၊ ကျွန်မတို့ အခက်အခဲ ဖြစ်နေတုန်းကလည်း အစ်ကိုတို့ကလာပြီး အကူအညီ ပေးကြ တာပဲ၊ အခု အစ်ကိုတို့ အန္တရာယ်နဲ့ တွေ့တော့လည်း ကျွန်မတို့ က တစ်လှည့်ပြန်ပြီး အကူအညီ ပေးရမှာပေါ့"

ဟု အပြုံးဖြင့်ပြောရာ နံဘေးမှာ ရှိနေကြသော စော ထီးနှင့် ငမဲအောင်တို့ပင် အံ့ဩနေကြလေသည်။

ထိုအခါ ဆေးလိပ်သောက်နေသော ခေါင်ငွေရုံက လှမ်း ပြောလေသည်။





"ဆရာကြီးနဲ့ တွေ့ရင်သာ ကျုပ်တို့ မြေးအဖွားက အကူ အညီ ပေးလိုက်တဲ့အကြောင်း ပြောပြပေးပါ၊ သူ့ရဲ့ ကျေးဇူးတွေ က ငါတို့အပေါ်မှာ ရှိတယ်ကွဲ့"

"ဟုတ်ကဲ့. . ပြောပေးပါ့မယ်"

"ဒီနေရာတစ်ဝိုက်မှာ ဘယ်လိုအန္တရာယ်နဲ့ တွေ့လို့မှ စိတ်မပူပါနဲ့၊ မင်းတို့က ဒီနေရာအတွက် ကောင်းသောကိစ္စတွေ လုပ်နေကြတာပဲ၊ ငါတို့ကလည်း အကူအညီ ပေးကြရမှာပေါ့၊ ကဲ. . ကဲ. . သွားစရာရှိတာ သွားကြ၊ ငါတို့ မြေးအဖွားလည်း သွားတော့မယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ ဇရပ်ပေါ်မှ ပြန်ဆင်းကာ တောထဲသို့ ဝင်သွားကြလေတော့သည်။

"နီမောင်က သူတို့နှစ်ယောက်နဲ့ ဘယ်တုန်းကတည်းက သိနေကြတာလဲ"

စောထီးက မေးလိုက်သည်။

"အရင်တစ်ခေါက် ဆရာကြီး ဦးဖန်ကောင်းနဲ့ လိုက် သွားကတည်းက သိနေကြတာ"

နီမောင်က အကျိုးအကြောင်း ပြောပြလိုက်သည်။

"အတော့်ကို ဆန်းကြယ်တာပဲနော်"

"ဒီလောကမှာတော့ ငါတို့လို သာမန်လူတွေအနေနဲ့ မမြင်နိုင် မသိနိုင်တဲ့ အကြောင်းအရာတွေ အများကြီး ရှိနေတာ ပဲ"

"ဒါဖြင့် ဒီမြေးအဖွားက လူအစစ် မဟုတ်ဘူးပေါ့နော်"

"နေ့ခင်းကြောင်တောင် သရဲသဘက်တွေနဲ့ အတူလာ

တာတောင် မင်းက လူလို့ ထင်နေသေးလို့လား၊ ဘာလဲ ရှင်း ဆိုတဲ့ ကောင်မလေးကို သဘောကျနေလို့လား"

"အောင်မယ်လေး မလုပ်ပါနဲ့ကွာ၊ သဘောမကျပ ဘူး"

စောထီး၏ အမူအယာကို ကြည့်ပြီး ကျန်နှစ်ယောက် သဘောကျစွာ ရယ်လိုက်ကြသည်။

ထို့နောက် သုံးယောက်သား ထိုနေရာမှ သွားရန် ပြင်ကြ လေသည်။

"မားပြတွေ ကျန်ခဲ့တဲ့ သေနတ်နှစ်လက် ဘယ်လိုလု မလဲ"

"ငါတို့ ယူသွားလို့မှ မဖြစ်တာ၊ တစ်နေရာမှာ ဝှက်ထား ခဲ့ကြတာပေါ့၊ နောက်အကြောင်း ရှိတော့လည်း သုံးသင့်သုံး တာပေါ့"

ဟု ပြောဆိုတိုင်ပင်ကြပြီး သေနတ်နှစ်လက်ကို လုံခြုံ စိတ်ချရသောနေရာတွင် ဝှက်ထားခဲ့ကြပြီးမှ ရွာဘက်သို့ ပြန် ကြလေတော့သည်။

မားပြများ ထိုင်ခဲ့သည့်နေရာအနီးမှ မားပြများ ယူထား သော ရွှေဒင်္ဂါးထုပ်လည်း ပြန်ရကြလေပြီ။





# အခန်း (၁၅)

# အဆောင်အယှက်များ ရောက်ရှိလာခြင်း

နောက်ပိုင်းရက်များမှာတော့ နီမောင်က ပြုလုပ်မည့် အစီအစဉ်များကို လူကြီးများနှင့် တိုင်ပင်လေသည်။

ပထမတော့ ဦးမွန်ထော်နှင့် တိုင်ပင်သည်။

နောက် ဆရာကြီး ဦးဇန်ကောင်းနှင့် ဆွေးနွေးတိုင်ပင် သည်။ သူတိုင်ပင်သော လူကြီးများကလည်း သဘောတူကြလေ သည်။ ဦးခွန်ထော်က. . .

"ဘုရားပြုပြင်တဲ့ကိစ္စဆိုတာ အလွန်ကောင်းတာပဲ၊

ငါတို့က ဆင်းရဲနေတော့ မလုပ်နိုင်ကြဘူး၊ ဒါပေမယ့် မင်းတို့သုံ
တဲ့ကိစ္စကိုတော့ တတ်နိုင်သလောက် ပါဝင်ဆောင်ရွက်ပေး
မယ်"

ဟု ပြောသည်။ ဆရာကြီး ဦးပန်ကောင်းကလည်း...

"ကောင်းတာပေါ့ကွာ၊ ဒီကိစ္စက ငါနဲ့ အစိက သက်ဆိုင်
တဲ့ကိစ္စ ဖြစ်လေတော့ ငါကပဲ ဦးဆောင်ပြီး စီစဉ်လုပ်ကိုင်ပေး
ပါ့မယ်"

ဟု အားတက်သရော ပြောလေသည်။

"ဆရာကြီး လုပ်ပေးမယ်ဆိုရင်တော့ ဝမ်းသာစရာပေါ့၊
ကျွန်တော်တို့က လုပ်ချင်တာပဲ ရှိပါတယ်၊ လူငယ်တွေဆိုတော့
ဒီကိစ္စတွေကို ဘာမှမသိဘူး"

"မင်း သိစရာမလိုပါဘူးကွာ၊ နောက်မှာ လုပ်ပေးစေ
ချင်တဲ့သူတွေ ရှိပါတယ်၊ လူငယ်တွေဆိုတော့ ဒီကိစ္စတွေကို
ဘာမှမသိပါဘူး"

"မင်း သိစရာ မလိုပါဘူးကွာ၊ နောက်မှာ လုပ်ပေးစေချင်
တဲ့သူတွေ ရှိပါတယ်၊ သူတို့ စေခိုင်းတာတွေကိုပဲ ငါတို့က ရွှေတ
နေ လုပ်ပေးရုံပါပဲ၊ ဒါထက် ဒီကိစ္စကို ငါတို့သဘောနဲ့ချည်း
လုပ်လို့ မသင့်ဘူး။ ရွာလူကြီးကိုလည်း အသိပေးထားတာ ပို
ကောင်းမယ်၊ အကြောင်းတစ်စုံတစ်ရာပေါ် လာခဲ့ရင် အကူအညီ
ရတာပေါ့"

ဟု ပြောသည်။

သို့ကြောင့် ရွာလူကြီး ဇမုန်းထံရှိရာသို့ သွားကာ
အကျိုးအကြောင်း ပြောပြကြသည်။





ထိုအကြောင်းကို ကြားတော့ ဇမုန်းထန်က အံ့ဩသွား
ဟန် ရှိလေသည်။

"ဘုရားဖြုပြင်တယ်ဆိုတာ လွယ်တဲ့ကိစ္စမျိုး မဟုတ်ဘူး၊
ငွေတွေ အများကြီး ကုန်ကြမှာ ကုန်စရာငွေကော မင်းတို့မှာရှိ
ကြလို့လား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ဒီလောက်ငွေတွေ ဘယ်လိုရကြသလဲ"

"သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက ပေးကြမှာပါ"

နီမောင်စကားကြားတော့ ဇမုန်းထန်က အံ့ဩသွား
လေသည်။

မျက်လုံးပြူးကြီးနှင့် ကြည့်နေပြီး အတန်ကြာမှ...

"မင်းပြောတဲ့ စကားအဓိပ္ပါယ်တွေကိုတော့ ငါလည်း
သိပ်တော့ နားမလည်ပါဘူးကွာ၊ ဒါပေမယ့် မင်းတို့ အဆင်ပြေ
ရင် ပြီးတာပါပဲ၊ ငါ့အနေကတော့ ဘာမှ ထွေထွေထူးထူး ပြော
စရာစကား မရှိပါဘူး"

ဟု ပြောသည်။

နီမောင်တို့ကတော့ ဇမုန်းထန်ထံမှ ထိုစကား ကြားရ
သောအခါ ကျေနပ်သွားကြလေသည်။

"ဒါပေမယ့် မင်းတို့ကို တစ်ခုတော့ သတိပေးရဦးမယ်"

"ဘာများလဲ"

"မင်းတို့ အခုသွားလုပ်မယ့် တောနက်ထဲမှာတော့
သောင်းကျန်းသူတွေ ရှိကြတယ်၊ တကယ်လို့ သူတို့လာပြီး အ
နှောင့်အယှက် ပေးရင်တော့ အဆင်ပြေအောင်သာ လုပ်ပေါ့၊

ဒီကောင်တွေက မလွယ်ဘူး၊ လက်နက်အားကိုးနဲ့ ထင်တိုင်းလုပ်ချင်ကြတယ်"

ဟု ကတိပေးလေသည်။

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော်တို့ အန္တရာယ်မဖြစ်အောင် လုပ်ပါ့မယ်"

ဟု ပြောဆိုပြီး တောထဲသွားရန် ပြင်ကြလေသည်။

ယခုအချိန်က မိုးရာသီဖြစ်သောကြောင့် တောထဲမှာ သွားရေးလာရေး မကောင်းလှသေးပေ။

ခေါက်တုံ့ခေါက်ပြန် သွားလာနေ၍ အဆင်မပြေလှပေ။

ထို့ကြောင့် အချို့က တောထဲမှာပင် တဲများထိုးပြီး နေကြရန် စီမံလေသည်။

တောထဲသို့ လိုက်ကြမည့် သူများကတော့ နီမောင်နှင့် ဖခင်ဖြစ်သူ ဦးဘရှိန်တို့အပြင် စောထီး၊ ငမဲအောင်၊ ဦးမွန်ထော် ဦးတန်ကောင်းတို့အပြင် ဦးမွန်ထော်က ၎င်းနှင့် အလုပ်အတူတူ လုပ်နေသော ထွန်းခနှင့် မောင်ငွေတို့ကိုပါ ခေါ်လာလေသည်။

ထို့ပြင် အခြားအလုပ်မရှိသူ နှစ်ယောက်ပါ လိုက်လာကြသဖြင့် စုစုပေါင်း (၁၀)ယောက်ခန့် ရှိလေသည်။

၎င်းတို့အတွက် နီမောင်က လိုအပ်သော ငွေများကို ပေးလေသည်။

ထိုကဲ့သို့ ပေးနိုင်ရန်အတွက် သူတို့သုံးယောက် ရလာသော ရွှေဒင်္ဂါးများကို ပွဲဆိပ်ကုန်းမှ ပွဲစားများထံတွင် သွားရောက်ရောင်းချရပေသည်။





နီမောင်ရောင်းချသော ရွှေဒင်္ဂါးများကို ယိုးဒယားဘက်မှလာသော ကုန်သည်တစ်ယောက်က ဝယ်ယူသွားလေသည်။

ရွှေဒင်္ဂါးများမှာ ရှေးဟောင်းဒင်္ဂါးများ ဖြစ်သဖြင့် တစ်ချပ်လျှင် ငွေ(၅၀)နှင့် ဈေးဖြတ်ပြီး (၁၀)ပြားစလုံးယူရာ ငွေ(၅၀၀)ရလေသည်။

ထိုငွေပမာဏမှ သူတို့ တစ်သက်တစ်ခါ မမြင်ဖူး မတွေ့ဖူးသေးသော ငွေပင်ဖြစ်၏။

သူတို့အတွက်ကတော့ ထိုငွေရသဖြင့် အဆင်ပြေသွားသည် ဆိုသော်လည်း လွယ်လွယ်တော့ မဟုတ်ပေ။

ပစ္စည်းဝယ်သော ကုန်သည်က အမျိုးမျိုး အဖုံဖုံ မေးမြန်းခြင်းကိုလည်း ခံရသေးသည်။

"မင်းတို့ ဒီရွှေဒင်္ဂါးတွေ ဘယ်ကရခဲ့တာလဲ"

"တောထဲကရတာ"

"ဘယ်နေရာလဲ နေရာမှတ်မိလား"

"မမှတ်မိတော့ဘူး၊ မြို့ကျင်းတူးရင်းနဲ့ ရခဲ့တာ"

"မင်းတို့ ရခဲ့တာ ဒါအကုန်ပဲလား"

"ဟုတ်တယ်"

"ဒီလောက်ငွေတွေရတော့ ဘာလုပ်ကြမှာလဲ"

"ကျွန်တော်တို့ စားမှာမဟုတ်ဘူး၊ ဒီငွေတွေနဲ့ ဘုရားတည်ကြမှာ"

ထိုစကားကြားတော့ ကုန်သည်မှာ တအံ့တသြ ဖြစ်သွားလေသည်။

ထို့ကြောင့် ထွေထွေထူးထူး ဘာမှထပ်မမေးတော့ဘဲ

ငွေများကို ပေးလိုက်လေသည်။

အခြေအနေက ထိုမျှနှင့် ပြီးမသွားပေ။

ငွေရသောအခါ နီမောင်တို့က တောထဲရောက်လျှင် လိုအပ်သော ပစ္စည်းအသုံးအဆောင်များကို ပွဲဆိပ်ကုန်စျေးတန်းမှာ လိုက်လံဝယ်ယူကြလေသည်။

ရက်ရှည်အထားခံသော ဆန်၊ ပဲ၊ ဆီ အစရှိသည့် စားသောက်စရာများ ဆေးဝါးများ၊ မိုးရေခံ မိုးကာစများ၊ ခြင်ထောင်စောင်နှင့် တောထဲမှာ ဝတ်ရန်အဝတ်များ ရေနံဆီသုံးမီးအိမ် လက်နှိပ်ဓါတ်မီး၊ ဓာတ်ခဲများ၊ တူရွင်း၊ ပေါက်တူး၊ ဓား၊ လွှ ပေါက်ဆိန်များ။

ထို့ပြင် မီးခြစ် အပ်ခြည်ပါမကျန် လိုအပ်သော ပစ္စည်းများကို အလျှံပယ် ဝယ်ယူကြလေသည်။

ထိုသို့ ဝယ်ယူကြသော်မှ ငွေတစ်ရာပင် မကုန်သေးပေ။

ထို့ကြောင့် တောထဲလိုက်မည့်သူများကို ငွေ(၂၀-၂၅)ကျပ်စီ ကြိုတင်ထုတ်ပေးရာ များစွာဝမ်းသာကြလေသည်။

အလုပ်မကောင်းကြသော မိုးရာသီတွင် ငွေ(၂၀-၂၅)ကျပ် ရဖို့မဆိုထားနှင့် တစ်ကျပ်နှစ်ကျပ် ရဖို့ပင် မလွယ်ကူကြပေ။

ခြွေခြွေတာတာ စားသောက်သူများအဖို့ ဆန်တစ်ပြည်ငါးမူးထက် ပိုမပေးရသော ခေတ်ကာလတွင် ငွေ(၂၀-၃၀)ရလျှင်ပင် တစ်လလုံးစားသောက်၍ လောက်ကြလေသည်။

သို့ကြောင့်လည်း မူလလုပ်နေသော အလုပ်များကိုရပ်ပြီး နီမောင်တို့ ခေါ်ရာနောက်သို့ တကောက်ကောက်ကြွကြွ လိုက်လာကြ





ခြင်း ဖြစ်ပေသည်။

ထိုအခြေအနေကို မြင်သောအခါ စိတ်ဝင်စားသူအချို့လည်း ရှိကြလေသည်။

မှောင်မိုဲ အရောင်းအဝယ် သွားနေသော မိနော်တို့အဖွဲ့ပင် ဖြစ်သည်။

မိနော်တို့အဖွဲ့တွင် ပူးပေါင်းလုပ်ကိုင်နေသောသူမှာ ပန်းမခ ရွာမှ သံပချိုင်ဖြစ်သည်။

သံပချိုင်က ကပြားတစ်ဦးဖြစ်ပြီး ပန်းမခရွာသားဖြစ်ရာ နီမောင်တို့အကြောင်းကို ကောင်းစွာသိရှိသူ ဖြစ်၏။

"သံပချိုင် ဟိုအထမ်းလိုက်တဲ့ ကောင်လေးတွေကို သိတယ်မဟုတ်လား"

"သိတယ်၊ ပန်းမခရွာကပဲ သူ့နာမည်က နီမောင်"

"သူ့ကိုတော့ တွေ့ဖူးမြင်ဖူးနေတာပဲ၊ အခုရက်ထဲမှာ ဟိုဘက်ကမ်းက ကုန်သည်တစ်ယောက်ကို ရွှေဒင်္ဂါးတွေ လာရောင်းသွားတယ်လို့ ကြားလိုက်တယ်၊ စိတ်ဝင်စားစရာပဲ"

မိနော်က ပါးစပ်ထဲမှ ဝါးနေသော ကွမ်းယာမှ ကွမ်းတံတွေးများကို ဖျစ်ခနဲ ထွေးထုတ်လိုက်ရင်း ပြောလေသည်။

"သတင်းကြားတာတော့ တောထဲမှာ မှိုကျင်းတူးရင်း ရခဲ့တယ်လို့ ကြားတာပဲ"

"ဒီလိုဆိုရင်တော့ မြှုပ်ထားတဲ့ရွှေအိုး တွေ့တာမျိုး မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တယ်၊ ဒီအတိုင်းဆိုရင် သူတို့ဆီမှာလည်း ရှိနိုင်သေးတယ်၊ ဒါမှမဟုတ် တောထဲမှာလည်း ကျန်နေနိုင်သေး

တယ်"

သံပချိုင်က ပြန်ပြောလိုက်သည်။

မိနော်က ကွမ်းတမြုံ့မြုံ့ဝါးရင်း စဉ်းစားနေလေသည်။

သူမအနေဖြင့် ထိုလမ်းခရီးတွင် ကျင်လည်သွားလာခဲ့သည်မှာ နှစ်အတော် ကြာခဲ့ပေပြီ။

သို့ကြောင့် . . တောထဲမှာရှိသော မြို့ဟောင်းအချို့နှင့် ဘုရားပျက်များအကြောင်းကို သိသင့်သလောက်သိပြီး သတင်းကြားသင့်သလောက်လည်း ကြားခဲ့ဖူးပြီးဖြစ်၏။

မြို့ဟောင်းနှင့် ဘုရားပျက်ရှိသောနေရာတွင် ရှေးကလူတို့ သိုဝှက်မြှုပ်နှံထားခဲ့သော ရွှေငွေရတနာများ ရှိကြောင်းနှင့် ထိုရွှေငွေရတနာတို့ကို လိုက်လံရှာဖွေကြသူတို့ ရှိကြောင်းလည်း ကြားဖူးထားခဲ့ပြီး ဖြစ်လေသည်။

"ဒါဟာ ငါတို့အတွက်တော့ အခွင့်ကောင်းတစ်ခု ဖြစ်လာနိုင်တယ်၊ ဘာပဲဖြစ်ဖြစ် သူတို့တတွေ ဘယ်နေရာသွားပြီး ဘာလုပ်ကြတယ်ဆိုတာတော့ လိုက်ပြီးစုံစမ်းနာထားသင့်တယ်"

"ဒီအတွက်တော့ မပူပါနဲ့၊ ငါ့တပည့်တွေကို အခြေအနေ ကြည့်ခိုင်းထားပါမယ်"

"တကယ်လို့ အခြေအနေ ကောင်းတာတွေ့ရင် သေးသေးဖွဲဖွဲ ဆိုရင်တော့ ငါတို့ချည်း လုပ်တာပေါ့၊ ကြီးကြီးမားမား တွေ့ရင်တော့ စောအယ်ထူးတို့ကို သတင်းပို့ရမယ်"

စောအယ်ထူးဆိုသည်မှာ အခြားမဟုတ်ပေ။

တောထဲတွင် အဖွဲ့လိုက်လှုပ်ရှားသွားလာနေကြသော သောင်းကျန်းသူများအဖွဲ့ကို ခေါင်းဆောင်နေသူဖြစ်သည်။





မိနော်နှင့်တော့ လမ်းကြုံပါက တွေ့နေကျ ဖြစ်လေသည်။

နီမောင်တို့ကတော့ ထိုအကြောင်းများကို မသိကြပေ။ ၎င်းတို့ ဝယ်စရာရှိတာဝယ် လုပ်စရာရှိသည်များလုပ်ကာ တောထဲသို့ သွားကြလေသည်။

ဘုရားပျက်ကုန်းသို့ ရောက်သောအခါ ချုံနွယ်ပိတ်ပေါင်းများကို စတင်ရှင်းလင်းကြသည်။

ပြီးသောအခါ ဘုရားနှင့် မနီးမဝေးနေရာတွင် ယာယီတဲများ ထိုးကြသည်။

မိုးရာသီ ဖြစ်သောကြောင့် လေလုံမိုးလုံတဲများ ဆောက်ကြရလေသည်။

နေရာထိုင်ခင်းများ ချပြီးသောအခါ ဘုရားကုန်းတော်တစ်ဝိုက်မှာရှိသော သစ်ပင်များ၊ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းကြလေသည်။

သူတို့ရောက်ကြပြီး မကြာခင်မှာပင် မြလေးနွယ်တို့ နေကြသော ဘုရားကုန်း ရွာသူရွာသားများ ရောက်လာပြီး ဝိုင်းကူပေးကြလေသည်။

ဘုရားကုန်း ရှင်းလင်းပြီးသောအခါ အနီးဝန်းကျင်မှာရှိသော ကျောက်တုံးများကို ကျောက်ပြားချပ်များဖြစ်အောင် ပြုလုပ်ကြလေသည်။

ဦးဇန်ကောင်းက လိုအပ်သော ကိစ္စများကို ပြောပြပေးသည်။

"ဘုရားတည်ရင် အုတ်တွေ ကျောက်ပြားတွေလိုမယ်၊

အင်တောနဲ့ ထုံးတွေလိုမယ်၊ သဲတွေကိုလည်း ရနိုင်သလောက် သယ်ယူသွားရမယ်၊ မိုးရာသီ မကုန်သေးတော့ အုတ်ဖုတ်လို့ မရသေးဘူး၊ ဒီတော့. . ကျောက်ပြားချပ်တွေ များများရအောင် ထုထားကြရမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"သဲကျင်းနဲ့ ထုံးကျင်းတွေထဲက သဲနဲ့ထုံးတွေ ရသမျှကို ဂူတွေထဲမှာ ထည့်ထားရမယ်၊ မိုးကုန်တာနဲ့ အုတ်ဖုတ်ကြမယ်၊ နွံ့စေးမြေ ကောင်းကောင်းရနိုင်မယ့်နေရာကို အခုကတည်းက ရှာထားကြရမယ်"

"ရှာပါ့မယ်"

"ဘိလပ်မြေ သယ်ဖို့တော့ အထမ်းသမားတွေ ငှားမယ်၊ လူတစ်ယောက်ကို ဘိလပ်မြေတစ်အိတ်ပဲ သယ်နိုင်တာဆိုတော့ လူများများလိုတယ်"

"ဘယ်ကနေသယ်မှာလဲ ဆရာကြီး"

"ဒီနေရာက ထားဝယ်နဲ့နီးတော့ ထားဝယ်ဘက်ကသယ်တာ ပိုပြီးအဆင်ပြေတယ်"

"ဒီအတွက် စိတ်မပူပါနဲ့ ဆရာကြီး၊ အဲဒီဘက်က ရွာတွေမှာ အထမ်းလိုက်ပေးတဲ့လူတွေ အများကြီး ရနိုင်ပါတယ်"

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

နီမောင်အတွက်ကတော့ ထိုနေရာရောက်လာပြီး ကတည်းက မြေလေးနှယ်နှင့် နေ့စဉ်လိုလို တွေ့မြင်နေရသဖြင့် အကျေနပ်ကြီး ကျေနပ်နေလေသည်။

အလုပ်လုပ်နေသူများအတွက်လည်း ဘုရားကုန်းရွာသူ





ရွာသားများက အစားအသောက် နေ့စဉ်ပို့ပေးနေသောကြောင့် ၎င်းတို့ ယူလာသော အစားအသောက်များပင် ချက်ပြုတ်စရာ မလိုဘဲ ဖြစ်နေပေသည်။

ထိုနေရာရောက်ပြီး သုံးရက်ခန့် ကြာသောအခါမှာတော့ ထိုနေရာသို့ သောင်းကျန်းသူများ ရောက်လာကြသည်။

ခေါင်းဆောင်လာသူမှာ စောအယ်ထူးဆိုသူဖြစ်သည်။

၎င်းတို့မှာ သေနတ်ကိုယ်စီ ပါလာကြပြီး စုစုပေါင်း(၁၅) ယောက်ခန့် ရှိလေသည်။

"ဒီတောထဲမှာ လူစုလူဝေးနဲ့ ဘာလုပ်နေကြတာလဲ"

"ဘုရားပြုပြင်ဖို့ လုပ်နေကြတာပါ"

"ကျုပ်တို့နေတဲ့ တောထဲမှာ ကျုပ်တို့ သဘောမတူဘဲနဲ့ ဘာမှလုပ်လို့မရဘူးဆိုတာ နားမလည်ဘူးလား"

စောအယ်ထူး မျက်ထောင်နီကြီးဖြင့် ကြည့်ကာ အသံကျယ်ကျယ်ပြောလိုက်ရာ ဘာမှပြန်မပြောကြပေ။

"ဒီအထဲမှာ နီမောင်ဆိုတာ ဘယ်သူလဲ"

ထိုအခါ နီမောင်က ရှေ့ထွက်သွားလေသည်။

"ကျွန်တော်ပဲ"

"မင်းကို မေးစရာရှိတယ်"

ဟုပြောကာ တောစပ်နားသို့ ခေါ်သွားလေသည်။

"ငါမေးတာ မှန်မှန်ဖြေစမ်း၊ မဟုတ်ရင် ဒီနေရာမှာတင် သတ်ပစ်မယ်၊ မင်းဆီမှာ ရွှေဒင်္ဂါးတွေ ရှိတယ်မဟုတ်လား"

"အခုမရှိတော့ဘူး၊ ရောင်းပစ်လိုက်ပြီ"

"ဘယ်နေရာက ရတာလဲ"

"ဘုရားပျက်ကုန်းနားမှာ မှိုကျင်းတူးရင်းနဲ့ ရခဲ့တာပါ"

စောအယ်ထူးက မယုံကြည်သော မျက်နှာဖြင့် မှင်လေသည်။

"မင်း လိမ်ပြောနေတာဆိုတာ ငါသိပါတယ်ကွာ၊ ငါက လည်း လိမ်တာညာတာဆိုရင် နည်းနည်းကလေးမှ မကြိုက်ဘူး ကဲ မှန်တဲ့အတိုင်းပြော"

"ကျွန်တော် အမှန်အတိုင်းပဲ ပြောတာပါ၊ ရွှေဒင်္ဂါးဆယ်ပြားကို ဒီဘုရားကုန်းကပဲ ရခဲ့တာပါ"

"ကဲ. . . ထားပါတော့လေ၊ မင်းဆီမှာ ကျန်သေးသလား"

"ဆယ်ပြားစလုံး ရောင်းလိုက်ပြီးပါပြီ"

"ရောင်းလို့ရတဲ့ ငွေတွေကော ဘာလုပ်သလဲ"

"ဒီနေရာမှာသုံးဖို့ ပစ္စည်းတွေ ဝယ်ပါတယ်၊ အလုပ်သမားတွေကိုလည်း ပေးရပါတယ်၊ ကျွန်တော့်ဆီမှာ ကျန်သင့်သလောက် ကျန်ပါသေးတယ်၊ ယူမယ်ဆိုရင် အကုန်ပေးလိုက်ပါ့မယ်"

"ငါက ဒီလောက် နည်းနည်းပါးပါးဆိုရင် စိတ်မဝင်စားဘူး၊ ဒီတော့ ငါပြောတာ သေသေချာချာနားထောင် မင်းတို့ ဒီနေရာမှာ အလုပ်ဆက်လုပ်ချင်တယ်ဆိုရင် ငါတို့အဖွဲ့ကို ဆက်ကြေးပေးရမယ်၊ ဒီနေရာတွေက ငါတို့ အုပ်ချုပ်နေတဲ့နေရာတွေပဲ"

နီမောင်ကတော့ မော့ကြည့်နေသည်။

"မပေးရင် လုံးဝလုပ်ခွင့်မပေးနိုင်ဘူး၊ ငါက ငါတို့နေ





တဲ့နေရာမှာ ဒီလိုရှုပ်ရှုပ်ယှက်ယှက် လာလုပ်တာ မကြိုက်ဘူး၊ မပေးနိုင်ရင် ကိုယ့်ပစ္စည်းကိုယ်ယူပြီး ပြန်ပေတော့"

"ဆက်ကြေးက ဘယ်လောက်ပေးရမလဲ"

"ရွှေဒင်္ဂါး အပြားတစ်ရာ ပေးရမယ်"

ထိုစကားကြောင့် နီမောင်မှာ မျက်လုံးပြူးသွားလေသည်။

ယခုအချိန်မှာတော့ ရွှေဒင်္ဂါး ၁၀၀ မဆိုထားနှင့် တစ်ပြားပင် ပေးစရာမရှိတော့ပေ။

"မင်းကို ငါ တစ်ရက်အချိန်ပေးမယ်၊ မနက်ဖြန် နေဝင်ချိန်ရောက်လို့မှ ငါတို့တောင်းတာ မပေးရင် အကုန်လုံး လာသတ်ပစ်မယ်"

"ကျွန်တော် သက်ဆိုင်သူတွေနဲ့တွေ့ပြီး ပြောပြပေးပါ့မယ်၊ တကယ်လို့ ပေးမယ်ဆိုရင် ဘယ်နေရာမှာ လာပေးရမလဲ"

"ဒီဘုရားကုန်းရဲ့ မြောက်ဘက်မှာ ငါတို့ ယာယီစခန်းချနေတဲ့ နေရာရှိတယ်၊ အဲဒီနေရာကို လာပေးပေတော့"

ဟု ပြောဆိုကာ နီမောင်ကို ပြန်လွှတ်ပေးလိုက်ပြီး သောင်းကျန်းသူများက တောထဲသို့ ပြန်ဝင်သွားကြလေတော့သည်။

နီမောင် ပြန်ရောက်လာတော့ အားလုံးက အခြေအနေကို ဝိုင်းဝန်းမေးမြန်းကြသဖြင့် နီမောင်က အကြောင်းစုံ ပြောပြလိုက်ရပေသည်။

ထိုအခါ ဆရာကြီး ဦးပန်ကောင်းက ပြောသည်။

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ကွာ၊ အခု လာလုပ်

တဲ့အလုပ်တွေက ငါတို့အတွက် လုပ်နေတာမှ မဟုတ်တာ၊ သူတို့အတွက် လုပ်ပေးနေကြတာပဲ၊ ဒီတော့ အခက်အခဲပေါ်လာတော့လည်း သူတို့ကပဲ ဖြေရှင်းပေးကြမှာပါ၊ စိတ်အေးအေးသာထားကြပါ"

ဦးဇန်ကောင်း စကားကြားတော့မှ အတန်အသင့် စိတ်သက်သာရာ ရသွားကြကာ သက်ပြင်းချနိုင်ကြတော့သည်။





# အခန်း(၁၆)

# အမှောင်ဂူပိတ်တွင်းမှ အသက်လုပွဲ

စောအယ်ထူးတို့အဖွဲ့ စခန်းချနေသော နေရာမှာ တောင်ကြားအတွင်း၌ရှိသော ဝါးတောများအတွင်း၌ ဖြစ်သည်။

ထိုနေရာတွင် ဝါးတဲများထိုးပြီး စခန်းချနေကြခြင်း ဖြစ်သည်။ သူတို့အဖွဲ့မှာ ယခင်ကလောက် ပေါ်ပေါ်ထင်ထင် သွားလာ၍မရဘဲ သတိဖြင့် သွားလာနေကြရလေသည်။

အဘယ်ကြောင့်ဆိုသော် ထားဝယ်ဘက်တွင် အစိုးရစစ်တပ်များ လာရောက်တပ်စွဲနေပြီး မကြာခဏဆိုသလို တော

တွင်းသို့ ဝင်ရောက်ပြီး နယ်မြေရှင်းလင်းရေးများ ပြုလုပ်နေ
ကြသောကြောင့် ဖြစ်သည်။

အင်အားများသော စစ်တပ်က မှောင်ခိုသမားများ
လျှင်လည်း ဖမ်းဆီး၊ တောထဲမှာ လက်နက်ကိုင် မင်းမူနေ
သော ရောင်စုံသောင်းကျန်းသူများ တွေ့လျှင်လည်း ပစ်ခတ်
နင်းနေကြသော အချိန်ဖြစ်သည်။

ထို့ကြောင့် တောတွင်းမှာနေကြသော လက်နက်ကိုင်
တပ်ဖွဲ့များမှာ သတိဖြင့် သွားလာနေကြရသော အချိန်မျိုး ဖြစ်
လေသည်။

စောအယ်ထူးတို့ အဖွဲ့မှာ လူအင်အား မများလှ
ထို့ကြောင့် အစိုးရစစ်တပ်များနှင့် မတွေ့အောင် သတိဖြင့်ရှော
တိမ်းသွားလာနေကြရခြင်း ဖြစ်ပေသည်။

ဎင်းတို့စခန်းမှာ သံပချိုင်နှင့် မိနော်တို့ နှစ်ယောက်
လည်း ရောက်နေကြသည်။

မိနော်က စောအယ်ထူးနှင့် အဆက်အသွယ် ရှိ
သည်။ သို့ကြောင့် . . နီမောင်တို့သတင်းကို တကူးတက
ရောက်ပို့ပေးခြင်း ဖြစ်သည်။ စောအယ်ထူးတို့ ပြန်ရောက်လာ
တော့ မိနော်က မေးသည်။

"သူတို့နဲ့ တွေ့ခဲ့သလား"

"တွေ့ခဲ့တယ်"

"ငါပြောတာ ဟုတ်တယ် မဟုတ်လား၊ သူတို့ ဘာပြော
လိုက်သလဲ"

"သူတို့ ရထားတဲ့ ရွှေဒင်္ဂါးတွေတော့ မရှိတော့ဘူး"





"ဘယ်ရှိတော့မလဲ၊ ပွဲဆိပ်ကုန်းက ပွဲစားဆီမှာ အားလုံး
ရှင်းပြီးမှကိုး"

"ဒါကြောင့် မနက်ဖြန် နေဝင်ချိန်မှာ ရွှေဒင်္ဂါးတစ်ရာ
ဘိုပို့ပေးရမယ်လို့ မှာထားခဲ့တယ်၊ လာမပေးနိုင်ရင်တော့
အားလုံး သတ်ပစ်မယ်"

ရွှေဒင်္ဂါး တစ်ရာဟူသော စကားကြောင့် မိနော်မှာ များ
စိတ်ဝင်စားသွားလေသည်။

"နင်ကလည်း ဘာဖြစ်လို့ အချိန်ဆွဲနေတာလဲ၊ နင်တို့
နေရာမှာ ရှိနေမှန်းသိရင် အစိုးရစစ်တပ်ကို သွားပြီးသတင်း
လိုက်တော့ ဘယ့်နှယ်လုပ်မလဲ"

"ပို့ချင်လည်းပို့ပေါ့၊ အဲဒီလိုလုပ်ရင် တစ်ရွာလုံး မီးရှို့
သတ်ပစ်မယ်"

ဟု အော်ပြောလိုက်သည်။

"ငါတို့ လာပြောလို့ သိရတာဆိုတော့ တကယ်လို့ ရွှေ
ဂင်္ဂါးတွေရခဲ့ရင် ငါတို့လည်း ပေးမှာမဟုတ်လား"

"ရမှာပေါ့၊ ငါက ရွှေဒင်္ဂါးတွေရရင် ယိုဒယားဘက် သွား
ရောင်းပြီး လက်နက်တွေဝယ်ရမယ်"

ဟု ပြောလေသည်။

ဤသို့ဖြင့် နောက်တစ်နေ့ ညနေပိုင်း အချိန်ရောက်
သောအခါ သူတို့စခန်းချနေသော နေရာသို့ လူသုံးယောက်
ရောက်လာကြသည်။

လူကြီးနှစ်ယောက်နှင့် အမျိုးသမီး တစ်ယောက်တို့ပင်
ဖြစ်၏။

လူကြီးနှစ်ယောက်က ဦးဒီပနှင့် ဦးသူတော်တို့ ဖြစ်ကြပြီး အမျိုးသမီးကတော့ နဒီဆိုသူပင် ဖြစ်လေသည်။

သုံးယောက်စလုံး ခမောက်များ ဆောင်းထားကြပြီး နဒီလက်ထဲမှာတော့ အထုပ်တစ်ထုပ် ကိုင်လာလေသည်။

စခန်းနားရောက်လာတော့ စောအယ်ထူးကိုယ်တိုင် ထွက်မေးလေသည်။

"နင်တို့ ဘယ်သူတွေလဲ"

"ဘုရားနဲ့ သက်ဆိုင်သူတွေပဲ"

"ဒီကို ဘာလာလုပ်တာလဲ"

"နင်တို့ကို သတိပေးစရာရှိလို့လာတာ၊ ငါတို့ ဘုရားတည်ဟဲ့ကိစ္စကို လာပြီး မနှောင့်ယှက်ပါနဲ့၊ နောက်တစ်ခါဆိုရင် သည်းခံမှာ မဟုတ်ဘူး"

ထိုစကားကြောင့် စောအယ်ထူးက မျက်လုံးကြီး ပြူထွက်မတတ် ကြည့်နေလေသည်။

"ငါ့နာမည် စောအယ်ထူးလို့ခေါ်တယ်၊ ဒီနေရာတစ်ဝိုက်မှာ ငါ့ကို ဘယ်သူမှလာပြီး အမိန့်ပေးလို့ မရဘူး၊ အခုလာတာ ငါ့မှာတဲ့ပစ္စည်းတွေ ပါသလား"

"ပါတယ်. . တစ်ခုတော့ရှိတယ်၊ နင်လိုချင်တာပေးပြီးရင်တော့ ထပ်ပြီးမနှောင့်ယှက်နဲ့တော့"

ဟုပြောပြီး နဒီက ရှေ့တိုးလာပြီးနောက် သူမ ယူလာသော အထုပ်ကို စောအယ်ထူးအား လှမ်းပေးလိုက်သည်။

အဝတ်အိတ်ဖြင့် ထုပ်ထားသောအထုပ်ကို လှမ်းယူပြီး ဖွင့်ကြည့်လိုက်သောအခါ ရွှေရောင်များ ဝင်းလက်နေသော ရွှေ





ဒင်္ဂါးများကို မြင်ရသဖြင့် မျက်လုံးပြူးသွားသည်။

"အဲဒီအိတ်ထဲမှာ နင်လိုချင်တဲ့ ရွှေဒင်္ဂါးတစ်ရာအတိ ပါတယ်"

စောအယ်ထူးက အိတ်ကို ပြန်ပိတ်ပြီး နဒီကို တစ်ချက် ကြည့်လိုက်သည်။

"နင် ဘယ်ရွာမှာ နေတာလဲ"

နဒီက ပြန်မပြောပေ။

စောအယ်ထူးက ရှေ့သို့တိုးသွားပြီး လက်ထဲမှာ ကိုင်ထားသော ခြောက်လုံးပြူးသေနတ်ဖြင့် နဒီဦးခေါင်းပေါ်၌ ဆောင်းထားသော ခမောက်ကို ထိုးကော်ချလိုက်သည်။

"အလဲ့. . နင်က သတ္တိကောင်းသလောက် ရုပ်လည်း ချောတာပဲ၊ နင် ငါနဲ့နေမလား"

ဟုပြောကာ နဒီမေးစေ့ကို ကိုင်လိုက်သည်။

"ဖြန်း. . ဖြန်း. . ."

နဒီလက်က စောအယ်ထူးပါးနှစ်ဘက်ကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်သည်။

စောအယ်ထူးမှာ မမျှော်လင့်ပဲ ခံလိုက်ရသောကြောင့် မျက်နှာတစ်ခုလုံး ထူပူသွားပြီး နီမြန်းသွားလေသည်။

မျက်နှာတစ်ခုလုံး ထူပူသွားပြီး နီမြန်းသွားလေသည်။

နောက်လိုက်များရှေ့မှာ အရိုက်ခံလိုက်ရသောကြောင့်လည်း ဒေါသပေါက်ကွဲသွားလေရာ လက်ထဲမှ သေနတ်ဖြင့် ပစ်လေသည်။

"ချောက်. . ချောက်. . ချောက်"

နဒီကတော့ သူ့ကို သေနတ်ဖြင့် ပစ်နေသည်ကိုပင် ခါးထောက်လျက် ကြည့်နေလေသည်။

နှစ်ကြိမ်၊ သုံးကြိမ် ပစ်၍မရသောအခါ သေနတ်ကိုထားပြီး ဓားရှည်တစ်လက်ကို ယူလာပြီး ခုတ်ရန်ပြင်လိုက်သည်။

ထိုအခါ မန်းမလေးမှာ ရပ်နေသော ဦးဒီပထံမှ လက်တစ်ဖက်ထွက်လာပြီး ဓားကို ဆွဲယူသွားလေတော့သည်။

လက်တံရှည်ကြီးကို မြင်တော့မှ သဘောပေါက်သွားပြီး ကျန်လူများက သေနတ်များဖြင့် ဝိုင်းပစ်ကြလေတော့သည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း"

လူ(၁၅)ယောက်ခန့်ရှိရာ တစ်ယောက်မှာ သေနတ်တစ်လက်စီ ရှိသဖြင့် တစ်ယောက်တစ်ချက်စီ ဝိုင်းပစ်ရာ သေနတ်သံများက ဆူညံသွားလေတော့သည်။

မီးခိုးငွေ့များကလည်း ဖုံးလွှမ်းသွားသည်။

ထိုသို့ပစ်ပြီး ကြည့်လိုက်တော့ သုံးယောက်စလုံး မရှိကြတော့ပေ။

သူတို့ ပေးထားခဲ့သော အထုပ်ကလေးတော့ ရှိနေသေးသည်။

သို့သော် ရွှေဒင်္ဂါးများ မဟုတ်တော့ဘဲ နွံပြားများသာ တွေ့ရလေတော့သည်။

"လူတွေမှမဟုတ်တာ၊ သက်သက်လာပြီး နှောင့်ယှက်တာပဲ"

"ဘယ်လိုလုပ်မလဲ"

"ဟိုလူတွေ ငါပြောတဲ့အတိုင်း ရွှေဒင်္ဂါးတစ်ရာ လာမ





ပေးရင်တော့ တစ်ယောက်မကျန် သွားသတ်ပစ်မယ်"

"သွားလို့ မရတော့ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဟိုတောစပ်မှာ ဘာတွေလည်း မသိဘူး၊ ရောက်နေကြပြီ"

"ဘယ်မှာလဲ"

စောအယ်ထူးက တပည့်တစ်ယောက် ပြသောနေရာသို့ လှည့်ကြည့်လိုက်သောအခါ သူတို့ စခန်းချနေသော နေရာ၏ ပတ်ပတ်လည်တွင် ရပ်နေသော မည်းမည်းသဏ္ဍာန်များကို တွေ့ရလေသည်။

"ဘာတွေလဲ"

"လူတွေတော့ မဟုတ်ဘူး"

"ဘာကောင်ပဲလာလာ သေနတ်နဲ့သာ ပစ်ကွာ"

"သေနတ်သံကြားရင် . . စစ်တပ်တွေ ရောက်လာလိမ့်မယ်"

"လာလည်း တိုက်ကြရုံပဲရှိတယ်၊ ဒီကောင်တွေကိုသာ အနားမလာနိုင်အောင် ပစ်ကြစမ်း"

ဟု အမိန့်ပေးသောကြောင့် သေနတ်ဖြင့် ပစ်ကြလေသည်။ သေနတ်သံများ ဆူညံသွားသော်လည်း တဲပတ်ဝန်းကျင်မှာ ဝိုင်းထားသော သရဲသဘက်များကတော့ နည်းနည်းမှ မနေမရွေ့ဘဲ ရှိမြဲရှိနေကြလေသည်။

"သေနတ်နဲ့ ပစ်မရရင် ဓားနဲ့ သွားခုတ်ကြ"

ဟု အမိန့်ပေးသော်လည်း အချို့က [illegible]

အချို့ကတော့ ဖြစ်ချင်ရာ ဖြစ်စေတော့ သဘောထားကာ ဓားများယူပြီး သရဲသဘက်များ ရှိသောနေရာအထိ ပြေးသွားပြီး ဓားဖြင့် ခုတ်ကြလေသည်။

သို့သော် ' ဘာမှမထိရောက်ဘဲ သရဲသဘက်များက အနားရောက်လာသူများကို ဖမ်းဆီးသတ်ဖြတ်လိုက်ရာ လူသုံးယောက်ခန့် သေဆုံးသွားလေသည်။

ထိုအခါမှ စောအယ်ထူးကိုယ်တိုင် မျက်လုံးပြူးသွားလေတော့သည်။ ညအမှောင်ထဲမှာ ပြေးလို့လည်း မရ။

သရဲသဘက်များ ဝိုင်းထားသောကြောင့် ပြေးပေါက်လည်းမရှိ။ ဓားနှင့် ခုတ်လို့လည်း မရ။ သေနတ်နှင့် ပစ်၍လည်း မရနှင့် အကျပ်ရိုက်နေကြသည်။

"ဘယ်လိုလုပ်ကြမလဲ"

"သရဲသဘက်တွေက မီးကြောက်ကြတယ်၊ ဒီတော့ အနားမလာနိုင်အောင် မီးများများ ထည့်ပေးထား၊ မိုးလင်းရင် သရဲသဘက်တွေ ပျောက်သွားမှာပဲ"

ဟုပြောကာ တဲနားမှာ ဖိုထားသော မီးဖိုများကို မီးမပြတ်အောင် ထည့်ပေးနေကြလေသည်။

ထိုအခြေအနေရောက်တော့မှ တဲအတွင်း ရောက်နေကြသော မိနော်နှင့် သံပချိုင်တို့မှာလည်း အကြီးအကျယ် နောင်တရနေကြလေသည်။

အရုဏ်တက်ကာနီးရောက်တော့ စောအယ်ထူးက အပြင်သို့ထွက်ကာ အခြေအနေ ထွက်ကြည့်လေသည်။

"ဒိုင်း . ."





တစ်နေရာမှ ပစ်လိုက်သည့် ကျည်ဆံ ထိမှန်ပြီးတော့ နေရာမှာတင် ပုံရက်သား လဲကျသွားလေသည်။

သို့နှင့် တစ်ဆက်တည်း နောက်ထပ် သေနတ်သံများ ကြားရပြီး နောက်ထပ်နှစ်ယောက်သုံးယောက် လဲကျသွားကြပြန်သည်။

"စစ်တပ် လာဝိုင်းပြီဟေ့"

ဟု ကြောက်ကြောက်လန့်လန့်နှင့် အော်ဟစ်ရင်း ပြန်လည်ခုခံရန် ကြိုးစားကြသည်။

သို့သော် မှောင်မည်းနေသောကြောင့် ဘယ်နေရာပစ်ရမှန်း မသိကြပေ။

မီးဖိုမှ အလင်းရောင်ကြောင့် တဲထဲမှာရှိသော လူများကို အမှောင်ထဲမှ မြင်နေရပေရာ သေနတ်ဖြင့် ပစ်သတ်၍ ရသော အခြေအနေမျိုး ဖြစ်နေတော့သည်။

အချို့လည်း အခြေအနေ မဟန်တော့မှန်း သိသဖြင့် ပြေးမိပြေးရာ ပြေးကြလေသည်။

ထိုလူများမှာ အမှောင်ထဲမှာ စောင့်နေသော ရန်သူများ လက်ချက်ကြောင့် သေကြရလေသည်။

ပြေးရင်းလွှားရင်းနှင့် သေသွားသူများထဲမှာ မိနော်လည်း ပါလေသည်။

နောက်ဆုံး ငါးယောက်လောက်သာ ကျန်တော့ရာ လက်နက်များချကာ အညံ့ခံကြလေသည်။

ထိုအခါ အမှောင်ရိပ်ထဲမှ လူများထွက်လာကြသည်။

နီမောင်တို့အဖွဲ့ပင် ဖြစ်သည်။

စုစုပေါင်း (၁၀)ယောက်ခန့်ရှိပြီး သေနတ်နှစ်လက် ပါလာကြသည်။

ထိုသေနတ်နှစ်လက်မှာ ဓားပြများထံမှရသဖြင့် ဇရပ်နားတွင် ဝှက်ထားခဲ့သော သေနတ်နှစ်လက်ပင် ဖြစ်သည်။

သောင်းကျန်းသူများမှာ စစ်တပ်လာဝိုင်းသည် ထင်သဖြင့် အညှံခံကြရာ ထွက်လာတော့မှ ရွာသားများဖြစ်နေပြီး သေနတ်နှစ်လက်ပါ ပါလာသည်ကို မြင်သောအခါ များစွာအံ့ဩနေကြလေသည်။

ရွာသားများက သောင်းကျန်းသူများကို ကြိုးဖြင့်တုပ်ထားကြသည်။

ထိုအထဲတွင် သံပချိုင်လည်း အပါအဝင်ဖြစ်သည်။

သောင်းကျန်းသူများကိုင်သော သေနတ်များကိုတော့ အားလုံး သိမ်းယူထားကြလေသည်။

မနက်လင်းတော့ ညက သေနတ်သံများ ကြားသဖြင့် ချီတက်လာသော စစ်တပ်ရောက်လာလေသည်။

နီမောင်တို့က သေနတ်များနှင့် ဖမ်းမိထားသော သူများကို အပ်လိုက်လေသည်။

ဓားပြများထံမှ ရသော သေနတ်နှစ်လက်ကိုပါ တပါတည်း အပ်လိုက်လေသည်။

ယခုတော့ တောထဲမှာ အမှောင်ရိပ်များပျောက်ပြီး အလင်းရောင်များ ရောက်လာပေပြီ။

နီမောင်တို့အတွက်လည်း အနှောင့်အယှက်များ ကင်းသွားကြပြီ ဖြစ်ပေတော့သည်။





"သေနတ်နှစ်လက်ထဲနဲ့ သူပုန်တွေကို အမြစ်ဖြတ်နိုင်တာတော့ အတော်ဟန်ကျတာပဲ"

ငမဲအောင်က ပြောသည်။

"ငါတို့ချည်း တော်လို့မဟုတ်ပါဘူးကွာ၊ ဘုရားနဲ့ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ သက်ဆိုင်တဲ့ ပရလောကသားတွေ ဝင်ကူပေးလို့ အောင်မြင်တာပါ"

"အေး . . ဟုတ်တယ်၊ ညက သရဲသဘက်တွေ ဝိုင်းထားတော့ သူပုန်တွေဆိုတာ စစ်တပ်အဝိုင်းခံရသလိုပဲ လှုပ်တောင် မလှုပ်ဝံ့ကြဘူး၊ ပြောရရင်တော့ ကြွက်ကို ကြောင်တွေ ဝိုင်းထားတဲ့ အတိုင်းပဲ"

ဟု စောထီးကပါ ဝင်ပြောသည်။

"ပရလောကသားတွေက ဒီလိုပဲကွ၊ သူတို့နဲ့ အဆင်ပြေလို့ အကူအညီပေးရင်လည်း ကျေနပ်လောက်အောင် အကူအညီ ပေးကြတယ်၊ အဆင်မပြေလို့ နှောင့်ယှက်ရင်လည်း အသက်သေအောင် အနှောင့်အယှက် ပေးလေ့ရှိကြတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ သူတို့ဝင်ပြီး အကူအညီ ပေးကြလို့ အန္တရာယ်တွေ ကင်းသွားတော့လည်း ငါတို့တတွေ လုပ်စရာရှိတဲ့အလုပ်တွေ ဖြောင့်ဖြောင့်လုပ်ကြရမှာပေါ့"

ဟုပြောဆိုပြီး အားလုံးစခန်းချသော နေရာဘက်သို့ ပြန်လာခဲ့ကြလေတော့သည်။



☺ အောင်မြင်စာပေ ☺





# အခန်း (၁၇)

# ပန်းမခဝဲကြွမ်း

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး လအနည်းငယ်ကြာသောအခါ မိုးရာသီ ကုန်သွားလေသည်။

ဝဲကလောင် မြစ်ရေလည်း တဖြည်းဖြည်းနှင့် ပြန်ကျသွားရာ ပန်းမခစေတီ၏ ပလ္လင်ကိုးဆင့်စလုံး ပြန်ပေါ်လာခဲ့ပေပြီ။

တစ်မိုးတွင်းလုံး ဝဲအိုသံများ ကြားရပြီး ဝဲကြွမ်းခဲ့သောပန်းမခဝဲမှာလည်း သာမန်အနေအထားသို့ ပြန်လည်ရောက်

ရှိနေပြီ ဖြစ်၏။

သည်နှစ်တွင် ထူးခြားမှုတစ်ခုတော့ ရှိခဲ့သည်။

ပန်းမခဝထဲမှာ လူအသေအပျောက် မရှိခဲ့ခြင်းပင် ဖြစ်၏။ ယခင်နှစ်များက တစ်နှစ်လျှင် နှစ်လောင်းသုံးလောင်း သေလေ့ရှိသော ပန်းမခဝဲကြမ်းအတွင်း၌ သည်နှစ်တွင် တစ်ယောက်မှ အသေအပျောက်ရှိသည်ဟု မကြားမိကြခြင်းပင် ဖြစ်ပေသည်။

ထိုအခါ ပန်းမခရွာမှာ အစဉ်အဆက် နေလာခဲ့ကြသော ရွာလူကြီးများက တအံ့တသြ ရေရွတ်ပြောဆိုကြလေသည်။

"ဒီနှစ်ကတော့ အတော်ထူးခြားတဲ့နှစ်ပဲဟေ့၊ ပန်းမခဝဲထဲမှာ လူသေတယ်လို့ မကြားမိလိုက်ဘူး၊ ပန်းမခဝဲကြီး လူမသတ်တော့ဘူး၊ လူမစားတော့ဘူးလား မဆိုနိုင်ဘူး"

ထိုအခါ လူရွယ်တစ်ယောက်က ဝင်ပြောသည်။

"ဒီနှစ် ပန်းမခဝဲ ဥပုသ်စောင့်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

အခြားတစ်ယောက်ကတော့. . .

"ဒီလောက်လည်း အထင်မကြီးကြပါနဲ့ကွာ၊ လူမစားတော့ဘူးဆိုပြီး သိပ်တော့အတင့်မရဲကြနဲ့၊ တော်ကြာ နှစ်လောင်းသုံးလောင်း တစ်ပြိုင်နက်သေတယ်လို့ ကြားနေရပါဦးမယ်"

ဟု ပြောရာ ကျန်သူများပင် ဆက်မပြောဝံ့ကြတော့ပေ။

ထိုရာသီရောက်တော့ မြစ်ထဲမှာ ငါးဖမ်းဆင်းကြလေသည်။ ငါးဖမ်းသော လှေများကို တွေ့လာရသည်။

သို့ရာတွင် ခါတိုင်း မိုးကုန်သော ရာသီရောက်လျှင်





ပန်းမခရွာမှ ထွက်ကြသော ငါးဖမ်းလှေအချို့တော့ မထွက်နိုင်ကြပေ။

ထိုလှေများမှာ နီမောင်တို့လှေနှင့် ဦးမွန်ထော်တို့ လှေပင်ဖြစ်သည်။

ထိုလှေနှစ်စင်းမှ လူများမှာ တောထဲမှာရှိသော ဘုရားကုန်းသို့ ရောက်နေကြပြီး ဘုရားတည်ရန် ကိစ္စများ ဆောင်ရွက်နေကြသောကြောင့် ဖြစ်သည်။

နီမောင်တို့အဖွဲ့မှာ အနှောင့်အယှက် ပေးကြမည့် ဓားပြအဖွဲ့၊ သူပုန်အဖွဲ့များ မရှိတော့သဖြင့် အလုပ်ကို ဖြောင့်ဖြောင့်အောင် လုပ်နိုင်ကြရာ အတော်ပင် ခရီးရောက်ကြလေသည်။

အုတ်ဖိုများတည်ပြီး အုတ်ဖုတ်ရာမှ လိုအပ်သော အုတ်ချပ်များရပါက စေတီတော်ကြီးကို စတင်တည်နိုင်တော့မည် ဖြစ်ပေသည်။

စေတီတော်တည်ရာတွင် လိုအပ်သော ကျောက်ပြားချပ်၊ ကျောက်စရစ်၊ ထုံး၊ သဲ၊ ဘိလပ်မြေအိတ်၊ (ဘိလပ်မြေအိတ်များကိုတော့ ထားဝယ်ဘက်မှ ဝယ်ယူပြီး အထမ်းသမားများ ဌားကာ သယ်ယူထားခြင်း ဖြစ်၏။)အခြားလိုအပ်သော သံချောင်း စသောပစ္စည်းများလည်း ရောက်သင့်သလောက် ရောက်နေကြလေပြီ။

စေတီတော် တည်ရန်လည်း မြိတ်၊ ထားဝယ်ဘက်မှ ပန်းရံဆရာတို့ကို ပြောဆိုထားပြီး ဖြစ်ကြလေသည်။

ဘုရားကုန်းတော်နှင့် ပတ်ဝန်းကျင် တစ်ခုလုံးလည်း လူအားဖြင့် ရှင်းလင်းထားရာ အတော်ပင် ရှင်းလင်းနေပြီ ဖြစ်၏။

နီမောင်ကတော့ လိုအပ်သော ပစ္စည်းများဝယ်ယူရန် အတွက် ထားဝယ်ဘက်သို့သော်လည်းကောင်း၊ ပန်းမချွာနှင့် ပွဲဆိပ်ကုန်းသို့ တစ်ပတ်တစ်ခါလောက် ဆင်းရလေသည်။

သူသွားလျှင်လည်း စောထီးနှင့် ငမဲအောင်တို့ နှမ်း ယောက်ကို ခေါ်သွားလေ့ရှိသည်။

ယခုတစ်ပတ် ရွာသို့ ပြန်ရောက်သွားကြစဉ် မမျှော် လင့်သော ဧည့်သည်အချို့ ရောက်လာလေသည်။

ကျင်စာရီတို့ အဖွဲ့ပင်ဖြစ်သည်။

သူတို့ရောက်လာတော့ ညီဖြစ်သူ ရင်မောင်နှင့်များ ပြန်တွေ့ရမလား ထင်သော်လည်း မတွေ့ရပေ။

"ငါက နင်နဲ့ တွေ့ချင်လို့ လာခဲ့တာ"

"အထမ်းသမား လိုလို့လား"

"ဒီတစ်ခေါက်လာတာ ကုန်အရောင်းအဝယ် သွားကြမ လို့ မဟုတ်ပါဘူး၊ ဝဲထဲမှာ မြုပ်နေတဲ့ စိန်ဖူးတော်ကို ပြန်ဆယ် ယူမလို့ လာကြတာပါ"

မဖြစ်ဖူးထင်တယ်"

"ဘာကြောင့် မဖြစ်တာလဲ"

"ဒီဝဲထဲက ဆင်းလို့မရဘူး၊ ဆင်းရင် သေမှာပဲ"

ထိုစကားကြားတော့ ကျင်စာရီက တစ်ချက်ရယ်လိုက် သည်။

"လူတိုင်း မရတာတော့ မဟုတ်ပါဘူး၊ ဆင်းလို့ရတဲ့ လူတွေ ရှိတယ်ဆိုတာ ငါသိပါတယ်၊ နင့်ဆီလာတာ တခြား ကြောင့် မဟုတ်ဘူး၊ နင်လိုက်ပြီး အကူအညီပေးဖို့ လာခေါ်တာ





ပါ"

"ငါတို့ မလိုက်နိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"တောထဲမှာ ဘုရားတည်တဲ့ကိစ္စ၊ လုပ်နေတာ အတော် ကြာပြီ၊ ပစ္စည်းတွေ ဝယ်ပြီးရင် အဲဒီနေရာကို ပြန်သွားရမယ်"

"ဒါတွေလည်း ငါသိပါတယ်၊ နင်တို့ ကုန်သည်တစ် ယောက်ကို ရောင်းလိုက်တဲ့ ရွှေဒင်္ဂါးတွေတောင် ငါ မြင်ပြီးပါပြီ၊ ဘာပဲဖြစ်ဖြစ် နင် လိုက်ပြီးအကူအညီပေးပါ"

နီမောင်က ဘယ်လိုပြန်ပြောရမှန်းမသိအောင် ဖြစ်နေ လေသည်။

ထိုအခါ ကျင်စာရီက ဆက်ပြောသည်။

"နင့်ညီရင်မောင်က ဟိုရောက်နေပေမယ့် မနေချင်ဘူး၊ သူနဲ့ယူတဲ့ ကောင်မလေးလည်း မရှိတော့ဘူး၊ သူ ဒီကို ပြန်လာ ဖို့ဆိုတာ ငါတို့ ပြန်ပို့ပေးမှရမှာ၊ ဒီတော့ နင် ငါတို့ပြောတာကို အကူအညီပေးရင် ရင်မောင် ပြန်ရောက်လာအောင် ငါက အကူ အညီပေးမယ်၊ နင် အကူအညီ မပေးရင်တော့ နင့်ညီရင်မောင်နဲ့ ပြန်တွေ့ရဖို့ စိတ်မကူးလေနဲ့"

ဟု အကျပ်ကိုင်လေတော့သည်။

နီမောင်မှာ အတော်ကလေး ဆုံးဖြတ်ရခက်သွားလေ တော့သည်။

နောက်ဆုံးတော့ မိခင်ဖြစ်သူကပါ ဝင်ရောက်တိုက် တွန်းသဖြင့် အကူအညီပေးရန် သဘောတူပေးလိုက်ရလေ သည်။

"ကောင်းပြီ၊ ငါတို့ ကိစ္စပြီးတာနဲ့ နောက်တစ်နေ့မှာ နင့်ညီရင်မောင် ရွာကိုပြန်ရောက်လာစေရမယ်"

ဟု ကတိပေးသည်။

ထို့နောက် နောက်တစ်နေ့တွင် ပန်းမခဝဲရှိရာသို့ လာခဲ့ရန် မှာကြားပြီး ပြန်သွားကြလေသည်။

"ဒါ ငါတို့ကိုလာပြီး အကျပ်ကိုင်တာကွ၊ ရင်မောင်က သူတို့နဲ့အတူ ပါလာပုံပဲ၊ တစ်နေရာမှာ ချုပ်နှောင်ထားတာ ဖြစ်မယ်"

နီမောင်က အံကြိတ်ထားလေသည်။

"ဘာမှ စိတ်ပူမနေပါနဲ့ကွာ၊ ငါတို့က ကောင်းတာတွေ လုပ်နေတာပဲ၊ ပရလောကသားတွေနဲ့ စောင့်ရှောက်တဲ့ပုဂ္ဂိုလ်တွေက သိကြပါတယ်၊ အဆင်ပြေမှာပါ"

စောထီးနှင့် ငမဲအောင်တို့က ဝိုင်းဝန်းအားပေးကြသည်။

နောက်တစ်နေ့ နံနက်ရောက်တော့ သုံးယောက်သား ပန်းမခဝဲရှိရာသို့ ဆင်းသွားကြသည်။

မြစ်ဆိပ်ရောက်တော့ စက်လှေနှစ်စင်းရပ်ထားသည်ကို တွေ့ရသည်။

စက်လှေတစ်စင်းပေါ်မှာ ရေငုတ်ကိရိယာများ ဝတ်ဆင်နေကြသော လူသုံးယောက်ကို တွေ့ရသည်။

ရေငုတ်ကိရိယာများမှာ အသက်ရှူရန်လေဗူးပါ တစ်ပါတည်းပါသော ကိရိယာမျိုး ဖြစ်သည်။

သူတို့သုံးယောက် စက်လှေပေါ် ရောက်သည်နှင့် နှစ်





စင်းစလုံး မောင်းထွက်ကြသည်။

ဝဲစပ်ရောက်တော့မှ ရပ်လိုက်သည်။

ဝဲအခြေအနေက ပုံမှန်သာ ရှိနေသည်။

နီမောင်က ဖြည်းဖြည်းချင်း လည်နေသော ဝဲမျက်နှာပြင်ကို ကြည့်ရင်းနှင့် စိတ်ထဲမှာ တစ်မျိုးဖြစ်နေသည်။

အခြေအနေက မုန်တိုင်းမကျခင် ငြိမ်သက်နေခြင်းမျိုး ဖြစ်ရာ မကြာခင် အန္တရာယ်ဆိုးကြီးနှင့် တွေ့ရတော့မည်ဟု ထင်နေမိသည်။

ရေလယ်ရောက်တော့ စက်လှေကို ထိန်းမောင်းပေးထားလေသည်။

ထိုအချိန်မှာပင် ရေငုတ်ဝတ်စုံများ ဝတ်ဆင်ထားသော လူသုံးယောက်တို့မှာ တစ်ယောက်ပြီးတစ်ယောက် ရေထဲဆင်းကြလေသည်။

နီမောင်တို့ကတော့ ရင်တမမနှင့်သာ ကြည့်နေကြသည်။

ကျင်စာရီကလည်း စိတ်ဝင်စားစွာ စောင့်ကြည့်နေလေသည်။

အတန်ကြာသည်အထိ အခြေအနေက မထူးခြားဘဲ ငြိမ်သက်နေလေသည်။

ခဏကြာတော့ ရေမျက်နှာပြင်ပေါ်သို့ သွေးကွက်တစ်ချက် ပွက်ထလာသည်။

ကြည့်နေရင်းမှာပင် စက်လှေနံဘေးမှာ ရေငုပ်သမားတစ်ယောက် ပြန်ပေါ်လာသည်။

သူက လှေနံကိုဖမ်းဆွဲပြီး အသက်ရှူကိရိယာကို လက်တစ်ဖက်ဖြင့် ချွတ်လိုက်သည်။

"ထီးတော်ကြီး တွေ့ခဲ့ပြီ"

ဒါပဲပြောနိုင်ပြီး တဖြည်းဖြည်းနှင့် ရေအောက်သို့ ပြန်မြုပ်သွားလေတော့သည်။

အပေါ်မှ လှမ်းဆွဲသည်ပင် မမီလိုက်တော့ပေ။

ခဏကြာတော့ ရေပေါ်မှာ ရေငုတ်သမားတစ်ယောက် ပေါ်လာပြီး အောက်မှ ဆွဲချသွားဟန်ဖြင့် ချက်ချင်းပြန်မြုပ်သွားလေသည်။

ထိုအခြေအနေကို မြင်တော့ ကျင်စာရီတို့မှာ မျက်လုံးပြူးနေကြလေသည်။

ထိုအခိုက်မှာပင် ရေမျက်နှာပြင်ပေါ်သို့ ငါးဆူးတောင်ကြီးများ ပေါ်ထွက်လာသည်။

စက်လှေပေါ်မှ သေနတ်နှင့်ပစ်ရန်ချိန်တော့ ချက်ချင်းပြန်မြုပ်သွားသည်။

သေနတ်ကိုင်ထားသူများက သေနတ်ကို အဆင်သင့်ပြင်ရင်း အခြေအနေကို ကြည့်နေစဉ် စက်လှေအနီးသို့ ရေငုတ်သမားတစ်ယောက် ထပ်ပေါ်လာသည်။

၎င်းက လက်ကမ်းပေးသဖြင့် အပေါ်မှ ဆွဲတင်လိုက်ကြသည်။

"ဟာ. ."

အားလုံး အလန့်တကြား ဖြစ်သွားကြသည်။

အဘယ်ကြောင့်ဆိုသော်. .





ရေထဲမှ ပြန်ပေါ်လာသူမှာ ခါးအောက်ပိုင်း ပြန်ပါမလာတော့ပဲ၊ အူများက တန်းလန်းထွက်ကျနေသည်။

စက်လှေပေါ် ရောက်တော့ စကားပြောနိုင်သေးသည်။

"စိန်. . စိန်ဖူးတော်ကြီးရှိတယ်၊ တွေ့ခဲ့တယ်၊ ကြောက်ကြောက်စရာကောင်းတဲ့ ငါးကြီးတွေလည်း ရှိတယ်"

ဟု ပြောဆိုကာ သေဆုံးသွားလေတော့သည်။

၎င်းကိုယ်မှထွက်သော သွေးများက စက်လှေတစ်စင်းလုံး နီရဲနေပေပြီ။

နောက်တော့ အခြေအနေ ပြန်ငြိမ်သွားလေသည်။

ဝဲထဲမှာ စက်လှေနှစ်စင်း စိန်ဖူးတော် ဆယ်ယူနေကြသည်ဟု သတင်းကြားသောကြောင့် ပန်းမခ ရွာသားများကလည်း ကမ်းဆိပ်မှ ထွက်ကြည့်နေကြလေသည်။

စက်လှေပေါ်မှာ နီမောင်တို့ သုံးယောက်ကိုပါ တွေ့ကြရသဖြင့် စိတ်ပူနေကြလေသည်။

အတန်ကြာသည်အထိ မထူးခြားပဲ ငြိမ်သက်နေသောအခါ ကျင်စာရီက ပြောသည်။

"နီမောင် နင် ဆင်းပေတော့၊ ဒီဝဲထဲကို နင်ဆင်းရင် ဘာမှမဖြစ်ဘူးဆိုတာ ငါသိတယ်"

"ဒါပေမယ့် ဝဲထဲမှာရှိတဲ့ ထီးတော်ကြီးကို နင်တို့ယူလို့မရဘူး၊ ယူရင်သေမှာပဲ၊ အခု. . နင်တို့ လူသုံးယောက်လည်း သေခဲ့ကြပြီ၊ ဒီတော့ နင် အေးအေးပြန်သွားရင် ပိုကောင်းမယ်"

"ဒီအခြေအနေမျိုးရောက်မှတော့ မပြန်တော့ဘူး၊ ငါလိုချင်တာ မရရအောင် လုပ်ရမှာပဲ၊ နင် ငါပြောတဲ့အတိုင်းသာ

လုပ်ပေးပါ"

နီမောင်က ကျောင်းစာရီမျက်နှာကို စိုက်ကြည့်နေသည်။

"ဒီဝဲထဲကို နင်တစ်ယောက်ပဲ ဆင်းဝံ့တယ်၊ ဆင်းလို့ရတယ်၊ နင်ဆင်းရင် ဘာမှမဖြစ်ဘူးဆိုတာ ငါသိတယ်၊ ဒီတော့ ထီးတော်ကြီးကို သံချိတ်တွေနဲ့ ဆင်းချိတ်ပေးပါ"

ဟု ထပ်ပြောသဖြင့် မတတ်သာတော့ပဲ ဝဲအတွင်းသို့ ဆင်းရန်ပြင်သည်။

"ရေငုတ်ကိရိယာ လိုမလား"

နီမောင်က ခေါင်းခါပြသည်။

"ငါ့အတွက် မလိုဘူး"

နီမောင်က ရေအောက်သို့ ဆင်းရန် ပြင်နေစဉ် စောထီးနှင့် မေဲအောင်ကပါ အတူလိုက်ရန်ပြင်သည်။

"မင်းတစ်ယောက်ထဲတော့ မဖြစ်ဘူး၊ သေအတူ နေအတူပဲ၊ ငါတို့ပါ လိုက်ခဲ့မယ်"

ဟု ပြောသည်။

ထို့နောက် ကြိုးတပ်ထားသော သံချိတ်များကို ခါးပတ်မှာချိတ်ပြီး ဝဲအတွင်းသို့ ခုန်ဆင်းသွားကြလေသည်။

ရေအောက်ရောက်တော့ အခြေအနေက ငြိမ်သက်နေသည်။ ကူးခတ်နေသည့် ငါးရွှေကြီးများ ရှိနေကြသော်လည်း သူတို့ သုံးယောက်ကိုတော့ ရန်မမူကြပေ။

စက်လှေနှစ်စင်းပေါ်မှာ ကျန်ခဲ့သူများကတော့ မြွေတစ်ကောင်ကဲ့သို့ တစ်ခွေပြီးတစ်ခွေ လျောဆင်းသွားသော ကြိုးခွေများကိုကြည့်ရင်း စိတ်လှုပ်ရှားနေကြလေသည်။





နောက်တော့ ကြိုးစများ တင်းသွားလေသည်။

အပေါ်မှဆွဲကြည့်တော့ ရေအောက်တွင် တစ်စုံတစ်ခုနှင့် ချိတ်မိနေဟန်ဖြင့် တင်းနေသည်။

လေးနေသည်။

"သူတို့ ဆွဲတင်ဖို့ အချက်ပေးတာနဲ့ ဆွဲတင်ကြပေတော့"

ခဏကြာတော့ ကြိုးများ လှုပ်လာသဖြင့် ဆွဲတင်ကြသည်။ သို့သော်လည်း ပါမလာဘဲ ရှိနေသည်။

ကြိုးက တင်းခံနေသည်။

လူအားဖြင့် အတင်းဆွဲတော့ စက်လှေများပင် စောင်းလာသည်။

ထိုအခိုက်မှာပင် ငြိမ်သက်နေသော ဝဲမျက်နှာပြင်က တဖြည်းဖြည်းနှင့် ကြမ်းလာသည်။

စက်လှေများက ဝဲစွဲရာနောက်သို့ ပါလေပြီ။

ထိုအချိန်မှာပင် ဝဲဟီးသံကြီး ပေါ်ထွက်လာလေတော့သည်။

တဟီးဟီးနှင့် အသံကြီး ကြားရသောအခါ ရွာသူရွာသားတို့မှာ မျက်လုံးပြူးသွားကြလေသည်။

"ပန်းမခဝဲကြီး ဟီးနေပြီဟေ့၊ လူစားတော့မယ်"

ဟု ဝိုင်းအော်ကြသည်။

ဝဲဟီးသံကြီးနှင့်အတူ ဝဲကလည်း ကတော့ထိုးလာသည်။ ပိုကြမ်းလာသည်။

ကျောင်းစာရီ စက်လှေနှစ်စင်းမှာလည်း ဝဲကတော့အတွင်း၊ ချာချာလည်နေကြသည်။

ရေအောက်သို့ချထားသော ကြိုးများလည်း တစ်ချောင်းပြီးတစ်ချောင်း ပြတ်ထွက်ကုန်ကြလေသည်။

ထိုအခြေအနေရောက်တော့မှ စက်လှေများကို စက်နှိုးမြှင့်ပြီး ဝဲအတွင်းမှလွတ်အောင် မောင်းထွက်ကြသော်လည်း မလွတ်နိုင်ကြတော့ပေ။

လှေနှစ်စင်းပေါ်မှာရှိကြသော လူများ၏ အော်ဟစ်သံများမှာလည်း ဆူညံနေကြသည်။

ရွာသူရွာသားများကတော့ ရေကျသွားချိန် ရောက်တော့မှ ထိုကဲ့သို့ ထူးထူးခြားခြား ဝဲကြမ်းသည်ကို မမြင်ဖူးကြသဖြင့် တအံ့တဩ ဖြစ်နေကြသည်။

နောက်ဆုံးမှာတော့ စက်လှေနှစ်စင်းစလုံးမှာ ဝဲစုပ်ယူသွားရာနောက်သို့ ပါသွားရာ ကြည့်နေရင်းမှပင် မျက်စိအောက်မှ ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါ ကမ်းပေါ်မှ ကြည့်နေသော အဘိုးကြီးတစ်ယောက် အသံကျယ်ကျယ်ဖြင့် အော်ပြောလေသည်။

"တစ်မိုးတွင်းလုံး လူမစားဘဲနဲ့ အခုမှပဲ လူတွေအများကြီးကို တစ်ခါတည်း စားတော့တာပေါ့"

ပန်းမခဝဲကြမ်းကြီးက အချိန်အတော်ကြာအောင် လည်နေပြီးမှ နောက်တော့ တဖြည်းဖြည်းနှင့် ပြန်လည်ငြိမ်သက်သွားလေတော့သည်။

ထိုအခါ ရေမျက်နှာပြင်ပေါ်မှာ ဘာမှမကျန်တော့ပေ၊ ပြောရလျှင်တော့ အမှိုက်တစ်စပင် မကျန်ခဲ့တော့ပေ။

နောက်တော့ ရေအောက်မှ လူသုံးယောက် ပြန်ပေါ်





လာကြသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ပင် ဖြစ်ကြလေသည်။

ကမ်းစပ်မှ ကြည့်နေသူများက သူတို့ကိုမြင်တော့ များစွာအံ့ဩနေကြလေသည်။

စောစောက ပန်းမခဝဲကြမ်းနေစဉ်က သူတို့သုံးယောက် မည်သည့်နေရာ ရောက်နေသည်ကိုတော့ မည်သူမှမသိနိုင်တော့ပေ။

နီမောင်ကတော့ ကမ်းပေါ်ရောက်လာပြီးမှ ဝဲမျက်နှာပြင်ပေါ်သို့ လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ကျင်စာရိတို့အတွက် စိတ်မကောင်း ဖြစ်မိသော်လည်း ဘာမှမတတ်နိုင်တော့ပါချေ။

ယခုအခါမှာတော့ အချိန်အနည်းငယ်အတွင်းမှာ လူ့အသက်ပေါင်းများစွာကို ဝါးမြိုခဲ့သော ပန်းမခ ဝဲကြမ်းကတော့ ငြိမ်သက်စွာဖြင့် ရှိနေပေတော့သည်။





# အခန်း(၁၈)

# ဘဝအတွက် အကောင်းဆုံး အတော်မှန်

ပန်းမခဝဲကြမ်းတွင် ထိုအဖြစ်ဆိုးများ ဖြစ်ပျက်ခဲ့ပြီး ရက်အနည်းငယ် ကြာသောအခါ ရွာသို့ ရင်မောင်တစ်ယောက်တည်း ပြန်ရောက်လာလေသည်။

သူကကို ယိုးဒယားဘက်ကမ်းမှာ ချုပ်နှောင်ထားရာမှ ပြန်လွှတ်ပေးလိုက်သဖြင့် ပြန်လာခဲ့ခြင်းဖြစ်ကြောင်း ပြောပြလေသည်။ နီမောင်ကတော့ ရင်မောင် အသက်မသေဘဲ ပြန်ရောက်လာသဖြင့် ဝမ်းသာနေလေသည်။

နောက်ရက်မှာတော့ ဘုရားပျက်ကုန်းရှိရာသို့ ပြန်သွားကြပြီး ဘုရားတည်သောကိစ္စကို စတင်လုပ်ကြလေသည်။

ဘုရားတည်သောကိစ္စကိုတော့ ဦးပန်ကောင်းက ကြီးကြပ်ပြီး ခေါ်ယူထားသော ပန်းရံများက လုပ်ကိုင်ကြလေသည်။

မိုးရာသီ ကုန်သည်နှင့် အုတ်ဖုတ်သောကိစ္စများလည်း ပြုလုပ်၍ရပြီဖြစ်ရာ အုတ်အတွက်လည်း မပူရတော့ပေ။

ဘုရားတည်သော နေရာမှာတော့ နီမောင်တို့အဖွဲ့သားများအပြင် ဘုရားပျက်ကုန်း ရွာသူရွာသားများပါ တစ်ရွာလုံးလာရောက်လုပ်ကိုင်ပေးကြသဖြင့် များစွာခရီးတွင်လှပေသည်။

မြလေးနွယ်တို့တတွေကတော့ အလုပ်သမားများ စားသောက်ရန်အတွက် အိုးကြီးအိုးငယ်များဖြင့် ချက်ပြုတ်ကျွေးမွေးကြရာ ပျော်စရာကောင်းလှတော့သည်။

ဘုရားတည်နေသောရက်တွင် ဦးဒီပတို့လည်း မကြာခဏ လာရောက်ကြသည်။

တစ်နေ့တော့ ဦးဒီပက နီမောင်နှင့် ဦးပန်ကောင်းကို ခေါ်ပြောလေသည်။

"အခုတည်နေတဲ့ ရွှေပုရပုဒ်စေတီတော်ကြီး တည်ပြီးသွားရင် ဒီနေရာနဲ့ မနီးမဝေးမှာ ဒီစေတီတော်နဲ့ ပုံစံတူ၊ အရွယ်တူ၊ ဆိုက်တူ ဘုရားတစ်ဆူ တည်ပေးပါ"

"ဘာအတွက်ကြောင့်လဲ"

"ရေထဲရောက်နေတဲ့ ထီးတော်နဲ့ စိန်ဖူးတော်ကြီးမှာ တပ်ဆင်ထားတဲ့ ကျောက်မျက်ရတနာတွေက တန်ဖိုးမဖြတ်နိုင်ဘူး။ ဒီထီးတော်ကြီးကို မူလတည်တဲ့ စေတီတော်ကြီးမှာ တင်လှူ





ပြီး သာမန်လူတွေ မမြင်ရအောင် ကွယ်ပျောက်ထားမှာပါ"

သည်တော့မှ သဘောပေါက်သွားကြလေသည်။

"နောက်တည်တဲ့ စေတီတစ်ဆူကိုတော့ သာမန်လူတွေ ဖူးတွေ့ခွင့်ရအောင် ထားပေးမှာပါ၊ ဒါပေမယ့် နောက်စေတီတစ်ဆူ တည်ရင်တော့ တခြားလူတွေ မသိစေဘဲ ကျုပ်တို့လူတွေနဲ့ပဲ တည်ပါရစေ"

"ကောင်းပါတယ်၊ ဒါပေမယ့် တစ်ခုတော့ မေးပါရစေ"

"မေးပါ"

"ဝဲထဲရောက်နေတဲ့ ထီးတော်နဲ့ စိန်ဖူးတော်ကြီးကို ဘယ်လိုပြန်ယူမှာလဲ"

"ဒီအတွက် စိတ်မပူပါနဲ့၊ ကျုပ်တို့ တာဝန်ထားပါ၊ ကျုပ်တို့ ယူပေးပါ့မယ်"

"ဒါပေမယ့် ထီးတော်ကြီးကို ဆယ်ယူပြီး ဒီနေရာရောက်တဲ့အထိ သယ်ယူလာရင်လည်း တခြားလူတွေ မြင်မှာသိမှာ စိုးရိမ်ရပါတယ်"

"ဒီအတွက်လည်း ပူစရာ မရှိပါဘူး၊ သူတို့မမြင်အောင် သယ်ယူလာကြမှာပါ"

"ဘယ်လိုများ သယ်ယူမှာလဲ၊ တဆိတ်လောက် သိပါရစေ"

"ပန်းမခဝဲရဲ့အောက်မှာ လိုဏ်ခေါင်းရှည်ကြီးတစ်ခု ရှိပါတယ်၊ အဲဒီလမ်းက ဒီဘုရားရှိတဲ့နေရာအထိ ပေါက်ပါတယ်၊ ရေအောက်လမ်းက သယ်ယူရင် ဘယ်သူမှ မသိနိုင် မမြင်နိုင်ပါဘူး"

ဟု ရှင်းပြလေသည်။

"ဒီလိုဖြင့်တော့ စိတ်အေးရပါပြီ၊ စေတီတစ်ဆူကိုလည်း သပ်သပ်တည်ပေးပါ့မယ်"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်လှပါတယ် ဗျာ"

ဟု ပြောဆိုလေသည်။

ရေအောက်တွင် လိုဏ်ခေါင်းကြီးရှိသောကိစ္စမှာ နီမောင်ကတော့ သိထားပြီး ဖြစ်ပေသည်။

နောက်တော့ ပထမ စေတီတစ်ဆူကို အရင်တည်ပြီး သာမန်ထီးတော် တင်လေသည်။

ဒုတိယ စေတီတော်ကိုတော့ အခြားသူများ မပါတော့ဘဲ နီမောင်တို့နှင့် ဦးသူတော်တို့ ရွာသားများနှင့် ပြီးအောင် တည်ကြလေသည်။

စေတီတော် တည်ပြီးသောအခါ နှစ်ပေါင်းအတော်ကြာအောင် ရေအောက်သို့ရောက်နေသော ထီးတော်နှင့် စိန်ဖူးတော်ကြီးကို သယ်ယူလာပြီး ထီးတော်တင်ကြလေသည်။

ထို့ပြင် စေတီနှစ်ဆူနှင့် နီးသောနေရာမှာရှိသည့် ဇရပ်ပျက်ကြီးကိုလည်း ပြန်လည်ပြုပြင်ပေးကြလေသည်။

(နောက်ပိုင်းတွင် ဇရပ်ရှိသောနေရာမှာ ခရီးသွားများ အသုံးပြုသော လမ်းသစ်ဖြစ်လာပြီး ပြုပြင်ထားသော ဇရပ်ကြီးမှာလည်း ခရီးသွားများ၊ ကုန်ရောင်းကုန်ဝယ်သွားသူများ၊ စခန်းတစ်ထောက်ချပြီး ဝင်ရောက်တည်းခိုရာ နေရာတစ်ခု ဖြစ်လာခဲ့ပေတော့သည်။)





ဘုရားနှစ်ဆူ တည်ပြီးသောအခါမှာတော့ နီမောင်တို့ ဆောင်ရွက်ပေးရသော တာဝန်များလည်း ပြီးသွားခဲ့လေသည်။

သို့ကြောင့် . . ခေါ်ယူထားသော အလုပ်သမားများကို အခကြေးငွေသဘောမျိုးမဟုတ်ပဲ ရင်းနှီးစားသောက်ဖို့ရန်အတွက်ပါ ပေးလိုက်သောအခါ ဝမ်းမြောက်ဝမ်းသာစွာဖြင့် နေရပ်သို့ ပြန်သွားကြလေတော့သည်။

အခြားသူများအတွက် တာဝန်များ ပြီးသွားပြီ ဆိုသော်လည်း နီမောင်အတွက်ကတော့ အရေးကြီးသော တာဝန်တစ်ခု ကျန်နေသေးပေသည်။ အခြားမဟုတ်ပေ။

မြလေးနှယ်နှင့် ဆွေးနွေးတိုင်ပင်ရမည့် ကိစ္စဖြစ်ပေသည်။

"ဘုရားတည်တဲ့ ကိစ္စတွေတော့ ပြီးသွားပြီ၊ အစ်ကိုတို့အတွက် အရေးကြီးတဲ့ကိစ္စတစ်ခုပဲ ကျန်တော့တယ်"

"ဘာများလဲ အစ်ကို"

"မြလေးကို တောင်းရမ်းလက်ထပ်ဖို့ ကိစ္စလေ၊ ဒီကိစ္စကို မြလေး ဘယ်လိုစဉ်းစားထားသလဲ"

"အစ်ကို စဉ်းစားထားတာကို အရင်ပြောပြလေ"

"အစ်ကိုကတော့ လူကြီးတွေဆီမှာ ခွင့်တောင်းပြီးတော့ လက်ထပ်ချင်တယ်၊ ပြီးတော့ မြလေးကို ရွာကို ခေါ်သွားမယ်လို့ စဉ်းစားထားတယ်"

"ကျွန်မလည်း အစ်ကိုနဲ့ဝေးပြီး မနေချင်တော့ပါဘူး အခု ဘုရားတည်တဲ့ ကိစ္စတွေလည်း ပြီးပြီဆိုတော့ ကျွန်မတို့ တာဝန်လည်း ပြီးပါပြီ၊ မကြာခင်မှာ အဘတို့တောင် တခြား

နေရာ ရွှေ့ပြောင်းကြတော့မယ် ထင်ပါရဲ့"

"ဒါဖြင့် မြလေးက ဘယ်လိုလုပ်စေချင်သလဲ"

"ကျွန်မကတော့ အစ်ကို စဉ်းစားထားသလိုပဲ အစ်ကိုနဲ့ လက်ထပ်ပြီးတော့ အစ်ကို့နောက်ကိုပဲ တစ်ခါတည်း လိုက်ခဲ့မယ်လို့ စဉ်းစားထားပြီးသားပါ"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ၊ အခုမှပဲ စိတ်အေးရပေတော့တယ်"

နိမောင်က မြလေးနွယ် လက်ကလေးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း ပြောလိုက်လေသည်။

နောက်တော့ လူကြီးများကို အသိပေးခွင့်တောင်းပြီး တောထဲမှာပင် လက်ထပ်ခြင်းကိစ္စကို ပြုလုပ်ကြလေသည်။

သူတို့နှစ်ယောက် လက်ထပ်ပွဲသို့ ဦးဒီပနှင့် နဒီတို့တတွေလည်း လာကြသည်။

ပေတရွာမှ ဒေါ်ငွေရုံနှင့် ရင်မေတို့တတွေလည်းရောက်လာကြသည်။

ဦးသူတော်အပါအဝင် ဘုရားဖျက်ကုန်းရွာမှာ နေကြသော ရွာသူရွာသားများကလည်း ဝမ်းသာကြလေသည်။

ကြွင်စဦးဇနီးမောင်နှံအတွက်လည်း ရင်းနှီးစားသောက်ရန် လက်ဆောင်ပစ္စည်းများ ပေးကြသည်။

နိမောင်ကတော့ ထိုကဲ့သို့ လက်ဆောင်များရသဖြင့် အားနာနေလေသည်။

ထိုအခါ ဦးဒီပက ပြောသည်။

"ဘာမှ အားနာနေစရာ မလိုဘူး၊ ဒီကနေ့ကစပြီး မင်းက





ငါတို့နဲ့ ဆွေမျိုးသားချင်း တော်သွားပြီ၊ နောက်ပြီး ဒီလိုပေးတယ်ဆိုတာကလည်း တခြားကြောင့်မဟုတ်ဘူး၊ မင်းရဲ့ ဖြူစင်ရိုးသားတဲ့ ကိုယ်ကျင့်တရားကို သဘောကျ နှစ်သက်လို့ ပေးတာပါ၊ ယူသာယူပါကွာ"

ထိုအခါမှ လက်ခံယူရပေသည်။

အရာရာ၌ တတ်သိနားလည်သော်လည်း ကိုယ်ကျင့်တရား ကောင်းမွန်သူ နည်းပါးကြသည်။

ကောင်းကကျိုးချမ်းသာကို လိုလားသူတို့သည် စိတ်ထားကောင်းဖို့ရာ ကြိုးစားကြရပေ၏။

စိတ်ထားကောင်းခြင်း၊ ရိုးသားဖြူစင်ခြင်းသည် ဘဝတစ်လျှောက်လုံးအတွက် ကောင်းမြတ်သော အကောင်းဆုံးသော အဖော်မွန်ပင် ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ပန်းမခူးဝါကြွမ်း)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ပြီသည်

စာပြီးချိန်။ ။ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ(၂)ရက်၊ စနေနေ့၊ နံနက် (၉)နာရီ။